www.burmeseclassic.com



# မင်းမြတ်သူရ

ရှုးမြေသစ္စာ

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## မိုးမြေသစ္စာ

စာမူခွင့်ပြုချက်အမှတ် - ၆၃၃/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၉၅/၂၀၀၃ (၆)

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) ဇေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ဝန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာကိုကား
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်ခင်ကြယ်မား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရှာစေဖြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘဝတူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်တောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး
၁၅။ လိုတရဂ်ကြီးရှင်
၁၆။ တစ်ဖျွန်းမြှနိဘိုးမှန်စ
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးခိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးတောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် တော်မဲ့နှင်းဆီ
၂၂။ ပဥ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွှမ်းငွေ့တပေပေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်

တစ်ဖက်ရှု >

www.burmeseclassic.com

www.burmeseclassic.com


၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ဗဒ္ဓမဩချာထိမိုးနတ်မယ်
၃၁။ ရတနာကျွန်းဧတရီ
၃၂။ ဝူမှာကိတစ်ယောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားတောင်
၃၅။ ရေလယ်ဒေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာမန်း
၃၇။ မယာလူသားမောင်ဒဂိုး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့်တာနောယတ္တ
၄၀။ နတ်သမီးနှင့်ရွှေဒေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရာဇ်ချင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့်မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇိဝမိုးရွှေလိုဏ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ နေမင်းစေတမာန်
၅၂။ စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထိဘွား
၅၅။ သစင်မြိုင်


BURMESE CLASSIC .com

တစ်ဖက်သို့

ယခုလထုတ်စာအုပ်

၅၆။ မိုးမြေသစ္စာ

## မင်းမြတ်သူရ၏နောက်ထွက်မည့်စာအုပ်များ

- ရွှေမျက်နှာသခင်မ
- ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်
- လနတ်သမီး
- လှုဝင်စားကျောင်းတော်
- သေမင်းနာရီစင်
- မိုးသုံးပြည်လျှံ
- မောင်နှံခုနစ်ဖော်
- ယတ္တညီနောင်
- ကျောက်စိမ်းအမိန့်တော်
- နေနဲ့လ နှစ်ပါးဆိုင်
- အဖြူရောင်လွင်ပြင်
- မီးအိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခနဲ့တွေ့ရင်
ခပ်ကျယ်ကျယ်   ရယ်မောလိုက်ပါ
ရယ်မောခြင်းဟာ
သုခတစ်ခုကို
သင်ရလိုက်တာပါပဲ

ချမ်းမြေ့သရဖီလှိုင်

BURMESE CLASSIC .com

လောကမှာ
သေခြင်းရယ်
ရှင်ခြင်းရယ်ကလွဲပြီး
အားလုံးဖြစ်နိုင်တယ်

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကမကောင်းခဲ့ရင်
စိတ်မညစ်ပါနဲ့
အနာဂတ်တွေရှိနေသရွေ့
စိတ်ချမ်းသာခြင်းကို
ဖန်တီးနိုင်ပါတယ်

ချမ်းမြေ့သရဖီလှိုင်

အကြီးမားဆုံး
အခက်အခဲဟာ
အကြီးအမားဆုံး၊
အခွင့်အရေးလဲဖြစ်တယ်

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းချက်ထားပြီးလျှင်
ရောက်အောင်လျှောက်ပါ
လမ်းဆိုတာ
အလိုလိုပေါ်လာတတ်ပါတယ်

ချမ်းမြေ့သရဖီလှိုင်

မြေလတ်ပိုင်းဒေသ၏ လွန်စွာရှေးကျသော ဘုန်းကြီးကျောင်းကြီး အနီးတွင် ရှေးကျသော ဇရပ်ကြီးတစ်ဆောင်ရှိ၏။

ထိုဇရပ်ကြီးကို အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲကာလကပင် မြန်မာနန်းတွင်းမှ အပျိုတော်ကြီးတစ်ဦး တည်ဆောက်ခဲ့သည်ဟု အဆိုရှိလေ၏။ ဇရပ်ကြီးနှင့် ပတ်သက်သော ကမ္ပည်းကျောက်စာတိုင်ကြီးမှာ လူဆိုးမဒားပြတို့၏ ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းခဲ့ချေပြီ။

ရှေးကျသော ဘုန်းကြီးကျောင်း၏ ဆရာတော်မှာ သမြေပြင်နံရွာသားတစ်ဦးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ရိုးသားအေးဆေးသူဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းတို့၏ တန်ဖိုးကို သိနားလည်ခြင်းမရှိချေ။

သို့သော် ဆရာတော်ကြီးအား ရှေးဟောင်းပစ္စည်းများ အလွန်တန်ဖိုးရှိကြောင်း သင်ပြပေးမည့်လူတစ်ဦးပေါ်ပေါက်ခဲ့လေ၏။

ထိုသူမှာ အင်္ဂလိပ်လူမျိုး ရှေးဟောင်းပညာရှင် မစ္စတာ ဘွန်ပိုက်ဖြစ်၏။

တစ်နေ့သ၌ မစ္စတာဘွန်ပိုက်၏ အော့စလီ အမျိုးအစား ကားငယ်လေးသည် အဝေးပြေးလမ်းမကြီးအတိုင်း မောင်းနှင်လာရာမှ ကားဘီးပေါက်၍ ဒရိုင်ဘာသည် ကားဘီးကို လဲလှယ်ရန်ကြိုးစားလေ၏။

ထိုအခိုက်မှာပင် မစ္စတာဘွန်ပိုက်သည် အညောင်းအညာပြေရန် အနီးအနားပတ်ဝန်းကျင်ကို လမ်းလျှောက်ရင်း ဝါးရုံပင်ကြီးများ အုပ်ဆိုင်းနေသော ဘုန်းကြီးကျောင်းကြီးကို မြင်သောအခါ

“ အိုးဂေါ့လ် ” ။

ဟု အထိတ်တလန့် ရေရွတ်လိုက်လေ၏။

မစ္စတာဘွန်ပိုက်သည် ဘုန်းကြီးကျောင်းကြီးကို သေချာစွာကြည့် ရှု၍ ရှေးကျသော ကနုတ်ပန်းများ၊ ပန်းပုလက်ရာများကို မြင်လျှင် မယုံနိုင်အောင် ဖြစ်သွားလေ၏။

မစ္စတာဘွန်ပိုက်သည် ရှေးဟောင်းပစ္စည်းများကို တန်ဖိုးထား





တတ်သောစိတ်ကြောင့် ဘုန်းကြီးကျောင်းကြီးကို အနီးကပ် မှန်ဘီလူးဖြင့် ကြည့်ရှုလေတော့၏။

ထိုအခါ ကပ္ပိယကြီးသည် မှန်ဘီလူးဖြင့် စိတ်ဝင်တစား ကြည့်ရှုနေသော မစ္စတာဘွန်ပိုက်ကို တစ်မျိုးထင်သွားပြီး မျက်နှာဖြူကြီး တစ်ယောက် ကျောင်းကိုဖျက်ဆီးရန် ရောက်နေသည်ဟု ဆရာတော်ကြီးကို အမောတကော လျှောက်တင်လေ၏။

ထိုအခါ ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများကို မခင်တွယ်သော်လည်း ကျောင်းကို အလွန်ခင်တွယ်သူဖြစ်၍ ဂုက်ကြီးတောင်ဝေးကိုဆွဲကာ မစ္စတာဘွန်ပိုက်ကို ခုတ်ပိုင်းရန် ရောက်ရှိလာ၏။

မျက်နှာဖြူကြီးလည်း ကျောင်းကို မှန်ဘီလူးဖြင့်ကြည့်ရှုဖြင့် အသက်အန္တရာယ်ကို ရန်ရှာလာသော ဆရာတော်ကြီးကို နားမလည်နိုင်ဘဲ ကျောင်းကိုပတ်၍ ပြေးလေတော့၏။

ထိုအခိုက်မှာပင် ကျောင်းမှ စွန့်ကြဲသော စားကြွင်းစားကျန်များကို စားသောက်ထားသည့် ဂုတ်ကျား၊ မောင်နက် အစရှိသော ခွေးတို့သည် ဆရာတော်ကြီးကို မျက်နှာလို မျက်နှာရသည်ဘောဖြင့် မျက်နှာဖြူကြီးနောက်သို့ လိုက်လေတော့၏။

မျက်နှာဖြူကြီးသည် ဆရာတော်ကြီး၏ခွေးနှင့်ဂုတ်ကျားတို့၏ သွားကို ကြောက်ရွံ့လာရာမှ ကျောင်းဝင်းထဲမှ ဖိနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် မျက်နှာဖြူကြီး၏ ဒရိုင်ဘာသည် အကြောင်းစုံကို သိပြီး ပြဿနာဖြစ်ရခြင်းကို သဘောပေါက်ကာ ဆရာတော်ကြီးအား မြန်မာဘာသာဖြင့် ရှင်းပြလေ၏။

ဆရာတော်ကြီးသည် သူ၏ကျောင်းကြီးကို အလွန်တန်ဖိုးရှိသည် ဆိုသဖြင့် သဘောကျသွားလေ၏။

ယခင်ကဆိုလျှင် ဆရာတော်ကြီးသည် သူ၏ဟောင်းနွမ်း ဆွေးမြည့်သော ကျောင်းကြီးကိုဖျက်၍ တိုက်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် ပိုက်ဆံရှိသော ဒါယကာကြီးတစ်ယောက်ကို မျှော်လင့်နေ၏။

ထိုဒါယကာကြီးသည် တိုက်ကျောင်းကြီးဆောက်ကာနီးမှ မိန်းမလည်တစ်ယောက်ကို မယားငယ်ပြုလိုက်သဖြင့် မယားနှစ်ယောက် ကြားတွင် ဗျာများကာ ကျောင်းမဆောက်နိုင်တော့ချေ။

မျက်နှာဖြူကြီးက ဆရာတော်ကြီးကို အနောက်တိုင်းနိုင်ငံများ တွင် ရှေးဟောင်းပစ္စည်းများကို အလွန်တန်ဖိုးထား၍ ထိန်းသိမ်းစောင့် ရှောက်ကြကြောင်း လျှောက်တင်လေ၏။

ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများ တန်ဖိုးရှိကြောင်း ကြားလိုလှသဖြင့် မျက်နှာဖြူကြီးကို ကျောင်း၌တည်းခိုစေပြီး ရှေး ဟောင်းပစ္စည်းများအကြောင်း ပြောပြစေ၏။

မျက်နှာဖြူကြီးကလည်း ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍





ပြောရမည်ဆိုလျှင် ညမအိပ်ဘဲ တစ်ထောင့်တစ်ည ပုံပြင်ရှည်ကြီးသဖွယ် ပြောဆိုချင်သူဖြစ်၏။

ဒရိုင်ဘာ လူကြီးကလည်း ၎င်းတတ်မြောက်သော မြန်မာစကား အတိုင်း ဘာသာပြန်ပြလေ၏။

ဆရာတော်ကြီးသည် မျက်နှာဖြူကြီးပြောသော အတ္တလန္တိတ် မြို့တော်ကြီးနှင့် ဂမ္ဘီရပညာများအကြောင်းကို လွန်စွာစိတ်ဝင်စားသွား လေ၏။

ပျောက်ဆုံးသွားသော အတ္တလန္တိတ် မြို့တော်ကြီးကို ရှာဖွေ ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများအကြောင်းကို အတော်အတန်သိရှိပြီးသောအခါ မျက်နှာဖြူကြီးအား

" ဒါဆိုရင် ကျုပ်တို့ကျောင်းကြီးဟာ အလွန်တန်ဖိုးရှိနေပြီ ဒီ တော့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်သင့်သလဲ "

ဟု မေးမြန်းလေ၏။ မျက်နှာဖြူကြီးက ကျောင်းကြီးကိုသာမက ကျောင်း၏အနောက်တွင်ရှိသော ဇရပ်ကြီးကို ကြည့်ပြီး ဖြစ်နေသဖြင့်

" ဒီပစ္စည်းတွေ ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းသင့်ပါ တယ်၊ ဒီအတွက် ကျွန်ုပ်လည်း လိုအပ်တဲ့အကူအညီပေးပါမယ်၊ ကျောင်းကြီးကို မပျက်ဆီးအောင် အတတ်နိုင်ဆုံး ကြိုးစားပါ၊ ကျောင်း ကို ပြင်ဆင်မယ်ဆိုရင်လဲ ရှေးဟောင်းလက်ရာတွေ မပျောက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



အောင် အတတ်နိုင်ဆုံး ကြိုးစားသင့်ပါတယ်၊ ဆရာတော်ရဲ့ ကျောင်းကြီးဟာ ဘုန်းကြီးတွေရှိတဲ့အတွက် ပျက်ဆီးမှုမရှိနိုင်ပေမဲ့ ကျောင်းအနောက်မှာရှိတဲ့ ဇရပ်ကြီးကတော့ နေထိုင်တဲ့သူမရှိတဲ့အတွက် ပို့ပြီး ပျက်စီးယိုယွင်းနိုင်ပါတယ်၊ ဒါကြောင့် ဇရပ်ကြီးကို ထိန်းသိမ်း စောင့်ရှောက်ဖို့ လူတစ်ဦးရှိသင့်ပါတယ် ''

ဟု အကြံပေးသွားလေ၏။ ဆရာတော်ကြီးသည် မျက်နှာဖြူကြီးပြန်သွားသည့်အချိန်မှစ၍ ရှေးဟောင်းပစ္စည်းများကို တန်ဖိုးထားတတ်သော ဝါသနာကူးစက်သွားလေ၏။

ထိုအချိန်မှစ၍ ကျောင်းမှ ပစ္စည်းများကို မထိရက် မကိုင်ရက်နှင့် တသသ ကြည့်ရှုနေလေ၏။

ဆရာတော်ကြီး၏ ရှေးဟောင်းပစ္စည်းများကို အလွန်တန်ဖိုးထားမှုကြောင့် ကျောင်း၌သီတင်းသုံးကြသော ဘုန်းကြီးများသည် စိတ်ညစ်ကြကုန်၏။

မနက်အရုဏ်တက်ချိန်၌ အုန်းမောင်းခေါက်သော ပေသီးပင်လျှင် ရှေးကျသော အုန်းမောင်းကြီးကို ရဲရဲဝံ့ဝံ့ မခေါက်ရဲတော့ချေ။

ဘုရားကျောင်းဆောင်သို့ ဆွမ်းတော်တင်သော ဦးပဥ္စင်းများလည်း ဆွမ်းတော်ပန်းကန်များ၊ သောက်ရေခွက်များကို အသက်အောင့်၍ ကိုင်တွယ်ရလေ၏။

ထို့ကြောင့်ပင် ဦးပဥ္စင်းများနှင့် ကျောင်းသားများသည် ဆရာ





တော်ကြီးအား ရှေးဟောင်းပစ္စည်းများအကြောင်း မပြောပြသွားသော မျက်နှာဖြူကြီးကို မေတ္တာပို့ကြကုန်၏။

ဦးပဥ္စင်းကြီးက

'' ရှေးကျတဲ့ ယွန်းခွက်တစ်ခွက်က ဘာအသုံးကျမှာလဲ၊ ငါ့အတွက်တော့ ယွန်းခွက်တစ်ခွက်ထက် ကြွေခွက်တစ်ခွက်က ပိုပြီးတန်ဖိုးရှိတယ်ဟေ့၊ ယွန်းခွက်က အတိတ်ကပုံရိပ်တွေကို ပြောပြတယ်တဲ့၊ အတိတ်ကအကြောင်းတွေကို သိရတော့ရော ဘာဖြစ်သွားမှာတုန်း၊ ဘုန်းကြီးဟာ အတိတ်နဲ့ အနာဂတ်ကို စိတ်မဝင်စားသင့်ဘူး၊ ပစ္စုပ္ပန်ကိုပဲ စိတ်ဝင်စားသင့်တယ် ''

ဟု မကြားတကြား ပြောဆိုလေ၏။ ထိုအခါ ဦးပဥ္စင်းကြီး၏ စကားကို သံယောင်လိုက်၍ အခြားဦးပဥ္စင်းတစ်ပါးက

'' ရှေးဟောင်းပစ္စည်းတွေကို ခင်တွယ်တယ်ဆိုတာ အဟောင်းအဆွေးတွေကို တပ်မက်တဲ့သဘောပဲ၊ တကယ်တော့ ဟောင်းနွမ်းဆွေးမြည့်တဲ့ ပစ္စည်းဆိုတာ စွန့်ပစ်သင့်တယ်၊ မခင်တွယ်ရဘူး ''

ဟု ပြောလေ၏။ ဦးပဥ္စင်းတစ်ပါးကလည်း

'' တကယ်တော့ ရှေးဟောင်း ပစ္စည်းပဲဖြစ်ဖြစ်၊ ခေတ်သစ်ပစ္စည်း ပဲဖြစ်ဖြစ် ဘယ်ပစ္စည်းမှ မခင်တွယ်ရဘူး၊ ဒါဟာ တရားပဲ၊ ဒါနည်းတော်နဲ့ မညီညွတ်ဘူး၊ အားလုံးကို စွန့်ပစ်ရမယ် ''

ဟု တရားသံပါပါဖြင့် ပြောကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ မျက်နှာ ဖြူကြီး၏ ရှေးဟောင်းပစ္စည်[illegible] ဝါသနာမှာ ဆရာတော်ကြီးထံသို့ ကူးစက်ခဲ့ပြီဖြစ်သဖြင့် ကျော[illegible] အနောက်ရှိ ဇရပ်ကြီးကို စိတ်ချခြင်းမရှိချေ။

ဇရပ်ကြီးတွင် အစောင့်အကြပ်မရှိလျှင် ရှေးဟောင်းပစ္စည်းမျာ[illegible] ပျက်ဆီးယိုယွင်းရလိမ့်မည်။ ထို့ကြောင့် ကျောင်းသားများကို ဇရပ်ကြီ[illegible] သို့ သွားရောက်အိပ်စက်စေ၏။

သို့သော် ဘုန်းကြီးကျောင်းသားဟူသည် ဟင်းလေးအိုးနှ[illegible] ဝေးကွာသောနေရာ၌ မနေနိုင်သူများဖြစ်၍ ဇရပ်ကြီး၌ မည်သူမျှ ကြ[illegible] ကြာမနေနိုင်ချေ။

ဆရာတော်ကြီးသည် ဇရပ်ပျက်ကြီး၌ ဘုန်းကြီးကျောင်းသာ[illegible] များ မပျော်ပိုက်ကြောင်း သိရသဖြင့် ဇရပ်ပျက်ကြီး၌ အချိန်ပြည့်နေထိုင်[illegible] ၍ ရှေးဟောင်းပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် သူရဲကောင်[illegible] ကို ရှာဖွေလေ၏။

ထိုအခါ ရွာထဲရှိ ရွာသူရွာသားများက ဆရာတော်ကြီး[illegible] ကြည်ညိုသော်လည်း ဇရပ်ပျက်ကြီး၌ မနေလိုကြသဖြင့် အကြောင်[illegible] အမျိုးမျိုးပြ၍ ရှောင်တိမ်းကြကုန်၏။

ဆရာတော်ကြီး၏ ဒါယိကာရင်းများပင်လျှင် အိမ်သူသက်ထာ[illegible] ဇနီးမယားများကို မခွဲခွာလို၍ ဇရပ်ပျက်ကြီး၌ မနေလိုကြချေ။

ဆရာတော်ကြီးသည် ဇရပ်ပျက်ကြီး၌ စွန့်စွန့်စားစား နေထို[illegible]





[illegible]ည်သူကို အလျှော့မပေးဘဲ သဲကြီးမဲကြီး ရှာဖွေလေ၏။

ထို့နောက် ဇရပ်ပျက်ကြီး၌ နေထိုင်မည့်သူကို [illegible]နေရေး [illegible]အတွက် ကျောင်းမှ တာဝန်ယူမည်ဟု ပြောပြလိုက်၏။

ဆရာတော်ကြီးသည် ကျောင်းမှ ဆွမ်းကြွင်းဆွမ်းကျန်များ [illegible]ကျွေး၍ သူရဲကောင်းရှာဖွေလိုက်ခြင်းဖြစ်၏။

ဆွမ်းကြွင်းဆွမ်းကျန်များကို စားသောက်ရမည်ဟူသော မက်[illegible]ကြောင့် ရွာထဲရှိ လက်ကြောမတင်းသော ဘိန်းစားဘိုးစီသည် ဇရပ်[illegible]က်ကြီး၌ နေထိုင်မည်ဖြစ်ကြောင်း လျှောက်တင်လေ၏။

ထို့ကြောင့် သူ၏ ရှေးဟောင်းဇရပ်ကြီးကို ထိန်းသိမ်းရန် [illegible]ိန်းစားဘိုးစီကို တာဝန်လွှဲပြောင်းလိုက်လေ၏။

ထိုသော် ဘိန်းစားဘိုးစီကို တာဝန်လွှဲပြောင်းပြီး တစ်ပတ်ခန့် [illegible]ကြာတွင် ဇရပ်တစ်ဆောင်လုံး အမှိုက်သရိုက်များ ရှုပ်ပွနေပြီး [illegible]ှေးဟောင်းဇရပ်ကြီး၌ ဘိန်းစားဘိုးစီ၏ ရေစိုအဝတ်များကို မြင် [illegible]ကောင်းအောင် လှန်းထားသဖြင့် ဆရာတော်ကြီးသည် ဒေါသူပုန်ထ [illegible]၍ ဘိန်းစားဘိုးစီအား ဇရပ်မှ မောင်းထုတ်ခဲ့လေ၏။

ဘိန်းစားဘိုးစီ ဇရပ်မှ မောင်းနှင်ခံရပြီးနောက် ရှေးဟောင်းဇရပ် [illegible]ကြီး၌ နေထိုင်မည့် သူရဲကောင်းတစ်ဦးပေါ်ပေါက်လာပြန်၏။

ထိုသူမှာ ဖဲသမား သန်းဦးဖြစ်၏။ သန်းဦးသည် ရွာစဉ်လှည့်၍ [illegible]ိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သန်းဦးသည် မိခင်ဝမ်းမှ ကျွတ်ကတည်းက ဖဲထုပ်ကို လက်ဖြင့် ကိုင်၍ မွေးဖွားလာသည်ဟု အဆိုရှိ၏။ သန်းဦးသည် လိုအပ်လျှင် မိန်းမကိုပင် အပေါင်ထား၍ ဖဲရိုက်သူဖြစ်၏။

ဖဲသမားသန်းဦးက ရှေးဟောင်းဇရပ်ကြီး၌ နေထိုင်မည်ဟု အဆိုပြုလာသဖြင့် ဆရာတော်ကြီးက တစ်ခါသေဖူး၍ ပျဉ်ဖိုးနားလည်သူပီပီ

“ ဟေ့ကောင် သန်းဦး၊ မင်းငါ့ဇရပ်မှာနေရင် စည်းကမ်းရှိရမယ်၊ အမှိုက်သရိုက်တွေကို ညစ်ညစ်ပတ်ပတ် မထားရဘူး ”

ဟု မှာကြားလေရာ ဖဲသမားသန်းဦးက ရဲဝံ့သောအမူအရာဖြင့်

“ တင်ပ့ါဘုရား၊ ဇရပ်တစ်ခုလုံး အမှိုက်သရိုက် မရှိစေရပါဘူး ဇရပ်ပတ်ဝန်းကျင်မှာလဲ သန့်သန့်ရှင်းရှင်း ဖြစ်စေရမယ် ”

ဟု ကတိပေးလေ၏။ ဆရာတော်ကြီးသည် ဖဲသမား သန်းဦး၏ အာမခံစကားကြောင့် ရှေးဟောင်းဇရပ်ကြီး၌ နေထိုင်ခွင့်ပေးလိုက်လေ၏။

ဆရာတော်ကြီးသည် တစ်ပတ်ခန့်ကြာသောအခါ သူ၏ ဇရပ်ကြီးသို့သွားရောက်ကြည့်ရှုပြီးနောက် ဇရပ်တစ်ဆောင်လုံးအမှိုက်သရိုက် မရှိဘဲ ဇရပ်ပတ်ဝန်းကျင်မှာလည်း သန့်ရှင်းသပ်ရပ်နေသဖြင့် ကျေနပ်သွားလေ၏။

ထို့ကြောင့် ဖဲသမားသန်းဦးကို ဆွမ်းကျန်ဟင်းကျန်များ ပို့ပို့





သာသာ ကျွေးမွေးရန် အမိန့်ချလိုက်လေ၏။

သို့သော် ဖဲသမားသန်းဦးနေထိုင်ပြီး တစ်လခန့်အကြာတွင် ဆရာ တော်ကြီး ကျိန်းစက်ရာအခန်းသို့ ဦးပဉ္ဇင်းများ အမောတကော ရောက်ရှိလာပြီး တစ်စုံတစ်ရာကို တီးတိုးပြောလိုက်လေ၏။

ထိုအခါ ဆရာတော်ကြီးသည် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး နံရံတွင် ချိတ်ထားသော သုံးပင်လိမ် ကြိမ်လုံးကြီးကိုဖြုတ်၍ ရှေးဟောင်းဇရပ်ပျက်ကြီးသို့ ပြေးလေတော့၏။

ဇရပ်ပျက်ကြီး၏ ပတ်ဝန်းကျင်သည် အမှိုက်သရိုက်များမရှိဘဲ သန့်ရှင်းသပ်ရပ်နေ၏။

သို့သော် သူ၏ ရှေးဟောင်းဇရပ်ပျက်ကြီး၌ လူများနှင့် လွှန်စွာ ညည်ကားနေ၏။

ရှေးဟောင်းဇရပ်ကြီးပေါ်တွင် လူအင်အား သုံးဆယ်မျှ ရှိသဖြင့် ဇရပ်ပျက်ကြီးပင် ပြိုကျသွားစေနိုင်လောက်၏။

ထိုသူများသည် ဖဲသမားသန်းဦး၏ ဖိတ်ခေါ်မှုကြောင့် ဇရပ်ကြီး၌ လာရောက် ဖဲကစားကြသူများဖြစ်၏။

ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းသို့ မည်သည့်ပုဂ္ဂိုလ်မျှ ဝင်ရောက် မဖမ်းဆီးရဲသဖြင့် ဇရပ်ပျက်ကြီး၌လောင်းကစားဝိုင်းကို ရဲရဲတွာ ပြုလုပ်နေခြင်းဖြစ်၏။

ဆရာတော်ကြီးသည် ‘သူ၏ ရှေးဟောင်းဇရပ်ကြီး၌ လောင်း



www.burmeseclassic.com

www.burmeseclassic.com



ကစားဝိုင်း အကြီးအကျယ်ပြုလုပ်နေသူများကို ဒေါသတကြီး ကြိ
မေခင်း၍ ကြိမ်လုံးဖြင့် တရှမ်းရှမ်းရိုက်လေတော့၏။

ထိုအခါ လောင်းကစားသမားများသည် ဇရပ်ပျက်ကြီးပေါ်
ပုဆိုးကျွတ်သူကျွတ်၊ တုံးလုံးပက်လက်လဲသူလဲဖြင့် ဝရုန်းသုန်းကား
ပြေးထွက်ကြလေ၏။

ထိုအချိန်မှစ၍ ဆရာတော်ကြီးသည် သူ၏ရှေးဟောင်းဇရပ်ပျက်
ကြီးအတွက် ထိန်းသိမ်းစောင့်ရှောက်မည့်သူကို စောင့်မျှော်ရင်း
ဇရပ်ကြီးအတွက် စိတ်မချခြင်းကြီးစွာ ဖြစ်ရလေ၏။





တစ်နေ့သ၌ ဆရာတော်ကြီး၏ ကျောင်းသို့ ရွာ၌ အဆင်းရဲဆုံး
ဟု ဆိုရမည့် လပြည့်ဆိုသောလူငယ်ရောက်ရှိလာပြီး ရှေးဟောင်း
ဇရပ်ကြီး၌ နေထိုင်လိုကြောင်း လျှောက်တင်လေ၏။

ဆရာတော်ကြီးသည် လပြည့်၏အကြောင်းကို သိတော်မူသဖြင့်
မေးမြန်းခြင်းပင်မရှိတော့ဘဲ

" မင်းဟာ ငါ့ရဲ့ဇရပ်မှာနေထိုင်ဖို့ အသင့်တော်ဆုံး လူတစ်
ယောက်ပဲကွယ့်၊ ဒီနေ့ကစပြီး ဇရပ်မှာနေပါ၊ ပြီးတော့ ဇရပ်ကို ထိန်းသိမ်း
စောင့်ရှောက်ပါ၊ ရှေးဟောင်းပစ္စည်းဆိုတာ တန်ဖိုးအလွန်ရှိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေရာ လပြည့်ကခေါင်းညိတ်၍ လက်အုပ်ချီကာ

" စိတ်ချပါ ဆရာတော်ဘုရား၊ ဟောဒီဇရပ်ကြီးကို ကြည့်ပြီးတော့ အတိတ်ဘဝ နောက်ကြောင်းတွေ အများကြီးရှိမယ်လို့ ယုံကြည်မိပါတယ်၊ ဒါကြောင့် တပည့်တော် ကောင်းကောင်း စောင့်ရှောက်မှာပါ၊ တပည့်တော်အတွက် ရွာထဲမှာနေတာထက်စာရင် ဟောဒီရှေးဟောင်းဇရပ်ကြီးမှာ နေရတာက စိတ်ချမ်းသာမယ် ထင်ပါတယ် "

ဟု လျှောက်တင်လေ၏။ ဆရာတော်ကြီးက ခေါင်းညိတ်ညိတ်ဖြင့်

" အေး ဇရပ်ကြီးကိုသာ အေးအေးဆေးဆေး စောင့်ရှောက်၊ မင်းတို့ မိသားစု စားဖို့သောက်ဖို့ ဘာမှမပူနဲ့၊ ငါတာဝန်ယား "

ဟု ပြောဆိုလေ၏။ လပြည့်က ကျောင်းကြီးကို မျက်လုံးဝေ့ကြည့်၍

" ရှေးဟောင်းဇရပ်ကြီးကိုသာမကပါဘူး ဘုရား၊ ကျောင်းကြီးတစ်ခုလုံးအတွက်လဲ တပည့်တော် တတ်စွမ်းသမျှ ကုသိုလ်ယူပါရစေ၊ တပည့်တော်ရဲ့ဘဝမှာ ကုသိုလ်ဆိုတာ မရှိခဲ့ပါဘူး ဘုရား "

ဟု ပြောဆိုလေ၏။ ဆရာတော်ကြီးက လပြည့်ကိုကြည့်၍

" အေး မင်းနေတတ်ရင် စိတ်ချမ်းသာမယ်၊ လောကမှာ လူတွေဟာ မနေတတ်လို့ စိတ်ဆင်းရဲကြတယ်၊ လောကကြီးမှာ နေတတ်အောင်နေ၊ စိတ်မဆင်းရဲဘူး "





ဟုဒွိသာနုဆန်သော စကားကို ပြောဆိုလေ၏။ လပြည့်သည် ဆရာတော်ကြီး၏ စကားအတိမ်အနက်ကို နားလည်သလိုရှိ၍

" တပည့်တော် ကြိုးစားပြီး နေပါမယ်ဘုရား "

ဟု လက်အုပ်ချီ၍ ပြောဆိုလိုက်လေတော့၏။

လပြည့်သည် ထိုနေ့မှစ၍ ဆရာတော်၏ ရှေးဟောင်း ဇရပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရလေ၏။

သူသည် ရှေးဟောင်းဇရပ်ကြီး၏ သန့်ရှင်းရေးကို ဂရုစိုက်လေ၏။ ဇရပ်ပတ်ဝန်းကျင်ကို နေ့စဉ်မှန်မှန် အမှိုက်များလှဲကျင်းလေ၏။

ဇရပ်ကြီးတစ်ခုလုံးကိုလည်း သန့်ရှင်းအောင် အမြဲဂရုပြုလေ၏။ အားလပ်သောအချိန်များတွင် ဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးလေ၏။

ဘုန်းကြီးကျောင်းဝင်းတစ်ခုလုံးကို ရေဖြန်း၍ အမှိုက်များ လှဲကျင်းလေ၏။ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်းလေ၏။

လပြည့်သည် ဘုန်းကြီးကျောင်းသို့ ရောက်သည့်နေ့မှစ၍ အလုပ်များကို မနားမနေပြုလုပ်လေ၏။

သူသည် ရှေးဟောင်းဇရပ်ကြီးကို အရိပ်တကြည့်ကြည့် ကြည့်ရှုနေပြီး ဇရပ်ကြီးတစ်ဆောင်လုံးကို ဖုန်မတက်အောင် အဝတ်စုတ်ဖြင့် နေ့စဉ် ရှုရှုပ္ပတ်သပ်လေ၏။

ထို့ကြောင့်ပင် ဆရာတော်ကြီးသည် လပြည့်ကို နှစ်သက်လှ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ချီးမွမ်းစကား ပြောလေတော့၏။

ဤသို့ဖြင့် လပြည့်သည် ဆရာတော်ကြီး၏ကျောင်း၌ ရွှေ ယောင်း ဇရပ်ကြီးကိုထိန်းသိမ်းရင်း ပျော်ရွှင်စွာ နေထိုင်လေ၏။

အားလပ်သောအခါ ဘုန်းကြီးကျောင်းသားများသည် လပြည့် ၏ ဇရပ်ကြီးသို့လာ၍ ရောက်တတ်ရာရာ စကားများကို ပြောဆိုကြ လေ၏။

လပြည့်သည် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာနေထိုင်ကြသော ဘုန်းကြီးကျောင်းသားများ၏ဘဝကို အားကျလေ၏။

သူ၏ဘဝသည် ဘုန်းကြီးကျောင်းသားများကဲ့သို့ လွတ်လပ် ခြင်းမရှိချေ။

သူ၏ဘဝသည် ဝယ်စဉ်မှစ၍ ပူပန်ဆင်းရဲခြင်းများနှင့် အတိ ပြီးခဲ့၏။

ဖခင်သည် သူဆယ်နှစ်သားအရွယ်ကပင် ပိုးထိ၍ ကွယ်လွန် အနိစ္စ ရောက်ခဲ့၏။ ဖခင်မရှိတော့သောအခါ ရိုးသားအေးဆေးသော မိခင်သည် လူ့လောကကြီးတွင် မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့၏။

မိခင်သည် ရွာတွင် အမျိုးအဆွေလည်း မရှိသဖြင့် ခိုကိုးရာမဲ့ ဖြစ်ခဲ့ရ၏။ မိခင်သည် ရွာပြင်၌ အကြော်ရောင်းရင်း သားနှင့်သမီးကို လုပ်ကျွေးပြုစုခဲ့၏။

ထိုစဉ်က စားဝတ်နေရေး မပြေလည်လှသော်လည်း သားအမိ





သုံးယောက် ရောင်း၍မကုန်သော အကြော်များကို စားသောက်ရင်း ပျော်ရွှင်ခဲ့ကြ၏။

သူတို့မိသားစု၏ ပျော်ရွှင်သောဘဝလေးသည် လပြည့် အသက် ဆယ့်သုံးနှစ် ပြည့်သောအချိန်တွင် ကုန်ဆုံးခဲ့၏။

တစ်နေ့သ၌ မိခင်နှင့် အစ်မသည် တောထဲသို့ ထင်းခွေသွားရင်း နေထိုင်မကောင်းဖြစ်လာကြ၏။ လပြည့်သည် တပြိုင်တည်း နေထိုင် မကောင်းဖြစ်နေသော မိခင်နှင့် အစ်မကို ပြုစုလေ၏။

မိခင်သည် အဖျားတက်နေရာမှ ကယောင်ကတမ်း ပြောဆို လေ၏။

မိခင်ပြောသော စကားများတွင် တောထဲရှိ မင်းသမီးများ၊ နတ် ဘုံနတ်နန်းများ၊ ရွှေမန်ကျည်းတောင့်များ အကြောင်း စုံလင်စွာပါရှိ၏။

မိခင်ကယောင်ကတမ်း ပြောဆိုနေစဉ်တွင် အစ်မဖြစ်သူမှာလည်း မိခင်နည်းတူ ကာယောင်ကတမ်း ပြောဆိုလာ၏။

ရွာသူရွာသားများသည် မိခင်နှင့် အစ်မ၏ စကားများကို လာ ရောက်နားထောင်၍ တောထဲတွင် ဥစ္စာစောင့်များနှင့် ၎င်းတို့သားအမိ တွေ့လာရသည်ဟု ဆိုကြ၏။

ထို့နောက်တွင်မှ ရွာသူရွာသားများသည် မိခင်နှင့် အစ်မဖြစ်သူ အား ဥစ္စာစောင့်များအကြောင်းကို မေးမြန်းကြလေ၏။

ရွာထဲတွင် အောက်တမ်းဆရာဟု နာမည်ကြီးသော ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသိန်းက ဥစ္စာစောင့်သိုက်ကို သွားတူးမည် တကဲကဲ ပြောဆိုရှ် မိခင်နှင့် အစ်မကို ရေမန်းများတိုက်ကာ ဥစ္စာစောင့်များ၏ သဲလွန်စကို မေးမြန်းလေ၏။

သို့သော် မိခင်နှင့် အစ်မသည်၎င်းတို့၏ စကားများကို ပြန်၍ မဖြေနိုင်ဘဲ အဓိပ္ပါယ်ဆက်စပ်၍မရသော စကားများကိုသာ ပြောဆိုကြကုန်၏။

နောက်ဆုံးတွင်မူ မိခင်နှင့်အစ်မသည် အဖျားရောဂါ ပျောက်ကင်းသွားသော်လည်း စိတ်ထားပုံမှန်မရှိတော့ဘဲ စိတ်ဝေဒနာရှင်များ ဖြစ်သွားကြကုန်၏။

ထိုအခါမှပင် ရွာထဲရှိ ရှေးမီနောက်မီ လူကြီးများက တောစောင့်နတ်၊ တောင်စောင့်နတ်များ ဖမ်းစားသည်ဟုဆိုကာ မုန့်ဖြူ မုန့်နီများကို စကောဟောင်းတစ်ချပ်ထဲသို့ထည့်၍ ခေါ်စာပစ်ကြ၏။

ကြက်ဖများကိုသတ်ကာ တောစောင့်နတ်များကိုပူဇော်ပသကြလေ၏။

မည်သို့ပင် ပူဇော်ပသစေကာမူ မိခင်နှင့် အစ်မသည် စိတ်ဝေဒနာရှင်များဖြစ်ခဲ့ကြ၏။

လပြည့်သည် တစ်ရွာလုံး၏ ခိုင်းဖက်ဘဝဖြင့် မိသားစုအတွက် ကိုယ်ကျိုးစွန့်ခဲ့၏။

သူသည် ဆင်းရဲနွမ်းပါးသော်လည်း ဘုန်းကြီးကျောင်းသို့





သွား၍ စာရေးတတ် ဖတ်တတ်အောင် သင်ယူခဲ့၏။ မိခင်နှင့် အစ်မ တောထဲသို့ ထင်းခွေသွားရင်း ရူးသွပ်သွားခြင်းကို ယနေ့ထက်တိုင် ပဟေဠိဖြစ်ခဲ့၏။

၎င်းတို့သည် ရွာသူရွာသားများ ပြောသကဲ့သို့ တောစောင့်နတ် တောင်စောင့်နတ်များက ဖမ်းစားလေသလား။

တောစောင့်နတ်များ ဖမ်းစားသည်ဆိုလျှင် မိခင်နှင့် အစ်မက မည်သည့်အပြစ်များကို ကျူးလွန်၍ ဖမ်းစားလေသနည်း။

လပြည့်သည် ဇရပ်၌ထိုင်၍ မိမိဘဝကို တွေးတောနေရာမှ ဇရပ်အနီးသို့ ရောက်လာသော ကပ္ပိယကြီးက

" ဟော့ကောင်၊ လပြည့် ဘာတွေ တွေးနေတာလဲ၊ နေမြင့်တော့မယ်၊ မင်းအမေနဲ့ အစ်မကို ထမင်းချိုင့်သွားပို့လေ "

ဟု ပြောဆိုလေ၏။ လပြည့်သည် ထိုအခါမှပင် မိခင်နှင့် အစ်မကို ထမင်းချိုင့်ပို့ရန် သတိရပြီး ချိုင့်ကိုဆွဲကာ ရွာထဲသို့ ထွက်ခဲ့လေ၏။

ရွာစွန်ရှိ သူ၏တဲအိမ်ရှေ့သို့ ရောက်သောအခါ တဲရှေ့တွင် ထိုင်နေသော မိခင်နှင့် အစ်မကို တွေ့ရလေ၏။

၎င်းတို့သည် တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေပြီး ဖုန်အလူးလူးဖြင့် ရှိနေလေ၏။

မိခင်သည် လပြည့်ကိုမြင်သောအခါ ထိုင်နေရာမှထ၍

" နောက်ကျလှချည်လား သားတော်၊ မယ်တော်နဲ့ အစ်မတော်



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်နေပြီကွယ်၊ စားတော်ကဲကြီးက ဘာတွေများ ချက်ပြုတ် စီမံပေးလိုက်သလဲ ''

ဟု မေးမြန်းလေရာ လပြည့်က ပိန်ချိုင့်နေသော ချိုင့်ထဲရှိ ဆွမ်းကျန် ဟင်းကျန်များကို မိခင်နှင့် အစ်မအား ကျွေးမွေးလေ၏။

၎င်းတို့သည် လပြည့်ကျွေးမွေးသည်များကို ဆာလောင်ဟန်ဖြင့် မြိန်ရှက်စွာ စားသောက်ကြပြီး

'' သားတော်ရဲ့ စားတော်ပွဲက သိပ်ညံ့တယ်၊ တစ်နေ့ကလဲ ဒီဟာတွေပဲ၊ မယ်တော်တို့ကို ခေါက်ဆွဲကြော်နဲ့ စားတော်ပွဲ ပြင်ပေးပါလားသားတော်ရယ် ''

ဟု ပြောလေရာ လပြည့်သည် မိခင်ကိုကြည့်၍ စိတ်မကောင်းဖြစ်သွားပြီး သက်ပြင်းရှည်ကြီးကို ချ၍

'' စားတော်ပွဲကို ခေါက်ဆွဲကြော်နဲ့ စားချင်ရင်ခဏစောင့်ပါ မယ်တော်ရယ်၊ သားတော် ကြိုးစားပါ့မယ် ''

ဟု ပြန်လည်ပြောဆိုလေ၏။ ထိုအခါ လပြည့်၏အစ်မက လပြည့်ကို မျက်မှောင်ကြုတ်ကြည့်၍

'' မယ်တော်က ခေါက်ဆွဲကြော် စားချင်တာပဲ၊ မင်းက ဘာကြိုးစားရမှာလဲ၊ ငွေတိုက်ထဲက အသပြာတွေထုတ်ပြီး စားတော်ကဲကြီးကို ကြော်ခိုင်းလိုက်လေ၊ သိပ်ညံ့တဲ့ မောင်တော်ပဲ ''

ဟု အပြစ်တင်လေ၏။ လပြည့်သည် မိခင်နှင့် အစ်မကို မကြာမီ





ခေါက်ဆွဲကြော်ကျွေးပါမည်ဟု ကတိခံ၍ ကျောင်းသို့ ပြန်လာခဲ့၏။

ကျောင်းသို့ ရောက်သောအခါ ကပ္ပိယကြီးထံသို့ မယောင်မလည် ချဉ်းကပ်၍

'' ကပ္ပိယကြီးရယ်၊ ခေါက်ဆွဲကြော်တစ်ခွက်ကို ဘယ်လောက်ပေးရသလဲ ''

ဟု မေးမြန်းလေရာ ကပ္ပိယကြီးက ကွမ်းအစ်ထဲမှ ကွမ်းများကို ထုံးသုတ်နေရာမှ မော့ကြည့်၍

'' ခေါက်ဆွဲကြော်တစ်ခွက်ကို ဘယ်လောက်ပေးရတယ်ဆိုတာ ငါ ဘယ်သိပါ့မလဲကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ခေါက်ဆွဲကြော်ကို ငါတစ်ခါမှ မစားဖူးခဲ့ဘူး ''

ဟု ပြောဆိုလေ၏။ လပြည့်သည် ကပ္ပိယကြီး၏ အဖြေကြောင့် စိတ်ညစ်သွားလေ၏။ ကပ္ပိယကြီးသည် ဗဟုသုတ စုံလင်သူဖြစ်၍ အရာရာကို တတ်သိသည်ဟု အထင်ကြီးထားသူဖြစ်၏။

ကပ္ပိယကြီးသည် ကွမ်းယာကို ဝါးစားနေရာမှ လပြည့်ကို မျက်မှောင်ကြုတ်ကြည့်၍

'' ဟဲ ဟဲ ခေါက်ဆွဲကြော်တစ်ခွက်ကို ဘယ်လောက်ပေးရတယ်ဆိုတာ ငါမသိပေမဲ့ စုံစမ်းပေးလို့ရပါတယ်ကွာ၊ စိတ်မပျက်ပါနဲ့ ခဏစောင့်ပါဦး ''

ဟု ပြောဆိုရင်း ကျောင်းသားတစ်ယောက်ကို သူ့အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူလိုက်လေ၏။ ထိုကျောင်းသားသည် လူရှုပ်ဉာဏ်ဝင်းဖြစ်ပြီး ထို နေရာစပ်စပ် သည်နေရာစပ်စပ် ပါဝင်တတ်သဖြင့် ဆရာတော်ကြီး၏ ကြိမ်လုံးဒဏ်ကို ခံရလေ့ရှိသူဖြစ်၏။

ကပ္ပိယကြီးက လူရှုပ်ဉာဏ်ဝင်းကို ခေါက်ဆွဲကြော်တစ်ခွက်၏ ဈေးနှုန်းကို မေးမြန်းသောအခါ ဉာဏ်ဝင်းက တဟဲဟဲရယ်မော၍

'' ဟဲ ဟဲ… ကပ္ပိယကြီးက ကျုပ်ကို ခေါက်ဆွဲကြော် မစားဖူး ဘူးလို့ ထင်လို့လား။ မြို့က ကထိန်ကိုသွားတုန်းက ခေါက်ဆွဲကြော် စားဖူးပါတယ်၊ အလှူရှင်တွေက ခေါက်ဆွဲကြော်မလောက်လို့ ဝယ်နိုင်း တော့လဲ ဝယ်ပေးဖူးပါတယ်၊ ခေါက်ဆွဲကြော်တစ်ပွဲကို တစ်မူးဗျ၊ ခေါက်ဆွဲ ကြော်ထဲမှာ ဘဲဥနဲ့ဝက်သားတွေ နိုင်းချင်းပါတယ်၊ စားလို့လဲ အရသာရှိမှ ဗျာ၊ နတ်ပြည်က နတ်သုဒ္ဓါဆိုတာ ခေါက်ဆွဲကြော်လောက်တောင် ကောင်းမယ်မထင်ဘူးဗျာ ''

ဟု ချဲ့ကား၍ ပြောဆိုလေ၏။ လပြည့်သည် ခေါက်ဆွဲကြော် တစ်ပွဲကို တစ်မူးဟုဆိုသဖြင့် မှိုင်တွေတွေဖြစ်သွားလေ၏။

တစ်မူးမျှသော အသပြာကို သူမည်သို့ ရှာဖွေရမည်နည်း။

ဘုန်းကြီးကျောင်း၏ စားကြွင်းစားကျန်များကို ကပ်ရပ်၍ စား သောက်ရသူတစ်ဦးက ပိုက်ဆံတစ်မူးရအောင် မည်သို့ရှာဖွေရမည် နည်း။

ထိုအခိုက်မှာပင် ကပ္ပိယကြီးသည် သူ၏ခေါင်းအုံးစွပ်ထဲက တစ်စုံ





တစ်ရာကိုထုတ်၍ လပြည့်၏ လက်ထဲသို့ ထည့်လိုက်လေ၏။

လပြည့်သည် ကပ္ပယိကြီးပေးလိုက်သော အရာကို ယူကြည့် လိုက်သောအခါ ပိုက်ဆံတစ်မူးဖြစ်နေလေ၏။

လပြည့်သည် ပိုက်ဆံတစ်မူးကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ရှု နေစဉ် ကပ္ပိယကြီးက ရယ်မော၍

'' ဟဲ ဟဲ… ပိုက်ဆံတစ်မူးကို ယူလိုက်လေကွာ၊ ခေါက်ဆွဲ ကြော်တစ်ပွဲကို ဘယ်လောက်လဲလို့ မေးနေကတည်းက မင်းစားချင်လို့ မေးတာမဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ မင်းအမေနဲ့ အစ်မကို ကျွေးချင် လို့ မေးနေတယ်ဆိုတာ ငါသဘောပေါက်ပါတယ်၊ ဒါကြောင့် ပိုက်ဆံ တစ်မူးကို မင်းအတွက် ငါလှူလိုက်တာပါ ''

ဟု ပြောလေရာ လပြည့်သည် ကပ္ပိယကြီး၏ စေတနာကို နား သည်သဘောပေါက်သော်လည်း ခေါင်းကိုခါယမ်း၍

'' ကပ္ပိယကြီး သုံးဖို့စုထားတဲ့ပိုက်ဆံကို ကျုပ်မယူရက်ပါဘူး၊ ကပ္ပိယကြီး ပြန်ယူထားလိုက်ပါ ''

ဟု ပြောဆို၍ ပြန်ပေးလေ၏။ ကပ္ပိယကြီးကရယ်မော၍

'' ငါ့ရဲ့အလှူဒါနကို လက်ခံပါကွာ၊ ငါ့အတွက် ပိုက်ဆံတစ်မူးဟာ သိပ်အရေးမကြီးပါဘူး… မင်းအတွက်တော့ ပိုက်ဆံတစ်မူးဟာ အရေးတကြီး လိုအပ်နေတယ်ကွ ''

ဟု ပြောဆိုလေတော့၏။ လပြည့်သည် ကပ္ပိယကြီး၏ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တွေဝေသွားလေ၏။ ခေါက်ဆွဲကြော်ကို အလွန်စားချင်နေဟန်ရှိသော မိခင်၏မျက်နှာကိုမြင်ယောင်လာမိ၏။

ထို့ကြောင့် ကပ္ပိယကြီးကိုကြည့်၍

'' ဒါဆိုရင် ကပ္ပိယကြီးပေးတဲ့ ပိုက်ဆံကို ကျုပ်ခဏယူထားမယ်၊ ဒါပေမဲ့ ကျုပ်ပိုက်ဆံစုပြီး ပြန်ပေးမယ်၊ ဒါကိုတော့ လက်ခံပါ ''

ဟု ပြောလိုက်လေ၏။

ကပ္ပိယကြီးက လပြည့်၏ စကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ်၍

'' ရပါတယ်ကွာ၊ မင်းရဲ့မာနကို ဒီလောက်တော့ ရှင်သန်ခွင့်ပေးရမှာပေါ့၊ လူမှာ ထိုက်သင့်တဲ့ မာနတော့ရှိသင့်တယ်ကွ၊ မာနလုံးဝမရှိတဲ့သူဟာ သူတစ်ပါးကို အမြဲလိုလို အောက်ကျို့ပြီး အရှုံးပေးတတ်တဲ့ စိတ်ဓာတ်မျိုး ဝင်ရောက်လာတတ်တယ် ''

ဟု ပြောလေ၏။

လပြည့်သည် ကပ္ပိယကြီးထံမှ ပိုက်ဆံတစ်မူး ရရှိသောအခါ ငွေတစ်မူးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ မြို့ပေါ်သို့ လှည်းကြုံဖြင့်လိုက်ကာ တရုတ်ခေါက်ဆွဲဆိုင်၌ ခေါက်ဆွဲကြော်တစ်ခွက်ကို ဝယ်လေ၏။

သူသည် တရုတ်ကြီးခေါက်ဆွဲကြော်နေစဉ် ဆိုင်ထဲတွင် ထိုင်စောင့်ရင်း ဆိုင်ထဲသို့ ခေါက်ဆွဲစားရန် တဖွဲဖွဲရောက်ရှိလာသူများကိုကြည့်၍





'' ပိုက်ဆံတတ်နိုင်တဲ့သူတွေများ ခေါက်ဆွဲတစ်ခွက်ကို အခက်အခဲ မရှိဘဲ စားနိုင်ကြတယ်နော်၊ သူတို့အတွက် ခေါက်ဆွဲကြော်တစ်ခွက်စားတယ်ဆိုတာ သာမန်ဖြစ်ရိုး ဖြစ်စဉ် ကိစ္စလေးတစ်ရပ်ပဲ ''

ဟု တွေးရင်း ပိုက်ဆံရှိသော သူများကို အားကျသော စိတ်များဝင်ရောက်လာလေ၏။ ထို့နောက် ဆက်လက်၍

'' သူတို့တွေ ဘာဖြစ်လို့ပိုက်ဆံရှိပြီး ငါက ဘာဖြစ်လို့ ဆင်းရဲရတာလဲ၊ သူတို့ မိဘစဉ်ဆက် ပိုက်ဆံရှိနေလို့လား၊ ငါတို့ မိဘစဉ်ဆက်ကပဲ ဆင်းရဲနွမ်းပါးနေလို့လား၊ ဆင်းရဲတဲ့သူတွေဟာ ဒီလိုပဲ မျိုးရိုးစဉ်ဆက် ဆင်းရဲနေတာပဲလား ''

ဟု တွေးတောရင်း ချမ်းသာချင်သည့် စိတ်ကူးများ ဝင်ရောက်လာလေ၏။ ထိုအခိုက်မှာပင် ဆိုင်ရှင် တရုတ်ကြီးသည် ခေါက်ဆွဲကြော်ထုပ်ကို သူ၏ရှေ့သို့ ယူလာပေးပြီး

'' ကောင်လေး ခေါက်ဆွဲကြော်ရပြီ ''

ဟု ပြောလိုက်လေ၏။

လပြည့်သည် မွှေးပျံ့ကြိုင်လှိုင်နေသော ခေါက်ဆွဲကြော်ရနံ့ကြောင့် သွားရည်များကျလာလေ၏။

သို့သော် ခေါက်ဆွဲကြော်ကို မတို့မထိနိုင်ဘဲ ရွာသို့သာ အပြန်ဆုံး ပြန်လာခဲ့လေ၏။ မိခင်နှင့် အစ်မအား ခေါက်ဆွဲကြော်တစ်ထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်စီခွဲ၍ ကျွေးရပေတော့မည်။

မိခင်နှင့် အစ်မကို ဖြစ်နိုင်လျှင် ခေါက်ဆွဲကြော်တစ်ထုပ်စီ ဝယ်ကျွေးချင်လှ၏။

သို့သော် တစ်မူးမျှသော အသပြာသည် ဘုန်းကြီးကျောင်းသားတစ်ယောက်အတွက် ခက်ခဲလွန်းလှ၏။

လပြည့်သည် ခေါက်ဆွဲကြော်ထုပ်ကို ကိုင်ရင်း ရွာအဝင်လမ်းအတိုင်း ပြန်လာခဲ့၏။

သူသည် လှည်းလမ်းအတိုင်း ခပ်သွက်သွက်လျှောက်၍ ရွာသို့ရောက်နန့် စိတ်စောနေမိ၏။

ရွာအဝင် ထန်းတောကို ဖြတ်သန်းစဉ် ထန်းတောတစ်နေရာမှ

" ဟေ့ကောင်လေး၊ မင်းဘယ်က ပြန်လာတာလဲ၊ လာပါဦးကွ "

ဟူသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ထန်းရည်မူးနေသော ရွာလူမိုက် စိန်လင်းတို့ လူစုဖြစ်ကြောင်း တွေ့ရလေ၏။

လပြည့်သည် ရွာလူမိုက် စိန်လင်းတို့ကို မမြင်ဟန်ဆောင်၍ ဆက်ထွက်ရန် ပြင်လိုက်သော်လည်း လူမိုက်တစ်ယောက်က

" ဟေ့ကောင်၊ ငါတို့ခေါ်နေတာ မကြားဘူးလား၊ မလာရင် နာမယ်နော် "

ဟု ပြောဆိုလေ၏။ မတတ်သာတော့ဘဲ၎င်းတို့အနီးသို့ လျှောက်





ခဲ့လေ၏။ ရွာလူမိုက် စိန်လင်းသည် ဝါးကျည်တောက်ထဲရှိ ထန်းရည်များကို မော့သောက်လိုက်ပြီး

" ဟေ့ကောင်၊ မင်းဘယ်က ပြန်လာလဲ "

ဟုမေးမြန်းလေရာ လပြည့်ကသက်ပြင်းချ၍ မြို့ပေါ်က ပြန်လာကြောင်း ပြောလေ၏။

ထိုအခါ လူမိုက်စိန်လင်းက လပြည့်ကို မျက်မှောင်ကြုတ်ကြည့်၍

" မင်းလက်ထဲက အထုပ်က ဘာလဲ "

ဟု မေးမြန်းလေရာ လပြည့်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့်

" ခေါက်ဆွဲကြော်ထုပ်ပါ "

ဟု ပြောလေ၏။ ထိုအခါ လူမိုက်စိန်လင်းက သွားရည်များကို သိမ်းလိုက်ပြီး

" ဩော် ခေါက်ဆွဲကြော်လား၊ ဘယ်သူ့အတွက်လဲ "

ဟုမေးမြန်းလေ၏။ လပြည့်က ရင်ခုန်နှုန်းမြန်စွာဖြင့်

" အမေနဲ့ အစ်မအတွက်ပါ "

ဟု ပြောလေရာ ရွာလူမိုက်စိန်လင်းနှင့် အပေါင်းအပါများသည် ရယ်စရာ ပြက်လုံးတစ်ခုကို ကြားသကဲ့သို့ ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီး ရွာလူမိုက် စိန်လင်းက

" ဟား ဟား ဟား... မင်းအမေနဲ့ အစ်မအတွက်ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

အရှေးမနှစ်ယောက်က ခေါက်ဆွဲကြော် စားမလို့လား။ သူတို့က ခေါက်ဆွဲကြော်ဆိုတာ ဘာမှန်းသိရဲ့လား။ ငါတို့တောင် ခေါက်ဆွဲကြော် မစားရတာကြာပြီ၊ ကျွေးမဲ့ကျွေး အရှေးမတွေ ကျွေးမဲ့အစား ငါတို့ကို ကျွေးသင့်တာပေါ့၊ ဟုတ်ရဲ့လား အပေါင်းအသင်းတို့ ''

ဟု ပြောလိုက်ရာ သူ၏ တပည့်တပန်းများက ဟုတ်မှန်ကြောင်း ဝိုင်းဝန်းထောက်ခံကြလေ၏။

လပြည့်သည် ထိုသူများ၏ စကားကြောင့် စိုးရိမ်ထိတ်လန့်သွားပြီး မျက်နှာပျက်ကာ

'' မလုပ်ပါနဲ့ဗျာ၊ အမေတို့က ခေါက်ဆွဲစားချင်တယ်ဆိုပြီး မှာထားလို့ပါ ''

ဟု တောင်းပန်လေ၏။ ရွာလူမိုက် စိန်လင်းက

'' ဟား ဟား ဟား... အရှေးမတွေက ခေါက်ဆွဲမှန်း ဘာမှန်း ကွဲကွဲပြားပြား မသိပါဘူးကွာ၊ လုပ်မနေပါနဲ့၊ ခေါက်ဆွဲကြော်ဆိုပြီး ကျွေးချင်တာ ကျွေးလိုက်လဲ ရပါတယ်၊ လောလောဆယ် ငါ ခေါက်ဆွဲကြော် စားချင်တယ်၊ ငါ့ကိုကျွေးရမယ် ''

ဟု ပြောကာ လပြည့်၏ လက်ထဲရှိ ခေါက်ဆွဲထုပ်ကို လုယူလေ၏။ လပြည့်သည် မိခင်နှင့် အစ်မအတွက် ခက်ခက်ခဲခဲ ယူဆောင်လာသော ခေါက်ဆွဲထုပ်ဖြစ်သဖြင့် ၎င်းတို့လက်ထဲသို့ မထည့်နိုင်ဘဲ ခေါက်ဆွဲထုပ်ကို တင်းတင်းဆုပ်ကိုင်၍





'' မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့ တောင်းပန်ပါတယ်၊ အမေစားချင်တယ်ဆိုလို့ပါ၊ မလုပ်ပါနဲ့ ''

ဟု တောင်းပန်လေ၏။ သို့သော် ရွာလူမိုက်စိန်တိုးက ခေါက်ဆွဲထုပ်ကို လုယူရုံမက သူ၏ တပည့်တပန်းများကလပြည့်ကို ချုပ်ကိုင်၍ လုယူလေရာ ခေါက်ဆွဲထုပ်ကလေးကို ချည်နှောင်ထားသော ကြိုးလေး ပြုတ်ထွက်သွားပြီး ခေါက်ဆွဲထုပ်သည် လူမိုက်စိန်လင်း၏ လက်ထဲသို့ ရောက်သွားလေ၏။

ရွာလူမိုက်စိန်လင်းသည် လက်ထဲသို့ ခေါက်ဆွဲထုပ် ရောက်သောအခါ ဖက်ကိုဖြန့်၍ ခေါက်ဆွဲများကို ပါးစပ်ထဲသို့ ထိုးသိပ်ထည့်လေ၏။

ထိုအခါ သူ၏ တပည့်များကလည်း ခေါက်ဆွဲများကို အလုအယက်ယူ၍ ပါးစပ်ထဲသို့ ထည့်လေ၏။

လပြည့်သည် မိခင်နှင့် အစ်မအတွက် ခက်ခက်ခဲခဲ ဝယ်ယူလာသော ခေါက်ဆွဲထုပ်ကို ရွာလူမိုက်များက မိုက်ကြေးခွဲ၍ စားသောက်နေပုံကို ကြည့်ရှု၍ မခံချင်လွန်းသဖြင့် နှုတ်ခမ်းပြတ်လုမတတ် သွားဖြင့် ကိုက်လိုက်ရာ ပါးစပ်အတွင်းမှ သွေးများ ထွက်လာလေ၏။

သူသည် မိခင်နှင့် အစ်မအတွက် ဝမ်းနည်းလွန်းသဖြင့် မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာလေ၏။

လူမိုက်စိန်လင်းတို့ လူစုကို အားမတန်၍ မာန်လျှော့လိုက်သော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကလဲ့စားချေချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာ၏။

ထို့ကြောင့် လူမိုက်များကို ဝေဝါးသော မျက်လုံးများဖြင့် ကြည့်၍ တက်ခေါက်ကာ

" တောက်… ခင်ဗျားတို့ သိပ်ယုတ်မာတယ်၊ ထမင်းဝဝ စားထားကြ၊ ဒီလုပ်ရပ်ကို ကျုပ်တစ်သက်လုံးမမေ့ဘူး၊ တစ်နေ့ ကလဲ့စား ချေပြမယ် "

ဟု အော်ဟစ်လိုက်လေရာ လူမိုက်များသည် လူငယ်လေး တစ်ယောက်၏ စကားကို နားဝင်ဟန်မရှိဘဲ တဟားဟား ရယ်မော လိုက်ကြ၏။

ရွာလူမိုက် စိန်လင်းက လပြည့်၏နားရွက်ကို လက်ဖြင့်ဆွဲ၍

" ပြန်လာခဲ့ကောင်လေး၊ အချိန်မရွေးစောင့်နေမယ်၊ ကလေး မို့လို့ ချမ်းသာပေးလိုက်တာ၊ အဟုတ်ကြီးထင်မနေနဲ့ "

ဟု ကြိုးဝါးလေ၏။ လပြည့်သည် ၎င်းတို့ လူစုအနီးမှ မခံချင်စိတ် အပြည့်ဖြင့် ထွက်လာခဲ့လေ၏။

သူသည် ကျောင်းဝင်း၏အနောက်မှ ဝင်ခဲ့ပြီး သရက်ပင်ကြီး အောက်တွင် တစ်ကိုယ်တည်း ထိုင်ပြီး မိခင်နှင့် အစ်မ၏ ဆိုးဝါးလှသော ကံကြမ္မာကို တွေးတောနေလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ကပ္ပိယကြီး ရောက်လာပြီးလျှင် ငူငူ ငိုင်ငိုင်ကြီး ထိုင်နေသော လပြည့်ကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ရှု၍





" ဟင်… မျက်နှာပေါ်တက်ပြီး ခေါက်ဆွဲကြော်ဝယ်တဲ့ ကောင်က ဘယ် လို ဖြစ်လာတာလဲ၊ ဘယ်မှာလဲ၊ ခေါက်ဆွဲကြော်ထုပ် "

ဟု မေးမြန်းလေရာ လပြည့်က တက်ခေါက်၍ ဖြစ်ကြောင်းကုန် စင်ကို ကပ္ပိယကြီးအားပြောပြလေ၏။ ကပ္ပိယကြီးသည် အစအဆုံး နားထောင်ပြီးနောက် သက်ပြင်းချ၍

" လောကဓံဆိုတာ ဒါပဲလပြည့်၊ လောကကြီးမှာ အမြဲတန်း အနှောင့်အယှက်အတားအဆီးဆိုတာ ရှိနေမှာပဲ၊ ငါတို့ ဘုရားတောင် အနှောင့်အယှက် အတားအဆီးတွေ အများကြီးကြားထဲက ဘုရားဖြစ် လာတာပဲမဟုတ်လား၊ ဒါကြောင့် စိတ်မလျှော့နဲ့၊ ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ဆက်ကြိုးစားပေတော့ "

ဟု ပြောလေရာလပြည့်က ခေါင်းညိတ်၍

" ကျုပ် စိတ်မပျက်ပါဘူး၊ အမေနဲ့ အစ်မအတွက် စိတ်မကောင်း လွန်းလို့ပါ "

ဟု ပြောလိုက်လေတော့သတည်း။

လပြည့်သည် မိခင်နှင့် အစ်မကို ထမင်းထုပ်ပို့ရန် မဝံ့မရဲ ဖြစ်မိ လေ၏။

မိခင်၏ဆန္ဒကို မဖြည့်ဆည်းနိုင်သည့်အတွက် စိတ်မကောင်း ဖြစ်နေမိ၏။

လပြည့်သည် ထမင်းချိုင့်ကိုကိုင်၍ တဲအိမ်ကလေးဆီသို့လေး



www.burmeseclassic.com

www.burmeseclassic.com



ကန်သော ခြေလှမ်းများဖြင့် သွားလာနေလေ၏။

တဲရှေ့သို့ ရောက်သောအခါ သူ၏မိခင်က လပြည့်၏ချိုင့်ကို စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်၍

" သားတော် ရောက်လာပြီ၊ မယ်မယ်မှာလိုက်တဲ့ ခေါက်ဆွဲကြော်ကို စားတော်ကဲကြီးက ကြော်မပေးလိုက်ဘူးလား "

ဟု မေးမြန်းလေရာ လပြည့်သည် မိခင်၏စကားကို မည်သို့တုံ့ပြန်ရမှန်းမသိသဖြင့် နှုတ်မှဆွံ့အသွားလေ၏။

မိခင်က လပြည့်၏အဖြေမထွက်လာသဖြင့် စိတ်မရှည်နိုင်တော့ဘဲ ထမင်းချိုင့်ကို ပြေးယူ၍ လှန်ကြည့်ရာ ခေါက်ဆွဲကြော်ကို မတွေ့ရဘဲ ဆွမ်းကျန်ဟင်းကျန်များကိုသာ တွေ့ရသဖြင့် မျက်နှာရှုံ့မဲ့သွားပြီး

" ဟင်... မယ်တော်မှာလိုက်တဲ့ ခေါက်ဆွဲကြော် ပါမလာဘူး၊ သားတော်က မယ်တော့်ကို မချစ်တော့ဘူးပေါ့၊ မယ်တော်မှာတာကို အလေးမမူဘူးပေါ့ "

ဟုပြစ်တင်ပြောဆိုလေ၏။ လပြည့်က မိခင်၏မျက်နှာကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

" အမေ့ကို မချစ်လို့မဟုတ်ပါဘူး၊ စားတော်ကဲကြီး မအားသေးလို့ပါ၊ သူအားရင် ခေါက်ဆွဲကြော်ကို ကြော်ပေးမှာပါ "

ဟုပြောလိုက်လေ၏။ ထိုအခါ လပြည့်၏မိခင်က မျက်နှာရှုံ့မဲ့သွားပြီး မကျေမနပ်ဖြင့်





" သားတော်က စားတော်ကဲကြီးကို ဆုတော်လာဘ်တော်တွေ ချီးမြှင့်ဘူးလား၊ စားတော်ကဲကြီးက ဆုတော်လာဘ်တော်တွေ မရဘူးဆိုတော့ မယ်တော်တို့ကို ခေါက်ဆွဲကြော် ကြော်မပေးဘူးပေါ့ "

ဟုပြောလိုက်ရာ လပြည့်သည် မိခင်၏စကားကို တုံ့ပြန်ရန်ခက်ခဲသွားလေ၏။ လပြည့်၏မိခင်သည် လပြည့်ကို မကျေမနပ်ကြည့်၍

" ဒီမှာသားတော် စားတော်ကဲကြီးကို ဆုတော်လာဘ်တော်တွေ မချီးမြှင့်ဘူးလား၊ မယ်တော်မေးတာကို ဖြေဦးလေ "

ဟုပြောဆိုလေ၏။ လပြည့်သည် မိခင်ဖြစ်သူ၏စကားကို မည်သို့တုံ့ပြန်ရမည်မသိသဖြင့် ကြောင်အမ်းအမ်းကြည့်ရှုနေမိလေ၏။ ထိုအခါ လပြည့်၏မိခင်က မျက်မှောင်ကြုတ်ကြည့်၍

" မယ်တော်သိပြီ၊ မယ်တော်သိပြီ၊ သားတော်မှာ အသပြာမရှိတော့ဘူးနဲ့တူတယ်၊ ဘဏ္ဍာတော်တိုက်ထဲမှာ အသပြာတွေမရှိတော့ဘူး မဟုတ်လား "

ဟုမေးမြန်းလေရာ လပြည့်သည် မိခင်၏မျက်နှာကို မဝံ့မရဲကြည့်ရှု၍

" ဟုတ် ဟုတ်ပါတယ် အမေ၊ ကျုပ်မှာ အသပြာမရှိတော့ဘူး "

ဟုဖြေဆိုလိုက်လေ၏။ မိခင်သည် လပြည့်ကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်၍

" မယ်တော်သိတယ်၊ မယ်တော်သိတယ်၊ ဒါကြောင့် သားတော်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ဝတ်လဲတော်တွေ ပြောင်ပြောင်ယောင်ယောင်မရှိဘဲ စုတ်စုတ်ပြတ်ပြတ် ဖြစ်နေတာကိုး၊ သားတော်ကို အသပြာတွေပေးမှဖြစ်တော့မယ်၊ မယ်တော့်ဆီက အသပြာတွေရရင် ဘဏ္ဍာတိုက်ထဲကို ထည့်လိုက်ပေတော့ ''

ဟုပြောဆိုလေရာ လပြည့်သည် မိခင်စိတ်ကျေနပ်စေရန် ဘုမသိဘမသိဖြင့် ခေါင်းညိတ်လိုက်လေ၏။

မိခင်သည် သမီးဖြစ်သူဘက်သို့လှည့်၍

'' ဘယ်လိုလဲ သမီးတော်၊ သမီးတော်ရဲ့မောင်လေးကို အသပြာတွေပေးလိုက်မှာလား ''

ဟုမေးမြန်းလေ၏။

လပြည့်၏အစ်မဖြစ်သူက ခေါင်းညိတ်၍

'' ပေးလိုက်ပါ မယ်တော်ရယ်၊ မောင်လေးကိုကြည့်ရတာ မင်းညီမင်းသားနဲ့မတူဘူး၊ စုတ်စုတ်ပြတ်ပြတ်နဲ့ ပြောင်ပြောင်ယောင်ယောင်ကို မရှိဘူး ''

ဟုပြစ်တင်လေ၏။ ထိုအခါ လပြည့်၏မိခင်က ပခုံးကိုလက်ဖြင့်ပုတ်၍

'' ဒါဆိုရင် မယ်တော်ရဲ့ နောက်ကို သားတော်လိုက်ခဲ့ပေတော့ သားတော့်ကို နန်းစဉ်ရတနာတွေ ပေးလိုက်မယ် ''

ဟု ပြောလေရာ လပြည့်သည် မိခင်ဖြစ်သူကို အူကြောင်ကြောင်ကြည့်၍ မည်သို့ပြုလုပ်ရမည်မသိဖြစ်နေလေ၏။





မိခင်နှင့် အစ်မသည် တဲအိမ်ကလေးမှ ဦးဆောင်၍ ထွက်သွားလေရာ လပြည့်သည် ခြံဝင်းထဲတွင် ရပ်တန့်၍ ကျန်ရစ်ခဲ့လေ၏။

ထိုအခါ အစ်မသည် ခြံဝတွင်ရပ်၍ လပြည့်ကို ကြည့်ရှု ၍ အစ်မဖြစ်သူက

'' ဟဲ့ မောင်တော် ဘာကြောင်ကြည့်နေတာလဲ၊ အစ်မတော်တို့ နောက်ကို လိုက်ခဲ့လေ ''

ဟု ပြောဆိုလေ၏။ လပြည့်၏ မိခင်ဖြစ်သူကလည်း သူ၏ အနောက်သို့ လိုက်ခဲ့ရန် ခေါ်နေသဖြင့် လပြည့်သည် မတတ်သာတော့ဘဲ ၎င်းတို့နောက်မှ လိုက်ခဲ့လေ၏။

မိခင်နှင့်အစ်မသည် မိမိကို မည်သည့်အရပ်သို့ ခေါ်ဆောင်ခဲ့သည် မသိချေ။ ၎င်းတို့သည် ရှေ့မှဦးဆောင်၍ ရွာပြင်သို့ ထွက်သွားလေ၏။

လပြည့်သည် ၎င်းတို့စိတ်ချမ်းသာစေရန် အနောက်မှ လိုက်ခဲ့လေရာ တဖြည်းဖြည်း ရွာနှင့်ဝေးသော တောစပ်သို့ ရောက်ခဲ့လေ၏။

မိခင်သည် တောစပ်သို့ ရောက်သောအခါ နောက်ကြောင်းကို စိတ်မချဟန်ဖြင့် လှည့်ကြည့်၍ လပြည့်အား

'' သားတော်၊ နောက်ကိုလှည့်ပြီး လူသူလေးပါး အရိပ်အခြည်ကို သေသေချာချာကြည့်စမ်း ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏၊ လပြည့်သည် ၎င်းတို့၏ စကားကို မဆန့်ကျင်လိုသဖြင့် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု၍ မည်သူမျှ မရှိကြောင်း ပြောဆိုလေ၏။

ထိုအခါမှပင် မိခင်နှင့် အစ်မသည် တောထဲသို့ ဦးဆောင်၍ ဝင်သွားလေ၏။

လပြည့်သည် ၎င်းတို့၏အပြုအမူကို နားမလည်စွာဖြင့် အနောက်မှ လိုက်ခဲ့လေတော့၏။ မိခင်နှင့် အစ်မသည် တောထဲသို့ အကြိမ်ပေါင်းများစွာ ရောက်ဖူးဟန်တူ၏။

တောလမ်းခရီးအတိုင်း ကျွမ်းကျင်စွာဖြင့် ဦးဆောင်သွားနေလေ၏။

ရွာနှင့် အလှမ်းဝေးသော တောကြီးထဲတွင် တောတောင်ကြီးများ ရှိနေသည်ဆိုသဖြင့် ရွာသူရွာသားများပင် တောထဲသို့ အကြောင်းကိစ္စ ကြီးငယ်မရှိဘဲ မဝင်ရဲချေ။

လွန်ခဲ့သော နှစ်အနည်းငယ်က တောစပ်တွင် ကျောင်းထားသော နွားများကို ကျားဆွဲသွားသည်ဟု ကြားဖူး၏။

ဤမျှ အန္တရာယ်များပြားသော တောကြီးထဲသို့ မိခင်နှင့် အစ်မသည် မည်သည့်ရည်ရွယ်ချက်နှင့် သွားလာနေသည်မသိချေ။

သူ၏မိခင်သည် တောတွင်းတစ်နေရာသို့ ရောက်သောအခါ အဖြူရောင် ကျောက်တုံးကြီးတစ်တုံးကို လက်ညှိုးညွှန်ပြ၍





" ရောက်ပြီ သားတော်၊ ဟောဒီကျောက်တုံးကြီးအောက်ကို တူးပေတော့ "

ဟု အမိန့်ပေးလေရာ လပြည့်သည် မိခင်ကိုနားမလည်ဟန်ဖြင့် ကြည့်၍

" ဘာဖြစ်လို့ တူးခိုင်းတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ အစ်မဖြစ်သူဟာ

" မောင်တော်ဟာ ဘာမှနားမလည်ဘဲ စကားတော်တော်ရှည်တယ်၊ အစ်မတော်နဲ့ မယ်တော်ခိုင်းတာကိုသာလုပ် တွေ့ရလိမ့်မယ် "

ဟု ပြောဆိုလေ၏။ ထိုအခါ မိခင်က လပြည့်ကိုကြည့်၍ ရယ်မောကာ

" ဟဲ ဟဲ ဒီကျောက်တုံးကြီးအောက်မှာ မယ်တော်တို့ရဲ့ ဘဏ္ဍာတိုက်ရှိတယ်၊ ဘဏ္ဍာတိုက်ထဲကပစ္စည်းတွေကို သားတော်ယူလိုက်၊ သားတော်မှာ အသပြာမရှိရင် စားတော်ကဲကြီးကတောင် မလေးမခန့်လုပ်နေတယ်မဟုတ်လား သားတော်ရဲ့ "

ဟု ပြောဆိုလေရာ လပြည့်သည် မိခင်နှင့် အစ်မ ညွှန်ပြသော ကျောက်ဖြူတုံးကြီးကို ကြည့်၍ ထိုကျောက်တုံးကြီးသည် တစ်စုံတစ်ရာ ထူးခြားမှုရှိမည်ဟုတွေးကာ ကျောက်တုံးကြီးအောက်သို့ သံတူရွင်းတစ်ချဖြင့် ထိုးဆွ၍ တူးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူတုံးကြီးအောက်ရှိ မြေသားများသည် ပွယောင်းယောင်းဖြစ်နေသဖြင့် မိခင်နှင့် အစ်မဖြစ်သူ တူးဆွဖူးမည်ထင်ရ၏။

လပြည့်သည် စိတ်လှုပ်ရှားစွာဖြင့် ကျောက်တုံးကြီးအောက်ရှိ မြေသားများကို တူးဆွလေရာ အတန်ကြာသည်နှင့် မြေကြီးထဲမှ တစ်စုံတစ်ရာကို သစ်ကိုင်းဖြင့် ထိမိလေ၏။

မိခင်ဖြစ်သူက လပြည့်၏အမူအရာကိုကြည့်၍ စိုးရိမ်ဟန်ဖြင့်

" ဖြည်းဖြည်းဆက်တူးပါ သားတော်၊ အလျင်မလိုပါနဲ့၊ ဒီပစ္စည်းတွေဟာ သားတော်ကို အမွေပေးဖို့ပါ "

ဟု ပြောလေ၏။ လပြည့်သည် မြေကြီးထဲတွင် သစ်ကိုင်းနှင့်ထိ မိသည့်အရာသည် စဥ့်အိုးတစ်လုံးဖြစ်သဖြင့် အံ့ဩသွားပြီး စဥ့်အိုးကို မကွဲမရှအောင် တူးဆွလေ၏။

စဥ့်အိုး၏အဖုံးကို ပြားဖယောင်းများဖြင့် ပိတ်ဆို့ထားလေ၏။

လပြည့်သည် လူသူမရှိသော တောကြီးထဲတွင် စဥ့်အိုးတစ်လုံးကို တူးဆွမိသဖြင့် အလွန်အံ့ဩသွားလေ၏။

ထို့နောက်တွင်မူ စဥ့်အိုးကို မကွဲမရှအောင် မြေပေါ်သို့ တင်လိုက်၏။ ထိုအခါ သူ၏မိခင်က ဝင်ရောက်၍

" သားတော် ပျားဖယောင်းတွေကို ဖယ်လိုက် "

ဟု အမိန့်ပေးလေ၏။

လပြည့်သည် ပျားဖယောင်းများကို တုတ်ဖြင့် ထိုးဆွ၍ တဖြည်း





ဖြည်း ဖဲ့ထုတ်လေရာ ပျားဖယောင်းများ ကွာကျသွားပြီး အိုးအတွင်းရှိမြင်ကွင်းကို မြင်ရသောအခါ လပြည့်သည် မျက်လုံးပြူးသွားလေ၏။

စဥ့်အိုးထဲတွင် အရောင်တဝင်းဝင်းလက်နေသော ရွှေဒင်္ဂါးများကို တွေ့ရလေ၏။

လပြည့်သည် ရွှေဒင်္ဂါးများကို အံ့ဩစွာဖြင့် နှိုက်ကြည့်လိုက်သောအခါ ရတနာပုံခေတ်က ဒေါင်းဒင်္ဂါးများဖြစ်ကြောင်း အံ့ဩဖွယ်တွေ့ရလေ၏။ လပြည့်၏မိခင်က တဟားဟားရယ်မော၍

" ဟား ဟား ဟား... သားတော် သိပ်အံ့ဩနေပြီလား၊ ရွှေဒင်္ဂါးတွေကို သားတော်ယူလိုက်တော့၊ ရွှေဒင်္ဂါးတွေကို သားတော်ရဲ့ဘဏ္ဍာတိုက်ထဲမှာ ထည့်ထားလိုက်ပေတော့၊ သားတော်ဟာ ဘုရင့်သားတော်ဖြစ်ပြီး ကံတော်ကုန်သွားတဲ့ ဖခမည်းတော်ရဲ့ မျက်နှာကိုမှ မထောက်ဘဲ စုတ်စုတ်ပြတ်ပြတ်နေထိုင်ရတာ မယ်တော့ရင်မှာ မချိပါဘူး "

ဟု ပြောလေရာ လပြည့်၏ အစ်မကလည်း ဝင်ရောက်၍

" မယ်တော့် စကားမှန်တယ် မောင်တော်၊ မောင်တော်ဟာ မင်းညီမင်းသားဖြစ်ပေမဲ့ အစ်မတော်ကြည့်ရတာ တစ်စက်ကလေးမှ မင်းညီမင်းသားနဲ့ မတူဘူး "

ဟု ပြစ်တင်လေ၏။ လပြည့်သည် ရွှေဒင်္ဂါးများကို တအံ့တဩကြည့်ရှု၍



www.burmeseclassic.com

www.burmeseclassic.com



" ဟင် ရွှေဒင်္ဂါးတွေကို အမေတို့ ဘယ်လိုလုပ်သိတာလဲ၊ ကျုပ်ကို မှန်မှန်ပြောပါ "

ဟု မေးမြန်းလေ၏။ ထိုအခါ လပြည့်၏မိခင်က

" သားတော်က မယ်တော်တို့ကို တစ်မျိုးထင်နေပြန်ပါပြီ၊ ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့မယ်တော်တို့ မင်းမျိုးမင်းနွယ်တွေဟာ မကောင်းမှုဒုစရိုက်အလုပ်ကို ဝေးဝေးက ရှောင်ကြဉ်တယ်သားတော်"

ဟု ပြောလေရာ ထိုအခါ လပြည့်က မိခင်ကို မျက်လုံးချင်းဆုံအောင်ကြည့်၍

" ဒါဆိုရင် တောထဲမှာ ရွှေဒင်္ဂါးတွေရှိနေတာ အမေတို့ ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။ လပြည့်၏ မိခင်က ရယ်မော၍

" သားတော်က မယ်တော်တို့ကို မယုံသင်္ကာဖြစ်နေတာကိုး၊ တကယ်တော့ ဟောဒီတောကြီးထဲမှာ ရွှေဒင်္ဂါးတွေ ရှိနေတာကို အမေတို့ကို နတ်တွေက လမ်းညွှန်လိုက်တာကွယ် "

ဟုပြောလေရာ လပြည့်က မိခင်၏မျက်နှာကို မယုံကြည်ဟန်ဖြင့်ကြည့်၍

" ဟင် နတ်တွေက လမ်းညွှန်တယ်ဟုတ်လား၊ ဘယ်လို လမ်းညွှန်တာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လပြည့်၏မိခင်က ဝင်ရောက်၍





" နတ်တွေဟာ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ သူတွေကို မ,စ တတ်တယ်လေ၊ ဒါကြောင့် နတ်တွေက မ,တာပေါ့ "

ဟု ပြောလေရာ လပြည့်သည် ဖင်းတို့ကို မေးမြန်းရင်း စိတ်မရှည်နိုင်တော့သဖြင့်

" ဘယ်လို မ,စတာလဲဗျ "

ဟု မေးမြန်းလေ၏။ ထိုအခါ လပြည့်၏ မိခင်က

" မယ်တော်ကို နတ်တွေက အိပ်မက်ထဲကနေ လမ်းညွှန်တာပေါ့၊ လွန်ခဲ့တဲ့ တစ်လလောက်က အိပ်မက်ထဲမှာ ဒီတောကြီးကို ပီပီပြင်ပြင်မက်တယ်၊ တောကြီးထဲက ကျောက်ဖြူတုံးကြီးအောက်မှာ အိုးတစ်လုံးနဲ့အပြည့် ရွှေဒင်္ဂါးတွေ ရှိတယ်လို့ အိပ်မက်မက်တယ် "

ဟု ပြောလေ၏။ လပြည့်သည် မိခင်၏မျက်နှာကို မယုံကြည်ဟန်ဖြင့်

" အမေရဲ့ အိပ်မက်အတိုင်း မြေကြီးထဲက အိုးကြီးထဲမှာ ရွှေဒင်္ဂါးတွေ ရှိနေတာပေါ့ "

ဟု ပြောလေ၏။ လပြည့်သည် မိခင်ဖြစ်သူနှင့် အစ်မအကြောင်းကိုတွေးရင်း မိခင်ဖြစ်သူ၏အိပ်မက်ကို မယုံကြည်ဟန်ဖြင့်

" ဟုတ်မှလဲ ပြောပါ အမေရယ်၊ အမေ့ရဲ့အိပ်မက်ထဲက ရွှေဒင်္ဂါးတွေဟာ ဘာကြောင့် အပြင်မှာ တကယ်ရှိနေတာလဲ "

ဟု ရေရွတ်လေ၏။ ထိုအခါ လပြည့်၏ အစ်မဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်၍

" ဟဲ့ ဖါတို့သားအမိကို နတ်တွေက ချစ်တယ်ဆိုတော့ ရွှေအိုး တစ်လုံးကို တူးဖော်ပြီး သူဌေးလုပ်ခိုင်းတာ ဖြစ်မှာပေါ့ဟယ်၊ ဒီတော့ မောင်တော်က ယောဒီရွှေဒင်္ဂါးတွေ ယူသွားပြီး ဘဏ္ဍာတိုက်ထဲကို သွင်း လိုက်ပါ၊ မောင်တော်ကို ကြည့်ရတာ မင်းညီမင်းသားဖြစ်ပြီး ဆင်းရဲနွမ်း ပါးနေလိုက်တာ၊ ဒီနေ့ကစပြီး ရွှေဒင်္ဂါးတွေကို ဘဏ္ဍာတိုက်ထဲသွင်းပြီး မင်းညီမင်းသားပီပီ မကြောက်မရွံ့ နေထိုင်စမ်း "

ဟု ပြောဆိုကာ ရွှေဒင်္ဂါးများ ထည့်ထားသော အိုးကို လပြည့် အား ထမ်းခိုင်းလေ၏။

လပြည့်သည် မယုံနိုင်ဟန်ဖြင့် ရွှေဒင်္ဂါးအိုးကို ပခုံးပေါ်တွင် ထမ်း လိုက်၏။

ရှေးခေတ်ရွှေဒင်္ဂါးများကို အိုးထဲတွင် မြှုပ်နှံ၍ တောကြီး မြက်မည်းထဲတွင် မည်သူလာထားလေသည်မသိ။

လပြည့်သည် ရွှေဒင်္ဂါးထည့်ထားသော အိုးကိုထမ်း၍ တောထဲမှ ထွက်ခွာလာခဲ့ပြီး မိခင်နှင့် အစ်မက နောက်မှလိုက်ခဲ့လေ၏။

ဤသို့ဖြင့် တောထဲမှ ထွက်ခဲ့ပြီး ရွာနှင့်နီးကပ်လာသောအခါ လပြည့်သည် ပိုမို၍စိတ်လှုပ်ရှားလာခဲ့၏။

ရွှေဒင်္ဂါးအိုးကြီးထမ်း၍ တောထဲမှ ထွက်လာသော မိမိကို ရွာသားများမြင်လျှင် မည်သို့ ဖြေရမည်မသိချေ။





ရွာထိပ်သို့ ရောက်သောအခါ ရွာပြင်သို့ နွားကျောင်းထွက်လာ သော ရွာသားတစ်ဦးက လပြည့်ကိုကြည့်၍

" ဘယ်က အိုးကြီး ထမ်းလာတာလဲ လပြည့် "

ဟု စပ်စုသော အမူအယာဖြင့် မေးမြန်းလေရာ လပြည့်၏မိခင်က ဝင်၍

" ဘယ်က အိုးကြီးကမှာလဲ၊ တောထဲကရလာတဲ့ရွှေအိုးကြီး ပေါ့ "

ဟုပြောလေရာ ရွာသားသည် မိခင်၏ စကားကို သဘောကျ [illegible]ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

ရွာအဝင်လမ်းသို့ ရောက်သောအခါ ရွာပြင်သို့ ထွက်လာသော နွားလှည်းနှင့် ဆုံပြီး နွားလှည်းပေါ်မှ ဘကြီးမှုံက

" ဘယ်က အိုးကြီးထမ်းလာတာလဲ "

ဟု မေးမြန်းပြန်၏။ ထိုအခါ လပြည့်၏ မိခင်ကပင်

" ရွှေအိုးကြီး ထမ်းလာတာ "

ဟု ဝင်ရောက်၍ ပြောဆိုလေ၏။

နွားလှည်းပေါ်တွင် လိုက်ပါလာသူများသည် လပြည့်၏ မိခင်နှင့် အစ်မကို စိတ်မနှံ့ကြောင်း သိရှိကြ၍ တဟားဟားရယ်မောကြလေ၏။

လပြည့်၏ မိခင်ကသူမတို့ကို ရယ်မောနေသူများကို မကျေနပ် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီလူတွေ ရှုးများနေကြသလား။ ရွှေအိုးကြီးလို့ပြောတာ ရယ်စရာလား။ ဘဏ္ဍာတိုက်ထဲက ရတနာတွေကို ဒင်းတို့ မသိရှာဘူး "

ဟု ပြောဆိုလေရာ လပြည့်၏ အစ်မကလည်း မိခင်၏ စကားကို ဝင်ရောက်ထောက်ခံလေ၏။

လပြည့်တို့ သားအမိသည် ၎င်းတို့၏ တဲအိမ်ကလေးထဲသို့ ထ ခဲ့ကြပြီး တဲအတွင်းသို့ ရောက်သောအခါ လပြည့်သည် အိုးထဲရှိ ရွှေဒင်္ဂါး များကို သွန်ချ၍ ရေတွက်ကြည့်ရာ ကိုးဆယ့်ကိုးပြားတိတိ ရှိကြောင်း တွေ့ရလေ၏။

ရွှေဒင်္ဂါးများတွင် ရိုက်နှိပ်ထားသော ပေါင်းတံဆိပ် ရွှေဒင်္ဂါးများ ကို ကြည့်၍ ရတနာပုံခေတ် ပေါင်းဒင်္ဂါးများဟု ခန့်မှန်းရလေ၏။ ရွှေဒင်္ဂါး ထည့်ထားသော စဉ့်အိုး။ ဟောင်းနွမ်းနေသော်လည်း လွန်စွာထူထဲခိုင်ခံ့ ကြောင်း တွေ့ရလေ၏။

ရွှေဒင်္ဂါးများကို ထည့်၍ မြေတွင် မြှုပ်ထားရန် စီမံထားသော အိုးပင်ဖြစ်ပုံရ၏။

ထိုဒင်္ဂါးများ၏ ပိုင်ရှင်သည် မည်သူဖြစ်သနည်း။ ရွှေဒင်္ဂါး ထည့် ထားသော အိုးကို စိတ်မနှံ့ရှာသော မိခင်နှင့် အစ်မသည် မည်သို့သိလေ သနည်း။

အိုးထဲတွင် ရွှေဒင်္ဂါးများနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာ မပါရှိချေ။





လပြည့်၏မိခင်က ရွှေဒင်္ဂါးများကိုကိုင်၍ လှုပ်ခတ်ကစားလိုက်ပြီး

" သားတော်ရဲ့ ဘဏ္ဍာတိုက်ထဲမှာ ဟောဒီ ရွှေဒင်္ဂါးတွေကို ထည့်ပြီး လိုရာသုံးပေတော့၊ စားတော်ကဲကြီးကိုလဲ ရွှေဒင်္ဂါးတစ်ပြား လောက် ဆုတော်လာဘ်တော် ချီးမြှင့်လိုက်ဦး၊ ဒါမှ စားတော်ကဲကြီးက မယ်တော်တို့ စားချင်တဲ့ ခေါက်ဆွဲကြော်ကို စီမံချက်ပြုတ် ပေးလိမ့်မယ် "

ဟု ပြောလေ၏။ လပြည့်သည် ရွှေဒင်္ဂါးထည့်ထားသော အိုးကို လောလောဆယ် လုံခြုံစိတ်ချရသော နေရာတွင် သိမ်းဆည်းထားရန် ကြံရွယ်ပြီး တဲအိမ်ကလေး၏ အနောက်ဘက် မီးဖိုဆောင်ထဲတွင် မြေကျင်းတူး၍ မြှုပ်နှံထားလေ၏။

ထို့နောက်တွင်မူ ဘုန်းကြီးကျောင်းရှိရာသို့ ပြန်ခဲ့လေတော့၏။

လပြည့်သည် လမ်းတစ်လျှောက်လုံး ရွှေဒင်္ဂါးများနှင့် ပတ်သက် ပြီး အမျိုးမျိုးအဖုံဖုံ တွေးတောနေလေ၏။

ရွှေဒင်္ဂါးများကို ရောင်းချပြီး ဆင်းရဲသောဘဝမှ လွတ်မြောက်ကာ မိသားစုသုံးယောက်စလုံး တင့်တောင့်တင့်တယ် နေထိုင်ရနိုင်၏။

သို့သော် ရွှေဒင်္ဂါးများသည် မိမိလုပ်အားဖြင့် ရရှိသော စည်းစိမ် ဥစ္စာများမဟုတ်သဖြင့် မက်မောခြင်းမရှိဘဲ ရွှေဒင်္ဂါးများ၏ ပိုင်ရှင် အစစ် အမှန်ကိုသာ သိချင်နေမိ၏။

ရွှေဒင်္ဂါးများသည် ရတနာပုံခေတ် ရွှေဒင်္ဂါးများဖြစ်ပြီးဟောင်းနွမ်း သော အိုးကိုကြည့်၍ ရွှေဒင်္ဂါးများ၏ ပိုင်ရှင်သည် လွန်ခဲ့သောနှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာကပင် ရှိပုံရ၏။

ဤသို့ဆိုလျှင် ရွှေဒင်္ဂါးများ၏ ပိုင်ရှင်သည် ယနေ့ထက်တိုင် မြှုပ်
ထားသော ရွှေဒင်္ဂါးများကို အဘယ်ကြောင့် မတူးဖော်သနည်း။

ရွှေဒင်္ဂါးများ၏ ပိုင်ရှင် အသက်သေဆုံးသွား၍ပင်လော။
ရွှေဒင်္ဂါးပိုင်ရှင်၏ သားသမီးမြေးမြစ်များသည် မြှုပ်နှံထားခြင်းကို သိရှိခြင်း
မရှိ၍ပင်လော။

ရွှေဒင်္ဂါးများသည် ပိုင်ရှင်မဲ့ ရွှေဒင်္ဂါးများ ဖြစ်လေသလော။

လပြည့်သည် ရွှေဒင်္ဂါးများနှင့် ပတ်သက်၍ ထိုညတစ်ညလုံး
တွေး တောနေပြီး အိပ်မပျော်ဘဲ ရှိနေလေ၏။ သူသည် နောက်တစ်နေ့
နံနက်သို့ရောက်သောအခါ ရွှေဒင်္ဂါးများနှင့် ပတ်သက်၍ ဆရာတော်
ကြီးကို ဖွင့်ပြောရန် ကြံစည်လိုက်၏။

ဆရာတော်ကြီးသည် လပြည့်၏ စကားကို နားထောင်၍ အံ့ဩ
ဟန်ဖြင့်

" ရွှေဒင်္ဂါးတစ်ပြားလောက်သွားယူစမ်း၊ ငါကြည့်ရအောင်၊ ဒီ
သားအမိနှစ်ယောက်ဟာ ရွှေဒင်္ဂါးတွေကို အိပ်မက်ထဲက အညွှန်း
အတိုင်း သွားတူးဖော်တယ်ဆိုရင်တော့ အံ့ဩစရာပဲ၊ သူတို့သားအမိ
ဟာ စိတ်မနှံ့ရှာတော့ သူတို့စကားကို အတည်ယူဖို့ ခက်တယ် "

ဟု ပြောလေ၏။ လပြည့်သည် ဆရာတော်ကြီး၏ စကားကြောင့်
အိမ်သို့ပြန်၍ အိုးကို ပြန်လည်တူးဖော်ကာ ရွှေဒင်္ဂါးတစ်ပြားကိုယူ၍





ဆရာတော်ကြီးထံသို့ ယူဆောင်သွားလေ၏။

ဆရာတော်ကြီးသည် ရွှေဒင်္ဂါးကိုကြည့်၍

" ကုန်းဘောင်ခေတ် ရွှေဒင်္ဂါးတွေပဲ၊ ရွှေဒင်္ဂါးတွေရဲ့ပိုင်ရှင်က
တော့ ဒီနေ့ခေတ်မှာ ရှိတော့မယ်မထင်ဘူး၊ ရွှေဒင်္ဂါးပိုင်ရှင်ရဲ့ သားသမီး
မြေးမြစ်တွေလဲ မြေကြီးထဲမှာ မြှုပ်နှံထားတာ သိခဲ့ပုံမပေါ်ဘူး၊ ဘိုးဘွား
ဖြစ်ဖြစ် ရေအဆုံး ကုန်းတစ်ဝက်ဆိုတဲ့ စကားရှိတယ်၊ ပိုင်ရှင် မပေါ်ရင်
တော့ ရွှေဒင်္ဂါးတွေကို မင်းတစ်ဝက်ပိုင်သင့်ပါတယ် "

ဟု ပြောလေရာ လပြည့်က ခေါင်းခါယမ်း၍

" ဒီရွှေဒင်္ဂါးတွေကို ဘုန်းဘုန်းပြည့်တော် မလိုချင်ပါဘူး ဆရာတော်
ဘုရား၊ ကိုယ့်လုပ်အားနဲ့ မရတဲ့ စည်းစိမ်ဥစ္စာတွေကို တပည့်တော် မလို
ချင်ပါဘူး "

ဟု ပြောလေ၏။ ထိုအခါ ဆရာတော်က

" မင်းရဲ့ စိတ်ထားကိုတော့ ငါသဘောကျတယ်ဟေ့၊ ကိုယ့်လုပ်
အားမဟုတ်ဘဲရတဲ့ စည်းစိမ်ဥစ္စာဟာ ကိုယ့်ကိုကိုယ် ယုံကြည်မှု မပေး
နိုင်ဘူး၊ ဒါပေမဲ့ ဒီကမ္ဘာလောကကြီးမှာ မင်းတစ်ယောက်တည်း နေတာ
မဟုတ်ဘူးဆိုတာလဲ မမေ့နဲ့၊ မင်းမှာ မိခင်နဲ့ အစ်မရှိသေးတယ်၊ သူတို့
နှစ်ယောက်ရဲ့ နောင်ရေးအတွက် မင်းထည့်စဉ်းစားစေချင်တယ် "

ဟု ပြောလေရာ လပြည့်သည် ဆရာတော်ကြီး၏ စကားကြောင့်
အနည်းငယ်တွေဝေသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်နှင့် အစ်မသည် စိတ်မနှံ့သော ဘဝဖြင့် နေထိုင်ရရှာ၏။ ၎င်းတို့သည် အများ၏အလယ်တွင် မျက်နှာငယ်ရရှာ၏။

မိခင်နှင့် အမေကို မတောင့်မတသောဘဝ၌ ထားရှိရန် ဆန္ဒရှိ၏။ ထို့ကြောင့် သက်ပြင်းရှည်ကြီးကိုချ၍ ဆရာတော်ကို လက်အုပ်ချီကာ

" ဒါဆိုရင် တပည့်တော် ဘယ်လိုလုပ်ရမလဲ ဆရာတော်ဘုရား "

ဟု မေးမြန်းလိုက်လေ၏။ ဆရာတော်က ခဏမျှ ငြိမ်သက်နေပြီးနောက်

" သူကြီး ဘဦးကို ငါခေါ်လာခဲ့၊ ဒီကိစ္စတွေကို သူကြီးဘဦးကို ငါပြောပြမယ်၊ ဘဦးဟာ စိတ်ကောင်းရှိတယ်၊ သမာသမတ်ကျတယ်၊ သူဟာ မင်းကိစ္စကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလိမ့်မယ်၊ လောကီအရေးကိစ္စတွေကို ငါနေရာတကာ ဝင်မပါချင်ဘူး "

ဟု ပြောလေရာ လပြည့်သည် သူကြီးဘဦး၏ နေအိမ်သို့ သွားကာ ဆရာတော်ကြီး အခေါ်လွှတ်လိုက်ကြောင်း ပြောဆိုလေ၏။

ဆရာတော်ကြီးသည် သူကြီးဘဦးကိုခေါ်၍ မည်သို့မည်ပုံ ပြောဆိုလိုက်သည် မသိချေ။

သူကြီးဘဦးသည် ညနေစောင်းသောအခါ လပြည့်ကို ဘုရားခန်းထဲသို့ခေါ်၍ ဘုရားခန်းတံခါးကို ပိတ်လိုက်လေ၏။





ပြီးနောက် သူကြီးက

" ဆရာတော်ကြီး မိန့်လိုက်လို့ ငါအားလုံးသိပြီးပြီ လပြည့်၊ မင်းတို့သားအမိရဲ့ အဖြစ်က အတော်ထူးဆန်းတာပဲ၊ ယုံနိုင်စရာတောင် မရှိဘူး။ တောထဲမှာ ရွှေဒင်္ဂါးတွေရှိတယ်ဆိုတာ မင်းအမေနဲ့ အစ်မကို နတ်တွေကများ လမ်းညွှန်လိုက်တာလား မသိဘူး၊ ဘာပဲဖြစ်ဖြစ် ရွှေအိုးကုန်းတစ်ဝက်ဆိုတော့ ရွှေဒင်္ဂါးတွေကို တစ်ဝက်တိတိ ပိုင်ဆိုင်နေပြီ ရွှေဒင်္ဂါးတွေရဲ့ တစ်ဝက်ကိုတော့ ကောင်းမှုကုသိုလ်တွေလုပ်ပြီး ကျန်တစ်ဝက်ကိုတော့ မင်းတို့မိသားစုရဲ့ နောင်ရေးအတွက် အသုံးပြုကြပေတော့၊ ဒါပေမဲ့ ဒီကိစ္စကိုတော့ အများသူငါတွေမသိအောင် လျှို့ဝှက်ထားမှသင့်တယ်၊ တောထဲက ရွှေဒင်္ဂါးတွေရတဲ့ သတင်းကို တောပုန်းဓားပြတွေ ကြားသွားရင် မင်းအတွက် အန္တရာယ်ရှိတယ် "

ဟု ပြောလေရာ လပြည့်သည် တောထဲမှ ရရှိသော ရွှေဒင်္ဂါးများကို မိမိတို့ မိသားစု၏ နောင်ရေးအတွက် အသုံးပြုရန် မဝံ့မရဲ ဖြစ်နေလေ၏။

ဤသို့ အသုံးပြုလျှင် ရွှေဒင်္ဂါးများ၏ ပိုင်ရှင်သည် တမလွန်ဘဝမှ ကျေနပ်ပါမည်လော။

ထို့ကြောင့် သူကြီးမင်း၏မျက်နှာကိုကြည့်၍

" နေပါဦး သူကြီးမင်းရယ်၊ ဒီပစ္စည်းတွေကို ကျုပ်တို့ မိသားစုအတွက်သုံးဖို့ မဝံ့မရဲဖြစ်နေတယ်၊ ဒါကြောင့် သူကြီးမင်းဆီမှာ အပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ပိုင်ရှင်ကို စုံစမ်းစေချင်ပါတယ်၊ သူကြီးမင်း စုံစမ်းလို့ ပိုင်ရှင် အစစ်အမှန်မတွေ့ဘူးဆိုရင်တော့ ပစ္စည်းဥစ္စာရဲ့ တစ်ဝက်ကို လှူဒါန်းပြီး ကျန်တစ်ဝက်ကို ကျုပ်တို့ မိသားစုအတွက် အသုံးပြုပါမယ် ''

ဟု ပြောလေရာ သူကြီးမင်းက သက်ပြင်းချ၍ လပြည့်၏မျက်နှာ ကိုကြည့်ကာ

'' မင်းရဲ့ စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ်ကွာ၊ ဒါပေမဲ့ ပိုင်ရှင် အစစ်အမှန်ကို စုံစမ်းဖို့ဆိုတာ ပြောလို့သာ လွယ်တယ်ကွ၊ ဒီပစ္စည်းတွေ တောထဲက ရတဲ့အကြောင်းကို မောင်းခတ်ပြီး ကြော်ငြာဖို့သင့်တာ မဟုတ်ဘူး၊ မသမာသူတွေ ကြားသွားရင် ဒုက္ခရောက်နိုင်တယ်၊ နောက် ပြီးတော့ လူဆိုတာ လောဘသားတွေကွ၊ လူတိုင်းဟာ ဒီပစ္စည်းတွေ ဟာ သူတို့နဲ့ပတ်သက်တယ်ဆိုပြီး မှသားပြောလာနိုင်တယ် ''

ဟု ပြောလေ၏။ သူကြီးမင်း၏ စကားကြောင့် လပြည့်က သက် ပြင်းချ၍

'' ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ ဒီပစ္စည်းတွေကို သူကြီး ပဲ သိမ်းထားစေချင်ပါတယ်၊ သူကြီးလက်ထဲမှာ ထားပြီး ပိုင်ရှင်အစစ် အမှန်ကို စုံစမ်းကြည့်ပါ၊ ပိုင်ရှင်မတွေ့မှ ကျုပ်တို့ မိသားစုအတွက် စဉ်း စားပါမယ် ''

ဟု ပြောလေ၏။ ထိုအခါ သူကြီးက လပြည့်၏မျက်နှာကို ကြည့်၍



'' မင်းဘဝရဲ့ နောင်ရေးအတွက် မင်းဘယ်လို စဉ်းစားထား သလဲ ''

ဟု မေးမြန်းလေ၏။ သူကြီး၏ မေးခွန်းကြောင့် လပြည့်က ရေ နွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ကာ

'' ကျုပ်ဘဝတစ်ခုလုံးကို ဟောဒီရွာမှာပဲ မြုပ်နှံပြီး မနေချင်ဘူး၊ ရွာမှာနေလို့ကတော့ ကျုပ် ဘဝတိုးတက်မှာလဲ၊ ဘဝအတွေ့အကြုံလဲ မရှိဘူး၊ တက်လမ်းဆိုတာ ဝေလာဝေးပဲ၊ ကျုပ်လုပ်ချင်တာက မြို့တက် ပြီး ကျုပ်ဘဝ တိုးတက်ရာ တိုးတက်ကြောင်း ရှာဖွေချင်တယ်၊ အတွေ့ အကြုံ အသစ်အဆန်းတွေ ရှာဖွေချင်တယ်၊ ကြီးပွား တိုးတက်အောင် လုပ်ပြီး ဆင်းရဲနွမ်းပါးတဲ့ အမေနဲ့ အစ်မကို ကောင်းကောင်းမွန်မွန် ထား ချင်တယ် ''

ဟု ပြောလေရာ သူကြီးမင်းက ခေါင်းညိတ်၍

'' မင်းရဲ့ ရည်ရွယ်ချက်က ကောင်းပါတယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားလဲ ရှိသားပဲ ''

ဟု ပြောလေ၏။ လပြည့်က သက်ပြင်းချ၍

'' ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေနဲ့ အစ်မကို ပြုစုစောင့်ရှောက် ပေးယ်သူမှ မရှိတာ သူတို့ကိုပစ်ပြီး ကျုပ်ဘယ်လိုလုပ်ပြီး မြို့တက်လို့ ရမှာ လဲ၊ ကျုပ်ဘဝမှာ ဘာလုပ်လုပ် သူတို့နစ်ယောက်ကို ထည့်စဉ်းစားနေ ရတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ သူကြီးမင်းက အဝေးဆီသို့ ငေးကြည့်၍ သက်ပြင်းချ၍

" မင်းဒုက္ခကလဲ မသေးပါလား "

ဟု ရေရွတ်ကာ တခဏမျှ ငြိမ်သက်သွားလေ၏။

ပြီးနောက် တစ်စုံတစ်ရာကို တွေးတောမိဟန်ဖြင့်

" ဒါဆိုရင် ဒီလိုလုပ်ပါလား၊ မင်းအဖေနဲ့ အမေကို ငါ့ဆီမှာ ထားခဲ့ပြီး မင်းမြို့တက်ပြီး တိုးတက်ရာတိုးတက်ကြောင်း လုပ်ချင်လုပ် ပေတော့၊ သူတို့နှစ်ယောက်ကို ငါ့ခြံထဲမှာ ခေါ်ထားပြီး သူတို့ရဲ့ စားဝတ် နေရေးကို ငါတာဝန်ယူထားမယ်၊ သူတို့နှစ်ယောက်ဟာ စိတ်မနှံ့ဘူးဆို ပေမဲ့ ယဉ်ယဉ်လေးဖြစ်နေကြတာဆိုတော့ ငါ့အတွက် အပန်းမကြီး ပါဘူး "

ဟု ပြောလေရာ လပြည့်သည် စိတ်သဘောထားမြင့်မြတ်သော သူကြီးကို အလွန်ကျေးဇူးတင်မိလေ၏။ သို့သော် မိမိ၏ ဝန်ထုပ်ဝန်ပိုးကို သူတစ်ပါးအား ခွဲဝေမပေးလို၍

" မသင့်တော်ပါဘူး သူကြီးရယ်၊ သူကြီးရဲ့ စေတနာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ ဝန်ထုပ်ဝန်ပိုးကို သူကြီးဆီမှာ မထားချင်ပါဘူး "

ဟု ငြင်းဆိုလိုက်လေ၏။ သူကြီးမင်းသည် စေတနာကောင်းရှိသူ ဖြစ်၍ လပြည့်၏မျက်နှာကို ကြည့်၍





" မင်းဟာ ငါတို့ရွာက ဒီပြင်ကာလသားတွေနဲ့ မတူဘူး၊ အရည်အချင်းရှိတယ်ဆိုရာ ငါယုံတယ်၊ ဒါကြောင့် ဒီလိုကူညီ ပေးချင်တာပါ၊ ဒီအတွက်ကြောင့် ငါ့ကို အားမနာစေချင်ဘူး "

ဟု ပြောလေရာ လပြည့်က သူကြီးမင်း၏ စကားကို လက်မခံ ချင်ဘဲ ရှိ၍ ငြင်းဆန်နေပြန်၏။

လပြည့်၏ ငြင်းဆန်မှုကြောင့် သူကြီးမင်းသည် သက်ပြင်းချ လိုက်ပြီး

" မင်းဟာ ကိုယ့်ဝန်ထုပ်ဝန်ပိုးကို သူတစ်ပါးကို ခွဲဝေမပေးချင်ဘဲ ဖြစ်နေတာကိုး၊ ဒါဆိုရင် ဒီလိုလုပ်ပါလား၊ မင်းအမေနဲ့ အစ်မကို ငါ့အိမ်မှာ ခေါ်ပြီး ကျွေးမွေးထားတဲ့အတွက် ငါ့ကို ထိုက်သင့်တဲ့ အခကြေးငွေ ပေးလေ၊ ဒါဆိုရင် ငါ့ကို အားနာစရာလဲ မလိုတော့ဘူး၊ ငါ့အတွက်လဲ အပန်းမကြီးတော့ဘူး "

ဟု ပြောလေရာ လပြည့်သည် သူကြီးမင်း၏ အကြံပြုချက်ကို သဘောကျသလို ရှိသွားသော်လည်း

" ဒီအကြံကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူကြီးမင်းကို ပေးဖို့ ကျုပ်မှာ ပိုက်ဆံမှ မရှိတာဘဲ "

ထိုအခါ သူကြီးမင်းက လပြည့်ကိုကြည့်၍ ရယ်မောကာ

" မင်းမှာ ပိုက်ဆံရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တောင်က ရလာတဲ့ ရွှေဒင်္ဂါးတွေဟာ ပိုင်ရှင်မပေါ်တော့ဘူးဆိုတာ မြင်တဲ့အတိုင်း အလို



www.burmeseclassic.com

www.burmeseclassic.com



လိုသိနေတယ်လေ၊ ဒါကြောင့် ရွှေဒင်္ဂါးတွေဟာ မင်းတို့ မိသားစုပဲ ပိုင်ဆိုင် မှာပဲ၊ ဒါကြောင့် ငါ့ကို အခကြေးငွေ ပေးနိုင်မှာပါ၊ လောလော ဆယ်တော့ မင်းကျေနပ်အောင် ရွှေဒင်္ဂါးတွေရဲ့ ပိုင်ရှင်ကို ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းပေးမယ်၊ ရွှေဒင်္ဂါးတွေရဲ့ ပိုင်ရှင် အစစ်အမှန်တွေကို ပြန်ပေးလိုက် နိုင်တယ်ဆိုရင်လဲ မင်းမြို့တက်ပြီး အလုပ်လုပ်ရင် ကြီးပွားတိုးတက် လာမယ်လို့ ငါ ယုံကြည်တယ်၊ အဲဒီအခါကျရင် မင်းရဲ့ မိခင်နဲ့ အစ်မကို ငါက ကျွေးမွေးထားတဲ့အတွက် ငါ့ကို ထိုက်သင့်သလို ပြန်ပြီး အခကြေးငွေပေးပေတော့ ''

ဟု ပြောလေ၏။ လပြည့်သည် သူကြီးမင်း၏စကားကို သေချာစွာ စဉ်းစားဆင်ခြင်ကြည့်လေ၏။

ရွှေဒင်္ဂါးများ၏ ပိုင်ရှင်အစစ်အမှန်ကို တွေ့ခဲ့သည်ဆိုသော်လည်း မိမိမြို့သို့တက်ပြီး ကြီးပွားတိုးတက်အောင် ကြိုးစားနိုင်သည်ဟုယုံကြည်မှု ရှိ၏။

ထိုအခါ သူကြီးမင်း၏ကျေးဇူးကြောင့် ပြန်လည်တုံ့ပြန်နိုင်သည်ဟူ၍လည်း တွေးတောမိလေ၏။

ထို့ကြောင့် သူကြီးမင်း၏ အကြံဉာဏ်ကို သဘောတူကြောင်း ပြောဆိုလိုက်လေတော့၏။

သူကြီးမင်းက သက်ပြင်းချ၍

'' ဒါဆိုရင်တော့ မင်းအမေနဲ့ အစ်မအတွက် ငါ့ခြံဝိုင်းထဲမှာ





အိမ် တစ်လုံးဆောက်ပေးမယ်၊ သူတို့ကိုငါ့ခြံမှာ ပြောင်းနေဖို့ စီစဉ် ခိုင်းပေးမယ်၊ သူတို့ကို ငါ့လက်မှာအပ်ပြီးရင် မြို့ကိုတက်ပြီးတော့ ကြီးပွားချမ်းသာအောင် ကြိုးစားပေတော့ ''

ဟု ပြောလေ၏။ လပြည့်သည် သူကြီးမင်းကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောဆို၍ သူ၏တဲအိမ်ကလေးသို့ ပြန်ခဲ့လေ၏။

သူသည် အပြန်လမ်းတစ်လျှောက်လုံး စိတ်များ တက်ကြွရွှင်လန်းနေမိ၏။

သူ့ဘဝ အလှည့်အပြောင်းတစ်ရပ်သို့ ရောက်ရှိပေတော့မည်။

သူသည် မိခင်နှင့် အစ်မကြောင့် တစ်သက်လုံး ဤရွာကလေး၌ အရိုးထုပ်ရတော့မည်ဟု ယုံမှတ်ကာ စိတ်အားတက်ကြွခြင်း မရှိချေ။

ယခုတော့ သူကြီးမင်း၏ ကျေးဇူးကြောင့်မြို့သို့တက်၍ ကြီးပွားချမ်းသာအောင် ကြိုးစားရန် အခွင့်အလမ်းရပေပြီ။

လူ့လောကကြီးထဲသို့ရောက်လျှင် အတွေ့အကြုံ ဗဟုသုတ ပြည့်ဝသူများနှင့် တွေ့ဆုံပြီး သူ့ဘဝ၏ ပဟေဠိပုစ္ဆာများ၏ အဖြေကို ရှာဖွေရမည်ဟုလည်း ဆုံးဖြတ်မိလေ၏။

သူ့ဘဝတွင် ပဟေဠိပုစ္ဆာများ များပြားလှ၏။ မိခင်နှင့် အစ်မသည် တောထဲသို့ ထင်းခွေသွားရာမှ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း ရူးသွပ်ခဲ့ရ၏။ အမေနှင့် အစ်မသည် တောထဲတွင် မည်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ခဲ့သနည်း။

တောထဲရှိ မမြင်ရသော တန်ခိုးရှင်များက ၎င်းတို့ကို အပြစ်ဒဏ် ခတ်လိုက်လေသလော၊ အပြစ်ဒဏ်ခတ်သည်ဆိုလျှင် အမေနှင့် အစ် သည် မည်သည့်အဖြစ်ကို ကျူးလွန်ခဲ့သနည်း။ ထို့ပြင် အမေနှ အစ်မသည် ထူးဆန်းသော အိပ်မက်ကြောင့် တောထဲရှိ ရွှေဒင်္ဂါးအိုး ရရှိခဲ့ပြန်၏။

အမေနှင့် အစ်မသည် ရွှေဒင်္ဂါးအိုးကို ရရှိရန် မည်သူ၏ ပယော ကြောင့် အိပ်မက်မက်လေသနည်း။ ရွှေဒင်္ဂါးများ၏ ပိုင်ရှင်အစစ်အမှ မည်သူဖြစ်လေသနည်း။

လပြည့်သည် သူ့ဘဝ၏ များပြားလှသော ပဟေဠိပုစ္ဆာများက တွေးတောရင်း မြို့သို့တက်၍ ဗဟုသုတ အကြားအမြင်ရှိသူများနှ ကြုံတွေ့သည့်အခါ မေးမြန်းကြည့်မည်ဟု ဆုံးဖြတ်လေ၏။

လပြည့်သည် မိခင်နှင့် အစ်မဖြစ်သူအား သူကြီးမင်း နေအိမ်ဝင် အတွင်း ပြောင်းရွှေ့နေထိုင်ရန် ပြောဆိုသောအခါ မိခင်က ဝမ်းမြောက် ဝမ်းသာဖြင့်

" ဟင် သားတော်က မယ်တော်တို့အတွက် စံအိမ်တော် အသစ် ဆောက်လိုက်ပြီပေါ့၊ ကောင်းလှပေတယ် သားတော် မယ်တော်တို့ စံအိမ်ဟောင်းကြီးနဲ့ မနေချင်တာကြာပြီ "

ဟု ပြောဆိုလေ၏။ လပြည့်၏ အစ်မကလည်း အိမ်ပြောင်းရွှေ





စိတ်ဝင်စား၍ နေလေ၏။

၎င်းတို့သည် သူကြီးမင်း၏ခြံဝိုင်းအတွင်းရှိ ၄က်ပျောပင်များဖြင့် စိမ်းစိုစိုရှိသော နေရာတွင် အသစ်ဆောက်လုပ်ထားသော တဲအိမ် အလွန်သဘောကျနေလေ၏။

၎င်းတို့၏ တဲအိမ်အနီးတွင် ရေကန်ငယ်လေးလည်းရှိသဖြင့် ပြည့်၏ အစ်မဖြစ်သူက ရယ်မော၍

" ဟင် အစ်မတော်တို့ရဲ့ စံအိမ်အနီးမှာ ရေကန်ကလေးနဲ့ ဥယျာဉ်တော်ကလည်း လှလှချည်လား မောင်လေးရဲ့ "

ဟု လပြည့်ကို ချီးမွမ်းလေတော့၏။ ၎င်းတို့၏ နေအိမ်ပြောင်းရွှေ ခြင်းကို စိတ်ဝင်စားသော ရွာသူရွာသားအချို့သည် လာရောက် ကြည့် ကြလေ၏။

မိခင်သည် သူမတို့ကို လာရောက်ကြည့်ရှုသော ရွာသူရွာသား များကို ကြည့်၍

" တိုင်းသူပြည်သားတွေက မယ်တော်တို့ရဲ့ စံအိမ်တော်အသစ် ကို ဝမ်းသာအားရနဲ့ လာပြီး ကြည့်ရှုနေကြတယ် သားတော် "

ဟု ပြောလေရာ ရွာသူရွာသားများသည် မိခင်၏ စကားကို ရယ်မောကြကုန်၏။

ဤ သူကြီးမင်း၏ အိမ်ဝိုင်းကြီးသည် အလွန်ကျယ်ဝန်းပြီး သူကြီး၏ မိသားစုမှာလည်း အေးချမ်းစွာ နေထိုင်တတ်သူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေရာ မိခင်နှင့် အစ်မအတွက် များစွာအဆင်ပြေ ချောမွေ့လိမ့်မည်ဟု ထင်မြင်မိလေ၏။

လပြည့်သည် ဆရာတော်ဘုရား၏ ဘုန်းကြီးကျောင်း၌ နေထိုင်ရင်းပင် မိခင်နှင့် အစ်မကို ကြည့်ရှုစောင့်ရှောက်လေ၏။

သူသည် မြို့ပေါ်သို့တက်ရန်အတွက် မိမိကို ခေါ်ဆောင်သွားမည့် လှူကြီးကို စောင့်မျှော်ရင်း ရက်များ ကုန်လွန်ခဲ့လေ၏။

သူကြီးမင်းသည် တောထဲမှ ရရှိသော ရွှေဒင်္ဂါးများကို တိုးတိုးတိတ်တိတ် စုံစမ်းလေရာ ယနေ့ထက်တိုင် ရွှေဒင်္ဂါးများနှင့် ပတ်သက်သော အရိပ်အယောင်ကိုမျှ မမြင်ရသေးချေ။

၄

၆၀ ပန်ဓာ၊ ဘာကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





တစ်နေ့သ၌ ဆွမ်းကျန်ဟင်းကျန်များကို အိုးတစ်လုံးထဲသို့ထည့်ကာ ဟင်းလေးအိုး ပြုလုပ်နေစဉ်သူ၏အနီးသို့ ကပ္ပိယကြီး ရောက်ရှိလာပြီး

" ဒီမှာ လပြည့် လူတွေမှာ အလွန်ဆိုးဝါးတဲ့ အားနည်းချက်ရှိတယ်၊ အဲဒါကတော့ အလုပ်တစ်ခုကို လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ချက်ချင်း ထမလုပ်သေးဘဲ နေ့ရွှေ့ညရွှေ့ ပြုလုပ်တဲ့အကျင့်ပဲ၊ ဒီလို အကျင့်ရှိတဲ့သူတွေဟာ ငါမြင်ဖူးသမျှတော့ တစ်ယောက်မှ ကြီးပွားတိုးတက်မှုမရှိဘူး လူ့လောကကြီးထဲကိုဝင်ပြီး အတွေ့အကြုံတွေ ရှာကြံမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ဘာဖြစ်လို့ လောကကြီးထဲကို သွားဖို့လူကြုံကို စောင့်နေ
တာလဲ၊ လူ့လောကကြီးထဲကို မင်းရောက်လာတုန်းကလဲ တစ်ယော
တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း ပြန်ရမှာပဲ၊ ဒါကြော
လူရယ် လို့ဖြစ်လာရင် တစ်ကိုယ်တည်း စွန့်စားတတ်တဲ့ အလေ့အက
လုပ် ထားစမ်းပါ၊ ဒီလို လူမျိုးဟာ အများသူငါထက်ပိုပြီး ကိုယ့်ကိုကို
ယုံကြည်မှုရတတ်တယ်၊ ယုံကြည်စိတ်ဟာ အရာရာကို အောင်မြင်
တယ်ကွ ''

ဟု ပြောလေရာ လပြည့်သည် မိမိ၏ အခြေအနေကို နားလ
သဘောပေါက်သွားပြီး လက်သီးဆုပ်၍

'' ဟုတ်ပြီ၊ ကပ္ပိယကြီး ပြောတာမှန်တယ်၊ ကျုပ်ရဲ့ရင်ထဲမှာ
ဒီလို ခံစားချက်မျိုး ခံစားနေရတာကြာပြီ၊ ကျုပ်ဟာ လူ့လောကကြီး
ဝင်ပြီး စွန့်စားခန်းတွေဖွင့်မယ်၊ အတွေ့အကြုံတွေ ရှာမယ်လို့ ဆုံးဖြ
ထားပြီးမှ ဘာဖြစ်လို့ မြို့ကို ခေါ်သွားမဲ့လူကို စောင့်နေရမှာလဲ ''

ဟု ပြောလေရာ ကပ္ပိယကြီးက ခေါင်းညိတ်၍

'' သိပ်ဟုတ်တာပေါ့ကွာ၊ လောကစံနဲ့ ကြုံတွေ့လာရင်
တစ်ယောက်တည်း ရင်ဆိုင်ရမှာကွ၊ မင်းရဲ့ အဖော်အပေါင်းတွေက
နဲ့အတူ လိုက်ပေးမှာ မဟုတ်ဘူး ''

ဟုပြောလေ၏။ လပြည့်သည် ကပ္ပိယကြီး၏ စကားကို
ထောင်၍စိတ်အား တက်ကြွသွားပြီးနောက်





'' ဟုတ်ပြီ၊ မနက်ဖြန်မနက်ကစပြီး ဒီရွာက ကျုပ်ထွက်ခွာတော့
ယ်၊ မြို့ပေါ်ကိုတက်ပြီး ကြီးပွားတိုးတက်မဲ့ လမ်းကို ရှာဖွေတော့မယ် ''

ဟု ကြုံးဝါးလိုက်လေတော့သတည်း။

ထိုအခါ ကပ္ပိယကြီးက လပြည့်၏မျက်နှာကိုကြည့်၍

'' ကြီးပွားတိုးတက်အောင် ကြိုးစားမဲ့ မင်းအတွက် အဖိုး
အတန်ဆုံး စကားလက်ဆောင် တစ်ခုပေးလိုက်ချင်တယ်၊ ဒီစကားကို
မင်းအရင်က ကြားဖူးကောင်း ကြားဖူးလိမ့်မယ်၊ ဒါပေမဲ့ ကြားဖူးပြီးသား
စကားဆိုပြီး မလိုက်နာဘဲ မနေပါနဲ့ ''

ဟု ပြောလေရာ လပြည့်သည် ကပ္ပိယကြီးကို အထင်ကြီးလေး
စားသူဖြစ်၍ သူ၏စကားကို နားထောင်မည်ဖြစ်ကြောင်း ကတိပြုလိုက်
လေ၏။

ထိုအခါ ကပ္ပိယကြီးက

'' ဒါဆိုရင်တော့ မင်းကို ငါပြောပြမယ်၊ သေသေချာချာ နား
ထောင်ပေတော့၊ မှတ်ထား၊ လောကကြီးထဲဝင်ပြီး ကြိုးစားရုန်းကန်မဲ့
သူဟာ အမြဲတန်း ကိုယ့်ကိုကိုယ် သုံးသပ်နေရမယ်၊ ကိုယ့်ရဲ့ တိုးတက်မှု
ကို အချိန်ပြည့် မှတ်တမ်းတင်နေရမယ်၊ ဒီလိုမှတ်တမ်းတင်ဖို့အတွက်
အိပ်ဆောင်စာအုပ်လေးတစ်အုပ်နဲ့ ခဲတံတစ်ချောင်းကို အိတ်ထဲမှာ အမြဲ
ဆောင်ထားရမယ် ''

ဟု ပြောလေရာ လပြည့်က ကပ္ပိယကြီး၏ စကားကို အံ့ဩစွာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်၍

" ကပ္ပိယကြီးပြောတာကို ဒီဟာစ်ခါပဲ ကြားဖူးသေးတ

ဘာတဲ့ အမြဲတမ်း ကိုယ့်ကိုကိုယ် သုံးသပ်နေရမယ်၊ အိတ်ထဲ

စာအုပ်နဲ့ခဲတံကို ဆောင်ထားရမယ် ဟုတ်လား၊ **စာအုပ်နဲ့ ခဲ**

ဆောင်ထားပြီး စာအုပ်ထဲမှာ ဘာကို ရေးရမှာလဲ "

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီးက သက်ပြင်းချ၍

" ငါ့ရဲ့နည်းဟာ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပြီး လုပ်ငန်း

အောင်မြင်ဖို့အတွက် အလွန်ကောင်းမွန်တဲ့ လျှို့ဝှက် နည်းလမ်းတ

ကွ၊ ဒီနည်းလမ်းကိုသိရင် လောကမှာ လူသားတစ်ယောက်အတွ

အောင်မြင်ဖို့ သိပ်လွယ်သွားပြီ၊ အောင်မြင်ဖို့အတွက် ကိုယ့်ကိုကို

ယုံ ကြည်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချနိုင်ဖို့လိုတယ် "

ဟု ပြောလေရာ လပြည့်က ကပ္ပိယကြီး၏နည်းလမ်းကို စိတ်

စားလာပြီး

" ကပ္ပိယကြီးရဲ့ လျှို့ဝှက်နည်းလမ်းကို ပြောပါဦး "

ဟု မေးမြန်းလိုက်လေ၏။ ကပ္ပိယကြီးက ရေနွေးကြမ်းတစ်ခွ

ကို ငုံ၍ သောက်လိုက်ပြီးနောက်

" ငါ့ရဲ့နည်းလမ်းက လိုက်နာဖို့ ခက်ခဲလောက်အောင်လဲ

ပါဘူးကွာ၊ နေ့စဉ် ကြုံတွေ့တဲ့ အခြေအနေအရပ်ရပ်ကို စာအုပ်ထဲ

မှတ်တမ်းတင်ဖို့ပါပဲ၊ ဥပမာ ဆရာတော်ကြီးက မင်းကို ရွာထဲက ကု





ဆိုင်မှာကြက်ဥ သွားဝယ်ခိုင်းတယ်ဆိုပါတော့၊ မင်းဟာ ကုန်စုံဆိုင်သွား

ပြီး ကြက်ဥသွားဝယ်ခဲ့တယ်၊ ဒါပေမဲ့ ကုန်စုံဆိုင်မှာ ကြက်ဥမရှိဘဲ ဘဲဥပဲ

ရှိနေတယ်၊ မင်းဟာ ကုန်စုံဆိုင်က ဘဲဥကိုကြည့်ပြီး ဝယ်သင့်မဝယ်သင့်

ချိန်ဆနေရတယ်၊ ဒီအခါမှာ မင်းကိုယ်မင်း သုံးသပ်ရမှာက ငါဟာ

ကြက်ဥမရှိလို့ ဘဲဥကို ဝယ်သင့်မဝယ်သင့် ချိန်ဆနေရတယ်၊ တကယ်

ဆိုရင် ဆရာတော်ကြီး ဝယ်ခိုင်းကတည်းက ကြက်ဥမရှိရင် ဘဲဥဝယ်လာ

ရမလားလို့ ဆရာတော်ကြီးကို မေးမြန်းသင့်တယ်၊ ဒီလို မေးမြန်းလာ

ခဲ့ရင် ငါအခု လို ချီတုံချတုံဖြစ်မှာမဟုတ်ဘူး၊ ဒါဟာ ငါ့ရဲ့ အားနည်းချက်

ပဲလို့ **တွေးတော**ပြီး မင်းရဲ့စာအုပ်ထဲကအားနည်းချက်များဆိုတဲ့ **ခေါင်းစဉ်**

**အောက်**မှာ ဒီအတိုင်းရေးသင့်တယ် "

<u>**အားနည်းချက်များ**</u>

*ဆရာတော်ကြီးကြက်ဥဝယ်ခိုင်းစဉ် ကြက်ဥမရှိရင် ဘဲဥ*

*ဝယ်လာရမလားဆိုပြီး မမေးလျှောက်ခဲ့၍ ကုန်စုံဆိုင်မှာ*

*ချီတုံချတုံ ဖြစ်ရတယ်*

ကပ္ပိယကြီးက ဆက်လက်၍ သူ၏နည်းလမ်းကို ပြောပြန်လေ၏။

" ဒီလိုပဲ ကိုယ့်ရဲ့အောင်မြင်မှုတွေကိုလဲ အောင်မြင်မှုများဆိုတဲ့

ခေါင်းစဉ်အောက်မှာ ရေးသားရမယ်၊ ဥပမာ မြို့က ဧည့်သည်တွေ

ရောက်လာလို့ သပြေကန်ဘုရားကို ဘုန်းကြီးကျောင်းသားတွေအတူ

လိုက်ပို့ရတယ်၊ ဒီအခါမှာ မြို့ကဧည့်သည်တွေက သပြေကန်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသမိုင်းကို မေးမြန်းတဲ့အခါ ဘုန်းကြီးကျောင်းသားတွေ မဖြေနိုင်ဘူး။ မင်းကတော့ ဘုရားသမိုင်းကို လေ့လာထားဖူးလို့ သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့ ဖြေဆိုနိုင်ခဲ့တယ်၊ ဒီလို ဖြေဆိုနိုင်ခဲ့တဲ့အတွက် ဧည့်သည်တွေအားလုံးက ကျေနပ်ပြီး မင်းကို ချီးမွမ်းခဲ့ကြတယ်၊ ဒါဟာ မင်းရဲ့ အောင်မြင်မှုသေးသေးလေးတစ်ခုပဲ၊ ဒီအောင်မြင်မှုကိုလဲ မှတ်တမ်းတင်သင့်တယ်၊ ဒီလိုပဲ ကိုယ့်ရဲ့ အောင်မြင်မှုတွေ လုပ်ဆောင်မှုကောင်းကောင်းတွေကို အောင်မြင်မှုများဆိုတဲ့ ခေါင်းစဉ်အောက်မှာ မှတ်တမ်းတင်ရမယ်၊ မင်းကို ဥပမာတစ်ခု ထပ်ပြောရရင် ကထိန်ပွဲမှာ ဘုန်းကြီးကျောင်းသားနှစ်ယောက် စကားများပြီး ရန်ဖြစ်ဖို့ပြင်ဆင်ကတယ်၊ အဲဒီမှာ မင်းက သမာသမတ်ကျကျ ဝင်ဖြေရှင်းပေးလို့ ကျောင်းသားတွေ ရန်ပွဲမဖြစ်တော့ဘူး။ ဒါဟာ မင်းရဲ့အောင်မြင်မှုပဲ၊ အဲဒီလိုအောင်မြင်မှုသေးလေးတွေကို မှတ်တမ်းတင်ရသလို ညံ့ဖျင်းမှုသေးသေးတွေကို မှတ်တမ်းတင်သင့်တယ်၊ ဥပမာ ဘုန်းကြီးကျောင်းသားတစ်ယောက် ဆွမ်းဟင်းတွေ ခိုးစားတာကို မင်းသိတယ်၊ ဒါပေမဲ့ ဒီကျောင်းသားရဲ့ အမုန်းမခံချင်တာနဲ့ ဖွင့်ဟမပြောခဲ့ဘူး။ မင်းရဲ့ ရှောင်ရှားတိမ်းတိတ် နေခဲ့မှုကြောင့် အပြစ်မရှိတဲ့ အခြားဘုန်းကြီးကျောင်းသားတစ်ယောက် အပြစ်ဒဏ်ခံရတယ်၊ ဒါမျိုးကို မင်းရဲ့ညံ့ဖျင်းမှု စာရင်းထဲမှာ ထည့်သင့်တယ်၊ ဒီလိုပဲ ရွာထဲက လူရမ်းကားတွေဟာ မိန်းကလေးတစ်ယောက်ကို နိုင်ထက်စီးနင်း ပြုကျင့်နေတယ်၊ မင်းဟာ လူရမ်းကားတွေနဲ့ ပြဿနာမဖြစ်ရဲတာနဲ့ မမြင်ဟန်ဆောင်နေတယ်၊ ဒါမျိုးကိုလဲ ညံ့ဖျင်းမှုထဲမှာ ထည့်သင့်တယ်၊ ဒါပေမဲ့ အဲဒီတုန်းက လူရမ်းကားတွေကို အကျိုးသင့်အကြောင်းသင့်ပြောပြီး မိန်းကလေး အရှက်မရအောင် ကူညီခဲ့တယ်ဆိုရင် အောင်မြင်မှုထဲမှာ ထည့်သင့်တယ် ''

ဟု ပြောလေရာ ကပ္ပိယကြီး၏ စကားကို လပြည့်က စိတ်ဝင်စားစွာ နားထောင်၍

'' ဒါဆိုရင် အဲဒီမှတ်တမ်းတွေကို အမြဲရေးနေရမှာပေါ့ ''

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီးက ခေါင်းခါ၍

'' အမြဲမရေးရပါဘူးကွာ၊ ဘာဖြစ်လို့လဲဆိုတော့ လူဟာ အောင်မြင်မှုတွေ ညံ့ဖျင်းမှုတွေဟာ အမြဲဖြစ်ပေါ်နေတာမှ မဟုတ်တာ၊ တစ်နေ့ တစ်နေ့မှာ အရေးပါတဲ့ ဖြစ်ရပ်လေးတွေကိုသာ မှတ်တမ်းအနေနဲ့ ရေးရမှာပါ။ နောက်ပြီးတော့ အရေးကြီးတဲ့ အချက်တစ်ခုက ကိုယ့်ရဲ့ မှတ်တမ်းကို မကြာခဏ ဖတ်ရှုနေရမယ်၊ ဒီမှတ်တမ်းထဲမှာပါတဲ့ ကိုယ့်ရဲ့အောင်မြင် မှုတွေကို သိရှိနေရသလို ညံ့ဖျင်းမှုတွေကိုလဲ သုံးသပ်နေရမယ်၊ တဖြည်း ဖြည်း ညံ့ဖျင်းမှုတွေနည်းပြီး အောင်မြင်မှုတွေများအောင် လုပ်ရမယ်လို့ ဆုံးဖြတ်ထားရမယ်၊ ဒီလိုနဲ့ လျှို့ဝှက်မှတ်တမ်းကို ရေးပါများလာတဲ့အခါ တဖြည်းဖြည်း ညံ့ဖျင်းမှုတွေနည်းလာပြီး အောင်မြင်မှုတွေများလာတာကို တွေ့ရမယ် ''

ဟု ပြောလေရာ လပြည့်က လွန်စွာ စိတ်ဝင်စားလေပြီး







www.burmeseclassic.com

www.burmeseclassic.com



" ညံ့ဖျင်းမှုတွေ နည်းလာပြီး အောင်မြင်မှုတွေ များလာမယ် ဟုတ်လား "

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်ကွ အောင်မြင်မှုတွေ များလာတဲ့အခါ လူရဲ့ ကိုယ်ရည်ကိုယ်သွေးဟာလဲ တဖြည်းဖြည်း တိုးတက်လာမယ်၊ လုပ်ငန်း ကိုင်ငန်းတွေလဲ ပိုပိုပြီး အောင်မြင်လာတယ်၊ ဒီနည်းဟာ ကိုယ့်ဘဝရဲ့ အောင်မြင်မှုလေးတွေနဲ့ ဆုံးရှုံးမှုလေးတွေကို အသေးစိတ်ကြည့်ရှုပြီး မြုပြင်တဲ့ နည်းလမ်းပဲကွ၊ ကိုယ့်ကိုကိုယ် သုံးသပ်တဲ့နေရာမှာ အဖက်ဖက်က သုံးသပ်နိုင်ရင် ပိုပြီးကောင်းမွန်ပြည့်စုံနိုင်မှာပါ "

ဟု ပြောလေ၏။ လပြည့်က ကပ္ပိယကြီးကို ကြည့်ရှု၍

" အဖက်ဖက်က သုံးသပ်နိုင်တယ်ဆိုတာ ဘယ်လိုလဲ "

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီးက

" မင်းကိုယ်တိုင် လျှို့ဝှက်ချက်မှတ်တမ်းကို ရေးတဲ့အခါ အလိုလို နားလည်လာပါလိမ့်မယ်၊ ဉပမာ ဒီနေ့သွားတဲ့ညှော်ခံပွဲမှာ လူတွေနဲ့ ဆက်ဆံတဲ့ ငါ့ရဲ့ဆက်ဆံရေးဟာ သိပ်ကောင်းတယ်၊ လူတွေအားလုံး ငါ့ကို ခင်မင်လေးစားတဲ့ အမူအရာရှိတယ်ဆိုပြီး အောင်မြင်မှုထဲမှာ မှတ်တမ်းတင်သင့်သလို ဒီနေ့သွားတဲ့ညှော်ခံပွဲမှာ ငါဟာ လူတွေနဲ့စကားပြောတာ အဆင်မပြေဘူး၊ စိတ်လှုပ်ရှားပြီး အမှားမှားအယွင်းယွင်းတွေ ဖြစ်နေတယ်၊ ဒါဟာ ငါ့ရဲ့ညံ့ဖျင်းမှုပဲဆိုပြီး ညံ့ဖျင်းမှုထဲမှာစာရင်းသွင်းသင့်တယ်၊





အားလပ်တဲ့အချိန်တိုင်းမှာ ကိုယ့်ရဲ့ မှတ်တမ်းတွေကို ကြည့်ပြီး အားနည်းချက်တွေကို နည်းသထက်နည်းအောင် ပြုလုပ်ရမယ်၊ အမြဲတန်း မှတ်တမ်းရေးနိုင်အောင် အိတ်ထဲမှာ စာအုပ်ပါးလေးနဲ့ခဲတံ ရှိသင့်တယ် "

လပြည့်သည် ကပ္ပိယကြီး၏လျှို့ဝှက်မှတ်တမ်းကို အလွန်သဘောကျသွားပြီး ရေးနိုင်အောင် ကြိုးစားမည်ဟု ကတိပြုခဲ့လေ၏။

လပြည့်သည် ထိုနေ့ညနေသို့ရောက်သောအခါ မိခင်နှင့်အစ်မထံသို့သွားပြီး ရွာထဲတွင် ရက်ရှည်လများ နေထိုင်ရသည့်မှာ ငြီးငွေ့လာသဖြင့် မြန်မာပြည်အနှံ့ လှည့်လည်သွားလာလိုကြောင်း ပြောဆိုလေရာ မိခင်ဖြစ်သူက

" ဩော် သားတော်က တိုင်းခန်းလှည့်လည်ချင်လို့ မယ်တော်ကို ခွင့်တောင်းနေတာလား၊ သွားချင်ရင်သွားပါသားတော်၊ သားတော်မရှိလဲ မယ်တော်တို့ကို လုပ်ကျွေးပြုစုမဲ့ ကျွန်ယုံတော်တွေရှိနေတာပဲ၊ မယ်တော်တို့အတွက် မပူပါနဲ့ "

ဟုပြောလေ၏။ လပြည့်၏ အစ်မဖြစ်သူကလည်း

" တိုင်းခန်းလှည့်ပြီး ပြန်လာရင် အစ်မတော်အတွက် လက်ဆောင်ပဏ္ဏာတွေ များများယူခဲ့ "

ဟုပြောလေ၏။ လပြည့်သည် မိခင်နှင့်အစ်မဖြစ်သူက နောက်ဆံမတင်းအောင် ပြောဆိုနေသဖြင့် ခရီးလမ်းအတွက် ရင်အေးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညမှာပင် ဆရာတော်ကြီးထံသို့သွား၍ ဤရွာမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း လျှောက်တင်လေ၏။ ဆရာတော်ကြီးက သက်ပြင်းချ၍

" လူ့လောကကြီးထဲကိုရောက်ရင် စားဝတ်နေရေးကိစ္စတွေကြားမှာပဲ အချိန်ကုန်ပြီး လူသာမန်တစ်ယောက်အဖြစ်မခံပါနဲ့၊ ပတ်ဝန်းကျင်မှာ မြင်သမျှကို ကြည့်ရှုပြီး ဝေဖန်သုံးသပ်တတ်တဲ့ အလေ့အကျင့်ကို မွေးမြူပါ။ တကယ်တော့ ဝေဖန်သုံးသပ်တတ်ရင် ဓမ္မကိုတောင် တွေ့မြင်နိုင်ပါတယ်၊ လူသားတစ်ယောက်ဖြစ်လာရင် ဓမ္မနဲ့ကင်းကွာပြီး မနေကောင်းဘူး၊ ရင်ထဲမှာ ဓမ္မရှိအောင်အမြဲကြိုးစားပါ "

ဟုဆုံးမတော်မူလေ၏။ လပြည့်သည် ဆရာတော်ကြီးထံမှ ထွက်ခွာလာခဲ့ပြီးနောက် သူကြီးမင်းထံသို့ သွားရောက်ခဲ့ပြန်၏။ သူကြီးက မိခင်နှင့်အစ်မကို စိတ်ချလက်ချထားခဲ့ရန် ပြောဆိုပြီးနောက်

" ခရီးထွက်မဲ့လူအတွက် ပေးစရာဆိုလို့ ဆုံးမဩဝါဒစကားပဲရှိတယ်၊ ကျုပ်ပြောမဲ့စကားကတော့ သူများလို ရှည်ရှည်ဝေးဝေးမဟုတ်ဘူး၊ တိုတိုလေးပဲ၊ ဘာလုပ်လုပ် ကောင်းကောင်းလုပ်ပါတဲ့၊ ကောင်းကောင်းလုပ်တဲ့သူတွေဟာ ညံ့ညံ့လုပ်တဲ့သူတွေထက် ပိုပြီးအောင်မြင်တတ်တယ်၊ သူတစ်ပါးရဲ့ရှေ့မှာ ခေါင်းတစ်လုံးမြင့်နေတတ်တယ်၊ ညံ့ညံ့လုပ်တဲ့သူတွေကတော့ တဖြည်းဖြည်းနိမ့်ပါးသထက် နိမ့်ပါးလာပြီး သူတစ်ပါးနောက်မှာ နေရတတ်တယ်၊ ဒါကြောင့် ကြီးပွားချမ်းသာချင်ရင်





ဘာလုပ်လုပ် ကောင်းကောင်းလုပ်ဖို့ကြိုးစားပါ၊ ကောင်းကောင်းလုပ်ရင် သူတစ်ပါးထက်ပိုပြီး ပင်ပန်းမှုရှိလိမ့်မယ်၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ တဖြည်းဖြည်း မြင့်မားတဲ့ဘဝကိုရောက်လိမ့်မယ်၊ ကောင်းကောင်းမလုပ်နိုင်သေးရင် စိတ်မညစ်ပါနဲ့၊ တဖြည်းဖြည်း ညံ့ရာက ပိုကောင်းအောင်ကြိုးစားလုပ်ပါ၊ နောက်ဆုံးတော့ အောင်မြင်မှုရလာပါလိမ့်မယ် "

ဟုဆုံးမဩဝါဒစကား ပြောကြားလေရာ လပြည့်သည် သူကြီး၏ စကားကို နှစ်သက်လွန်း၍ ရင်ထဲတွင် သံမှိုနှင့်မှတ်သည့်နှယ် စွဲတင်ထားသွားလေ၏။ ရှေ့ဆက်ရမည့်ဘဝခရီးအတွက် အားအင်သတ္တိများလည်း ဝင်ရောက်လာသလို ခံစားရလေ၏။

လပြည့်သည် ထိုနေ့ညက တစ်ညလုံး အိပ်မပျော်ဘဲ ရှေ့ဆက်ရမည့်ခရီးအတွက် တွေးတောနေမိ၏။

နောက်တစ်နေ့သို့ရောက်သောအခါ နံနက်စောစောထ၍ ဆရာတော်ကြီးနှင့် ကပ္ပိယကြီးကို နှုတ်ဆက်ကာ ခရီးထွက်ရန် ပြင်လေ၏။

ကပ္ပိယကြီးသည် ကျောင်းအပေါက်ဝသို့ လပြည့်ကို လိုက်လံပို့ဆောင်ပြီး

" လောကမှာ မှန်တာလုပ်ရင် ဘယ်တော့မှမရှက်နဲ့၊ မမှန်တဲ့အလုပ်လုပ်မှ ရှက်ကြောက်ပါ၊ ကိုယ်ထက်နိမ့်ကျတဲ့သူတွေနဲ့တွေ့ရင် ကူညီပေးပါ၊ စေတနာကောင်းနဲ့ ကူညီပေးတဲ့ အလေ့အကျင့်ရလာရင် ကိုယ့်ဘဝရဲ့အခက်အခဲတွေ ပြေပျောက်သွားပါလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောဆိုလေ၏။ လပြည့်သည် ကပ္ပိယကြီး၏စကားကို သေချာစွာမှတ်သားခဲ့လေ၏။

လပြည့်သည် သူကြီးမင်း၏နေအိမ်သို့သွား၍ သူကြီးမိသားစုကို နှုတ်ဆက်လေ၏။ မိခင်နှင့်အစ်မကို ကျွေးမွေးပြုစုပါရန် မှာကြားလေ၏။ သူကြီးက လပြည့်ခရီးထွက်ကာနီးတွင် လေသံတိုးတိုးဖြင့်

" တောထဲက ရွှေဒင်္ဂါးတွေဟာ ဒီနေ့အထိ ပိုင်ရှင်ပေါ်မလာဘူး ကွ၊ မင်းပြန်လာတဲ့အထိ ငါဆက်ပြီး ထိန်းသိမ်းထားပေးပါ့မယ်၊ မင်းပြန် လာတဲ့အခါကျရင်တော့ ရွှေဒင်္ဂါးတွေရဲ့တစ်ဝက်ကို အလှူအတန်းပြုပြီး ကျန်တစ်ဝက်ကိုတော့ မင်းတို့မိသားစုအသုံးပြုပါ "

ဟုပြောလေ၏။ လပြည့်သည် ရွှေဒင်္ဂါးများနှင့်ပတ်သက်၍ လိုချင် တပ်မက်စိတ်မရှိသဖြင့် သူကြီးမင်း၏ဆန္ဒသာဖြစ်ကြောင်း ပြောခဲ့လေ၏။

လပြည့်ခရီးထွက်မည့်အချိန်သို့ရောက်သောအခါ ၎င်းကို ခင်မင် သော ရွာသူရွာသားများသည် ရွာပြင်သို့ လိုက်လံပို့ဆောင်ရင်း အား ပေးစကားပြောကြလေ၏။ မိခင်နှင့်အစ်မကိုလည်း ဝိုင်းဝန်းစောင့်ရှောက် မည်ဖြစ်ကြောင်း ကတိပြုလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ လပြည့်၏မိခင်က သဘောကျဲဟန်ဖြင့်

" ကြည့်လိုက်စမ်းသမီးတော်၊ သားတော်လေး တိုင်းခန်းလှည့် ကာနီးမှာ တိုင်းသူပြည်သားတွေ ဝိုင်းဝန်းပြီး နှုတ်ဆက်နေကြတာလေ"

ဟုပြောဆိုလေ၏။ လပြည့်၏အစ်မကလည်း





" မောင်လေး လက်ဆောင်ပဏ္ဏာတွေ ယူလာခဲ့ဖို့ မမေ့နဲ့နော်"

ဟုဝင်ရောက်၍ မှာကြားလေ၏။

လပြည့်သည်ရွာနှင့်ခပ်လှမ်းလှမ်းသို့ရောက်သောအခါ ရွာထိပ် တွင်ရပ်၍ ကြည့်ရှုနေသောလူအုပ်ကို ပြန်လည်လှည့်ကြည့်လေ၏။ လူအုပ်ထဲတွင် အမေနှင့်အစ်မကိုတွေ့ရလေ၏။

ကံနည်းရှာသော မိသားစုအတွက် အစွမ်းကုန်ကြိုးပမ်းအား ထုတ်ရမည်ဟု ဆုံးဖြတ်ကာ အံကိုကြိတ်၍ ခရီးဆက်ခဲ့လေ၏။

သူတို့ရွာကလေးသည် တဖြည်းဖြည်း ဝေး၍ကျန်ရစ်ခဲ့လေ၏။

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ



www.burmeseclassic.com

www.burmeseclassic.com

လပြည်သည် အဝေးပြေးလမ်းမကြီးသို့ရောက်သောအခါ မြို့ထဲ သို့ဝင်ရန် မကြိုးစားတော့ဘဲ ကားကြုံတစ်စီးကိုတား၍ ပိုမိုစည်ကား သော မြို့ကြီးတစ်မြို့သို့ သွားရန်ကြံစည်လေ၏။

လပြည့်သည် သစ်ပင်ရိပ်အောက်တွင်ထိုင်၍ အတန်ကြာအောင် ကားစောင့်ပြီးနောက် အဝေးပြေးကားတစ်စီးကို မြင်၍ လက်ပြကား တားဆီးလိုက်လေ၏။ ထိုအခါ ကားရှေ့ခန်းတွင် စီးကရက်ခဲ၍ ထိုင်လိုက်လာသော စပယ်ရာက

" လမ်းကြုံလိုက်မလို့လား ကိုယ့်လူ "





ဟုမေးမြန်းလေရာ လပြည့်က ခေါင်းညိတ်ပြလေ၏။ ထိုအခါ စပယ်ရာက

" လမ်းကြုံလိုက်ရင် အနည်းဆုံး ပိုက်ဆံတစ်မတ်ပေးရမယ် "

ဟုပြောလေရာ လပြည့်က ခေါင်းညိတ်၍ ပိုက်ဆံတစ်မတ်ပေး ရန် သဘောတူကြောင်းပြောဆိုလေရာ စပယ်ရာသည် လပြည့်ကို လမ်း ကြုံမခေါ်လိုသူဖြစ်၍ မျက်နှာရှုံ့မဲ့သွားလေ၏။

ထို့ကြောင့် လပြည့် စိတ်ပျက်သွားစေရန် ရည်ရွယ်ချက်ဖြင့်

" တို့ကားပေါ်မှာလိုက်ရင် ပိုက်ဆံပေးရုံနဲ့မရဘူးကွ "

ဟုပြောလေ၏။ လပြည့်သည် စပယ်ရာ၏စကားကို နားမလည် တန်ဖြင့် ကြည့်ရှု၍

" ဘာတွေပေးရဦးမှာလဲ "

ဟုမေးမြန်းလေ၏။ စပယ်ရာက ရယ်မော၍

" ငါတို့နှစ်ယောက်ကို လမ်းမှာ နင်းနှိပ်ပေးပြီးလိုက်ရမယ် "

ဟုပြောလေရာ လပြည့်သည် စပယ်ရာ ညစ်ပတ်မှန်းသိသော် လည်း သူ၏ဘဝခရီးအစတွင် သည်းခံရန် ဆုံးဖြတ်လိုက်ပြီး

" ရပါတယ်၊ ခင်ဗျားတို့နှစ်ယောက်စလုံး ကျုပ်ထက်အသက် ကြီးသူတွေပဲ၊ ကျုပ်နင်းနှိပ်ပေးရင် ကုသိုလ်တောင်ရဦးမှာပါ "

ဟုပြောလေ၏။ ဒရိုင်ဘာနှင့်စပယ်ရာသည် လပြည့်ကို မငြင်း ဆန်နိုင်တော့ဘဲ ကားပေါ်သို့ တင်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စပယ်ရာသည် ကားအနောက်ဘက်သို့ ကူးသန်း လာပြီး ဆန်အိတ်များပေါ်တွင် ပက်လက်လှန်ကာ လပြည့်ကို နင်းနှိပ် ခိုင်းလေ၏။ လပြည့်သည် စေတနာထား၍ နင်းနှိပ်ပေးလေ၏။

စပယ်ရာသည် အနှိပ်ခံ၍ဝသောအခါ ဒရိုင်ဘာကို နောက်ခန်း သို့ခေါ်၍ စပယ်ရာက ကားကိုမောင်းလေ၏။ ဒရိုင်ဘာကြီးသည် လပြည့်ကို မညှာမတာ နင်းနှိပ်ခိုင်းလေ၏။ လပြည့်သည် ကားပေါ်သို့ ရောက် သည့်အချိန်မှာစ၍ မရပ်မနား နင်းနှိပ်ပေးရလေ၏။

၎င်းတို့၏ကားသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ပြီး နောက် လမ်းကွေ့တစ်ခုသို့ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်ကို ဝုန်း ခနဲမြည်အောင် တိုက်မိလေ၏။

ထိုအခါ ကားအနောက်ဘက်တွင် ဖိမ်ယူနေသော ဒရိုင်ဘာ သည် အထိတ်တလန့်ဖြင့် ထအော်လေ၏။

စပယ်ရာသည် ကားမောင်းမကျွမ်းကျင်သူဖြစ်သည့်အပြင် အရက်သောက်ထားသောကြောင့် သစ်ပင်ကို ဝင်တိုက်မိခြင်းဖြစ်၏။

ကား၏ရှေ့ခေါင်းတစ်ခုလုံး တွန့်လိမ်သွားပြီးစပယ်ရာ၏နဖူး လည်း ဒဏ်ရာရသွားလေ၏။ ဒရိုင်ဘာသည် စပယ်ရာ၏ကားမောင်း ညံ့ဖျင်းမှုကို ဆူပူကြိမ်းမောင်းလေ၏။

၎င်းတို့၏အဖြစ်ကို ကားပိုင်ရှင်သိပြီး အလုပ်ပြုတ်မှာလည်း ကြောက်ရွံ့နေမိ၏။





ထိုအခိုက်မှာပင် အနီးသို့ ဂျစ်ကားတစ်စီးထိုးရပ်လာပြီး ဂျစ်ကား ပေါ်မှ လူကြီးတစ်ဦးပြေးဆင်းလာကာ ခေါင်းကြေမွသွားသော ကားကို ကြည့်၍ စပယ်ရာနှင့်ဒရိုင်ဘာကို ဆူပူကြိမ်းမောင်းလေ၏။ ထိုလူကြီး သည် ကားပိုင်ရှင်ဖြစ်ပုံရ၏။ ကားပိုင်ရှင်လူကြီးသည် ဒေါသတကြီးဖြင့်

“ တောက် ပေါက်စနဲ့စိုးသိန်း၊ မင်းတို့နှစ်ယောက်ဟာ အမြဲ အန်းပေါ့တီးပေါ့ဆလုပ်တယ်၊ ကားမောင်းရင်း အရက်ကိုလဲသောက် တယ်၊ မသောက်ပါနဲ့လို့ ပြောတာလဲမရဘူး၊ ဒါကြောင့် ဒီနေ့စကပြီး ဒီကားကို မင်းတို့မောင်းစရာမလိုတော့ဘူး၊ မင်းတို့နှစ်ယောက်စလုံးကို အလုပ်ထုတ်လိုက်ပြီ ”

ဟုအော်ဟစ်ပြောဆိုလေရာ ဒရိုင်ဘာနှင့်စပယ်ရာသည် ဘာက ပတက်ရဲတော့ဘဲ ပိုင်ရှင်လူကြီးအနီးမှ ခေါင်းငုံ့၍ ထွက်သွား လေ၏။

လပြည့်သည် စိတ်သဘောထားညံ့ဖျင်းသော ဒရိုင်ဘာနှင့် စပယ်ရာ လတ်တလော ဒုက္ခရောက်ရပုံကို ကြည့်ရှု၍ ဆရာတော်ကြီး မိန့်ကြားလိုက်သော လောကကြီးကိုစေ့စေ့စပ်စပ်ကြည့်ပြီး ယုတ်ရင် ယုတ်ကိုတောင်မြင်နိုင်ပါတယ်ဟူသောစကားကို သတိရလေ၏။

လပြည့်သည် လမ်းခရီးတစ်ဝက်တွင် ကားပျက်စီးသွားသဖြင့် ကားလမ်းအတိုင်း ခရီးဆက်ခဲ့ရာ မကြာမီအချိန်တွင် စည်ကားသော မြို့တစ်မြို့သို့ ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်သည် မြို့အဝင် တောင်ကုန်းပေါ်တွင်ရှိသော စေတီလေး ကို တက်ရောက်ဖူးမျှော်၍ မြို့ထဲသို့ဝင်ခဲ့လေ၏။ မြို့သည် အတော် အတန် စည်ကားသောမြို့ဖြစ်သဖြင့် လပြည့်သည် မြို့တစ်ခုလုံး လှည့်လည်ကြည့် ရှုလေ၏။

မြို့လယ်ခေါင်ရှိ ဈေးကြီးကိုလည်း ဝင်ရောက်ကြည့်ရှုလေလေ၏။ ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် ကောက်ညှင်းပေါင်း တစ်ပြားဖိုး ဝယ်ယူစားသောက်လေ၏။

ထို့နောက် မြို့ကိုလှည့်လည်၍ကြည့်ရှုပြန်ရာ လူကုံထံများ နေ ထိုင်သော ခြံကြီးတစ်ခြံရှေ့တွင် လေ်စပီကာဖြင့် သီချင်းများဖွင့်ထား ပြီး ခြံကြီးထဲတွင် လူများလှုပ်လှုပ်ရွရွ ရှိနေသဖြင့် အလှူပွဲတစ်ပွဲ ကျင်းပရန် ပြင်ဆင်နေကြောင်းတွေ့ရလေ၏။

ခြံဝင်းထိပ်တွင် လွန်စွာများပြားသော ထင်းပုံကြီးနှင့် ပေါက်ဆိန် တစ်လက်ရှိလေ၏။ လပြည့်သည် ထိုခြံကြီးအနီးတွင် အရိပ်ကောင်းစွာ ရသဖြင့် နားခိုနေစဉ် အနီးသို့ ရွှေများမြင်မကောင်းအောင် ဝတ်ဆင်ထား သော မိန်းမကြီးတစ်ယောက် ရောက်ရှိလာပြီး ခါးထောက်ကာ

" ဟဲ့ကောင် ထင်းတွေမခွဲဘဲနဲ့ ဇိမ်ကျနေတာယ်ပေါ့လေ၊ ဒီအချိ ရောက်မှ ထင်းမခွဲရင် ဘယ်အချိန်မှာ သွားခွဲမှာလဲဟဲ့၊ ခွဲစမ်းခွဲစမ်း

ဟုအော်ဟစ်ကြိမ်းမောင်းလေရာ လပြည့်သည် ဘုမသိဘမ လာရောက် ဆူပူနေသော မိန်းမကြီးကို ပြန်လည်ပြောဆိုရန် စိတ်ဂ





ခြံ အလှူပွဲကြီးတွင် ထင်းခွဲရန် လူမရှိ၍ အခက်တွေ့နေကြောင်း ရိပ်စား မိသဖြင့် သူတစ်ပါး၏အခက်အခဲကို ကူညီ၍ ကုသိုလ်ယူရန် ဆုံးဖြတ် လိုက်ပြီး ပုဆိုးကို ခါးတောင်းကြိုက်၍ ပုဆိန်ကိုကိုင်ဆွဲကာ နေပူထဲတွင် ရှိသော ထင်းပုံကြီးကို စတင်ခွဲလေ၏။

ရွှေများ မြင်မကောင်းအောင် ဝတ်ဆင်ထားသော မိန်းမကြီး သည် နေရိပ်ထဲတွင်ရပ်၍ လပြည့်အား ဟိုလိုလုပ်ပါလား၊ သည်လို လုပ်ပါလားဟု နားမခံသာအောင် အမျိုးမျိုး ပူညူကြိမ်းမောင်းနေ သေ၏။

လပြည့်သည် ပုဆိုးခါးတောင်းကြိုက်၍ နေပူထဲတွင် ချွေးဒီးဒီးကျ အောင် ထင်းပုံကြီးကို ခွဲခြမ်းပြီးနောက် ခဏမျှပင်မနားရဘဲ မိန်းမကြီးက ရေစည်ကြီးသုံးလုံးကို ညွှန်ပြ၍

" ဟဲ့ကောင်၊ ရေတွင်းထဲကရေကို ခပ်ပြီး ရေစည်ကြီးသုံးလုံးကို ပြည့်စမ်း၊ မြန်မြန်လုပ်နော်၊ အပျင်းထူပြီး နားမယ်စိတ်မကူးနဲ့၊ နင်တို့ဟာ ကြာဆင်းရဲမွဲတေနေတာတောင် ဝီရိယမရှိဘူး၊ အားရင် အချောင်ခိုဖို့ တွေးစားနေတယ် "

ဟုအသားလွတ် ဆူပူကြိမ်းမောင်းပြန်၏။ လပြည့်သည် မိန်းမကြီး၏စကားကို သည်းခံ၍ ရေတွင်းမှရေကိုခပ်ကာ ရေစည်ကြီး သုံးလုံးကို ရေဖြည့်ပေးလေ၏။

ရေစည်ကြီးများကို ရေဖြည့်၍ ရေပြည့်သောအခါ အနီးသို့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြန်လည်ရောက်ရှိလာပြီး လပြည့်ကို အပြစ်တင်ရန် အပြစ်ရှာမတွေ့သဖြင့် မျက်မှောင်ကြုတ်၍ကြည့်ရှုပြီး

" နေပါဦး နင့်ကို ဒီမှာအလုပ်ခိုင်းဖို့ ဘယ်သူခေါ်လာတာလဲ "

ဟုမေးမြန်းလေ၏။

လပြည့်သည် မိန်းမကြီးကိုမော့ကြည့်၍ လေသံတိုးတိုးဖြင့်

"ဘယ်သူမှ မခေါ်ပါဘူး "

ဟုဖြေလိုက်လေ၏။ မိန်းမကြီးသည် လပြည့်၏အဖြေကြောင့် မကျေမနပ်ဖြစ်သွားပြီး

" ဟဲ့အကောင်၊ ဘယ်သူမှ မခေါ်ဘဲ ဘယ်လိုလုပ် နင်ဒီကို ရောက်နေတာလဲ "

ဟုမေးမြန်းလေ၏။ လပြည့်က မိန်းမကြီးကိုကြည့်၍

" ကျုပ်က ဒီမြို့ကမဟုတ်ပါဘူး၊ ခရီးသွားရင်း ကားပျက်တာနဲ့ ဒီအိမ်ကြီးရှေ့က သစ်ပင်ရိပ်မှာ နားနေတုန်း အဒေါ်က ခိုင်းလို့ ကူညီလုပ်ကိုင်ပေးတာပါ "

ဟုပြောလေရာ မိန်းမကြီးသည် လပြည့်ကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။

သို့သော် မိန်းမကြီးသည် မာန်မာနထောင်လွှားသူ လူကုံထံတစ်ဦးဖြစ်သဖြင့် လပြည့်ကို တောင်းပန်ရန်မကြိုးစားဘဲ

" နေပါဦး၊ နင်က ခရီးသွားဆိုတော့ ဘယ်မြို့ကိုသွားမှာလဲ "





ဟုမေးမြန်းလေ၏။ လပြည့်က သက်ပြင်းချ၍

" ကျုပ်ခရီးက ရည်ရွယ်ချက်ခိုင်ခိုင်မာမာမရှိပါဘူး၊ မြို့ပေါ်မှာ အလုပ်တစ်ခု ရလိုရငြား ရွာက ထွက်လာတာပါ "

ဟုဖြေလေ၏။ လူကုံထံမိန်းမကြီးသည် လပြည့်၏အဖြေကို နှစ်သက်သွားပြီးလျှင်

" ဒါဆိုရင် နင်ပင်ပင်ပန်းပန်းလိုက်ပြီး အလုပ်ရှာစရာမလိုတော့ဘူး၊ ဒီအလှူကြီးမှာဝင်ပြီး အလုပ်လုပ်ပါ၊ နင့်အတွက် တစ်ပတ်စာလောက်တော့ အလုပ်တစ်ခုရလိမ့်မယ်၊ ထိုက်သင့်တဲ့အခကြေးငွေလဲ ပေးရမှာပေါ့၊ ငါတို့က သိတတ်ပါတယ် "

ဟုပြောလေရာ လပြည့်က မိန်းမကြီးကိုကြည့်၍

" ကျုပ်တို့မြန်မာတွေဟာ အလှူရှိရင် ကူညီပြီး ကုသိုလ်ယူတတ်ပါတယ်၊ အဒေါ်ဆီက ပိုက်ဆံရတာ မရတာထက် အလှူမှာဝင်ပြီး ကုသိုလ်ယူလို့ရရင်ကျေနပ်ပါတယ် "

ဟုပြောလေ၏။ ထိုအခါ လူကုံထံမိန်းမကြီးသည် လပြည့်ကို အလှူအိမ်တွင် ကူညီလုပ်ကိုင်ပေးရင်း ကပ်ရပ်စားသောက်ချင်သူဟု အထင်မှားသွားပြီး

" အေး ပိုက်ဆံမယူချင်လဲရတယ်၊ အလှူမှာ ကူညီပေးတဲ့အတွက် နင့်ထမင်းတစ်နပ်တော့ ငါတို့ကျွေးမှာပါ၊ ကဲ ဟောဒီအိုးကြီးထဲကို ပြောင်နေအောင် တိုက်ချွတ်ဆေးကြောပေတော့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ လွန်စွာကြီးမားသော ဒန်အိုးကြီးများကို လပြည့်အား လက်ညှိုးညွှန်ပြလေ၏။

လပြည့်သည် မိန်းမကြီးနှင့် စကားဆက်မပြောလိုတော့သဖြင့် ဒန်အိုးများကိုသာ သွားရောက်၍ တိုက်ချွတ်ဆေးကြောရလေ၏။ အလှူရှင်များသည် လူကုံထံမျက်နှာကြီးများကိုဖိတ်၍ အလှူကြီး၏ ကြီးကျယ် ခမ်းနားမှုကို ဂုဏ်ယူလိုဟန်ရှိသော်လည်း မြို့ခံလူများက တက်ကြွစွာ ကူညီပေးလိုဟန် မရှိချေ။

အလှူရှင်မိသားစု၏ မောက်မာရိုင်းစိုင်းမှုကြောင့်ထင်ရ၏။

လပြည့်သည် ရေတွင်းအနီးတွင်ထိုင်၍ ဒန်အိုးကြီးများကို ဆေးကြောနေလေ၏။

ထိုအခိုက်မှာပင် လူကုံထံခြံကြီး၏ အနောက်ဘက် အစွန်ရှိ သစ်သားအိမ်ငယ်လေး၏ ပြတင်းပေါက်တွင်ထိုင်နေသော မိန်းမသုံးယောက်သည် လပြည့်ကိုမြင်တွေ့သွားလေ၏။

ထိုမိန်းမသုံးယောက်၏ ဝတ်စားဆင်ယင်ဟန်သည် လွန်စွာ ခေတ်ဆန်ပြီး ကလက်တက်တတ်နိုင်သော အမူအရာရှိလေ၏။

သူမတို့သည် အလှူရှင် လူကုံထံမိသားစု၏ အရင်းနှီးဆုံး ဆွေမျိုး စုဝင်များဖြစ်ပြီး ရန်ကုန်မြို့တွင် ပါတီများ၊ လူကုံထံပွဲများကို တက်ရောက်ရန် ငြီးငွေ့လာသဖြင့်မြို့ငယ်လေး၏ အလှူသို့ လာရောက်ကြခြင်း ဖြစ်၏။





သူမတို့၏ မိဘများသည် သားသမီးများကို လိုအပ်သည်ထက် လွတ်လပ်ခွင့်ပေးခြင်းကို ခေတ်ဆန်သည်ဟု အထင်ရောက်လျက်ရှိ မိမဆုံးမ၊ ဖမဆုံးမ သားသမီးများလည်းဖြစ်၍နေလေ၏။

ထိုမိန်းမများအနက် တင်တင်ဆိုသူက

" ဟိုမှာ အိုးတိုက်နေတဲ့ကောင်ကိုကြည့်စမ်း၊ တောသားပေမဲ့ ပုံစံကတော့ မင်းသားဇလက်တီနိုလား အောက်မေ့ရတယ် "

ဟု ပြောလေရာ မိန်းမနှစ်ယောက်သည် ပုဆိုးခါးတောင်း ကြက်၍ အိုးတိုက်နေသော လပြည့်ကို သေချာစွာကြည့်ရှု၍ ခင်ခင် ဆိုသူကလည်း

" တောသားတစ်ယောက်နဲ့ လုံးဝမတူဘူး၊ မြို့ကိုခေါ်သွားပြီး ခေတ်ဆန်ဆန်လေးဝတ်ပေးလိုက်ရင် နောက်ပိုးရှူးသန့်စင်တို့ နောက် ကောက်ကျသွားမယ် "

ဟု ချီးမွမ်းလေ၏။ ရင်ရင်ဆိုသော မိန်းမကလည်း၊ လပြည့်ကို သေချာစွာကြည့်၍

" ဟဲ ဟဲ ဒီအကောင်ကိုကြည့်ရတာ အသက်ငယ်ငယ်လေး ရှိသေးတယ်၊ ငါတို့ထက် အများကြီးငယ်မယ်၊ လူကထွားနေလို့တို့နဲ့ ရွယ်တူလောက်ထင်ရတာ၊ ဒါ့အထင် (၁၆) (၁၇) လောက်ပဲ ရှိဦးမယ် "

ဟု ပြောလေရာ ကျန်သော မိန်းမနှစ်ယောက်က လပြည့်၏ အသက်ကို ထိုမျှ မငယ်နိုင်ကြောင်း ဝင်ရောက်ငြင်းခုန်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လပြည့်သည် အိုးများကိုတိုက်၍ပြီးစီးသွားလေ၏။

ထိုအခါ ရင်ရင်ဆိုသောမိန်းမက

" ပါးစပ်ပိတ်ကြစမ်း၊ ညည်းတို့ ငြင်းမနေနဲ့၊ လေကုန်တာပဲ အဖတ်တင်မယ်၊ ငါဒီကောင်ကို အနားခေါ်ပြီး တစ်ခုခု ခိုင်းမယ်၊ ညည်းတို့ အနီးကပ်ကြည့်ပြီး သူ့အသက်ကို အကဲခတ်ကြ၊ မသေချာရင်တော့ အသက်ဘယ်လောက်ရှိပြီလဲ မေးကြည့်၊ ငါခန့်မှန်းတဲ့ အတိုင်း ဖြစ်စေရမယ် "

ဟု ပြောဆိုကာ လပြည့်ကို အသံပြု၍သူမတို့ထံသို့ လာရန် ခေါ်လိုက်လေတော့၏။

လပြည့်သည် ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ ချောမောလှပ၍ ခေတ်ဆန်သော မိန်းမသုံးယောက်ကို မြင်သဖြင့် အံ့သြသွားလေ၏။

လပြည့်သည် မိန်းမသုံးယောက်၏အနီးသို့ ရောက်သောအခါ ရင်ရင်ဆိုသော မိန်းမက

" ဟေ့ မင်းက ဒီမြို့ကလား "

ဟု မေးမြန်းသဖြင့် လပြည့်က

" မဟုတ်ပါဘူးဗျာ၊ ကျုပ်က ခရီးသွားတစ်ယောက်ပါ၊ ဒီမြို့ကို ရောက်တုန်း အလှူကြီးလုပ်ဖို့ ပြင်နေတာမြင်တာနဲ့ ဝင်လုပ်ပေးနေတာပါ "





ဟု ဖြေလေရာ မိန်းမသုံးယောက်သည် လပြည့်၏အဖြေကို သဘောကျသွားပြီးလျှင် ခင်ခင်ဆိုသော မိန်းမက ပြုံးတုံ့တုံ့ရယ်မော၍

" ဪ၊ မင်းက အတော်သူများကို ကူညီချင်တာပါလား၊ ငါတ်မှာတက်ကလေးကိုတော့ ချီးကျူးပါတယ်၊ ဒါဆိုရင်လဲ ကူညီလက်စနဲ့ ဟော ဒီက အစ်မတို့ သုံးယောက်နေမဲ့ အိမ်ကလေးကို ရေပတ်တိုက်ပြီး ဆေးကြောပေးပါလား၊ တစ်အိမ်လုံး ဖုံတွေနဲ့မြင်မကောင်း ရှုမကောင်း ဖြစ်နေလို့ "

ဟု ပြောဆိုလေရာ လပြည့်သည် သူတစ်ပါး၏ အခက်အခဲကို ကူညီချင်သူဖြစ်သည့်အတိုင်း မငြင်းဆန်ဘဲ ရေပုံးဖြင့် အဝတ်စုတ် တစ်ခုကို တောင်းယူကာ သူမတို့သုံးယောက်နေထိုင်သည့် အိမ်ကလေး ကို ရေပတ်တိုက်ပေးလေ၏။

သို့သော် အိမ်ငယ်လေးသည် လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် ရေပတ်တိုက်ရုံဖြင့် မရဘဲ တစ်အိမ်လုံးကို ရေပုံးဖြင့် လောင်းချ၍ ဆေးကြောပေးမှ သန့်စင်လေ၏။

လပြည့်သည် လုပ်လက်စဖြင့် အိမ်၏နံရံများ၊ မျက်နှာကျက်များရှိ ဖုံများ၊ ပင့်ကူအိမ်များကိုလည်းသန့်စင်ပေးလေ၏။

မိန်းမသုံးယောက်သည်လပြည့်၏ လုပ်ပုံကိုင်ပုံကိုကြည့်ရှု၍ မည်သို့ဖြစ်သည်မသိ ခိုးခိုးခစ်ခစ် ရယ်မောကြကုန်၏။

လပြည့်သည် ချောမောလှပ၍ ခေတ်ဆန်သော ကလေးတက်



www.burmeseclassic.com

www.burmeseclassic.com



တက် မိန်းမသုံးယောက်ကို မကြည့်ဝံ့ဘဲ အလုပ်ကိုသာ မဲ၍ လုပ်

လေ၏။

မိန်းမသုံးယောက်သည် လပြည့်၏အနီးတွင်ထိုင်၍ ယော

သားတစ်ယောက် အနေခက်၍ စိတ်လှုပ်ရှားစေသော စကား

မကြားတကြား ပြော၍ နေလေတော့၏။

လပြည့်သည် အိမ်ကလေးကို သန့်ရှင်းပြီးသောအခါ မိန်း

အနီးမှ ခပ်သုတ်သုတ်ထွက်ခဲ့လေ၏။

လပြည့်သည် ထိုနေ့မှစ၍ အလှူရှင်၏ အိမ်ကြီးထဲတွင်

စက်ရင်း အလှူရှင်၏ လိုအပ်ချက်များကို ကူညီလုပ်ကိုင်ပေးလေ

နောက်တစ်နေ့တွင် အလှူအိမ်သို့ လာရောက်မည့်သူများ

လက်ဖက်သုပ် ကျွေးမွေးရန် ပဲကြမ်းများကို လှော်၍နေစဉ် မိန်း

သုံးယောက်က ခေါ်ခိုင်းသည်ဆို၍ သူမတို့ထံသို့ သွားရပြန်၏။

ထိုအခါ တင်တင်ဆိုသော မိန်းမက

" အစ်မတို့ သုံးယောက် ညက တစ်ယောက်မှ အိပ်လို့မရ

ခြင်ထောင်တွေ စောင်တွေမှာ ဂျပိုးတွေရှိနေတယ်၊ ဒါကြောင့် အိပ်

ခင်းတွေ၊ ခေါင်းအုံးစွပ်တွေပါမကျန် လျှော်ဖွပ်ပေးပါဦး "

ဟု တောင်းဆိုပြန်၏။ လပြည့်သည် မိန်းမသားများဖြစ်နေသည်

ကတစ်ကြောင်း၊ မြို့မှလာရောက်သော ဧည့်သည်များ ဖြစ်နေသည်

တစ်ကြောင်းကြောင့် မအားလပ်သည့်ကြားကပင် သူမတို့၏ စောင်ခြင်





ထောင်များကို လျှော်ဖွတ်ပေးရလေ၏။

အိပ်ရာများကို နေပူလှမ်း၍ ဂျပိုးများရှာဖွေ၍ ဖယ်ရှားပေးရ

လေ၏။

ထိုအခါ အလှူတွင် လာရောက်ကူညီပေးသော မြို့ခံ မိန်းမ

ကြီးက လပြည့်ကိုကြည့်၍ နှာခေါင်းရှုံ့ကာ

" ယောကျ်ားနဲ့ နွားဟာ ဘာမှမခြားနားဘူး။ ဟိုမှာကြည့်ပါ

သား မြို့ကလာတဲ့ကောင်မတွေဟာ မျက်နှာလေး ဘန်းပြပြီး ခိုင်းတော့

ညည်းညူဘဲ ခြင်ထောင်တွေ၊ စောင်တွေ လျှော်ဖွတ်ပေးနေလိုက်

တာ "

ဟု ကဲ့ရဲ့ကြလေ၏။ လပြည့်သည် ခြင်ထောင်များကို နေလှမ်း

ပြီးနောက် အလှူရှင်၏ အလုပ်များကို ဝင်ရောက်လုပ်ကိုင်ပေးပြန်ရာ

ကြက်သွန်ခွာ နေသော မိန်းမများက

" ရှင်တော်တော်ပင်ပန်းမှာပဲနော်၊ ဒါပေမဲ့ ရှင့်ကို ကြည့်ရတာ

မျက်နှာကြီးကို ဖြီးနေတာပဲ "

ဟု မဆီမဆိုင် ဝေဖန်ကဲ့ရဲ့လေ၏။

လပြည့်သည် သူတစ်ပါး၏ အခက်အခဲကို နားလည်စာနာတတ်

သူဖြစ်၍ ၎င်းတို့၏ ပြောင်လှောင်မှုများကို စိတ်မဆိုးမိခဲ့ချေ။

လပြည့်သည် တောသူတောင်သား တစ်ဦးဖြစ်သည်နှင့်အညီ

အလှူကြီးတွင် စိတ်အားတက်ကြွစွာ ပါဝင်ကူညီပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အလှူကြီး ပြီးဆုံးသောနေ့တွင် မဏ္ဍပ်ကြီးကိုဖျက်၍ အိမ်ဝ
ဝန်းကျင်ကို အမှိုက်များလှဲကျင်းရင်း မောပန်းလွန်းသဖြင့် အိပ်ပျော်
သွားလေ၏။

ခဏအကြာတွင် အနီးသို့ အလှူရှင်အိမ်မှ အိမ်ဖော် မိန်းမ
တစ်ဦးရောက်လာပြီး လပြည့်ကို လှုပ်နှိုးကာ

" ဟေ့လူ ရှင် အိပ်ပုပ်ကြီးမနေနဲ့ အိမ်ကြီးပေါ်မှာပြဿနာ
ပေါ်နေပြီ၊ ရှင်ဒုက္ခရောက်တော့မယ် "

ဟု ပြော့ဆိုလေရာ လပြည့်က အိပ်ပျော်နေရာမှ လူးလဲထ၍

" အိမ်ကြီးပေါ်မှာ ဘာပြဿနာပေါ်လို့လဲ၊ ကျုပ်က ဘာဖြစ်
ဒုက္ခရောက်ရမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ အိမ်ဖော် မိန်းမပျိုက

" မြို့ကရောက်လာတဲ့ မိန်းမသုံးယောက်ရဲ့ လက်စွပ်ပျော
သွားလို့၊ အဲဒီ လက်စွပ်ကို ရှင်ခိုးတယ်ဆိုပြီး ပုလိပ်ကို သွားခေါ်နေ
ရှင်ပြေးပေတော့ "

ဟု ပြောလေ၏။ လပြည့်သည် အိမ်ဖော် မိန်းမပျို၏ စကာ
ကြောင့် မျက်လုံးပြူးသွားပြီး

" ဟင် သူ့ရဲ့လက်စွပ်ကို ကျုပ်က ဘာဖြစ်လို့ခိုးရမှာလဲ "

ဟု ရေရွတ်လေ၏။ ထိုအခါ အိမ်ဖော် မိန်းမပျိုကသက်ပြင်း

" ဒါကိုတော့ ကျွန်မမသိဘူး၊ သူတို့အိမ်ထဲကို သန့်ရှင်းရေး





လုပ်ပေးတာ ရှင်တစ်ယောက်တည်းရှိတယ်၊ ဒါကြောင့် ရှင်ခိုးတယ်ဆိုပြီး
စွပ်စွဲနေတယ်၊ ပုလိပ်တွေရောက်လာရင် ရှင့်ကိုဖမ်းပြီး နှိပ်စက်လိမ့်မယ်၊
ရှင် အမြန်ဆုံး ပြေးပေတော့ "

ဟု ပြောလေ၏။ လပြည့်သည် မိမိ၌ အပြစ်မရှိဘဲ ဘုမသိ၊ ဘ
မသိဖြင့် ထွက်မပြေးလိုသဖြင့် ခေါင်းခါယမ်း၍

" အို ကျုပ်သူခိုးမဟုတ်ဘူး၊ သူခိုးမဟုတ်ဘဲ သူခိုးလို့စွပ်စွဲလို့
ဘယ်ရမလဲ၊ ကျုပ် ထွက်မပြေးဘူး၊ သူတို့ကို ကျုပ်ရှင်းပြမယ် "

ဟု ငြင်းဆန်လေ၏။

ထိုအခိုက်မှာပင်ခြံဝင်းထဲသို့ ပုလိပ်များ ရောက်ရှိလာပြီး ပုလိပ်
များနှင့်အတူ မိန်းမသုံးယောက်သည် လပြည့်၏ အနီးသို့ ရောက်လာပြီး
လျှင် ရင်ရင်ဆိုသော မိန်းမက လပြည့်ကို လက်ညှိုးညွှန်ပြ၍

" ကျွန်မရဲ့ လက်စွပ်ကို ခိုးတဲ့သူဟာ အဲဒီကောင်ပါ၊ သူ့ကို
ယုံကြည်ပြီးသန့်ရှင်းရေးလုပ်ခိုင်းပါတယ်၊ ဒါကို အခွင့်ကောင်းယူပြီး
လက်စွပ်ကို ခိုးပြေးပါတယ် "

ဟု တိုင်တန်းလိုက်လေ၏။ လပြည့်သည် သူ့၏စေတနာကို
အစော်ကားခံရသဖြင့် ရင်ထဲတွင် နာကျင်သွားပြီး

" ကျုပ် မခိုးဘူး၊ ကျုပ်ကို မတရားမစွပ်စွဲနဲ့၊ သူတပါးပစ္စည်းကို
အပ်တိုတစ်ချောင်းတောင် ကျုပ်မခိုးတတ်ဘူး "

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ နံပါတ်တုတ်ကိုင်သော

www.burmeseclassic.com



ပုလိပ်တစ်ဦးသည် ရှေ့သို့တိုးလာပြီး

" ဟော့ကောင်၊ ပါးစပ်ပိတ်ထားစမ်း၊ ဒါမျိုးတွေရှိနေပြီ၊ ဂါတ်တဲ ရောက်မှ ခိုးတယ်မခိုးဘူးသိရမယ် "

ဟု ဆိုကာ လပြည့်ကို လက်ထိတ်ခတ်လိုက်လေ၏။ ထိုအခါ အလှူတွင် ကူညီလုပ်ကိုင်ပေးသော လူများသည် လပြည့်၏အနီးသို့ ဝိုင်းအုံလာပြီး

" ခြေဘ်၊ ဒီကောင်က ဘာဖြစ်လို့ ဒီလောက်သဘောကောင်း နေလဲ အောက်မေ့တယ်၊ သူခိုးလုပ်ဖို့ရည်ရွယ်ချက်ရှိတာကိုး "

" ရုပ်ကလေးက သနားကမားနဲ့စာရိတ္တမကောင်းဘူး၊ အင်း လေ၊ သူခိုးက ချိုပါတာမှမဟုတ်တာ လူရိုး သချိုင်းကုန်းမှာရှိနေတယ် ကာ အမှန်ပဲ "

ဟု စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ကဲ့ရဲ့ကြလေ၏။

လပြည့်သည် မိမိ၏ အကြောင်းကို ပြစ်ပြစ်နှစ်နှစ် ဝေဖန်နေသော လူများကိုကြည့်ရှု၍ ရင်ထဲတွင် နာကျင်သွားလေ၏။

လပြည့်သည် ပုလိပ်များ၏ တွန်းထိုးခေါ်ဆောင်မှုဖြင့် ဂါတ်တဲသို့ ရောက်သွားလေ၏။

ပုလိပ်များသည် ဂါတ်တဲသို့ ရောက်သောအခါ လပြည့်ကို နှိပ်စက်ညှဉ်းပန်း၍ လက်စွပ်ရှိမည့်နေရာကို မေးမြန်းလေ၏။ လပြည့် သည် မိမိ၌အပြစ်မရှိသောကြောင့် ဝန်ခံခြင်းမရှိဘဲ ငြင်းဆိုလေ တော့၏။





ထိုအခါ ပုလိပ်များသည် ပို၍ နှိပ်စက်ညှဉ်းပန်းလေတော့၏။ လပြည့်အား ခြေသလုံးပေါ်သို့ မြင်းလုံးဖြင့်လိမ့်ကာ နှိပ်စက်ညှဉ်းပန်း လေ၏။ လပြည့်သည် နာကျင်လွန်းသောကြောင့် အံကြိတ်ပြီး ခံရလေ၏။

လူ့လောကကြီးထဲသို့ ကြီးပွားတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခဲ့ရာမှ သူတစ်ပါး၏ မတရားစွပ်စွဲခြင်းခံရပြီး နှိပ်စက်ညှဉ်း ပန်းခြင်းခံရသဖြင့် လောကဓံကို ပို၍ နားလည်လာလေ၏။

လပြည့်သည် သုံးရက်တိတိ နှိပ်စက်ညှဉ်းပန်းခံရပြီးနောက် ထိုနေ့ ညနေစောင်းတွင် အလှူအိမ်၏ ပိုင်ရှင် မိန်းမကြီးသည်ဂါတ်တဲသို့ ရောက်ရှိလာပြီး

" ဟိုကောင်လေးကို ပြန်လွှတ်လိုက်ပါ၊ လက်စွပ်ကို ပြန် တွေ့ပြီ "

ဟု ဆိုသဖြင့် ပုလိပ်များသည် အံ့ဩသွားလေ၏။

လက်စွပ်ကို မည်သို့ မည်ပုံ ပြန်လည်တွေ့သည့်အကြောင်းကို မေးမြန်းလေ၏။ ထိုအခါ မိန်းမကြီးက

" မြို့ကရောက်လာတဲ့ မိန်းကလေးတွေက ရေချိုးတုန်း လက်စွပ်ကိုတံခါးဘောင်ပေါ်တင်ထားတယ်၊ ရေချိုးပြီးတော့ လက်စွပ် မရှိတော့ဘူး၊ တကယ်တော့ ပတ္တမြားလက်စွပ်ကို ကျီးကန်းတစ်ကောင် က အစာအောက်မေ့လို့ ချီသွားပြီး သစ်ပင်ငုတ်ဆုံမှာ တင်ထားခဲ့တယ်၊ အလှူပြီးလို့ ဒီနေ့ညမှာ သစ်ပင်ကြီးကိုခုတ်ချတော့မှာ သစ်ပင်ဆုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားလက်စွပ်ကို ပြန်တွေ့ရတယ်၊ ဒါကြောင့် ပုလိပ်ဌာနကို လာ
ပြောတာပါ ''

ဟု ပြောလေ၏။ ထိုအခါမှပင် ပုလိပ်များက တအံ့တသြပြော
ကြပြီး လပြည့်ကို ပြန်လွှတ်ပေးလေ၏။

လပြည့်သည် ပုလိပ်ဌာနမှ သူ့အား လွှတ်လိုက်သော်လည်း
ဂါတ်တဲ အရှေ့ရှိ ညောင်ပင်ကြီးအောက်တွင်ထိုင်၍ သူ၏ဘဝကို တွေး
တော ဆင်ခြင်နေမိ၏။

လပြည့်သည် လူ့လောကကြီးထဲသို့ စတင်ဝင်ရောက်သော
အချိန်၌ပင် သူ့အားနှိပ်စက်ညှဉ်းပန်းခြင်းနှင့် စတင်မိတ်ဆက်ခြင်း
ခံလိုက်ရရသဖြင့် ထိတ်လန့် တုန်လှုပ်သွားလေ၏။

ပုလိပ်များသည် လူသားတစ်ယောက်ကို မှားယွင်း၍ ရိုက်နှက်
ညှဉ်းပန်းခြင်းကို အသေးအမွှားကိစ္စတစ်ခုအဖြစ်သာ သဘောထား
ပုံရ၏။

လပြည့်သည် သူ့အား ရက်ရက်စက်စက် နှိပ်စက်ခဲ့သော
ဂါတ်တဲကြီးကို မကျေမချမ်းကြည့်နေစဉ် အနီးသို့လက်တွန်းလှည်း
တစ်စီးရောက်ရှိလာပြီးတွန်းလှည်းတွန်းလာသော လူငယ်သည် လပြည့်
၏အနီးရှိ ကွပ်ပျစ်၌ ဝင်ထိုင်လိုက်ကြောင်း တွေ့ရလေ၏။

လူငယ်၏ တွန်းလှည်းပေါ်တွင် ဟင်းသီးဟင်းရွက်များကို တင်
ဆောင်ထားကြောင်း တွေ့ရလေ၏။





လူငယ်သည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်ပြီးခဏကြာ
သော်

'' မင်းကိုကြည့်ရတာဒီမြို့က မဟုတ်ပါဘူး၊ ဘယ်ကို သွားမလို့
လဲ ''

ဟု စပ်စုလေ၏။

လပြည့်သည် သူ့အား ပုလိပ်များ နှိပ်စက်ညှဉ်းပန်းခြင်းကို
မကျေနပ်၍ ရင်ဖွင့်ချင်သဖြင့် လူငယ်အား သူ့အဖြစ်ကို အစမှအဆုံးတိုင်
ပြောပြလေ၏။

လပြည့်၏စကားဆုံးသောအခါလူငယ်က ရယ်မော၍

'' ဟား ဟား ဟားပင်ဟာ ပနေတတ် ပထိုင်တတ်လို့ ပုလိပ်
ရဲ့ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရတာပဲ ''

ဟု အပြစ်တင်လေရာ လပြည့်က လူငယ်ကို မကျေမနပ်ကြည့်၍

'' ဘာဖြစ်လို့ ပနေတတ် ပထိုင်တတ်ရမှာလဲကွ ''

ဟု ပေးပြန်းလေ၏။ လူငယ်က ရယ်မော၍

'' ဟဲ ဟဲ ဒီလိုပါကွာ၊ မင်း ရွာက ထွက်လာတာ ကြီးပွားချမ်း
သာဖို့၊ စီးပွားရှာဖို့ ထွက်လာတာ၊ မင်းဟာ စီးပွားရှာတဲ့အလုပ်ကို မလုပ်
ဘဲ အလှူတစ်ခုမှာ ဂျာက်လောက် ဝင်လုပ်အားပေးနေတယ်၊ လုပ်အား
ပေးရုံမကဘူး၊ ကိုယ်နဲ့ ပရင်းနီးတဲ့ မိန်းမတွေရဲ့ ဝေယျာဝစ္စတွေကိုပါ
စေတနာဝန်ထမ်း လုပ်ကိုင်ပေးနေတယ်၊ နောက်ဆုံးတော့ မိန်းမတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပယောဂကြောင့် မင်းကို ပုလိပ်တွေ နှိပ်စက်တာပဲ မဟုတ်လား။ တကယ်တော့ ပြဿနာက ကိုယ်မနေတတ်လို့ ဖြစ်ရတာကွ၊ နေတတ်ရင် အနေသာကြီးပါကွာ ''

ဟု ပြောလေရာ လပြည့်ကလူငယ်၏ စကားကို လက်မခံဘဲ

'' ဖွဲ့ရည်ရွယ်ချက်က စီးပွားရှာဖို့ဆိုပေမဲ့ အလျှုအိမ်မှာ ကူညီလုပ်ကိုင်ပေးဖို့ လူမရှိဘူးကွ၊ ဒါကြောင့် သူတစ်ပါးရဲ့အခက်အခဲကို ကူညီပေးခဲ့တာကွ၊ ကြီးပွားချမ်းသာချင်တဲ့သူတွေဟာ သူတစ်ပါးရဲ့အခက်အခဲကို ကူညီပေးရမယ်လို့ဝါဆရာ ကပ္ပိယကြီးကမှာကြားခဲ့တယ်ကွ ''

ဟု ပြောလေ၏။ လူငယ်က ခေါင်းညိတ်၍

'' သူတစ်ပါးကို ကူညီပေးရမယ်ဆိုတာ ငါလက်ခံပါတယ်ကွာ၊ ဒါပေမဲ့ ကြီးပွားချမ်းသာချင်တဲ့လူဟာ ချမ်းသာမဲ့ အလုပ်ကိုကြိုးစားလုပ်ရင်း သူတစ်ပါးရဲ့ အခက်အခဲနဲ့ ကြုံရင် ကူညီဖြေရှင်းပေးရမှာကွ၊ ချမ်းသာမဲ့အလုပ်ကို မလုပ်ဘဲ သူတစ်ပါး အလုပ်တွေကိုပဲ မင်းလျှောက်လုပ်နေရင် ဘယ်လိုလုပ်ချမ်းသာမှာလဲ၊ ဒါဆိုရင် ငါတို့ မြို့မှာရှိတဲ့ ပရဟိတ အသင်းကြီးက လူကြီးတွေဟာချမ်းသာကုန်မှာပေါ့ကွ၊ ငါတို့မြို့က ပရဟိတ အသင်းရဲ့ လူကြီးတွေအားလုံး ဆင်းရဲမွဲတေတဲ့ လူတွေချည်းပဲကွ၊ ဒီလူကြီးတွေဟာ ပရဟိတအလုပ်ကို လုပ်ကိုင်နေတာ အနည်းဆုံး ဆယ်နှစ်အထက်မှာရှိတယ်၊ တကယ်တော့ ရှင်းရှင်းလေးပါ





ကွာ၊ ချမ်းသာချင်ရင် ချမ်းသာတဲ့အလုပ်ကိုပဲလုပ်၊ စိတ်ချမ်းသာချင်ရင်တော့ ပရဟိတအလုပ်တွေကိုလုပ်၊ သစ်ပင်စိုက် ''

ဟုလူတတ်ကြီးပုံစံနှင့် ပြောဆိုလေ၏။

လပြည့်သည် လူငယ်၏ စကားအချို့ကို နှစ်သက်သလို ရှိသွားလေ၏။ ထို့ကြောင့် လူငယ်၏ ပခုံးကို ပုတ်၍

'' စိတ်ချမ်းသာရင် သစ်ပင်စိုက် ဟုတ်လား၊ သစ်ပင်စိုက်ရင် စိတ်ချမ်းသာလား ''

ဟု မေးမြန်းလေ၏။ လူငယ်က ခေါင်းညိတ်၍

'' စိတ်ချမ်းသာတာပေါ့ကွာ၊ ငါက သစ်ပင်မစိုက်ပေမဲ့ စိုက်ပျိုးရေးလုပ်တဲ့ ကောင်ပဲ၊ အသီးအနှံတွေကို စိုက်ပျိုးရတာ စိတ်ချမ်း...ဖို့သိပ်ကောင်းတယ်ကွ၊ မင်းမယုံရင် ငါနဲ့လိုက်ပြီး စိုက်ပျိုးရေးလုပ်ပါလား ''

ဟု ပြောလေရာ လပြည့်ကလူငယ်ကိုကြည့်၍

'' ငါလိုက်လာရင် မင်းမိဘတွေက ကြည်ဖြူပါ့မလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်က မျက်မှောင်ကြုတ်၍

'' မကြည်ဖြူစရာအကြောင်းမရှိဘူးကွ၊ ငါ့မှာ မိဘမှ မရှိတာ ''

ဟုပြောလေရာ လူငယ်၏မျက်နှာကို လပြည့်က အံ့ဩဟန်ဖြင့်ကြည့်လေ၏။

လူငယ်က အဝေးသို့ ငေးမော၍ကြည့်၍

'' ငါ ငယ်ငယ်ကတည်းက မိဘနှစ်ပါးဆိုတာမသိခဲ့ဘူး၊ ငါ့မိခင်



www.burmeseclassic.com

www.burmeseclassic.com



ကငါ့ကိုမွေးဖွားပြီး သီလရှင်ကျောင်းတစ်ကျောင်းရဲ့နောက်မှာ စွန့်ပစ်သွားခဲ့တယ်၊ သီလရှင် ဆရာကြီးတစ်ပါးက ငါ့ကိုတွေ့ပြီး ကျောင်းမှာပဲ မွေးစားထားခဲ့တယ်၊ ငါ အခု စိုက်ပျိုးရေးလုပ်တယ် ဆိုတာလဲ သီလရှင်ကျောင်းကြီးရဲ့ အနောက်က ခြံကျယ်ကြီးထဲမှာ စိုက်ပျိုးရေး လုပ်တာကွ၊ ဟင်းသီး ဟင်းရွက်တွေစိုက်ပျိုးပြီး ရတဲ့ဝင်ငွေဟာ ငါ့ အတွက်တော့ အမြတ်တန်း ပိုလျှံပါတယ်၊ ငါ့ကို မွေးစားတဲ့ သီလရှင် ဆရာမကြီးရဲ့ ကျောင်းကလဲ ဆွမ်း၊ ကွမ်း အလွန်ပေါများတယ်၊ သီလရှင်ကျောင်းက ဆရာကြီးနဲ့ ဆရာလေးတွေကို ကြည်ညိုတဲ့လူ ပေါများလွန်းတော့ ငါတို့ မြို့ပေါ်မှာသာမကဘူး၊ အနီးအနားက မြို့တွေ ကပါ အမြဲတန်းလှူတန်းကြတယ်၊ ငါဟာ သီလရှင်ကျောင်းကြီးရဲ့ လုံခြုံရေးနဲ့ သီးပင်စားပင်တွေကို ထိန်းသိမ်းတဲ့အလုပ်ကို လုပ်တယ်''

ဟု ပြောလေရာ လပြည့်သည် လှုငယ်၏ ဘဝကို လွန်စွာ စိတ်ဝင်စားသွားလေ၏။

လှုငယ်ကလည်း လပြည့်ကို သူ၏ကျောင်း၌လိုက်၍ နေထိုင်ရန် ဖိတ်ခေါ်လေ၏။

လှုငယ်က လပြည့်၏ ပခုံးကိုဖက်၍

'' တကယ်တော့ ငါတို့ကျောင်းကသီလရှင်တွေပဲ နေထိုင်တဲ့ ကျောင်းဆိုတော့ ယောကျ်ားတွေကို လက်ခံဖို့ အလွန်စည်းကမ်းကျပ်တယ်၊ ဒါပေမဲ့ မင်းကိုတော့ မြင်မြင်ချင်းခင်မင်ပြီး ရီးသားတဲ့လူမှန်းသိလို့





ဒီက ဖိတ်ခေါ်တာကွ၊ ငါနဲ့လဲ ရှယ်တူဖြစ်ပြီး ပေါင်းသင်းလို့ရမယ်လို့ ချကြည့်လို့ပဲ၊ ငါ့ရဲ့ စိုက်ခင်းကြီးကလဲ တဖြည်းဖြည်း ကြီးလာပြီး ငါ တစ်ယောက်တည်း မနိုင်တော့ဘူးကွ ''

ဟု ပြောကာ လပြည့်ကို အကြိမ်ကြိမ် ဖိတ်ခေါ်လေ၏။ လပြည့်သည် လှုငယ်၏ ဖိတ်ခေါ်မှုကြောင့် ၎င်း၏စကားကို စိတ်ဝင်စား သွားပြီးနောက်

'' ဒါဆိုရင်လဲ မင်းနဲ့အတူ လိုက်နေပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောထားချင်တယ်၊ မင်းနဲ့ငါ ပျော်သလောက်နေမယ်၊ မပျော်တဲ့ တစ်နေ့ကျရင် ထွက်သွားရမှာပဲ ''

ဟု ပြောလေရာ လှုငယ်က ခေါင်းညိတ်၍

'' ငါကလဲ ငါ့ဆီမှာ ပျော်သလောက်ပဲ နေစေချင်ပါတယ်၊ မပျော် ဘဲနေရင် မင်းအတွက်ဒုက္ခခံရသလို ဖြစ်တော့မှာပေါ့၊ ဒါပေမဲ့ မင်းကို ဖိတ်ခေါ်ထားပေမဲ့ ငါတို့ကျောင်းက သီလရှင်ဆရာကြီးကိုတော့ ခွင့်တောင်းရဦးမယ်ကွ၊ သီလရှင်ဆရာကြီးဟာ အလွန်စည်းကမ်းကြီးပြီး အလွန်လျှို့ဝှက်တယ်၊ ထူးလဲ ထူးဆန်းတယ်၊ သီလရှင်ဆရာကြီးက ခွင့်မပြုရင်တော့ မင်းကို ငါ ဘယ်လောက်ပဲ ခင်မင်စေကာမူ ကျောင်းမှာ ထားလို့မဖြစ်ဘူးကွ ''

ဟု ပြောလေ၏။ လပြည့်သည် လှုငယ်၏ စကားကြောင့် ခေါင်း ညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ်ကွာ၊ မင်းတို့ သီလရှင်ကြီးဆီမှာ ခွင့်တောင်းကြည့်ပေါ့၊ ဟဲ ဟဲ ငါ့ဘဝမှာသီလရှင်တွေနဲ့ အတူတူနေရမယ်လို့ တစ်ခါမှ အိပ်မက်မမက်ခဲ့ဘူးကွ "

ဟုပြောလေရာ လှူငယ်က တဟားဟား ရယ်မော၍

" ဟား ဟား ဟား... မင်း ဘုန်းကြီးတွေနဲ့တော့ အတူနေခဲ့တယ်မဟုတ်လား၊ ဘုန်းကြီးနဲ့ သီလရှင် မကွာခြားပါဘူးကွာ၊ ငါတို့ ကျောင်းက သီလရှင်တွေဟာ မြန်မာပြည်မှာရှိတဲ့ ဘယ်သီလရှင်နဲ့မှ မတူတဲ့ ကျင့်စဉ်တွေကို ကျင့်လေ့ရှိတယ်၊ သူတို့ရဲ့ ကျင့်စဉ်တွေဟာ အလွန်ပြင်းထန်တယ် "

ဟု ပြောလေ၏။ လပြည့်က လှူငယ်၏ စကားကို စိတ်ရှင်း သွားသဖြင့် သီလရှင်ကျောင်းသို့ရောက်လျှင် လေ့လာမည်ဟု စိတ်တွင် ပိုင်းဖြတ်ထားလေ၏။

လှူငယ်သည် လပြည့်ကို သူနှင့်အတူသီလရှင်ကျောင်းသို့ ခေါ် သွားလေ၏။ လပြည့်သည် ဟင်းသီးဟင်းရွက် လှည်းကြီးကို တွန်း၍ ၎င်း၏ အနောက်မှ လိုက်သွားလေတော့၏။

အတန်ကြာအောင် လှည်းကိုတွန်းပြီးနောက် လွန်စွာကျ သော အုတ်တံတိုင်းအနီရောင် ကာရံထားသောခြံဝင်းကြီးရှေ့သို့ ရောက် လေတော့၏။ ခြံဝင်းကြီး၏ တံခါးဝတွင် မုခ်ဦးကြီးရှိပြီး မုခ်ဦးဝတွင် ဒု ကျောင်းတော် ဟူသော စာတန်းကိုရွှေရောင် ဖောင်းကြွစာလုံး





ရေးသားထားလေ၏။

လပြည့်သည် သီလရှင် ကျောင်းကြီး၏ အမည်ထူးခြားလှသဖြင့် လှူငယ်ဘက်သို့လှည့်၍

" ကျောင်းကြီးရဲ့ နာမည်က ထူးခြားလှချည်လား "

ဟု မေးမြန်းလေရာ လှူငယ်က ခေါင်းညိတ်၍

" ကျောင်းရဲ့နာမည် ထူးခြားသလို ဒီကျောင်းက သီလရှင်တွေကလဲ ထူးခြားတာ တွေ့ရလိမ့်မယ်၊ ငါတို့ကျောင်းရဲ့ သီလရှင် ဆရာမကြီး ဒေါ်မာလာဆိုရင် အတတ်ပညာ တော်တော်များများကို တတ်တယ်၊ ဗေဒင်အတတ်၊ ဆေးအတတ်၊ ဂမ္ဘီရအတတ် အို စုံလို့ပါပဲကွာ၊ ဒါပေမဲ့ သီလရှင် ဆရာကြီးက သူတတ်တဲ့ ပညာတွေကို ဘယ်တော့မှ ခသုံးမချဘူး၊ လျှို့ဝှက်ထားတာ များတယ် "

ဟုပြောလေရာ လပြည့်က စိတ်ဝင်စားစွာဖြင့်

" လျှို့ဝှက်ထားရင် မင်းတို့က သီလရှင်ကြီးရဲ့ ပညာတွေကို ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။ လှူငယ်က သက်ပြင်းချ၍

" သီလရှင် ဆရာကြီးက လိုအပ်တဲ့အခါကျမှ ပညာတွေကိုထုတ် သုံးတာကွ၊ တစ်ခါတုန်းက ငါတို့ကျောင်းက သီလရှင်လေး တစ်ပါး တောထဲမှာမှိုခူးရင်း မြွေကိုက်ခံရတယ်၊ မြွေဆိပ်တက်ပြီး သေလုမျောပါး ဖြစ်နေတဲ့အချိန်ရောက်တော့ ဆရာကြီး ဒေါ်မာလာကပဲ



www.burmeseclassic.com

www.burmeseclassic.com



မြွေဆိပ်မတက်အောင် ဆေးကုပေးခဲ့တယ်ကွ၊ နောက်ပြီးတော့ ဗေဒင်ပညာနဲ့ ဂမ္ဘီရပညာတွေမှာလဲ ဒီလိုပါပဲကွ၊ တစ်ခါတုန်းကလဲ ဆရာကြီးဒေါ်မာလာရဲ့ ပညာနဲ့ငါတို့ အရပ်မှာ မြေပလျှင် အကြီးအကျယ်လှုပ်တော့မယ်ဆိုတာ ကြိုသိနေခဲ့တယ်၊ ဒါကြောင့် ဆရာကြီးကိုထူးဆန်းတယ်ပြောတာ၊ တစ်ခါတုန်းကလဲ ဝရမ်းပြေး မီးခဲမြင့်ဦးဆိုတဲ့လူဟာ ပုလိပ်အဖွဲ့ကိုရှောင်တိမ်းရင်း ငါတို့သိလရှင်ကျောင်းထဲကို ရောက်လာခဲ့တယ်၊ အဲဒီတုန်းက သိလရှင် ဆရာမကြီးနဲ့ သိလရှင်တွေစုပြီးခန်းမထဲမှာ မေတ္တာပို့နေတုန်းပေါ့၊ ပိးခဲမြင့်ဦးဟာ ပုလိပ်အဖွဲ့ရဲ့လက်ကလွတ်မြောက်ချင်တော့ ခန်းမထဲကိုဝင်ပြီး သိလရှင်ဆရာကြီး ဒေါ်မာလာကို ဓားနဲ့ထောက်ပြီး ဓားစာခံ လုပ်ခဲ့တယ်၊ အဲဒီတုန်းက အလွန်အံ့ဩစရာကောင်းတာက ဆရာကြီး ဒေါ်မာလာဟာ သူ့ကို ဓားနဲ့ထောက်ထားတာ ကြောက်ရွံ့တဲ့ အမူအရာမရှိဘူး၊ ဝရမ်းပြေးမီးခဲ မြင့်ဦးကို တူရွှေရှုကြည့်နေခဲ့တယ်၊ ပုလိပ်တွေလဲ ရောက်လာရော ဒေါ်မာလာဟာမီးခဲမြင့်ဦးရဲ့ဓားကိုင်လက်ကို လုယူပြီး ဓားကို ရယူလိုက်တယ်၊ ပြီးတော့ဝရမ်းပြေးမီးခဲမြင့်ဦးရဲ့လည်ပင်းကို အသာလေး လက်နဲ့ကိုင်လိုက်တာဝရမ်းပြေးဟာ မေ့ပြီးမြေပေါ်ကို လဲကျသွားတယ်၊ ဒီတော့မှ ပုလိပ်တွေဟာ လူသတ် ဓားပြတိုက်နေဟဲ့ ဝရမ်းပြေးမြင့်ဦးကို လွယ်လွယ်ကူကူဖမ်းဆီးနိုင်ခဲ့တယ်၊ အဲဒီတော့မှ ဆရာကြီးဒေါ်မာလာဟာ ကိုယ်ခံပညာကိုလဲ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ကြောင်း ရိပ်စားမိခဲ့တယ် ”





ဟု ပြောလေရာ လပြည့်သည် သုညကျောင်းတော်ဆိုသော အမည်ရှိသည့် ထူးဆန်းသည့်သိလရှင် ကျောင်းတော်ကြီးဆီသို့ တအံ့တဩ ကြည့်ရှုနေလေ၏။

လှငယ်သည် ဟင်းသီးဟင်းရွက် လှည်းကြီး ဝင်နိုင်ရန် အလုံပိတ်ထားသော အနီရောင်ခြံတံခါးကြီးကို တွန်းဖွင့်လေ၏။

ထို့နောက် လပြည့်ကိုခေါ်၍ တွန်းလှည်းကြီးကို တွန်း၍ ဝင်ခဲ့၏။

လပြည့်သည် ကျောင်းထဲသို့ ရောက်သောအခါ ရွက်ကြွေလေးတစ်ရွက်မရှိအောင် သန့်ရှင်းလှသော ကျောင်းကြီးကို သတိပြုမိလေ၏။ သိလရှင်ကျောင်းကြီးတွင် အဆောင်သုံးဆောင်ရှိ၏။

လပြည့်သည် လှငယ်၏ တွန်းလှည်းကြီးကို သိလရှင် ကျောင်းကြီး အနောက်သို့ တွန်းသွားသောအခါ ကျောင်း၏ အနောက်တွင် မိမ်းလန်းစိုပြည့်သော စိုက်ခင်းကြီးကို တွေ့ရလေ၏။

စိုက်ခင်းနှင့် မလှမ်းမကမ်းတွင် ရေတွင်းနှင့် တဲအိမ်ငယ်လေးကို တွေ့ရ၏။

လှငယ်က တဲအိမ်ကို လက်ညှိုးညွှန်ပြ၍ သူ၏နေအိမ်ဖြစ်ကြောင်း ပြောဆိုလေ၏။

လပြည့်သည် ကျောင်းကြီးဖြင့် သီးသီးသန့်သန့်ဖြစ်နေသော လှငယ်၏ အိမ်ကလေးကို နှစ်သက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် လပြည့်ကို ရေချိုးစေပြီးနောက် ညနေစောင်းသော အခါ

" ဆရာမကြီး ဒေါ်မာလာနဲ့ တွေ့ရမယ်ကွ၊ ငါနဲ့လိုက်ခဲ့ပေတော့ မင်းဒီကျောင်းမှာ နေထိုင်ဖို့ သူဆုံးဖြတ်လိမ့်မယ် "

ဟု ပြောလေရာလပြည့်သည် ထူးဆန်းသော အစွမ်းသတ္တိများ ရှိသည်ဆိုသော သီလရှင်ဆရာမကြီးဒေါ်မာလာကို တွေ့ချင်စိတ်များ ဖြစ်ပေါ်လာ၏။

လူငယ်သည် လပြည့်ကို ကျောင်း၏အနောက်ဘက်ရှိ စမ်းချောင်းကလေးအနီးမှ ကွေ့ပတ်၍ ခေါ်သွားလေ၏။

စမ်းချောင်း၏ အနီးတွင် သာယာလှပသော ဝါးရုံပင်ကလေးများ စိမ်းစိမ်းစိုစို ပေါက်ရောက်နေလေ၏။

လူငယ်သည်လပြည့်ကို ဝါးရုံပင်တန်းကို ဖြတ်သန်း၍ ခေါ်ဆောင်သွားလေ၏။

ဝါးရုံပင်များ၏အဆုံးတွင် ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တက်၍ ထိုင်နေသော သီလရှင်တစ်ဦး၏ နောက်ကျောကိုတွေ့ရလေ၏။

လူငယ်သည် သီလရှင်ဆရာကြီး၏ အရှေ့သို့ခေါ်ဆောင်သွားပြီး ဆရာမကြီးအား ဝတ်ပြုလေ၏။

လပြည့်သည် အသားအရည်ကြည်လင်ဝင်းပ၍ဥပဓိရုပ်ကောင်းမွန်သော သီလရှင်ဆရာကြီးကို ကြည့်၍ ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်





လာလေ၏။

သီလရှင်ဆရာကြီးသည် မျက်လုံးမှိတ်၍တရားကျင့်ကြံနေလေ၏။

လူငယ်နှင့် လပြည့်သည် သီလရှင်ဆရာကြီးကို ငြိမ်သက်စွာပင် စောင့်ဆိုင်းနေလေ၏။ ခဏကြာသောအခါ သီလရှင်ဆရာကြီးက မျက်လုံး ဖွင့်ကြည့်၍ လပြည့်ကိုမြင်သောအခါ အံ့သြဟန်ဖြင့် ကြည့်ရှု၍ လူငယ်အား

" သူက ဘယ်သူလဲ "

ဟု ကြည်လင်သောအသံဖြင့် မေးမြန်းလေ၏။

လူငယ်က လပြည့်နှင့်တွေ့ဆုံ ရင်းနှီးခဲ့ပုံကို ပြောပြ၍ သီလရှင်ကျောင်းတွင် နေထိုင်ပြီးဟင်းသီးဟင်းရွက် ရိုက်ခင်းများကို ကူညီလုပ်ကိုင်မည့်အကြောင်း ပြောဆိုလေ၏။

သီလရှင်ဆရာကြီးသည် လပြည့်၏ ဥပဓိရုပ်ကို ကြည့်ရှု၍ သက်ပြင်းချလိုက်ပြီး

" အင်း ဥပဓိရုပ်ကတော့ ကောင်းမွန်သန့်စင်ပါတယ်၊ ဒါပေမဲ့ ဥပဓိရုပ်နဲ့ စိတ်ဓာတ်ဟာ အမြဲတန်း ဆက်စပ်မနေတာ ဆိုးတယ်၊ ဥပဓိသိပ်ကောင်းလို့ စိတ်ဓာတ်ကောင်းမယ်လို့ယူဆလို့မရဘူး ဥပဓိညံ့လို့လဲ စိတ်ဓာတ်ညံ့မယ်လို့ ယူဆလို့မရဘူး၊ သဗ္ဗေသတ္တာကမ္မသကာပါပဲ၊ ခင်းနာမည်ဘယ်လိုခေါ်သလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေရာ လပြည့်က ဆရာမကြီး၏မျက်နှာကိုကြည့်၍

" လပြည့်ပါ "

ဟု တိုးတိုးပြောလိုက်လေ၏။

သီလရှင်ဆရာကြီးက လပြည့်၏အဖြေကြောင့် မျက်မှောင်ကြုတ်၍

" လပြည့် လပြည့် ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ တိုက်ဆိုင်လိုက်တာ "

ဟု တိုးတိုးရေရွတ်လေ၏။ လပြည့်သည် သီလရှင်ဆရာကြီးကို မေးမြန်းရန် ပြင်ဆင်လိုက်စဉ် ဆရာကြီးက

" လပြည့်ဆိုတဲ့ နာမည်ဟာ ငါတို့ကျောင်းအတွက်တော့ အတိတ်နိမိတ်ကောင်းတဲ့ နာမည်ပဲ၊ ဒါကြောင့် မင်းကို လက်မခံနိုင်စရာ မရှိပါဘူး၊ ငါတို့ကျောင်းဟာ မိန်းမသားတွေပဲ ရှိတဲ့ကျောင်းဆိုတော့ ဘုန်းကြီးကျောင်းမှာနေတာထက် အများကြီး ဆင်ခြင်နေထိုင်ရမယ် ဒီလောကကျယ်ဝန်းတဲ့ကျောင်းကြီးမှာ ယောကျ်ားသားဆိုလို့ မင်းတို့ နှစ်ယောက်ရှိတယ်၊ ဒါကြောင့် အနေအထိုင်ကို သတိပြုစေချင်တယ် သီလရှင်ဆရာလေးတွေနဲ့ လိုတာထက်ပိုပြီး ရင်းရင်းနှီးနှီး မနေပါနဲ့၊ ကိုယ့် အလုပ်ကိုသာ ကိုယ်လုပ်ပါ၊ လပြည့်ဆိုတဲ လူတစ်ယောက်ဟာ ငါတို့ သုညကျောင်းတော်အတွက် ကောင်းမွန်တဲ့ ကံကြမ္မာတွေကို ဆောင်ကြဉ်းပေးနိုင်မယ်ဆိုတာ ငါယုံကြည်တယ် "





ဟု ပြောကာ လပြည့်တို့ကို သူမ၏အနီးမှ ထွက်ခွာသွားစေ၏။

လပြည့်တို့သည် သီလရှင်ဆရာကြီးကို ကန်တော့၍ ထွက်ခွာလာခဲ့လေ၏။

ငင်းတို့သည် တဲအိမ်ကလေးသို့ ပြန်လည်ရောက်ရှိလာသော အခါ ထမင်းတစ်အိုးကိုချက်၍ ဟင်းသီးဟင်းရွက်ကြော်တစ်ပွဲဖြင့် ညစာ စားသောက်ကြလေ၏။

ညစာစားပြီးနောက် ငါးရံ့ခြောက်ဖုတ်များကိုဆီဆမ်း၍ ရေနွေးကြမ်းတစ်အိုးနှင့် စားသောက်ကြလေ၏။

လပြည့်က ငါးရံ့ခြောက်ဖုတ်တစ်ဖတ်ကို ဝါးစား၍

" သီလရှင်ဆရာကြီးဟာ ငါ့နာမည်ကိုကြားတော့ အံ့သြသွားသလိုပဲ၊ ဒီကျောင်းကို ငါရောက်လာမယ်ဆိုတာ ကြိုတင်ပြီး ရိပ်မိနေသလိုပဲ၊ နောက်ပြီးတော့ လပြည့်ဆိုတဲ့ အမည်ဟာ သုညကျောင်းတော် အတွက် ကောင်းမွန်တဲ့ ကံကြမ္မာတွေ ဆောင်ကြဉ်းပေးမယ်လို့လဲ ပြောတယ် "

ဟု ပြောလေရာ လူငယ်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါလဲ အံ့သြသွားမိတယ်၊ သီလရှင် ဆရာကြီး ဟာမင်းနာမည်ကြားတာနဲ့ ဘာဖြစ်လို့ စိတ်လှုပ်ရှားတဲ့ အမူအရာ ဖြစ်ပေါ်လာရတာလဲ "

ဟု ရေရွတ်လေတော့၏။ ထို့နောက်တွင်မူ ငင်းတို့သည် အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် စကားပြောဆိုပြီးနောက် အိပ်စက်လိုက်ကြလေ၏။

နောက်တစ်နေ့နံနက်တွင် လပြည့်သည် အိပ်ရာမှ ဦးစွာနိုးလေ၏။

သူသည် နံဘေးတွင် အိပ်ပျော်နေသော လူငယ်ကိုနိုးရန် ပြင်လိုက်၏။

သို့သော် လူငယ်၏ အမည်ကိုယခုအချိန်အထိ မသိသေးကြောင်း စဉ်းစားမိ၍ပြုံးလိုက်ပြီးငင်းကို လှုပ်နှိုးလိုက်၏။

ပြီးနောက်

'' ဟေ့ကောင်၊ မင်းနာမည်ဘယ်လိုခေါ်သလဲ၊ မင်းရဲ့နာမည်ကို ဒီနေ့ထိ ငါ မသိရသေးပါလား ''

ဟု ပြောဆိုလေရာ လူငယ်က ရယ်မော၍

'' အေး ဟုတ်ပါရဲ့ကွာ၊ ငါ့နာမည် အုပ်လှလို့ခေါ်တယ်၊ ဒီနာမည်ကို သီလရှင်ဆရာကြီးပဲ ပေးခဲ့တာကွ၊ ငါ့ကိုမွေးပြီး ပစ်သွားတဲ့ မိဘတွေကတော့ နာမည်လေးတောင် မပေးခဲ့ပါဘူးကွာ ''

ဟု ပြောလေ၏။ ထိုနောက်တွင်မူ လပြည့်သည် အုပ်လှနှင့်အတူ စိုက်ခင်းသို့လိုက်၍ ကူညီလုပ်ကိုင်ပေးလေ၏။

လပြည့်သည် ရွာမှာနေထိုင်စဉ် စိုက်ခင်း ယာခင်းများ၌ အလုပ်လုပ်ဖူးသူဖြစ်၍ခက်ခဲခြင်း မရှိလှပေ။

ငင်းတို့ စိုက်ခင်း၌ အလုပ်လုပ်နေစဉ် စကြံန်လျှောက်၍ တရားမှတ်နေသော သီလရှင်များကို တွေ့ရ၏။ သီလရှင်အများစု၏ရုပ်ရည်မှာ





ဖြူစင်သန့်ရှင်းပြီး တည်ငြိမ်သိက္ခာ ရှိကြောင်း တွေ့ရ၏။

အချို့သော သီလရှင်ငယ်လေးများမှာ လပြည့်ကို အထူးအဆန်းအနေဖြင့် ကြည့်ရှုကြကြောင်း တွေ့ရလေ၏။

အုပ်လှသည် စိုက်ခင်းတစ်ခုလုံး စမ်းချောင်းထဲမှ ရေများကို လောင်းပြီးနောက် ညနေစောင်းအချိန်၌မြင့်မားသော တောင်ကုန်းကြီးပေါ်သို့ခက်ခက်ခဲခဲ တွယ်ကပ်တက်လေ၏။

အုပ်လှသည် တောင်ကုန်း၏အပေါ်သို့ ရောက်သောအခါ ထိုင်ချ လိုက်ပြီးနောက် လပြည့်ကို စိန်ခေါ်သလို ကြည့်ကာ

'' ဟဲ ဟဲ မင်းတက်နိုင်ရင် တက်ခဲ့လေ ''

ဟု ပြောလေရာ လပြည့်သည် မခံချင်စိတ်ဖြင့် တောင်ကုန်းကြီးပေါ်သို့ မရောက်ရောက်အောင် တက်လေ၏။ တောင်ကုန်းသည် မက်စောက်လွန်းလှ၍ ခက်ခက်ခဲခဲ တက်ရလေ၏။

လပြည့်သည် ရှယ်တူချင်းဖြစ်၍ မခံချင်စိတ်ဖြင့် တောင်ကြီးပေါ်သို့ ရောက်အောင်တက်လေ၏။ တောင်ပေါ်သို့ ရောက်သောအခါ တောင်ကုန်းပေါ်မှ သီလရှင်ကျောင်းတစ်ကျောင်းလုံးကို အပေါ်စီးမှ မြင်ရလေ၏။

သီလရှင်ကျောင်းကြီး၏ အနောက်ဘက်တွင် အုပ်လှ၏ စိုက်ခင်းနှင့် စမ်းချောင်းရှိ၏။ စမ်းချောင်းအနီးတွင် ဝါးရုံတောရှိ၏။ ဝါးရုံတောနှင့် မလှမ်းမကမ်းတွင် တောအုပ်ငယ်လေးတစ်ခုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောအုပ်ကလေးသည် သီလရှင်ကျောင်းကြီးနှင့် ပဓာရှ
သဖြင့် လပြည့်က ထိုနေရာသို့ ညွှန်ပြ၍

" တောအုပ်ကလေးကို ကြည့်ရတာအုပ်အုပ်ဆိုင်းဆိုင်းလေ
နော် "

ဟုပြောဆိုလေရာ အုပ်လုကလေးသံတီးတိုးဖြင့်

" မင်းကို အရေးကြီးတဲ့ စကားတစ်ခွန်းပြောရဦးမယ်၊ တော
အုပ်ကလေးဘက်ကို မင်းဘယ်တော့မှ မသွားမိပါစေနဲ့ "

ဟု တားမြစ်လေ၏။ လပြည့်သည် အုပ်လု၏စကားကြောင့် မျက်
မှောင်ကြုတ်၍

" တောအုပ်ထဲမှာဘာရှိလို့လဲ၊ အဆိပ်ပြင်းတဲ့ မြွေတွေ ဘာ
တွေရှိလို့လား "

ဟု မေးမြန်းလေ၏။ အုပ်လုကခေါင်းကိုခါယမ်း၍

" လောလောဆယ် ငါ့မှာ ပြောပိုင်ခွင့် မရှိဘူးကွ၊ မင်းသိထား
မှာက တောအုပ်ထဲကိုသွားရင် မြွေဆိုးမြွေဟောက်တွေထက် ကြော
စရာကောင်းတယ်၊ မင်းအတွက် အန္တရာယ်တွေ့နိုင်တယ် "

ဟု ပြောလေရာ လပြည့်က မယုံနိုင်ဟန်ဖြင့် ခေါင်းခါယမ်း၍

" တရားဓမ္မ ကျင့်ကြံနေတဲ့ သီလရှင်ကျောင်းကြီးမှာ ကြော
စရာကောင်းတဲ့ အန္တရာယ်ရှိတယ် ဟုတ်လား၊ မယုံနိုင်စရာပဲ "

ဟု ရေရွတ်လိုက်လေ၏။ အုပ်လုက ခေါင်းညိတ်၍





" ရှိတယ်၊ မင်းသတိပြုပြီး တောအုပ်ကလေးဘက်ကို မသွားမိ
ပါစေနဲ့ တစ်ချိန်ချိန်မှာ မင်းကို တောအုပ်ကလေးရဲ့ လျှို့ဝှက်ချက်ကို
ငါ ပြောပြနိုင်မှာပါ လောလောဆယ် ပြောမပြနိုင်တာငါ့ကို နားလည်
ပါကွာ"

ဟု ပြောလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့်လပြည့်သည် ကြီးပွားချမ်းသာရန် ရည်ရွယ်ချက်ဖြင့် လူ့ဘဝကြီးထဲသို့ ရောက်ရှိလာပြီးနောက်သီလရှင်ကျောင်းကြီး၌ အုပ်လှနှင့်အတူ နေထိုင်ဖြစ်ခဲ့လေ၏။

အုပ်လှသည် စိတ်သဘောထား ကောင်းမွန်ပြီး အေးဆေးသူဖြစ်သဖြင့် လပြည့်နှင့် ကောင်းစွာ ပေါင်းသင်း၍ ရ၏။

လပြည့်သည်ထိုကာလများအတွင်း သီလရှင်ကျောင်း၌ နေထိုင်စဉ် သီလရှင်ကျောင်း၏ ထူးဆန်းမှုများကို ကြုံတွေ့ရလေ၏။

တစ်နေ့သ၌ ချောမောလှပသော သီလရှင်လေးတစ်ပါးသည် တင်ပျဉ်ခွေထိုင်လျက် အစိမ်းရောင်ဆီးသီးများကို လေထဲတွင်မြှောက်ကစားနေကြောင်းတွေ့ရ၏။

လပြည့်သည် သီလရှင်မလေးကို မျက်မှောင်ကြုတ်ကြည့်၍ လေသံတိုးတိုးဖြင့်

"ဟင် သီလရှင်ဖြစ်ပြီး ဆီးသီးတွေနဲ့ ဆော့ကစားနေတယ်၊ ဣန္ဒြေသိက္ခာမရှိလိုက်တာ"

ဟု အပြစ်တင်လိုက်ရာ သီလရှင်သည် လပြည့်၏စကားကိုကြား ပြီး အာရုံလွှင့်ပျံ့ကာ လေထဲတွင် ဆော့ကစားနေသော ဆီးသီးများ မြေပေါ်သို့ ပြုတ်ကျသွားလေ၏။

သီလရှင်မလေးသည် လပြည့်ကို မျက်မှောင်ကြုတ်ကြည့်၍

"ကိုယ်နဲ့မဆိုင်ရင် ဝင်ပြီး မှတ်ချက်မချနဲ့၊ ငြိမ်ငြိမ်လေးနေရင် ကောင်းမယ်"

ဟု ကြိမ်းမောင်းလေ၏။ အုပ်လှက လပြည့်၏လက်ကိုဆွဲ၍ အဝေးသို့ ခေါ်သွားပြီး

"ဟော့ကောင် မင်း ဘာမသိ ညာမသိနဲ့ ဘာဖြစ်လို့ ဝေဖန်ရတာလဲ၊ အဲဒါ ဆီးသီးတွေနဲ့ကစားနေတာမဟုတ်ဘူးကွ၊ သမာဓိရအောင်လေ့ကျင့်နေတာ၊ ဒီကျောင်းတော်မှာ သမာဓိရအောင် အထူးဂရုစိုက်ပြီး ကျင့်ကြံကြတယ်၊ ဆီးသီးတွေကို လေထဲမှာ မြှောက်ကစားနေတာ တစ်ချိန်လုံး ဆီးသီးတွေအပေါ် အာရုံစိုက်ထားရမယ်၊ အာရုံတစ်ချက်လေး လွှင့်ပျံ့လိုက်တာနဲ့ ဆီးသီးတွေ မြေပေါ်ပြုတ်ကျမှာပဲ"





www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ လပြည့်သည် အလွန်အံ့သြသွားပြီး

“ ဒီကျောင်းက ကျင့်စဉ်တွေက အထူးအဆန်းတွေပါလား ”

ဟု ရေရွတ်လေ၏။ ထိုအခါ အုပ်လှက ခေါင်းညိတ်၍

“ သီလရှင် ဆရာမကြီး ဒေါ်မာလာဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့ အရှေ့တိုင်းနိုင်ငံတွေ တော်တော်များများကိုရောက်ဖူးတယ်၊ သူဟာ ဟိုက ကျင့်စဉ်တွေကို နှစ်သက်ရင် သင်ယူပြီး လေ့ကျင့်လေ့ရှိတယ်၊ ဒါကြောင့် ဒါတို့ကျောင်းမှာ သူများနဲ့မတူထူးခြားတဲ့ သမာဓိကျင့်စဉ်တွေ ရှိတယ်၊ ဒါတို့ကျောင်းမှာရွတ်တဲ့ ဝတ်ရွတ်ပုံကလည်း တမူထူးခြားတယ်ကွ၊ ကျောင်းမှာရွတ်တဲ့ မမွှတေးကဗျာတွေဟာ နားထောင်လို့အင်မတန်ကောင်းတယ်၊ ဘုရားရှိခိုးတဲ့ ခန်းမမှာ စန္ဒရားတစ်လုံးရှိတယ်၊ စန္ဒရားနဲ့ မမွှတေးကဗျာတွေကို ပူဇော်လေ့ရှိတယ် ”

ဟု ပြောလေ၏။ လပြည့်သည် သီလရှင်ကျောင်း၏ ထူးခြားချက်များကို အလွန်အံ့သြနေမိ၏။ အုပ်လှကဆက်လက်၍

“ သီလရှင်ကျောင်းက သီလရှင်လေးတွေဟာ ဘာလုပ်လုပ် တရား မမွှနဲ့ လုပ်တယ်၊ သူတို့ အမှိုက်တွေ လှည်းကျင်းနေတာမြင်လို့ သွားပြီး စကားမစလိုက်နဲ့၊ မင်းရဲ့ စကားကြောင့် သူတို့အာရုံတွေ ပျက်ဆီးသွားလိမ့်မယ်၊ သူတို့အမှိုက်လှဲနေတာပဲဖြစ်ဖြစ်၊ ကြမ်းတိုက်နေတာပဲဖြစ်ဖြစ် မမွှနဲ့ ဘယ်တော့မှ ကင်းမနေဘူး၊ သူတို့ဟာ အမှိုက်လှဲနေရင် အမှိုက်ထဲမှာ အာရုံပြုထားရင် မမွှနဲ့ ကင်းပြတ်မနေဘူးလို့ယုံကြည်





ကြတယ် ”

ဟု ပြောလေ၏။ လပြည့်က အံ့သြဟန်ဖြင့်

“ သူတို့တရားကျင့်တာလဲ အထူးဆန်းပါလား ”

ဟု ရေရွတ်လေ၏။ အုပ်လှက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ အလုပ်ထဲမှာ အာရုံကို စူးစိုက်ထားရင် တရားကျင့်ကြတယ်လို့ ယူဆကြတယ် ”

ဟု ပြောလေရာ လပြည့်က

“ ဒါကြောင့် ဒီကျောင်းမှာနေတဲ့ သီလရှင်လေးတွေဟာ စကားမပြောဘဲ အလုပ်ကိုပဲ မပြီးလုပ်နေတယ်လို့ ထင်ရတာကိုး၊ သူတို့ဟာ အလုပ်လုပ်ရင်းတရားကျင့်တယ်ဆိုတော့ ကျောင်းတစ်ကျောင်းလုံး သန့်ရှင်းစင်ကြယ်ပြီး အလုပ်လဲ အမြဲပြီးနေတယ် ”

ဟု မှတ်ချက်ချလေ၏။

တစ်နေ့သ၌ လပြည့်သည် အုပ်လှနှင့်အတူ ဟင်းသီးဟင်းရွက်များကိုတင်၍ အနီးအနားမြို့ရှိ အင်္ဂလိပ်စစ်တပ်သို့ သွားရောက်ပို့ဆောင် လေ၏။

အင်္ဂလိပ်စစ်တပ်မှ စစ်သားများသည် ဟင်းသီးဟင်းရွက် တွန်းလှည်းကြီး ရောက်လာတိုင်း အုပ်လှထံမှ ငှက်ပျောသီး တောင်းကြ၏။

အုပ်လှ၏ခြံတွင် ငှက်ပျောပင်တစ်ပင်သာရှိသဖြင့် အင်္ဂလိပ်စစ်သားများအတွက် ငှက်ပျောသီး မပေးနိုင်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်သည် အင်္ဂလိပ်စစ်သားများ ငှက်ပျောသီး ကြိုက်နှစ်သက်မှုန်း ရိပ်စားမိ၍ နောက်တစ်ကြိမ် စစ်တပ်သို့ ရောက်သောအခါ အနီးအနားခြံမှ ငှက်ပျောသီးများကို ဟင်းသီးဟင်းရွက်များနှင့် လဲလှယ်၍ ယူဆောင်သွားလေ၏။

အင်္ဂလိပ်စစ်သားများသည် လပြည့်ထံမှ ငှက်ပျောသီးများကို စားရသောအခါ မြန်မာစကား မပီတပီဖြင့်

" ကျေးဇူးတင်တယ် လူကလေး "

ဟု ပြောဆိုကြလေ၏။

လပြည့်သည် အင်္ဂလိပ်စစ်သားများထံသို့ ငှက်ပျောသီးများပေးပို့ပြီး နောက်အပတ်သို့ ရောက်သောအခါ အင်္ဂလိပ်စစ်တပ်မှ တပ်ကြပ်တစ်ဦးသည် ကြက်ဖတစ်ယောက်ကိုပိုက်၍ အနီးသို့ ရောက်လာပြီး လပြည့်ကို ပေးလေ၏။

လပြည့်ကကြက်ဖတစ်ကောင်ကို ပိုက်၍အင်္ဂလိပ်စစ်တပ်မှ တပ်ကြပ်ကို အံ့ဩဟန်ဖြင့်ကြည့်လေရာ တပ်ကြပ်က လက်ဟန်ခြေဟန်ဖြင့် ကြက်ဖယူရန် ပေးလေ၏။

ထိုအခါ အနီးတွင်ရပ်နေသော ထမင်းချက်က

" မင်းကို ကြက်ဖတစ်ကောင် လက်ဆောင်ပေးတာ၊ ယူလိုက်၊ ယူလိုက်၊ ယူပြီးရင် ကျေးဇူးတင်တယ်လို့ ပြောလိုက် "

ဟုပြောလေရာ လပြည့်ကလက်ထဲသို့ ရောက်ရှိနေသော





ကြက်ဖကို လက်ခံယူ၍ တပ်ကြပ်အားကျေးဇူးတင်ကြောင်း ပြောဆိုလိုက်လေတော့၏။

လပြည့်သည် ထိုနေ့မှစ၍ ကြက်ဖကို စိုက်ပျိုးရေးခြံသို့ခေါ်ယူမွေးရလေတော့၏။

ကြက်ဖသည် မိမိဘာသာ အစာကို ရှာဖွေစားသောက်သဖြင့် လပြည့်အတွက် အလုပ်ရှုပ်ခြင်း မရှိချေ။

လပြည့်သည် ကြက်ဖကို စိုက်ခင်းအနီးတွင် အိပ်စက်ရန် နေရာပေးထားလေ၏။

ဤသို့ဖြင့် ကြက်ဖသည် သုညကျောင်းတော်အနှံ့သို့ပင် သွားလာနေတတ်လာ၏။

တစ်နေ့သ၌အုပ်လှသည် ဆံပင်ညှပ်ရန် အကြောင်းပြု၍ ဈေးသို့ထွက်ခွာသွားလေ၏။

လပြည့်မွေးထားသော ကြက်ဖသည် အစာရှာရင်း ဝါးရုံတောအစပ်သို့ရောက်ရှိသွားလေ၏။ လပြည့်သည် အုပ်လှတားမြစ်ထားသော တောအုပ်ကလေးသို့ ကြက်ဖရောက်မသွားစေရန် အထူးသတိပြုလေ၏။

ထို့သော် ထိုနေ့က စိုက်ခင်းတစ်ခုလုံး ရေဖြန်းနေစဉ် ကြက်ဖပျောက်နေ၍ သတိထားကြည့်ရှုလေရာ ကြက်ဖသည် အုပ်လှတားမြစ်ထားသော တောအုပ်ကလေးအတွင်း၌ ဝင်ရောက်သွားကြောင်း တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

လပြည့်သည် ကြက်ဖအတွက် စိုးရိမ်ပြီး သူ၏နောက်မှ ပြေးလိုက်ရန် ပြင်လေ့တော့၏။

သို့သော် တောအုပ်၏အနီးသို့ ရောက်သောအခါ ကြက်ဖ၏ အော်သံကိုကြား၍ သူနောက်ကျသွားမှန်း သိလိုက်၏။

လပြည့်သည် ကြက်ဖကို ဖမ်းဆီးရန် ကြိုးစားရင်း တားမြစ်ထားသော တောအုပ်လေးထဲသို့ဝင်မိသွားချေပြီ။

လပြည့်သည် စိတ်လှုပ်ရှားစွာဖြင့် တောအုပ်ကလေးကို ကြည့်ရှုလေရာ တောအုပ်အတွင်း၌ အလင်းရောင်မထိုးသဖြင့် မှောင်ပုပု ဖြစ်နေကြောင်း တွေ့ရလေ၏။

လပြည့်သည် ရင်ခုန်နှုန်းမြန်စွာဖြင့် ကြည့်ရှုလေရာ တောအုပ်၏ အတွင်းမှ တစ်စုံတစ်ရာ လှုပ်ရှားလာသဖြင့် ကြည့်ရှုလိုက်ရာ သေဆုံးနေသော သူ၏ကြက်ဖကိုတွေ့ရလေ၏။

လပြည့်သည် ခေါင်းတစ်ခုလုံးကြေမွပြီး သေဆုံးနေသော ကြက်ဖကိုကြည့်၍ ဒေါသပုန်ထသွားပြီး

“ ကျုပ်ရဲ့ ကြက်ဖကို ဘယ်သူသတ်တာလဲ၊ သတ္တိရှိရင် ထွက်လာစမ်း ”

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခိုက်အတန့်မှာပင် တောအတွင်းမှ တစ်စုံတစ်ဦး ထွက်လာလေ၏။





လပြည့်သည် တောတွင်းမှ ထွက်လာသူကို မြင်သောအခါ အထိတ်တလန့်ဖြင့် မျက်လုံးပြူးသွားလေ၏။

ထိုသူ၏တစ်ကိုယ်လုံးရှည်လျားသော ဆံပင်များက ဖိုသီဖတ်သီဖြစ်နေပြီး ခန္ဓာကိုယ်တစ်ခုလုံး ညစ်ပတ်ပေကျံနေကြောင်း တွေ့ရလေ၏။

လပြည့်သည် ထိုသူကို စိတ်မနှံ့သော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ရိပ်စားမိလိုက်လေ၏။

သူမသည် အသက် လေးဆယ်ပတ်ဝန်းကျင်ခန့်ရှိပြီးကိုယ်ခန္ဓာတွင် ယောဂီရောင် ထက်အောက်ဆင်တူ ဝတ်ဆင်ထားလေ၏။

လပြည့်သည် စိတ်မနှံ့သော အမျိုးသမီးကိုကြည့် ကြောင်အမ်းအမ်းဖြစ်နေစဉ် သူမက

“ နင့်ရဲ့ကြက်ဖကို ငါသတ်တယ်၊ ဘာလုပ်ချင်လဲ၊ နင့်ကြက်ဖဟာ ငါ့ရဲ့ပိုင်နက်ထဲကို ကျူးကျော်ဝင်လာတယ်၊ ဒါကြောင့် သူ့ကိုငါသတ်တယ် ”

ဟု အော်ဟစ်ပြောဆိုလေ၏။ လပြည့်သည်စိတ်မနှံ့သော မိန်းမကြီးကို ကြည့်၍ ဒေါသစိတ်များ ဝင်ရောက်လာပြီး

“ ကျုပ်ရဲ့ ကြက်ဖက ခင်ဗျားကို ဘာလုပ်လို့လဲ၊ အစာရှာရင်း မသိလို့ဝင်လာတာပဲ၊ ခင်ဗျားဟာ အတော်ရက်စက်တဲ့ မိန်းမကြီးပဲ ”

ဟု ကြိမ်းမောင်းလိုက်ရာ ထိုမိန်းမသည် လပြည့်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ တောက်ခေါက်ကာ



www.burmeseclassic.com

www.burmeseclassic.com



" သယ် ဖွိုက်သားလူရမ်းကားက ငါလို အမျိုးမြင့်မြတ်တဲ့ မင်း မျိုးမင်းနွယ်ကို ဒီလိုပြောရသလား၊ ကျွန်အစုတ်အပြတ် သေချင်တော့"

ဟု ကြုံးဝါးကာ လပြည့်၏အနီးသို့ လျှင်မြန်စွာ တိုးကပ်လာပြီး ပါးကို တဖြန်းဖြန်း ချလိုက်လေ၏။

လပြည့်သည် မိန်းမကြီး၏ မထင်မှတ်သော တိုက်ခိုက်မှုကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး ပါးကို တဖြန်းဖြန်းအချခံလိုက်ရ၏။

ထို့ကြောင့် ဒေါသအိုး ပေါက်ကွဲသွားပြီး မိန်းမကြီး၏ ကိုယ်ခန္ဓာကို ဆောင့်တွန်းရန် ကြိုးစားလိုက်၏။

သို့သော် မိန်းမကြီးက ဆောင့်တွန်းသောလက်ကို ချုပ်ကိုင်၍ လပြည့်၏ ကိုယ်ခန္ဓာကို ပခုံးနှင့်ထမ်း၍ ကိုင်ပေါက်လိုက်ရာ လပြည့်သည် မြေပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်သွားလေ၏။

လပြည့်သည် အသက်အရွယ်ကြီးရင့်နေသော မိန်းမကြီးတစ်ယောက်၏ တိုက်ခိုက်မှုကို အလူးအလဲ ခံနေရသဖြင့် မကျေမချမ်းဖြစ်ကာ ထိုင်ရာမှလူးလဲထ၍ မိန်းမကြီးကို တိုက်ခိုက်ရန် ကြိုးစားလေ၏။

သို့သော် မည်သို့ပင် တိုက်ခိုက်စေကာမူ မိန်းမကြီးကို ထိခိုက်အောင် မတိုက်ခိုက်နိုင်ဘဲ မိန်းမကြီး၏ တိုက်ခိုက်မှုကြောင့်သာ သူ့မျက်နှာတစ်ခုလုံး သွေးများ ကျဆင်းလာလေ၏။ မိန်းမကြီးသည် အရွယ်နှင့် မလိုက်အောင်ပင် သန်မာလှပြီး တိုက်ခိုက်မှုများ စနစ်ကျလှ၏။





လပြည့်သည် ထိုအခါမှပင် မိန်းမကြီးအား တိုက်ခိုက်ရေးပညာ တစ်မျိုးကို တတ်မြောက်ကြောင်းရိပ်စားမိသွားလေ၏။

မိန်းမကြီးသည် မျက်နှာတွင် သွေးချင်းချင်းနီ၍ မကျေမချမ်းဖြစ်နေသော လပြည့်ကို ကြည့်၍ တဟားဟားရယ်မောကာ

" ဟား ဟား ဟား အစုတ်အပြတ်ကောင်၊ နင်ဘာတတ်နိုင်သေးလဲ၊ နင် ငါ့ကို အရှုံးပေးပြီလား "

ဟု မေးမြန်းလေ၏။ လပြည့်သည် စိတ်မနှံ့သော မိခင်နှင့် အစ်မနှင့်အတူ နေထိုင်ခဲ့သူဖြစ်၍ စိတ်ဝေဒနာရှင်များ၏ သဘောသဘာဝကို ရိပ်စားမိ၏။

ထို့ကြောင့် မိန်းမကြီး၏မျက်နှာကို ရဲရဲဝံ့ဝံ့ကြည့်၍

" ခင်ဗျားကို ကျုပ်ဘယ်တော့မှ အရှုံးမပေးဘူး၊ ခင်ဗျားကို တိုက်ခိုက်တဲ့နေရာမှာ အနိုင်မရပေမဲ့ ဒီအပြင် အနိုင်ရမဲ့ နည်းတစ်နည်းရှိသေးတယ် "

ဟု ပြောဆိုလေရာ မိန်းမကြီးသည် စိတ်ဝင်စားသွားပြီး

" အစုတ်အပြတ်ကောင်၊ ပြောစမ်း၊ နင်ဘယ်နည်းနဲ့ ငါ့ကို အနိုင်ရမှာလဲ "

ဟု မေးမြန်းလေ၏။ လပြည့်က မိန်းမကြီး၏မျက်နှာကိုကြည့်၍ သူ၏စကားကို မပြောသေးဘဲ ရပ်တန့်ထားလေ၏။

ထိုအခါ မိန်းမကြီးသည် ပိုမို စိတ်ဝင်စားပြီး လပြည့်ကို အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ် အဖန်ဖန် မေးမြန်းလေ၏။ လပြည့်က ထိုအခါမှ

" အယုတ်တမာမကြီး၊ အရူးမကြီး၊ ဉာဏ်တုံးမကြီး၊ မိုက်ရိုင်း
မိန်းမကြီး "

စသဖြင့် အမျိုးမျိုးအဖုံဖုံသော မိန်းမကြီး မခံချင်သည့် စကား
များကို ပြောဆိုလေရာ မိန်းမကြီး၏မျက်နှာရှုံ့မဲ့သွားပြီး

" အစုတ်အပြတ်ကောင် နင်မိုက်ရိုင်းလှချည်လား၊ မိဘ
အဆုံးအမမရှိဘူးလား "

ဟု မကျေမနပ်ပြောဆိုလေ၏။ ထိုအခါ လပြည့်က တဟားဟား
ရယ်မော၍

" ဟား ဟား ဟား... ဉာဏ်တုံးမကြီး ကျုပ်ကိုနိုင်အောင်
ပြန်ပြောလေ၊ ပြန်မပြောနိုင်ရင်တော့ ခင်ဗျားရှုံးပြီ၊ ခင်ဗျားကို ကျု
အနိုင်ရ ပြီ "

ဟု ပြောဆိုလေရာ မိန်းမကြီးသည် မျက်နှာရှုံ့မဲ့၍ လပြည့်
အတန်ကြာအောင် မကျေမနပ်ကြည့်နေပြီးမှ တဟားဟားရယ်မော
" ဟား ဟား ဟား... ဟုတ်ပြီ၊ နင်မဆိုးဘူး၊ ငါ့ကို အနိုင်ရ
နည်းတစ်နည်းတော့ရှိတယ်၊ ဒါကြောင့် နင့်ကို ငါ ရန်မလုပ်တော့ဘူး
နင်သွားလိုရာ သွားနိုင်ပြီး နောက်တစ်ကြိမ် နင်ပျင်းရင် ငါ့ရဲ့နေရာ
လာလည်စမ်း၊ နင်နဲ့ငါ စကားပြောရအောင်၊ ငါ့မှာ စကားပြောဖော်မရှိ
စိတ်ညစ်နေတယ် "





ဟုဖိတ်ခေါ်လေရာ လပြည့်သည် မိန်းမကြီးနှင့် မိမိ ရင်းနှီးသွားပြီ
ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် မိန်းမကြီးကို မဝံ့မရဲကြည့်၍

" ကျုပ် နောက်တစ်ခေါက်လာရင် ခင်ဗျားကကျုပ်ကို ရိုက်နှက်
ဦးမှာလား "

ဟုမေးမြန်းလေ၏။ မိန်းမကြီးက ခေါင်းခါ၍

" ဟင့်အင်း မရိုက်ပါဘူး၊ ငါဒီမှာ တစ်ယောက်တည်း ပျင်းနေ
တာကြာပြီ၊ နင်လာလည်ရင် စိတ်ချမ်းသာမယ်၊ အပျင်းပြေမယ် "

ဟုပြောလေ၏။ လပြည့်သည် မိန်းမကြီးကို နှုတ်ဆက်၍ ပြန်ခဲ့
လေတော့၏။ ထိုမိန်းမသည် သီလရှင်ကျောင်းကြီး၏ အနောက်ရှိ
တောအုပ် တွင် အဘယ်ကြောင့် တစ်ဦးတည်း နေထိုင်သည် မသိချေ။

သီလရှင်ကျောင်းတွင် နေထိုင်သူများသည် တောအုပ်ကလေး
အတွင်းသို့ ကြောက်ရွံ့ဟန်ဖြင့် ရှောင်တိမ်းကြလေ၏။

စိတ်မနှံ့သော မိန်းမသည် သူမနေထိုင်ရာ တောအုပ်အတွင်းသို့
ညည်သူ့ကိုမျှ အဝင်မခံဘဲ တိုက်ခိုက်လွှတ်ဟန်ရှိ၏။

ထိုမိန်းမနှင့် ပတ်သက်၍ အုပ်လှကိုမေးမြန်းရန် ဆုံးဖြတ်လိုက်၏။
လပြည့်သည် အိမ်သို့ရောက်သောအခါ ရေတွင်းမှ ရေကိုခပ်၍ မျက်နှာ
တွင်ရှိသော သွေးစေးများကိုဆေးကြောလေ၏။

ထိုအခိုက်မှာပင် အနီးသို့ အုပ်လှရောက်ရှိလာပြီး လပြည့်၏



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာတွင်ရှိသော ဒဏ်ရာများကို အထိတ်တလန့်ကြည့်၍

" ဟင်... မင်းရဲ့မျက်နှာက ဒဏ်ရာတွေပါလား၊ ဘယ်သူ့ ရန်ဖြစ်လာသလဲ၊ မင်းကို ဘယ်သူ လုပ်လိုက်သလဲ "

ဟု အဓောက်တော မေးလေ၏။ လပြည့်ကသက်ပြင်းချ၍ ကျောင်းအနောက်ရှိတောအုပ်ကလေးကို လက်ညှိုးညွှန်ပြ၍

" တောအုပ်ကလေးထဲကို မမျှော်လင့်ဘဲဝါရောက်သွားတယ် "

ဟု ပြောလေရာ အုပ်လှသည် မျက်လုံးပြူးသွားပြီး

" ဟင်... ဒါကို ကိုမိန်းမကြီး ... လိုက်တာပေါ့၊ မင်း ဝါ ... ရှာ ... ရက်နဲ့ကွာ၊ ... ပြစ်လို့ တောအုပ်ကလေး ကို ဝင်သွားရတာလဲ၊ ပသေကောင်း မပျောက်ကောင်းကွာ "

ဟု အပြစ်တင်လေရာ လပြည့်က သူ၏ကြက်ဖ တောအုပ် အတွင်းသို့ ဝင်ရောက်သွားသည်မှ အစပြု၍ပြန်လည် ပြောဆိုလေ၏

လပြည့်၏ စကားကိုနားထောင်၍ အုပ်လှသည် မယုံကြည် ဟန်ဖြင့်

" ... ဒါဆိုရင် ဒိမိန်းမနဲ့ ... ခင်မင်ခဲ့ပြီပေါ့၊ ဟုတ်လား ... ပြဿနာ ... ဒိမိန်းမဟာ ဘယ်သူ ... ချလို့မရဘူး၊ သူ ... ကြီး ... ဘယ်သူကမှ ... ... လုံးကို ရန်လုပ်ပြီးတိုက်ခိုက်နေတာပဲ၊ တောအုပ်ထဲကို မျက် လည် ... ဝင်ရောက်သွားတဲ့သူဟာ သူ့ရဲ့တိုက်ခိုက်မှုကို သေ





မျောပါး ခံရလေ့ရှိတယ် "

ဟု ပြောလေ၏။ လပြည့်က သက်ပြင်းချ၍

" ငါလဲ တောအုပ်ထဲကို ရောက်ရောက်ချင်း သေလုမျောပါး ခံလိုက်ရတယ်ကွ၊ ကံကောင်းလို့ အသက်နဲ့ကိုယ် အိုးစားမကွဲတာ၊ ငါ့ မျက်နှာကို ကြည့်ပါလေကွာ "

ဟုပြောလေ၏။

အုပ်လှက လပြည့်၏ဒဏ်ရာဒဏ်ချက်များကို ကြည့်ရှု၍

" ဒါကြောင့်ပို့ မင်းကို တောအုပ်ထဲကိုမသွားပါနဲ့လို့ ငါတားခဲ့ တာမဟုတ်လား၊ နောင်ဘယ်တော့မှ တောအုပ်ထဲကို ခြေဦး မလှည့်မိစေနဲ့၊ ဒီတစ်ကြိမ်ဆိုရင် မင်း အသက်ပါသွားလိမ့်မယ် "

ဟု ပြောလေရာ လပြည့်က ခေါင်းခါ၍

" သူနဲ့ငါ မိတ်ဆွေတွေဖြစ်သွားပြီကွ၊ နောက် ငါ့ကို တိုက်ခိုက် တော့မှာ မဟုတ်ဘူး "

ဟု ပြောလေ၏။ အုပ်လှက သက်ပြင်းချ၍

" ပေါကောင် စိတ်မနှံ့တဲ့သူနဲ့ မိတ်တွေဖြစ်လို့ ရမလားကွ ... သူ့စိတ် အခန့်မသင့်ရင် မသင့်သလို ... ရန်ရှာလိမ့်မယ်၊ စိုက်ခင်းမှ အေးအေးဆေးဆေး ... တောအုပ်ထဲကို နောင်ပေ တော့မှ ခြေဦးမလှည့်ပါနဲ့၊ မင်းအတွက် စိုးရိမ်လို့ ပြောတာပါကွာ "

ဟု ပြောဆိုလေ၏။ လပြည့်သည် အုပ်လှ စိတ်ချမ်းသာစေရန်



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲသို့ မသွားရန် ခေါင်းညိတ်လိုက်လေ၏။

သို့သော် သူသည် စိတ်မနှံ့သော မိခင်နှင့် အစ်မနှင့်အတူ နေထိုင်ဖူးသဖြင့် တောအုပ်ထဲရှိ မိန်းမကြီးကို ကြောက်ရွံ့ခြင်း မရှိလှချေ။

ထို့ကြောင့် အုပ်လှ၏အလစ်တွင် တောအုပ်ထဲသို့ ခိုး၍ သွားကြည့်ရန် ဆုံးဖြတ်လိုက်၏။

ထူးဆန်းသော မိန်းမကြီးကို သူစိတ်ဝင်စားနေလေပြီ။ ထိုမိန်းမကြီးသည် တိုက်ခိုက်ရေး ပညာတစ်ရပ်ကို ပါရဂူမြောက်အောင် ကျွမ်းကျင်ပုံရ၏။

ဤမျှ ကိုယ်ခံပညာ ကျွမ်းကျင်သော မိန်းမတစ်ယောက်သည် အဘယ်ကြောင့် စိတ်မနှံ့သူတစ်ဦး ဖြစ်နေလေသည် မသိချေ။ ထိုကိစ္စ၏အဖြေကို သူမကြာမီ တွေ့ရတော့မည်ဟု ယုံကြည်မိလေ၏။

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး တာမွေ





နောက်တစ်ပတ်ခန့်ကြာသောအခါ အုပ်လှသည် မြို့ထဲသို့ ဈေးဝယ်ရန် တစ်ဦးတည်း ထွက်ခွာသွားလေ၏။ လပြည့်သည် အုပ်လှမရှိသောအခါ တောအုပ်ဘက်သို့ ခြေဦးလှည့်ခဲ့ပြန်၏။

သူသည်စပ်စုလိုစိတ်ကြောင့် တောအုပ်ထဲသို့ ခြေဦးလှည့်ခဲ့သော်လည်း၊အုပ်လှ သတိပေးသကဲ့သို့ စိတ်မနှံ့သူတစ်ဦးနှင့် မိတ်ဆွေဖြစ်ခြင်းသည် အံ့သြဖွယ်ကောင်းလှ၏။

လပြည့်သည် တောအုပ်ကလေးထဲသို့ ရှုတ်နင်း၍ ဝင်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကလေးသည် ထုံးစံအတိုင်း နေပျောက်မထိုးသဖြင့် အလင်းရောင်နည်းပါးနေ၏။

အတန်ကြာအောင် သွားလာသည်ဖြစ်ငြား စိတ်မနှံ့သော မိန်းမ၏ အရိပ်အယောင်ကို မမြင်ရချေ။ ထိုမိန်းမ အိပ်ပျော်၍ နေလေသလား မသိ။

ထိုအခိုက်မှာပင် သူ၏အနောက်ရှိ မြေကြီးများ လှုပ်ခါသွားသယောင်ထင်မြင်၍လှည့်ကြည့်လိုက်ရာ သစ်ပင်ပေါ်မှ ခုန်ချလာသော မိန်းမကို မြင်ရ၏။

ထိုမိန်းမသည် လပြည့်ကို ရုတ်တရက် မှတ်မိဟန်မတူဘဲ တိုက်ခိုက်ရန် ပြင်ဆင်နေစဉ် လပြည့်သည် အထိတ်တလန့်ဖြင့်

'' အယုတ်တမာမကြီး၊ ဉာဏ်ဟုံ့မကြီး ''

ဟု အော်ဟစ်လိုက်လေရာ ထိုမိန်းမသည် လပြည့်ကို ကောင်းစွာ မှတ်မိသွားပြီး တဟားဟားရယ်မော၍

'' အစုတ်အပြတ်ကောင် ရောက်လာပြန်ပြီကိုး၊ ကောင်းတယ် ကောင်းတယ်၊ ငါပျင်းနေတာနဲ့ အတော်ပဲ၊ နင့်ကို စားသောက်ဖွယ်ရာတွေနဲ့ ဧည့်ခံရမယ် ''

ဟု ဆိုကာ **ရမ်းချောင်းထဲမှ** ငါးများကို ဓားတစ်လက်ဖြင့် လိုက်ခုတ်လေရာ ငါးတစ်ကောင်သည် ရေထဲသို့ ပေါ်လာလေ၏။

ထို့နောက်မိန်းမသည် **ငါးကို** တံစို့ထိုး၍ ကင်လေရာ မကြာမီ





...ချိုးလာလေ၏။

လပြည့်သည် စိတ်မနှံ့သော မိန်းမ၏ နေ့စဉ် စားသောက်ပုံကို ...စားမိသွားလေ၏။

သူမသည် ငါးကင်ပြီးသောအခါ လပြည့်ကို ကမ်းပေး၍ စား...သောက်စေ၏။

လပြည့်သည် ထိုမိန်းမ ပေးအပ်သော ငါးကင်ကို စားသောက်...ရာငါးကင်သည် ထူးခြားသော အရသာရှိကြောင်း တွေ့ရလေ၏။

လပြည့်၏ ငါးကင်ကို စားသောက်နေစဉ် ကိုမိန်းမက ငှက်ပျော...း တစ်ဖီးကို သွားရောက်ယူငင်၍ကျွေးမွေးလေ၏။

လပြည့်သည်ငါးကင်နှင့် ငှက်ပျောသီးကို စားသောက်ပြီး ဗိုက်...ပြည့် သွားလေ၏။

ထို့နောက် မိန်းမကြီးနှင့် ရောက်တတ်ရာရာ စကားများကို ...ပြောလေ၏။

လပြည့်သည် မိန်းမကြီးနှင့် စကားပြောဆိုပြီး ပြန်ကာနီးသော ...ခါ လပြည့်က

'' ခင်ဗျား ဘာစားချင်သလဲ ''

ဟု မေးမြန်းလေ၏။ မိန်းမကြီးက သက်ပြင်းချ၍

'' ဟင်း ငါစားချင်တာကတော့ ပေါက်စီပဲဟေ့၊ ပေါက်စီကို ...စားရတာကြာပြီ၊ ပေါက်စီ သိပ်စားချင်တယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေတော့၏။

လပြည့်သည် မိန်းမကြီး၏ တောင့်တချက်ကြောင့် သူမကို
ဏာသက်သွားပြီး သူမလိုချင်သော ပေါက်စီကို ဝယ်ယူကျွေးမွေး
ခေါင်းညိတ်လိုက်လေ၏။

သူသည်နောက်တစ်ကြိမ် မိန်းမကြီးထံသို့ မသွားခင် မြို့လ
ခေါင်ရှိ တရုတ်ခေါက်ဆွဲဆိုင်သို့ သွားရောက်ကာ ပေါက်စီတစ်လုံး
ဝယ်ယူလေ၏။

ဘဲကင်ဝယ်ပြီးသောအခါ အုပ်လှ၏ အလစ်အငိုက်ကိုစောင့်
မိန်းမကြီးထံသို့ထွက်ခဲ့လေ၏။

အုပ်လှသည် နေ့လယ်ခင်း တရေးတမော အိပ်လေ့ရှိ
ထိုအချိန်၌ မိန်းမကြီးရှိရာသို့ ထွက်ခဲ့လေ၏။

မိန်းမကြီးသည် စမ်းချောင်းအနီးတွင်ထိုင်၍ ငါးဖမ်းရန် စောင့်
စဉ် လပြည့်ရောက်သွားလေ၏။ သူမသည် လပြည့်ကိုမြင်သော
ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်လေ၏။

“ ဟဲ့… အစုတ်အပြတ်ကောင်၊ နင်မလာလို့ ငါပျင်းနေ
ဟဲ့ ”

ဟု ပြောဆိုလေ၏။ လပြည့်က ရယ်မော၍ပေါက်စီထုပ်
မြှောက်ပြကာ

“ ခင်ဗျားအတွက် ပေါက်စီဝယ်လာခဲ့တယ် ”





ဟု ပြောလေရာ မိန်းမကြီး၏မျက်နှာဝင်းလက်သွားပြီး

“ ဟယ်… ပေါက်စီဟုတ်လား၊ ပေးစမ်း၊ ပေးစမ်း ငါစားချင်တာ
ကြာပြီ ”

ဟု ပြောဆိုကာ လပြည့်၏လက်ထဲမှ ပေါက်စီထုပ်ကို အလု
အယက် ယူငင်လေ၏။ ထို့နောက် ပေါက်စီကို အလုံးလိုက်ပင် အား
ပါးတရ စားသောက်လေ၏။ လပြည့်သည် မိန်းမကြီး၏ အားပါးတရ
စားသောက်နေဟန်ကိုကြည့်၍ ပီတိဖြစ်နေလေ၏။

မိန်းမကြီးသည် ပေါက်စီကို မည်မျှ ကြိုက်နှစ်သက်သည် မသိချေ။
တခဏအတွင်းမှာပင် ပေါက်စီကို စက္ကူပြမကျန်အောင် ဝါးစား
လိုက်လေတော့၏။

မိန်းမကြီးသည် ပေါက်စီစား၍ ဗိုက်ဝသွားသောအခါ အရေးအကြောင်းများ
များ ရှိနေသော သူ၏လက်ကို ချောင်းထဲသို့ဆင်း၍ ဆေးကြောလေ၏။

ပြီးနောက် လပြည့်အနီးတွင် ခြေပစ်လက်ပစ်ထိုင်၍

“ ဟီး ဟီး ပေါက်စီမစားရတာကြာပြီ။ ဒါကြောင့် စားလို့ကောင်း
လိုက်တာ၊ နင့်ကိုတောင် မကျွေးနိုင်တော့ဘူး ”

ဟု ပြောလေ၏။ လပြည့်က ခေါင်းခါ၍

“ ရပါတယ်၊ ကျုပ် ပေါက်စီမကြိုက်ဘူး၊ ခင်ဗျားပဲ ဝအောင်
စားပါ ”

ထိုအခါ မိန်းမကြီးက လပြည့်ကို မျက်လုံးပြူး၍ ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



'' ဟင်... နင့်က ဒီလောက်ကောင်းတဲ့ ပေါက်စီကို ဘာဖြစ်လို့ မကြိုက်ရတာလဲ၊ ပေါက်စီကိုစားရတာ အရသာရှိလိုက်တာမှ နတ်ပြည်က နတ်သုဒ္ဓါလား အောက်မေ့ရတယ်၊ ဟဲဟဲ နင်က ငါ့ကို ပေါက်စီကျွေးတော့ ငါ့ကျေးဇူးရှင်ဖြစ်သွားပြီ၊ ကျေးဇူးရှင်ကို ငါ ဘယ်လိုတုံ့ပြန်ရမလဲ ''

ဟု ပြောဆိုလေရာ လပြည့်က စမ်းချောင်းထဲမှ ရေကိုခပ်၍ မျက်နှာသစ်ပြီး

'' ဘာမှ ကျေးဇူးတုံ့ပြန်ဖို့မလိုဘူး၊ ခင်ဗျားစားချင်လို့ ကျွေးဝယ်ကျွေးတာပဲ ''

ဟု ပြောဆိုလေ၏။ မိန်းမကြီးက ခေါင်းခါယမ်း၍

'' ဟဲ့... အစုတ်အပြတ်ကောင်။ ငါက သူများကျေးဇူးကို အတင်ခံတဲ့ မိန်းမမဟုတ်ဘူး၊ မျက်နှာ သေသေချာချာကြည့်ထား ''

ဟု ပြောဆိုပြန်၏။

လပြည့်ကလည်း မိန်းမကြီးကို ကျေးဇူးမတုံ့ပြန်ရန် အတန်တန် ပြောဆိုလေ၏။ နောက်ဆုံးတွင် မိန်းမကြီးကမျက်မှောင်ကြုတ်၍

'' နင့်ကို ကျေးဇူးတုံ့ပြန်မယ်လို့သာပြောတာ ငါ့မှာ ကျေးဇူးတုံ့ပြန်စရာဘာမှ မရှိဘူး၊ ပိုက်ဆံလဲမရှိဘူး၊ အတတ်ပညာလဲ မရှိဘူး ''

ဟု ပြောလေရာလပြည့်က သက်ပြင်းချ၍

'' ဒါဆိုရင်လဲ ခင်ဗျားက ဘာနဲ့ ကျေးဇူးပြုရမှာလဲ ''





ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှပေါင်ကို ဖြန်းခနဲပုတ်ပြီး

'' ဟုတ်ပြီ၊ ကျေးဇူးတုံ့ပြန်စရာတွေ့ပြီ၊ ငါ နင့်ကို ကျေးဇူးကုံ့ပြန်သို့ရပြီ ''

ဟု ရေရွတ်လေ၏။ လပြည့်က မိန်းမကြီးကို နားမလည်ဟန်ဖြင့် ကြည့်ရှု၍

'' ဘယ်လို ကျေးဇူးကုံ့ပြန်မှာလဲ ''

ဟု မေးမြန်းလေ၏။ မိန်းမကြီးက လက်သီးဆုပ်၍ လပြည့်ဘက်သို့လှည့်ကာ

'' နင့်ကို ငါ ပညာသင်ပေးမယ်၊ နင်ငါလို့ သိုင်းပညာမတတ်ချင်ဘူးလား ''

ဟု မေးမြန်းလေ၏။ လပြည့်သည် မိန်းမကြီး၏ မထင်မှတ်သော စကားကြောင့် တွေဝေသွားလေ၏။

သူသည် မိန်းမကြီး၏ သိုင်းပညာကိုမူ လွန်စွာ အထင်ကြီးပြီး တတ်မြောက်ချင်သော ဆန္ဒရှိလေ၏။

သို့သော် စိတ်မနှံ့သော မိန်းမတစ်ယောက်က မိမိအား သိုင်းပညာကို သင်ကြားပေးနိုင်မည်လောဟု သံသယဖြစ်မိလေ၏။

မိန်းမကြီးက စိတ်အားတက်ကြွစွာဖြင့်

'' ဟဲ့အကောင်၊ နင်သိုင်းပညာ သင်မယ်မဟုတ်လား၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ ကျေနပ်ရှုမြူးပြီ ''

ဟု မေးမြန်းလေ၏။ လပြည့်က ခေါင်းညိတ်၍

'' သိုင်းပညာကိုတော့ ကျုပ်သင်ချင်တယ်၊ ဒါပေမဲ့ ခင်ဗျားက ကျုပ်ကို တကယ်သင်ပေးနိုင်ပါ့မလား ''

ဟု မေးမြန်းလေ၏။ မိန်းမကြီးက စိတ်အားတက်ကြွစွာဟန်ဖြင့်

'' ဘာလို့ မသင်နိုင်ရမှာလဲ၊ ငါ အရင်တုန်းက ငယ်ကျွန်ဟောင်းကြီးတွေကို သင်ပေးဖူးတာပဲ၊ သိုင်းပညာသင်ချင်ရင်တော့ နင်ကြိုးစားရမယ်၊ ပျင်းလို့မရဘူး၊ ဝီရိယရှိရမယ်၊ ဇွဲလဲရှိရမယ်၊ အပင်ပန်းခံပြီး လေ့ကျင့်ရမယ်၊ မလေ့ကျင့်နိုင်ရင်တော့ နင်တိုးတက်မှာ မဟုတ်ဘူး ''

ဟု ပြောလေ၏။

လပြည့်က ခေါင်းညိတ်၍

'' ခင်ဗျားတကယ် သင်ပေးရင်ကျုပ် ကြိုးစားပြီးသင်မယ်။ ယောကျ်ားပဲ၊ အပင်ပန်းခံနိုင်ပါတယ်ဗျ ''

ဟု ပြောလေ၏။ ထိုအခါ မိန်းမကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

'' ကောင်းပြီ၊ နင့်စကားနဲ့နင်ပဲ၊ ငါသင်ပေးတဲ့အချိန်မှာ နင်ကြိုးစားမသင်လို့ကတော့ နင်နဲ့ငါ ကောင်းကောင်းတွေ့ပြီမှတ်၊ ဟဲ ဟဲ... လောလောဆယ် ငါက နင့်ဆရာဖြစ်သွားပြီဆိုတော့ ဆရာကို ပူဇော်တဲ့ အနေနဲ့ မနက်ဖြန်မှာ ပေါက်စီတစ်လုံး ထပ်ကျွေးရမယ် ''





ဟုတောင်းဆိုလေရာ လပြည့်က မျက်လုံးပြူးသွားပြီး

'' ခင်ဗျားဟာ ပေါက်စီကို စားလှချည်လား၊ ဘီလူးစိတ်များ ဝင်နေသလား ''

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ မိန်းမကြီးက စိတ်ဆိုးဟန်ဖြင့် ခြေကိုဆောင့်၍

'' ဟဲ့အကောင် နင့်ကိုငါ ဆရာလုပ်ပြီး ပညာသင်ပေးနေပြီပဲ၊ ဆရာ့ကို ပူဇော်ရမှာပေါ့ ''

ဟု ပြောလေ၏။ လပြည့်သည် မိန်းမကြီးကို စကားမတုံ့ပြန်တော့ဘဲ နောက်တစ်နေ့မှ ပြန်လာခဲ့မည်ဖြစ်ကြောင်းပြောခဲ့လေ၏။

လပြည့်သည် တဲအိမ်သို့ပြန်ရောက်သောအခါ မိန်းမကြီးထံမှ သိုင်းပညာသင်မည့်အကြောင်းကို အုပ်လှအား ဖွင့်ပြောရန် စဉ်းစားမိ၏။

နေ့စဉ် သိုင်းပညာသင်ယူနေချိန်တွင် အုပ်လှမသိအောင် ခိုးထွက်ရန် ခက်ခဲလွန်းသောကြောင့် ဖြစ်၏။

လပြည့်သည် သိုင်းပညာသင်ယူမည့် အကြောင်းကို အုပ်လှအား ဖွင့်ပြောပြသောအခါ အုပ်လှသည် လွန်စွာအံ့ဩသွားပြီး

'' ဟင်... မင်းက ငါမသိအောင် စိတ်မနှံ့တဲ့ မိန်းမနဲ့ သွားတွေ့နေတယ် ဟုတ်လား၊ နောက်ပြီးတော့ ဒီမိန်းမကြီးက မင်းကို သိုင်းပညာ သင်ပေးမယ် ဟုတ်လား၊ စိတ်ဝေဒနာသည်တစ်ယောက်က မင်းကို ဘယ်လိုလုပ်ပြီး ပညာသင်မှာလဲကွာ၊ စိတ်မနှံ့တဲ့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးတဲ့ ပညာကို မင်းကလဲ သင်မယ် ဟုတ်လား၊ အံ့ပါရဲ့ကွာ၊ မင်းကိုယ်တိုင်ရော စိတ်နဲ့သေးရဲ့လား ''

ဟု မေးမြန်းလေ၏။ လပြည့်က ခရုန္နေးကြမ်းတစ်ခွက်ကို ငှဲ့သောက်၍ သက်ပြင်းချကာ

'' သူဟာ စိတ်မနှံ့တာတော့ မှန်တယ်ကွာ၊ ဒါပေမဲ့ သူ့ရဲ့သိုင်းပညာအဆင့်ကို မင်းလွဲ သိသားပဲ၊ သူ့ရဲ့ဦးနှောက်ဟာ သိုင်းပညာနဲ့ ပတ်သက်လို့တော့ ရှုပ်ထွေးမှု မရှိဘူးကွ ''

ဟု ပြောလေ၏။ ထိုအခါ အုပ်လှက ခေါင်းခါယမ်း၍

'' ဘာပဲဖြစ်ဖြစ် သူနဲ့သွားပြီးပေါင်းသင်းတာကတော့ မင်းအတွက် ဒုက္ခရောက်တော့မယ်ဆိုတာ ငါကြိုသိနေသလိုပဲ ''

ဟု ပြောလေ၏။ လပြည့်က အုပ်လှ၏ စကားကြောင့် ၎င်း၏ မျက်နှာကို ကြည့်၍

'' နေပါဦး သူ့ဘဝနောက်ကြောင်းကို မင်းငါ့ကို ပြောမပြနိုင်ဘူးလား ''

ဟု မေးမြန်းလေ၏။ အုပ်လှက ခေါင်းခါယမ်း၍

'' လောလောဆယ် သိလျှင်ဆရာကြီးရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ငါမပြောခဲ့ဘူး။ ဒီအတွက်တော့ သည်းခံပါကွာ၊ ဒါပေမဲ့ သူဟာ ကိုယ်ပိုင်ပညာနဲ့ ပတ်သက်ရင်တော့ ဘာစိတ်ကမ်းခက်တယ်ဆိုတာ ငါသိတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အဖေကြီးဟာ ရှမ်းပြည်နယ်ဘက်မှာ





အလွန်ကျော်ကြားတဲ့သိုင်းပညာရှင်ကြီးကွ၊ သူ့အဖေ သိုင်းဆရာကြီးဟာ အနယ်နယ်အရပ်ရပ်က သင်တန်းသားတွေကို ပညာသင်ပေးခဲ့ဖူးတယ်၊ ဒီမိန်းမကြီးဟာလဲ သူ့အဖေရှိကုန်းက သိုင်းပညာနဲ့ ပတ်သက်ရင် အရူးအမူးဖြစ်ဖူးတယ်၊ သူဟာ မိန်းမသားတစ်ယောက်ဖြစ်ပေမဲ့ ယောကျ်ားတွေ သင်ယူတဲ့ သိုင်းပညာကို မနားမနေ လေ့ကျင့်ခဲ့တယ်၊ သူ့အဖေ မရှိတဲ့အချိန်မှာ သူဟာ သင်တန်းရဲ့နည်းပြတစ်ယောက် ဖြစ်နေခဲ့တယ် ''

ဟု ရှင်းလင်းပြရင်း သူ၏စကားကို ရပ်တန့်လိုက်ရာ လပြည့်က ထိုင်ရာမှထ၍ အုပ်လှဘက်သို့ လှည့်ကာ

'' ဆက်မပြောလေကွာ၊ ဒီမိန်းမကြီးအကြောင်းကို ငါသိပ်သိချင်နေတယ် ''

ဟု မေးမြန်းလေ၏။ အုပ်လှက ခေါင်းခါ၍

'' တော်ပါတော့ကွာ၊ လောလောဆယ် ဒီလောက်ပဲ ငါပြောချင်တယ်ကွ၊ ငါမှာ ပြောနိုင်ခွင့် မရှိတော့ဘူး။ ဘာပဲဖြစ်ဖြစ် ဒီမိန်းမကြီးရဲ့ ဘဝတိုက်မှာ သနားကရုဏာသက်ဖွယ်ကောင်းတာတွေ အများကြီးရှိခဲ့တယ်၊ တစ်ချိန်ကျရင် မင်းသိရမှာပါကွာ၊ မင်းဟာ သိုင်းပညာကို ဝါသနာအလွန်ပါတာ ငါရိပ်မိတယ်၊ သူ့ဆီမှာပညာမာင်နဲ့ဆိုရင်လဲ ဘားလို့ရ မှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် စိတ်မနှံ့တဲ့ လူတစ်ယောက် သင်တဲ့ပညာ ကိုတော့သတိပြုပြီး သင်ယူပါကွာ၊ တော်ကြာ သိုင်းပညာ



www.burmeseclassic.com

www.burmeseclassic.com

အစစ်အမှန် မဟုတ်ဘဲ စိတ်ရူးပေါက်တာတွေ လျှောက်သင်ရင် ခက်မယ်၊ ဒါဆိုရင် မင်းဟာ သိုင်းပညာရှင် မဟုတ်ဘဲ အရူးတစ်ယောက် ဖြစ်သွားလိမ့်မယ်''

ဟု သတိပေးလေ၏။ လပြည့်ကရယ်မော၍

'' ဒါဆိုရင်လဲ ငါရူးသွားရုံပေါ့ကွာ၊ လောကမှာ အရူးတွေ များလာတဲ့အခါ လူကောင်းတစ်ယောက်လည်း ရပ်တည်လို့မရတော့ ဘူးကွ၊ အဲဒီလူကောင်းဟာ မရူးဖြစ်သရွေ့ အရူးတွေကြားမှာ အခက် တွေ့လိမ့်မယ်၊ ဒါကြောင့် အားလုံးရူးကြပြီဆိုရင်တော့ ကိုယ်လဲရူး လိုက်တာ ကောင်းမယ်ထင်တယ် ''

ဟု ပြောလေရာ အုပ်လှက သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလေတော့၏။

လပြည့်သည် မိန်းမကြီးစားသောက်ရန် ပေါက်စီတစ်လုံးကို ဝယ်ယူ၍ နောက်တစ်နေ့တွင် သူမထံသို့ ရောက်သွားလေ၏။ မိန်းမကြီး သည် လပြည့်ယူဆောင်လာသော ပေါက်စီကို ပထမနေ့မှကဲ့သို့ပင် အား ပါးတရ စားသောက်လေ၏။

ပေါက်စီစားသောက်ပြီးနောက် သူမက လပြည့်ကိုခေါ်၍

'' ဒီနေ့ကစပြီး နင့်ကိုငါ ပညာသင်ပေးမယ်၊ ငါ့ကို နင်က ဆရာ လို့ ပြောင်းခေါ်ပေတော့၊ မခေါ်ရင်တော့ ဘာပညာမှ သင်မပေးနိုင်ဘူး''

ဟု ပြောဆိုလေရာ လပြည့်က ဆရာမဟု ခေါ်ဆိုမည်ဖြစ်ကြောင်း





ကတိပြုလိုက်လေ၏။ ထိုအခါ မိန်းမကြီးက သဘောကျဟန်ဖြင့် ရယ်မောပြီး

'' ဟီးဟီး... ဆရာမလုပ်ရတာကြာပြီ၊ ငါ့ကို တပည့်ခံတဲ့ လူပေါ် လာတာ ဝမ်းသာလိုက်တာ ''

ဟု ပြောဆိုလေတော့၏။ မိန်းမကြီးသည် ထိုနေ့မှစ၍ လပြည့်ကို သိုင်းပညာ စတင်သင်ပေးလေ၏။

ထိုအခါ မိန်းမကြီးသည် စိတ်မနှံ့သူတစ်ဦးဖြစ်သော်လည်း သိုင်း ပညာသင်ပြသောအခါ အံ့ဩဖွယ်ကောင်းမလောက်အောင် စနစ်ကျန ကြောင်း တွေ့ရလေ၏။

သူမသည် လပြည့်အား ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန် ရှေးဦး စွာလေ့ကျင့်ခန်းများ ပြုလုပ်စေ၏။

လပြည့်သည် သူမသင်ကြားသော လေ့ကျင့်ခန်းများကို ပင်ပန်း ကြီးစွာ ပြုလုပ်လေ၏။ သူမသည် လပြည့်ကို မနက်နှင့်ညနေ နှစ်ချိန်ခွဲ၍ သိုင်းပညာ သင်ပေးလေ၏။

သူမ၏ သင်ကြားချက်များမှာ ပြင်းထန်လှသဖြင့် လပြည့်သည် ရံဖန်ရံခါ သူမကို စိတ်မှန်ပါရဲ့လားဟု သံသယဖြစ်မိလေ၏။

လပြည့်သည် သူမထံတွင် သိုင်းပညာ သင်ယူနေချိန်တွင် အုပ်လှ ၏ စိုက်ခင်းအလုပ်များကိုလည်း ပြတ်လပ်မှုမရှိအောင် ကြိုးစားလေ၏။

လပြည့်သည် မွေးရပ်မြေမှ ထွက်ခွာလာခဲ့ပြီးနောက် မိခင်နှင့်

www.burmeseclassic.com

အစ်မကို မေ့လျော့ထားရာမှ ရံဖန်ရံခါတွင် ၎င်းတို့ကို သတိရနေလေ၏။

၎င်းတို့သည် သူကြီးမင်း၏နေအိမ်တွင် အဆင်ပြေမှ ပြေပါ့မလား မသိဟု တွေးတောရင်း စိုးရိမ်ပူပန်မိ၏။

သူသည် ကြီးပွားချမ်းသာလိုသော ရည်ရွယ်ချက်ဖြင့် လောကကြီးထဲသို့ ဝင်ခဲ့သော်လည်းထူးဆန်းသော သီလရှင်ကျောင်းကြီး၌ သောင်တင်နေလေ၏။

မည်သို့ပင်ဖြစ်စေ သူဝါသနာပါသော သိုင်းပညာကို မိန်းမကြီးထံတွင် ပညာသင်ယူရခြင်းကို ကျေနပ်နေမိ၏။

မိန်းမကြီးထံတွင် ပညာသင်ယူရင်း တစ်လခန့်အကြာတွင် လပြည့်သည် ကျောင်းကြီး၏အနောက်ဘက်တွင် သီလရှင်ဆရာမကြီး ဒေါ်မာလာနှင့် သွားဆုံလေ၏။

ဒေါ်မာလာသည် ကျောက်တုံးကြီး ထစ်တုံးပေါ်တွင်ထိုင်၍ ထွက်သက်ဝင်သက်ကို မှတ်နေလေ၏။

လပြည့်သည် ဒေါ်မာလာကို ကြည့်၍ ရှောင်ကွင်းသွားရန် ပြင်လိုက်စဉ် ဒေါ်မာလာသည် မျက်လုံးဖွင့်ကြည့်၍

“ သုညကျောင်းတော်မှာ နေထိုင်ရတာ အဆင်ပြေရဲ့လား ”

ဟု မေးမြန်းလေ၏။ လပြည့်က အဆင်ပြေချောမွေ့သည့်အကြောင်း ပြောဆိုလေရာ ဒေါ်မာလာက လပြည့်ကို စူးစိုက်ကြည့်၍

“ မင်းတောအုပ်လေးထဲကို သွားနေတာ ငါသိတယ် ”





ဟု ပြောလေရာ လပြည့်သည် မိမိကို တားဆီးပိတ်ပင်မည်လောဟု တွေးတောကာရင်ထိတ်သွားလေ၏။ သို့သော် သီလရှင်ဆရာကြီး ဒေါ်မာလာက

“ တောအုပ်ထဲကသီရိက မင်းကို လက်ခံတာအံ့သြစရာကောင်းတယ်၊ အင်းလေ ဒါကြောင့်လဲ သုညကျောင်းတော်နဲ့ မင်းရဲ့ဆုံဆည်းမှုဟာ အဓိပ္ပါယ်တစ်ခုရှိမယ်လို့ ငါယုံကြည်ခဲ့တာပေါ့ ”

ဟုပြောလေ၏။ လပြည့်ကသီလရှင်ဆရာကြီးကိုငေးမောကြည့်၍

“ တောအုပ်ထဲက မိန်းမကြီးနာမည်က သီရိဟုတ်လား၊ သူ့အကြောင်းကို တပည့်တော် သိပ်စိတ်ဝင်စားတယ်၊ ဆရာကြီး ပြောပြနိုင်ရင် ပြောပြပါလား ”

ဟု တောင်းပန်လိုက်လေ၏။ သီလရှင် ဆရာမကြီးက ကျောက်တုံးပေါ်မှ အဝေးဆီသို့ ငေးမောကြည့်၍

“ အင်းလေ မင်းသိသင့်ပါတယ်၊ တကယ်တော့ငါ မင်းကို ပြောဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ သုညကျောင်းတော်နဲ့ ထူးခြားစွာ ဆုံဆည်းခွင့်ရတဲ့လူပဲ၊ တကယ်တော့ သီရိရဲ့ဘဝဟာ တစ်နေ့မှာ ဒီလိုတွေ့ကြုံရမယ်လို့ ဘယ်သူမှ မထင်မှတ်ဘူးလေ၊ သီရိရဲ့ ဖခင်ဟာ မိုးနဲ့ဘက်မှာ အလွန်ကျော်ကြားတဲ့ သိုင်းဆရာကြီးပေါ့၊ သီရိဟာ သိုင်းဆရာကြီးရဲ့ တစ်ဦးတည်းသော သမီးပါ၊ သီရိရဲ့ မိခင်ကတော့ သူ့ကိုမွေးပြီးတာနဲ့ လူ့လောကကြီးကို ကျောခိုင်းသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သီရိရဲ့ဖခင် သိုင်းဆရာကြီးဟာ မိတ်ဆိုးလေးဆိုပြီး သီရိကို အလွန်ချစ်တယ်၊ သီရိကလည်းငယ်စဉ်ကတည်းက သိုင်းပညာကို ဝါသနာ အလွန်ပါတယ်၊ သိုင်းလေ့ကျင့်ပြီး နေရမယ်ဆိုရင် သူ့မှာ ထမင်းမေ့ ဟင်းမေ့ ကွယ်၊ ငါကတော့ သီရိရဲ့အဒေါ်တော်တယ်၊ သီရိရဲ့ဖခင် သိုင်းဆရာကြီး ဟာ ငါ့ရဲ့အစ်ကိုအရင်းပေါ့၊ ငါဟာ ငယ်စဉ်ကတည်းက သိုင်းပညာကို သင်ယူဖူးတယ်၊ ဒါပေမဲ့ သီရိလောက်တော့ စိတ်ဝင်စားမှုမရှိဘူး၊ သီ အကြောင်း မပြောမီ ငါ့ရဲ့ဘဝနောက်ကြောင်းကို အရင်ပြောပြမှ ဖြစ် မယ်၊ ငါဟာ အတိတ်ဘဝနဲ့ ပတ်သက်ပြီး လျှို့ဝှက်ထားလေ့ရှိပါတယ် ဒါပေမဲ့ ဒီအကြောင်းတွေကိုမင်းသိသင့်တယ်ထင်လို့ ပြောပြတာပါ ''

ဟု ပြောရင်း ဒေါ်မာလာသည်သူမ၏အရှေ့တွင်ရှိသော ကြ ခြင်းလေးထဲမှ ရေနွေးအိုးကို ထုတ်၍ရေနွေးတစ်ခွက်ကို ငှဲ့သော် လေ၏။

ပြီးနောက် ဒေါ်မာလာက ဆက်လက်၍ ပြောပြလေ၏။

'' ငါ့ဘဝနောက်ကြောင်းက အလွန်ကြေကွဲစရာကောင်းပါ တယ်၊ သံဝေဂရစရာလည်းကောင်းတယ်၊ ငါ့အသက် ဆယ့်ခြောက်နှ အရွယ်မှာ ငါ့အဖေရဲ့ သင်တန်းကျောင်းကို ရွှေရောင်ဆိုတဲ့လူ တစ် ယောက်ရောက်လာတယ်၊ ရွှေရောင်ဟာ သိုင်းသင်တန်းမှာ အကြိုးစား ဆုံးတပည့်ဖြစ်လို့ ငါ့အဖေဟာ သူ့ကိုသဘောကျပြီး အရေးပေးခဲ့တယ် နောက်ဆုံးတော့ ရွှေရောင်ဟာ ငါ့ကို နည်းအမျိုးမျိုးနဲ့ ပိုးပန်းတော့တာပဲ





ရွှေရောင်ဟာရုပ်ချောသလောက် အပြောကောင်းတယ်၊ ဒါကြောင့် ရွှေရောင်ရဲ့ အပြောအဆို အမူအရာတွေမှာ သာယာသွားပြီး ငါသူ့ကို ချစ်အဖြေပေးခဲ့တယ်၊ တကယ်တော့ အဲဒီကောင်ဟာ ယုတ်မာပက်စက် တဲ့သူဆိုတာ နောက်ကျမှသိခဲ့ရတယ်၊ ငါဟာ သူ့ကို သံသယဖြစ်တာနဲ့ ငါတို့ မျိုးရိုးစဉ်ဆက်ထိန်းသိမ်းခဲ့တဲ့ မိုးမြေသစ္စာ နတ်သမီးရုပ်ကို ရှေ့မှာ ထားပြီး သူ့ကို ကတိသစ္စာ ဆိုနိုင်းခဲ့တယ် ''

ဟု ပြောလေရာ လပြည့်က စိတ်ဝင်စားဟန်ဖြင့် နားထောင် နေရာမှ

'' မိုးမြေသစ္စာ နတ်သမီးရုပ် ဟုတ်လား၊ ဒါက ဘယ်လို အဓိပ္ပါယ် လဲ ''

ဟု မေးမြန်းလေ၏။ ဒေါ်မာလာကသက်ပြင်းချ၍

'' မိုးမြေသစ္စာ နတ်သမီးရုပ်ဆိုတာ ငါတို့ မျိုးရိုးစဉ်ဆက် ထိန်း သိမ်းခဲ့တဲ့ နတ်သမီးရုပ်လေးပါ၊ နတ်သမီးရုပ်ကလေးကို ကြေးနဲ့ပြုလုပ် ထားတယ်၊ နတ်သမီးရုပ်ကလေးရဲ့ သက်တမ်းကတော့ နှစ်ပေါင်းရာနဲ့ ချီပြီပဲ၊ မိုးမြေသစ္စာနတ်သမီးရုပ်ဟာ သစ္စာတရားကို အလေးအနက် ထားတယ်၊ သစ္စာတရားနဲ့ ပတ်သက်ရင် မိုးနဲ့မြေကို အလေးအမြတ် ထားရတယ်လို့ အဓိပ္ပါယ်ရှိတယ်၊ မိုးမြေသစ္စာ နတ်သမီးရုပ်လေးရှေ့မှာ ကတိတောင်းရင် ဆုတောင်းပြည့်တယ်၊ ဒါပေမဲ့ မိုးမြေသစ္စာနတ်သမီးရုပ် ဟာ တကယ်အစွမ်းထက်တာကတော့ မဟုတ်မမှန်တာရှိရင် သူ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်တည်ပြီး ကတိသစ္စာပြုတဲ့အခါ သစ္စာပြုသူက ဖောက်ဖျက်ရင် ကျိန်ဆိုတဲ့အတိုင်း အမှန်တကယ် ဖြစ်လေ့ရှိတယ်၊ မိုးမြေသစ္စာ နတ်သမီး ရုပ်ရှေ့မှာ ကျိန်ဆိုခဲ့ပြီးရင် ကျိန်ဆိုသူဟာ သစ္စာဖောက်ဖျက်ဖို့ မကြိုးစား လိုက်နဲ့၊ ကြိုးစားရင်တော့ ဒုက္ခအကြီးအကျယ် ရောက်လိမ့်မယ်၊ အဲဒီ တုန်းက လူယုတ်မာ ရွှေရောင်ကို နတ်သမီးရုပ်ရှေ့မှာ ကတိသစ္စာကျိန် ဆိုခိုင်းတဲ့အခါ ရွှေရောင်ဟာ နတ်သမီးရုပ်ကို မယုံကြည်တဲ့အတွက် အလွယ်တကူပဲ သစ္စာကျိန်ဆိုခဲ့တယ်၊ တစ်နေ့တော့ ရွှေရောင်ဟာ ဦး အစ်ကိုကြီးရဲ့ တဲအိမ်ထဲကို ခိုးဝင်ပြီး မိုးမြေသစ္စာနတ်သမီးရုပ်ကိုခိုးယူ ထွက်ပြေးခဲ့တယ်၊ အစ်ကိုကြီးဟာ မိုးမြေသစ္စာ နတ်သမီးရုပ်ကို လုံလုံ ခြုံခြုံ သိမ်းထားခဲ့ပေမဲ့ ငါ့ရဲ့ပယောဂကြောင့် ရွှေရောင်ဟာ နတ်သမီး ရုပ်ရှိတာ သိသွားပြီး ခိုးယူသွားခဲ့တာ၊ အစ်ကိုကြီးဟာ သူ့လက်ထက် မှာ မိုးမြေသစ္စာနတ်သမီးရုပ်ကို အဆုံးရှုံးခံရတယ်ဆိုပြီး စိတ်ဆင်းရဲကိုယ် ဆင်းရဲနဲ့ သေဆုံးသွားခဲ့တယ်၊ ဒါပေမဲ့ ငါကတော့ ငါ့ရဲ့ပယောဂကြောင့် မိုးမြေသစ္စာနတ်သမီးရုပ် ပျောက်ဆုံးကြောင်းသိရတဲ့အတွက် ရွှေရောင် ကို မြန်မာပြည်အနှံ့ လိုက်ရှာခဲ့တယ်၊ ရွှေရောင်ဟာ မိုးမြေသစ္စာ နတ် သမီးရုပ်ကို ခိုးယူပြီး မန္တလေးမှာ မထင်မရှားနေထိုင်ကြောင်း သဲလွန် ရတာနဲ့ လိုက်သွားခဲ့တယ်၊ မန္တလေးကို ရောက်တော့ အလွန်အံ့သြ ကောင်းတဲ့ အဖြစ်အပျက်နဲ့ ကြုံတွေ့ခဲ့တယ်၊ ရွှေရောင်ဟာ မန္တလေးမှာ သွေးအန်တဲ့ရောဂါနဲ့ သေဆုံးနေပြီ နောက်ပြီးတော့ ရွှေရောင်မှာ မိန်း





နဲ့ သားတစ်ယောက်ရှိတယ်ဆိုတာလဲ ရင်နာနာနဲ့ သိခဲ့ရတယ်၊ တကယ် တော့ ရွှေရောင်ဟာ အစ်ကိုကြီးဆီက မိုးမြေသစ္စာ နတ်သမီးရုပ်ကို လို ချင်လို့ လိမ်ညာလှည့်ဖြားပြီး သိုင်းသင်တန်းကို ရောက်ခဲ့တာပဲ၊ သူဟာ မိန်းမရှိရက်နဲ့ ငါ့အချစ်ကို လိမ်ညာလှည့်ဖြားပြီးရယူဖို့ ကြိုးစားခဲ့တာပဲ၊ ငါဟာ ရွှေရောင်ရဲ့ လိမ်ညာ လှည့်ဖြားမှုကို ခံရတဲ့အတွက် အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရတယ် မိုးမြေသစ္စာ နတ်သမီးရုပ်ရှေ့မှာ သူဟာ ငါ့ကို လိမ်ညာလှည့်ဖြားခဲ့ရင် သွေးပွက်ပွက် အန်ပြီးသေပါစေလို့ ကျိန်ဆိုခဲ့တယ်၊ အခုတော့ သူကျိန်ဆိုတဲ့အတိုင်း အမှန်တကယ် သွေးပွက်ပွက်အန်ပြီး သေဆုံးခဲ့ပြီလေ၊ ဒါဟာ မိုးမြေ သစ္စာနတ်သမီးရုပ်ရဲ့ ထူးခြားတဲ့ စွမ်းအင်ကို ပြသလိုက်တာပဲ ''

ဟု ပြောလိုက်ရာလပြည့်သည် ဒေါ်မာလာ၏ စကားကို အလွန် စိတ်ဝင်စားနေပြီး သူမ၏စကားကိုဖြတ်၍

'' ဒါဆိုရင် ဆရာမကြီးဆီက ရွှေရောင်ဆိုတဲ့သူ ခိုးယူသွားတဲ့ မိုးမြေသစ္စာနတ်သမီးရုပ်ကို ပြန်ရလား ''

ဟုမေးမြန်းလေ၏။ ဆရာမကြီးက အဝေးဆီသို့ ငေးကြည့်နေရာ မှ ခေါင်းညိတ်၍

'' ပြန်ရတယ်၊ ရွှေရောင်ဟာ အကျင့်စာရိတ္တမကောင်းဘဲယုတ် မာ ပက်စက်တဲ့သူဖြစ်နေပေမဲ့ ရွှေရောင်မိန်းမဟာ ရိုးသားတယ်၊ သူ တစ်ပါးရဲ့ ပစ္စည်းကို လိုချင်တပ်မက်စိတ် မရှိရှာဘူး၊ သူဟာ ရွှေရောင်



www.burmeseclassic.com

www.burmeseclassic.com



ခိုးသွားတဲ့ မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ငါ့လက်ထဲ ပြန်အပ်ခဲ့တယ်၊ ဒါကြောင့် ငါဟာ မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ရင်ဝယ်ပိုက်ပြီးပြန်ခဲ့ရတယ်၊ ငါတို့ဇာတိမြို့ကို ရောက်တော့ အစ်ကိုကြီးလဲ ဆုံးပြီးဆိုတော့ သိုင်းသင်တန်းကျောင်းကို ပိတ်လိုက်ရတယ်၊ အစ်ကိုကြီး သေဆုံးပြီးတော့ အစ်ကိုကြီးရဲ့သမီးလေး သီရိဟာ မျက်စိသူငယ်နဲ့ လူ့လောကအလယ်မှာ ကျန်ရစ်ခဲ့တယ်၊ ငါဟာ သီရိကိုလက်ဆွဲပြီး မြန်မာပြည်အနှံ့ လှည့်လည်သွားလာခဲ့တယ်၊ ဒီလိုနဲ့ သီလရှင်ဆရာမကြီး တစ်ယောက်နဲ့တွေ့ပြီး ငါကိုယ်တိုင်လဲ သီလရှင်ဝတ်ခဲ့တယ်၊ ငါဟာဒုမာယာများတဲ့လောကကြီးကို ကြောက်ရွံ့နေပြီလေ၊ နောက်တော့ သီလရှင်ဆရာမကြီးနဲ့အတူ တရုတ်၊ တိဘက် စတဲ့ အိမ်နီးချင်းနိုင်ငံတွေကို ရောက်ခဲ့တယ်၊ နောက်တော့ သီလရှင်ဆရာမကြီး အိန္ဒိယမှာ သေဆုံးသွားတာနဲ့မြန်မာပြည်ကို ငါပြန်ရောက်ခဲ့ပြီး သုညကျောင်းတော်ကြီးကို ထူထောင်ခဲ့တာပဲ ''

ဟု ပြောရင်း သီလရှင်ဆရာကြီးသည် မောပန်းဟန်ဖြင့် ရေနွေးတစ်ခွက်ကို ငုံ့သောက်ပြန်၏။ ပြီးမှ ဆက်လက်၍

'' သုညကျောင်းတော်မှာတင်းကျပ်တဲ့ စည်းကမ်းတွေနဲ့ ဘာသာရေးကို အမှန်တကယ် ကြိုးပမ်းခဲ့တဲ့အတွက် တဖြည်းဖြည်း နာမည်ရပြီး ကြည်ညိုသဒ္ဓါပေါက်တဲ့ လူတွေပေါ်များလာတယ်၊ ငါဟာ အစ်ကိုကြီးရဲ့ တစ်ဦးတည်းသော သမီးလေးသီရိကို သီလရှင်ဝတ်ပေးဖို့ ကြိုး





...ခဲ့ပေမဲ့ သီရိဟာ သီလရှင်ဖြစ်ဖို့ ပါရမီ မပါခဲ့ရှာဘူး၊ ငါ့ကို အမျိုးမျိုး ...ဆန်ခဲ့တယ်၊ သူဟာ အစ်ကိုကြီးရဲ့သွေးပါလို့လားမသိဘူး၊ ကိုယ်ခံ ...ညာကို အကြီးအကျယ်ဝါသနာထုံတယ်၊ အချိန်အားရင် သိုင်းပညာကို ...ခဲ့ လေ့ကျင့်နေခဲ့တယ် ''

ဟုပြောလေရာ လပြည့်က သူမ၏စကားကို နားထောင်နေရာမှ ...င်ရောက်၍

'' ဆရာမကြီးရဲ့ကျောင်းကို အုပ်လှ ရောက်လာတဲ့အချိန်ကို ပြန်ပြောပါဦး ''

ဟု မေးမြန်းလေ၏။ ဆရာမကြီးဒေါ်မာလာက အဝေးဆီသို့ ...ဆေးမောကြည့်၍

'' အုပ်လှဟာ သနားစရာကောင်းတဲ့ ကလေးပါ၊ လွန်ခဲ့တဲ့ ဒနှစ်လောက်က သုညကျောင်းတော်ကြီးကို တည်ထောင်စအချိန်မှာ အုပ်လှကို ငါတို့ကျောင်းအနီးမှာ သူ့မိဘတွေက လာပြီးစွန့်ပစ်သွားခဲ့တယ်၊ ငါဟာ အုပ်လှကို ကရုဏာသက်တာနဲ့ ကျွေးမွေးပြုစုခဲ့တာ ဒီအသက်အရွယ်ထိတောင်ပါပဲ၊ တကယ်တော့ အုပ်လှဟာ ကျောင်းတော်ကြီးမှာ အရိုးသားဆုံး လူငယ်လေးတစ်ယောက်ပါ၊ သီရိကတော့ သီလရှင်ဝတ်ဖို့ ဘယ်လိုမှ တိုက်တွန်းလို့မရတာနဲ့ သူ့ကိုအရွယ်ရောက်အောင် သုညကျောင်းတော်မှာပဲ မွေးမြူခဲ့ရတယ်၊ သီရိအပျိုပေါက်အရွယ်ကို ရောက်တဲ့အချိန်မှာ ငါ့ရဲ့သုညကျောင်းတော်ကြီးဟာ ကြည်ညိုသဒ္ဓါပွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေအတော်များများပြားတဲ့အတွက် သီလရှင်အင်အား များပြား
တယ်၊ ဒါကြောင့် သုညကျောင်းတော်ကြီးရဲ့ အဆောက်အဦတွေ
တိုးချဲ့ရတယ်၊ ကျောင်းတော်ကြီးကို အုတ်တံတိုင်းခတ်ပြီးတော့ ကျောင်း
တော်ကြီးရဲ့လုံခြုံရေးအတွက် အစောင့်အကြပ်တွေထားဖို့လိုလာတယ်
ဒါပေမဲ့ သုညကျောင်းတော်ဟာ သီလရှင်အမျိုးသမီးတွေသာ နေ
အတွက် ကျောင်းတော်ကြီးမှာ ယောကျ်ားအစောင့်အကြပ်များများ
စားစားမထားဘဲ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ပဲထားဖို့ စီစဉ်
တယ်၊ ကျောင်းတော်ရဲ့ဝေယျာဝစ္စအလုပ်တွေကိုတော့ သီလရှင်တွေ
ခွဲဝေလုပ်ကိုင်ဖို့ကြိုးစည်ရတယ် ''

ဟုပြောရင်း သီလရှင်ဆရာမကြီးသည် မောပန်းဟန်ဖြင့် ခေတ္တ
ရပ်နားပြန်၏။ ပြီးမှ ဆက်လက်၍

'' ကျောင်းမှာတစ်ဦးတည်းသော ယောကျ်ားဖြစ်တဲ့ အုပ်ထိန်း
ကလဲ အရွယ်မရောက်သေးတော့ ယောကျ်ားအစောင့်အကြပ် တစ်
ယောက်ကတော့ ကျောင်းအတွက်အမှန်တကယ်လိုအပ်နေတယ်၊ ဒီလို
နဲ့တစ်နေ့မှာ ကျောင်းတော်ရဲ့ရှေ့မှာ ဒဏ်ရာဒဏ်ချက်များစွာနဲ့ လဲကျ
နေတဲ့ လူတစ်ယောက်ကို သီလရှင်တွေက တွေ့ရှိခဲ့တယ်၊ ဒါကြောင့်
သူ့ကို ကျောင်းထဲကို သယ်ယူပြီး ငါကိုယ်တိုင် ဆေးကုပေးခဲ့တယ်
သူ့ကိုဆေးမကုခဲ့ရင် သူ့ရဲ့ဒဏ်ရာတွေ သွေးထွက်လွန်ပြီး အသက်ဆုံးနိုင်
ရှိတယ်လေ၊ သူဟာ ဓားပြတွေရဲ့လက်ချက်နဲ့ ဒဏ်ရာတွေရလာတယ်





လို့ သိရတယ်၊ သူဟာ ဒဏ်ရာတွေပျောက်ကင်းတဲ့အခါ သီလရှင်တွေ
အားလုံးကို သူ့ရဲ့အသက်သခင်လို့သဘောထားပြီး အလွန်ကျေးဇူးတင်
ကြောင်းပြောတယ်၊ သူဟာ တစ်ကောင်ကြွက်တစ်ယောက်လို့လဲသိရ
တယ်၊ ဒါကြောင့် ကျောင်းတော်မှာ လိုအပ်နေတဲ့ ယောကျ်ားအစောင့်
အကြပ်အလုပ်ကို သူလုပ်ပါရစေလို့ တောင်းပန်တယ်၊ ငါတို့ကျောင်းက
သီလရှင်ဆရာမလေးတွေဟာ များသောအားဖြင့် ရိုးသားကြတယ်
တရားဓမ္မအလုပ်ကို လုပ်ကိုင်နေကြတဲ့အတွက် စိတ်သဘောထားနူးညံ့
သိမ်မွေ့တယ်၊ ဒီလူကို ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက်လဲ သူ့ကို သံယောဇဉ်ပြီး
ဖော်ဖွယ်နေကြတယ်၊ သူ့ကိုရိုးသားတဲ့လူတစ်ယောက်လို့လဲ ယုံကြည်ခဲ့
ကြတယ်၊ ဒါကြောင့် ကျောင်းတော်အတွက် လိုအပ်တဲ့အစောင့်အကြပ်
အလုပ်ကို သူ့ကိုပဲ တာဝန်ပေးအပ်ခဲ့တယ်၊ ဒါဟာ ငါတို့အားလုံးရဲ့ အမှားကြီး
အမှားပဲ '' ပ်ရှေ

ဟုပြောရင်း ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍ သောက်နေလိုက်
လပြည့်သည် သီလရှင်ဆရာမကြီး၏စကားများကို အလွန်စိတ်ဝင်စားစွာ
နေမိ၏။ သူမ၏အတိတ်ဘဝနောက်ကြောင်းပြန်ဇာတ်လမ်းကိုက
အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ရသည့်နှယ်
သကဲ့သို့ ခံစားရလေ၏။ သူမက ဆက်လက်၍ ခဲ့တယ်၊

'' သူ့နာမည် ယက္ခလို့ခေါ်တယ်၊ ယက္ခဟာ ကျောင်းတော်ကို ယောကျ်ား
ကို ရောက်ကာစမှာ သူ့ရဲ့အလုပ်တာဝန်တွေကို ကြိုးကြိုးစားစား လုပ်ကိုင်

www.burmeseclassic.com



ကိုင်ခဲ့တဲ့အတွက် သီလရှင်အမျှားစုက သူ့ကို နှစ်သက်နေတဲ့အတွက် ဒ်ကိစ္စကို ဒါမတားဆီးနိုင်ခဲ့ဘူး၊ နောက်တော့ ယက္ခဟာ သီလရှင် ကျောင်းမှာ တစ်ဦးတည်းသော အပျိုစင်မိန်းကလေးဖြစ်တဲ့ သီရိနဲ့ ခုင်နှီးခဲ့တယ်၊ ယက္ခဟာ ရုပ်ချောတယ်၊ အပြောကောင်းတယ်၊ မိန်း ကလေးတွေ ကျလောက်တဲ့ စကားမျိုးကိုလဲ ပြောတတ်တယ်၊ ဒါကြောင့် ီရိကို ချစ်ခွင့်ပန်တဲ့အခါ အတွေ့အကြုံမရှိရှာတဲ့ သီရိဟာ သူ့ရဲ့ ားတွေကို ယုံစားမိသွားတယ်၊ သီရိဟာ ယက္ခ သူ့ကို စွန့်ခွာသွားမှာ ်တာနဲ့ မိုးမြေသစ္စာ နတ်သမီးရုပ်ကို ဒါမသိအောင် ကျောင်းတော် ိုးယူပြီး ယက္ခကို ကျိန်ဆိုနိုင်းခဲ့တယ်၊ ယက္ခဟာ မိုးမြေသစ္စာ ာမီးရုပ်ကိုမြင်တာနဲ့ လိုချင်တပ်မက်စိတ် ဖြစ်သွားသလား မသိဘူး ရ သီရိဆိုခိုင်းတဲ့အတိုင်း သီရိကို သစ္စာဖောက်ဖျက်ပါက မြွေဆိုး ာက်တွေရဲ့ အကိုက်ခံရပါစေဆိုပြီး ကျိန်တွယ်ပြခဲ့တယ်၊ နောက် ကသီရိယုံကြည်လောက်တဲ့ အချိန်ရောက်မှ ဝါ့ရဲ့ကျောင်းတော်က ပေခိုးခန်းကို တိတ်တဆိတ်ခိုးဝင်ပြီး မိုးမြေသစ္စာနတ်သမီးရုပ်ကို နဲ့တက်ပြေးသွားခဲ့တယ်၊ အဲဒီညမှာပဲ ဘုရားရှိခိုးခန်းမှာ ပရိတ် နေစဉ် သီလရှင်မလေး သုံးယောက်ကို ရက်ရက်စက်စက် သတ်ဖြတ် သွားကြတယ် ''

သူ့ကိုပြောလေရာ လပြည့်သည် အလွန်ရက်စက်သော ယက္ခဆိုသူ ရှိတယားလေ၏။ လပြည့်က သီလရှင်ဆရာမကြီးကိုကြည့်





''မသီရိရဲ့အဖြစ်အပျက်ဟာ ဆရာမကြီးရဲ့ငယ်စဉ်ဘဝနဲ့အတော် တူတယ်နော် ''

ဟုပြောဆိုလေ၏။ သီလရှင်ဆရာမကြီးဒေါ်မာလာက ခေါင်း ညိတ်၍ အဝေးဆီသို့ ငေးကြည့်ကာ

'' ဟုတ်တယ်၊ ဒါတို့နှစ်ယောက်ရဲ့ဘဝဟာ အတော်လေးဆင် တူတယ်၊ ဒါအပျိုစင်ဘဝတုန်းကလဲ ရွှေရောင်ဆိုတဲ့လူရဲ့ လှည့်ဖြားမှုကို ခံခဲ့ရတယ်၊ ရွှေရောင်ဟာ ဝါ့ကိုလှည့်ဖြားပြီး မိုးမြေသစ္စာနတ်သမီးရုပ်ရှေ့ မှာ သွေးပွက်ပွက်အန်ပြီး သေဆုံးပါစေလို့ ကျိန်ဆိုခဲ့တယ်၊ နောက်ပြီး တော့ မိုးမြေသစ္စာနတ်သမီးရုပ်ကို ခိုးယူထွက်ပြေးခဲ့တယ်၊ နောက်ဆုံး တော့ ရွှေရောင်ဟာ သူကျိန်ဆိုခဲ့တဲ့အတိုင်း သွေးပွက်ပွက်အန်တဲ့ရောဂါ နဲ့ သေဆုံးခဲ့တယ်၊ ဝါ့တူမသီရိဟာလဲ ယက္ခဆိုတဲ့လူရဲ့လှည့်ဖြားမှုကို ခံခဲ့ရတယ်၊ ယက္ခဟာ သီရိကိုလှည့်ဖြားပြီး မိုးမြေသစ္စာနတ်သမီးရုပ်ရှေ့ မှာ မြွေဆိုးမြွေဟောက် အကိုက်ခံရပါစေဆိုပြီး ကျိန်ဆိုခဲ့တယ်၊ နောက် ပြီးတော့ မိုးမြေသစ္စာနတ်သမီးရုပ်ကို ခိုးယူထွက်ပြေးခဲ့တယ်၊ ယက္ခဟာ နောက်ဆုံးတော့ သူကျိန်ဆိုတဲ့အတိုင်း မြွေဆိုးမြွေဟောက်ရဲ့အကိုက်ခံ ရပြီး သေဆုံးမှာ အသေအချာပါပဲ၊ ဒါဟာ ရွှေရောင်သွေးပွက်ပွက်အန်ပြီး သေဆုံးတဲ့ အခါမှာ သူ့ဆီက မိုးမြေသစ္စာနတ်သမီးရုပ်ကိုပြန်ရခဲ့တယ်၊ ဒါပေမဲ့ သီရိကတော့ ယက္ခရဲ့လှည့်ဖြားမှုဒဏ်ကိုခံရပြီး သူ့ပယောဂ ကြောင့် မိုးမြေ သစ္စာနတ်သမီးရုပ် ဆုံးရှုံးခဲ့တယ်ဆိုပြီး၊ စိတ်ဓောက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်၊ တကယ်တော့ မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ပထမအကြိမ် ရွှေရောင်ခိုးယူ သွားတုန်းကလဲ ငါ့အဖေ သိုင်းဆရာကြီးဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ သေဆုံးခဲ့ရတယ်၊ ဒုတိယအကြိမ် ယက္ခက ခိုးယူသွားတော့ သီရိက စိတ်ဝေဒနာသည်ဖြစ်သွားခဲ့တယ်၊ သီရိဟာ စိတ်ဝေဒနာသည်ဘဝမှာ လူတွေကို မယုံကြည်တော့ဘူး၊ ဒါကြောင့် သူ့ဆီကို လာသမျှလူတွေကို ရန်လုပ်ပြီးနေခဲ့တယ်၊ သီရိကို နားလည်အောင် ပြောဆိုလို့တဲ့သူဆိုလို့ ငါတစ်ယောက်တည်းရှိတယ်၊ အခုတော့ သီရိကို နားလည်အောင် ပြောဆိုလို့ရတဲ့ လူတစ်ယောက် တိုးနေပါပြီ''

ဟုပြောလေရာ လပြည့်ကဒေါ်မာလာ၏မျက်နှာကိုကြည့်၍

'' အဲဒီလူက ဘယ်သူလဲ ''

ဟုမေးမြန်းလေ၏။ ဒေါ်မာလာက လပြည့်၏မျက်နှာကိုကြည့်၍

'' သူဟာ မင်းပဲ၊ သီရိဟာ မင်းနဲ့ခင်မင်ရင်းနှီးနေတာ ငါတောင် အံ့သြခဲ့တယ်၊ သီရိကို ရောဂါပျောက်အောင် မင်းရဲ့အကူအညီနဲ့ လုပ်လို့ ရနိုင်မယ်ထင်ပါတယ်၊ သီရိဟာ အရင်တုန်းက တွေ့တဲ့သူတိုင်းကို ရန်ရှာနေလို့ သူ့ကို ကျောင်းမှာမထားဝံ့ဘဲ ကျောင်းအနောက်က တောအုပ်ကလေးမှာ တစ်ကိုယ်တည်းနေထိုင်စေခဲ့တာပဲ၊ သီရိဟာ စိတ်မနှံ့ပေမဲ့ သူ့ရဲ့သိုင်းပညာဟာ အလွန်ကောင်းတဲ့အတွက် ကြောက်စရာအလွန်ကောင်းတယ်၊ သူ့လိုလူမျိုးကို နိုင်အောင်ထိန်းဖို့မလွယ်ဘူး၊ သူဟာ စိတ်မနှံ့ဘဲ တောအုပ်ကလေးမှာ တစ်ကိုယ်တည်းနေထိုင်ရတဲ့အထိ





သိုင်းပညာကို နေ့စဉ်လေ့ကျင့်နေဆဲပဲ၊ ဒါကြောင့် သီရိစိတ်ဖောက်ပြန်ရင် အန္တရာယ်အကြီးဆုံးလူတစ်ယောက်ပဲ ''

ဟုရှင်းလင်းတင်ပြရာ လပြည့်က ဒေါ်မာလာ၏မျက်နှာကို ကြည့်၍

'' တပည့်တော်ကျောင်းတော်ကို ရောက်လာစက လပြည့်ဆိုတဲ့တပည့်ဟာ သုညကျောင်းတော်ရဲ့ကောင်းမွန်တဲ့ကံကြမ္မာတွေကို ဆောင်ကျဉ်းပေးနိုင်မယ်လို့ ယုံကြည်တယ်လို့ပြောခဲ့တယ်၊ အဲဒီ အဓိပ္ပာယ်ကို ရှင်းပြပါဦး ''

ဟုမေးမြန်းလေ၏။ သီလရှင်ဆရာမကြီးဒေါ်မာလာက အဝေးဆီသို့ ငေးကြည့်နေရာမှ လပြည့်ကိုကြည့်၍

'' ဒါဟာ ထူးဆန်းတဲ့အချက်တစ်ချက်ပဲ၊ ငါဟာ လောကီပညာကို အတော်အသင့်လိုက်စားခဲ့ဖူးတယ်၊ ဒါကြောင့် လောကီပညာစွမ်းနဲ့ ကျောင်းတော်ကို ရောက်လာတာ ထူးဆန်းပြီး အတိတ်နိမိတ်ကောင်းတဲ့အိပ်မက်တွေမြင်မက်ခဲ့တယ်၊ နောက်ဆုံးတော့ ကျောင်းတော်ရဲ့ အတိတ်နိမိတ်နဲ့ပတ်သက်ပြီး ထိန်ထိန်သာနေတဲ့ လပြည့်ဝန်းကြီးကို မကြာခဏ မြင်မက်တယ်၊ လပြည့်ဝန်းကြီးရဲ့ ဖြူစင်အေးမြတဲ့ အလင်းရောင်နဲ့ ကျောင်းတော်ကြီးရဲ့နံဘေးမှာ ဝိုင်းရံနေတဲ့ တိမ်မည်းညိုတွေကို ဖယ်ရှားပေးတယ်လို့ မကြာခဏမြင်မက်တယ်၊ ဒါကြောင့် ငါ့ရင်ထဲမှာ ကျောင်းတော်ရဲ့အနာဂတ်ဟာ လပြည့်ဝန်းနဲ့ပတ်သက်လိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ခဲ့တယ်၊ မင်း ငါတို့ကျောင်းကို ရောက်လာတဲ့နေ့က လပြ
ဆိုတဲ့အမည်ကို ပြောလိုက်တာနဲ့ ဒါဟာ ထူးခြားတဲ့အတိတ်နိမိတ်
ငါယုံကြည်ခဲ့တယ်၊ ဒါကြောင့်မို့ မင်းကို အုပ်လုနဲ့အတူ ကျောင်းတော်
နေထိုင်ဖို့ ခွင့်ပြုခဲ့တာပဲ၊ မင်းနာမည်လပြည့်မဟုတ်ရင် ကျောင်းတော်
နေထိုင်ခွင့်ပြုဖို့ မဖြစ်နိုင်ပါဘူး ''

ဟုပြောလေရာ လပြည့်က သီလရှင်ဆရာမကြီးကိုကြည့်၍

'' ဒါဟာ ထူးဆန်းတဲ့တိုက်ဆိုင်မှုလဲရှိနိုင်ပါတယ်၊ ဘာဖြစ်လို့
ဆိုတော့ တပည့်တော်လို အညတြတစ်ယောက်ဟာ ကျောင်းတော်
အနာဂတ်ကို ဘယ်လိုလုပ်ပြုပြင်ပြောင်းလဲနိုင်မှာလဲ ''

ဟုပြောဆိုလေ၏။ သီလရှင်ဆရာမကြီးက သက်ပြင်းချ၍ ခေါ
ကိုခါယမ်းကာ

'' ထူးဆန်းတဲ့တိုက်ဆိုင်မှုလို့ ငါမထင်ပါဘူး၊ အခုလော
ဆယ်ပဲ၊ မင်းဟာ ကျောင်းတော်မှာ ဘယ်သူနဲ့မှ မတည့်တဲ့ သီရိနဲ့
ရင်းနှီးနေပြီလေ၊ သီရိဟာ သူ့ရဲ့သိုင်းပညာကို အလွန်မြတ်နိုးတွယ်
တယ်၊ သူဟာ ဘယ်သူ့ကိုမှ သိုင်းပညာသင်ပေးဖို့ စိတ်ကူးမရှိ
မင်းကိုတော့ သိုင်းပညာသင်ပေးတယ်ဆိုတာ အံ့ဖွယ်ဖြစ်ရပ်တစ်
ဒါကြောင့် မင်းမှာ ထူးခြားမှုတစ်ခုရှိမယ်လို့ ငါယုံကြည်တယ်၊
ကျောင်းတော်က ပျောက်ဆုံးသွားတဲ့ မိုးမြေသစ္စာနတ်သမီးရုပ်လေး
တစ်နေ့နေ့မှာ ဆောင်ကျဉ်းပေးနိုင်မယ်လို့ ငါယုံကြည်တယ်၊ မိုးမြေ





နတ်သမီးရုပ်လေးကို ပြန်ပြီးရဖို့အတွက် ငါဟာသိပ်မျှော်လင့်ထားခဲ့တယ်၊ နတ်သမီးရုပ်လေးကို ပြန်မရခဲ့ရင် ငါသေရင်တောင် အသေဖြောင့်မှာ မဟုတ်ဘူး၊ ကျောင်းတော်ကြီးမှာ တစ်ဦးတည်းသော ယောကျ်ားဖြစ်တဲ့ အုပ်လုကလဲ ဒီလိုအရည်အချင်းမျိုး မရှိဘူး၊ ငါကိုယ်တိုင်လဲ အသက်ကြီးပြီဆိုတော့ ဟိုအရင်လို မစွမ်းဆောင်နိုင်ဘူး ''

ဟုတီးတိုးပြောလေ၏။ လပြည့်သည်သီလရှင်ဆရာမကြီး၏ စကားကို နားထောင်ပြီးနောက် သူမကို ကရုဏာသက်မိလေ၏။

ဆရာမကြီးသည် ၎င်းတို့မျိုးရိုးစဉ်ဆက် ထိန်းသိမ်းထားခဲ့သော မိုးမြေသစ္စာနတ်သမီးရုပ်ကို လွန်စွာ အမလေးအမြတ်ထားပုံရ၏။

သူသည် လောကကြီးထဲသို့ ဝင်ရောက်သည့်အချိန်ကစပြီး သူတစ်ပါး၏ အခက်အခဲများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီပေးမည်ဟု ဆုံးဖြတ်ထား ခဲ့လေ၏။

သီလရှင်ဆရာမကြီးဒေါ်မာလာ၏ အခက်အခဲကို မိမိကိုယ်စွမ်းရှိသမျှ ကူညီပေးချင်လှ၏။

ထိုအပြင်မိုးမြေသစ္စာနတ်သမီးရုပ်ကလေး သည် မသီရိနှင့် ဆက်စပ်နေ၏။

မသီရိသည် မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကြောင့် ရူးသွပ်ခဲ့ရ၏။ မသီရိသည် မိမိအား ကိုယ်ခံပညာသင်ကြားပေးသောဆရာပင် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ဆရာမကြီးအေ
မာလာ၏လက်သို့ ကူညီဆောင်ကျဉ်းပေးချင်စိတ်များ ဖြစ်ပေါ်လာ၏

လပြည့်သည် သီလရှင်ဆရာမကြီးကိုကြည့်၍

" တပည့်တော်ရဲ့အစွမ်းရှိသမျှ အသုံးပြုပြီး မိုးမြေသစ္စာ နတ်
သမီးရုပ်ကလေးကို ယူဆောင်ပေးပါမယ် "

ဟုကတိပြုလိုက်လေ၏။ သီလရှင်ဆရာမကြီးသည် လပြည့်၏
စကားကြောင့် မျက်နှာဝင်းပသွားပြီး

" ဒီစကားကို ကြားရတာ စိတ်ချမ်းသာလိုက်တာ၊ မင်းဟာ
သုညကျောင်းတော်အတွက် ကောင်းမွန်တဲ့ကံကြမ္မာတွေကို ဆောင်
ကြဉ်းပေးနိုင်မယ်ဆိုတာ ငါယုံကြည်ပါတယ် "

ဟုပြောလိုက်လေတော့၏။ လပြည့်က သီလရှင်ဆရာမကြီး
ကြည့်၍

" မိုးမြေသစ္စာနတ်သမီးရုပ်ကလေးရဲ့အရွယ်နဲ့ပုံသဏ္ဌာန်
တပည့်မြင်သာအောင် ပြောပါဦး "

ဟုမေးမြန်းလေ၏။

သီလရှင်ဆရာမကြီးက သက်ပြင်းချ၍

" မိုးမြေသစ္စာနတ်သမီးရုပ်ဟာ အမြင့် ၉ လက်မလောက်ရှိ
နတ်သမီးတစ်ပါးရဲ့ကိုယ်ဟန်ပဲ၊ နတ်သမီးဟာ ညာဘက်လက်
ကောင်းကင်ကို လက်ညှိုးညွှန်ပြီး ဘယ်ဘက်လက်ကို မြေပြင်ကို လ
ညိုးထိုးပြတဲ့ သဏ္ဌာန်ရှိတယ်၊ နတ်သမီးရုပ်က ကြေးနီရောင်အဆင်းရှိ
ပြီး အရုပ်ရဲ့သက်တမ်းဟာ နှစ်ပေါင်းသုံးရာကျော်လောက်ရှိပြီလို့ ခန့်မှန်း
ရတယ် "

ဟုပြောလေ၏။ လပြည့်က သီလရှင်ဆရာမကြီး၏စကားကို သေ
ချာစွာမှတ်သား၍

" တပည့်တော်မျက်လုံးထဲမှာ မမေ့အောင် သေသေချာချာ
မှတ်သားလိုက်ပါပြီ၊ တပည့်တော်ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစား
ပြီး ရှာဖွေပေးပါ့မယ် "

ဟုကတိပြုလိုက်လေ၏။ သီလရှင်ဆရာမကြီးသည် လပြည့်ကို
ကြည်သည့်စကားမျှ မဆိုတော့ဘဲ မျက်စိကိုစုံမှိတ်၍ တစ်စုံတစ်ရာကို
ဆုတောင်းနေလေတော့၏။



ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး၊ တာမွေ





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ အုပ်လှက လပြည့်ကိုခေါ်၍ ဟင်းသီးဟင်းရွက်များကို အင်္ဂလိပ်စစ်တပ်သို့ သွားရောက်ပို့ဆောင်ရန် ပြင်ဆင်လေ၏။ ထို့နောက်တွင်မူ လပြည့်နှင့်အုပ်လှသည် ဟင်းသီးဟင်းရွက်လှည်းကြီးကိုတွန်း၍ ထွက်ခွာခဲ့လေ၏။

၎င်းတို့သည် လမ်းတစ်ဝက်သို့ရောက်သောအခါ အနောက်မှ စက်ဘီးခေါင်းလောင်းသံကြား၍ လှည်းကို နံဘေးသို့ကပ်ပေးလိုက်ရာ မိန်းမပျိုနှစ်ဦးသည် စက်ဘီးကို အလျှင်အမြန်နင်း၍ ကျော်တက်သွားလေ၏။

လပြည့်တို့သည် စက်ဘီးနှစ်စီးကိုငေးမောကြည့်ရှုနေစဉ် ၎င်းတို့လှည်း၏အနောက်မှ အရှိန်ပြင်းစွာမောင်းနှင်လာသော ရထားလုံးတစ်စီး၏ မောင်းနှင်သံကိုကြားရလေ၏။

လပြည့်တို့သည် ရထားလုံးကိုလှည့်ကြည့်သောအခါ ရထားလုံးကို အရှိန်ပြင်းစွာမောင်းနှင်လာသော လူငယ်သုံးယောက်ကို တွေ့ရလေ၏။ လူငယ်များသည် ရထားလုံး၏ခေါင်မိုးရှိ မောင်းနှင်သောနေရာတွင်ထိုင်၍ အရှိန်ပြင်းစွာ မောင်းနှင်နေခြင်းဖြစ်၏။

၎င်းတို့သည် မိန်းမပျိုနှစ်ဦး၏ စက်ဘီးနောက်သို့ လိုက်နေခြင်းဖြစ်၏။ လူငယ်သုံးယောက်အနက် မောက်မာဟန်ရှိသောလူငယ်က လပြည့်တို့၏ လက်တွန်းလှည်းကို မကျေမနပ်ကြည့်၍

'' ဟေ့ကောင်တွေ လှည်းစုတ်ကြီးကိုမြန်မြန်လမ်းဘေးကို ကပ်စမ်း ''

ဟုအော်ဟစ်လိုက်လေ၏။ လပြည့်တို့သည် လူငယ်၏မောက်မာသောစကားကြောင့် မခံချိမခံသာဖြစ်သွားသော်လည်း သည်းခံစိတ်မွေး၍ ဟင်းသီးဟင်းရွက်လှည်းကို လမ်းနဘေးသို့ တိုးကပ်ပေးလေ၏။

သို့သော် ၎င်းတို့၏လှည်းသည် ချိုင့်ဝယ်တစ်ခုအတွင်းသို့ ရောက်နေသဖြင့် အလွန်တကူ တွန်း၍မရဘဲရှိလေ၏။ ထိုအခါ လူငယ်များသည် မိန်းမပျိုများ၏ စက်ဘီးနောက်သို့လိုက်ရန် စိတ်အားထက်သန်နေသဖြင့် လွန်စွာဒေါသူပုန်ထသွားပြီး

'' ဟေ့ကောင်တွေ၊ လမ်းဖယ်ပေးစမ်း၊ ဒီကောင်တွေ နာတော့မယ် ''

ဟုအော်ဟစ်ပြောဆိုလေ၏။ လပြည့်သည် လူငယ်များကို မကျေမနပ်ကြည့်၍ ကစ်စုံတစ်ရာပြောဆိုရန် ကြံစည်သော်လည်း ပိမိ၏စိတ်ကိုချိုးနှိမ်လိုက်လေ၏။

လူငယ်များသည် ပိုက်ဆံဝါလားများ၏ သားသမီးများဖြစ်သောကြောင့် မောက်မာရိုင်းစိုင်းဟန်ရှိ၏။ အုပ်လှသည် လူငယ်များ၏ဆဲဆိုမှုကြောင့် တွန်းလှည်းကို မတွန်းတော့ဘဲ နောက်သို့လှည့်၍

'' မိုက်ရိုင်းလှချည်လားကွ၊ ဒီမှာ ချိုင့်ထဲကို လှည်းကျနေတာ မတွေ့ဘူးလား၊ ဘယ်လိုလုပ်တွန်းလို့ရမှာလဲ ''

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ မောက်မာရိုင်းစိုင်းသော





www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် ဆဲဆို၍ မြင်းရထားပေါ်မှ ခုန်ဆင်းလာပြီး အုပ်လှကို ရိုက်နှက်ရန် ပြေးလာလေ၏။

လပြည့်သည် အုပ်လှကို ရန်မူမည့်လူငယ်၏ရှေ့တွင် ကာဆီးရပ်လိုက်ပြီး

" ရန်မဖြစ်ပါနဲ့ကွာ၊ အေးအေးဆေးဆေးပြောလဲရပါတယ်၊ ထိုလှည်းချိုင့်ထဲကျနေပြီ၊ မင်းတို့ကူတွန်းပေးလိုက်ရင် အမြန်ဆုံး လမ်းပေါ်ရောက်သွားမှာပေါ့ "

ဟုတောင်းပန်လိုက်လေ၏။ သို့သော် မောက်မာရိုင်းစိုင်းသောလူငယ်သည် တောင်းပန်မရနိုင်ဘဲ

" သူတောင်းစားတွေကများ ငါတို့ကို လှည်းတွန်းခိုင်းနေတယ် မြို့ပိုင်သားကွ သေပေတော့ "

ဟုအော်ဟစ်ကာ လပြည့်ကို လက်သီးဖြင့်ထိုးလေ၏။ လပြည့်သည် အရှုးမသီရိထံတွင် ကိုယ်ခံပညာကို ပင်ပန်းကြီးစွာ သင်ယူထားသဖြင့် မြို့ပိုင်သား၏တိုက်ခိုက်မှုကို ကောင်းမွန်စွာခုခံနိုင်၏။

ထို့ကြောင့် မြို့ပိုင်သား၏လက်သီးကို ချုပ်ကိုင်၍ လိမ်ချိုးလိုက်ရာ မြို့ပိုင်သားသည် အားခနဲအော်၍ မျက်နှာရှုံ့မဲ့ပြီး သူ၏လက်ကို ပွတ်သပ်နေလေ၏။ လပြည့်သည် ၎င်းတို့လူစုကို ရန်မဖြစ်ချင်၍ အလျှော့ပေးလိုက်ခြင်းဖြစ်၏။

သို့သော် မြို့ပိုင်သားသည် အခြေအနေမှန်ကို ရိပ်စားမိခြင်းမရှိ





ဘဲ လပြည့်ကို ဆဲဆို၍ လက်သီးဖြင့်ထိုးပြန်၏။

လပြည့်သည် သည်းမခံနိုင်တော့၍ ကိုယ်ခန္ဓာယိမ်းနွဲ့၍ ရှောင်တိမ်းကာ ၎င်း၏ရင်ဝသို့ လက်သီးဖြင့် အားကုန်ထိုးလိုက်ရာ မြို့ပိုင်သားသည် အွတ်ခနဲအော်၍ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုအခါ ၎င်း၏အဖော်နှစ်ဦးသည် မြင်းရထားထံသို့ပြေးကာ ဓားစီတုတ်များကို ကိုင်၍ လပြည့်ကို ရိုက်ရန်ပြေးလာကြ၏။ လပြည့်သည် ၎င်းတို့ကို ညာတာရန်စိတ်မကူးတော့ဘဲ ဓားစီတုတ်ကိုင်သူ၏လက်ကို ခြေဖြင့်လှမ်းခတ်၍ ထိုခြေထောက်နှင့်ပင် မျက်နှာကို ဆောင့်ကန်လိုက်ရာ ထိုသူနောက်ပြန်လန်ကျလေ၏။

ကျန်သူတစ်ဦးသည် ကြောက်ကန်ကန်၍ လပြည့်ကို ဓားစီတုတ်ဖြင့် အတင်းဝင်ရိုက်လေ၏။

လပြည့်သည် နောက်သို့ တစ်လှမ်းဆုတ်၍ ရှောင်တိမ်းကာ ထိုသူ၏ဗိုက်ကို ခြေဖြင့်ဆောင့်ကန်လိုက်ရာ ထိုသူသည် အားခနဲအော်ဟစ်၍ လမ်းပေါ်သို့လဲကျကာ လူးလိမ့်နေလေ၏။

လပြည့်သည် ရန်သူသုံးယောက်လဲကျသွားသောအခါ အုပ်လှဘက်သို့လှည့်၍

" လာဟေ့ကောင်၊ ဘာကြည့်နေတာလဲ သွားကြမယ် "

ဟုပြောလေရာ အုပ်လှသည် အံ့သြဟန်ဖြင့်ကြည့်၍

" မင်းက အတော်သတ္တိရှိနေတာပဲနော်၊ ဒီကောင်သုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင်စလုံးကို မြေပေါ်မှာ လှဲသိပ်လိုက်တာ သိပ်မြန်တာပဲ ''

ဟုချီးမွမ်းလေ၏။ လပြည့်သည် သက်ပြင်းချ၍

'' မသီရိဆီမှာ ကိုယ်ခံပညာသင်တဲ့နေရာမှာတော့ သိပ်ပြီး တိကျတယ်ကွ၊ ဒါကြောင့် ငါ့ရဲ့ပညာအဆင့်အတန်းဟာ အချိန်ပိုင်းလေး အတွင်းမှာ တိုးတက်ခဲ့တာပဲ ''

ဟုပြောလေ၏။ အုပ်လှသည်တွန်းလှည်းကြီးကို လပြည့်နှင့် အတူ အားစိုက်၍တွန်းလိုက်ပြီး

'' အရှုံးမကြီးဟာ ဒီလောကအစွမ်းရှိမယ်လို့ ငါမထင်ဘူးကွာ ဒီလိုမှန်းသိရင် ငါလဲလိုက်ပြီး သိုင်းပညာသင်ပါတယ် ''

ဟုပြောလေ၏။ လပြည့်က သက်ပြင်းချ၍

'' မင်းလိုက်ပြီး သင်မယ်ဆိုရင်လဲ မသီရိက သင်ပေးမယ် မထင် ဘူး၊ နောက်ပြီးတော့ မသီရိရဲ့ကျင့်စဉ်တွေက သိပ်ပြင်းထန်တယ်၊ ဇွဲ မရှိရင် မလွယ်ဘူးကွ ''

ဟုပြောလိုက်လေတော့၏။

ထိုနေ့ညနေစောင်းသောအခါ သီလရှင်ဆရာမကြီးက အခေါ် လွှတ်၍ လပြည့် သွားရောက်ခဲ့လေ၏။

ဆရာမကြီးသည် သူမ၏ဘုရားဝတ်ပြုရာအခန်းထဲခေါ်ဆောင် ပြီး သူမ၏အိပ်မက်ကို ပြောပြလေ၏။

'' ညကမက်တဲ့အိပ်မက်ထဲက လပြည့်ဝန်းကြီးက အရှင်





အိပ်မက်တွေနဲ့မတူ ခြားနားတယ်၊ ဒီတစ်ကြိမ်အိပ်မက်ထဲက လပြည့်ဝန်း ကြီးဟာ အရင်ကထက်ပိုပြီး ပြည့်ဝန်းလာတယ်၊ အရောင်အဝါတွေကလဲ ထွန်းတောက်နေတယ်၊ ငါဟာ လပြည့်ဝန်းနဲ့ပတ်သက်တဲ့ အိပ်မက်တွေ အများကြီးမက်ဖူးပါတယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်မက်တဲ့ လပြည့်ဝန်းကြီး ကတော့ ငါ့အတွက် အမှတ်တရပါပဲ၊ ဒါဟာ ငါတို့ကျောင်းတော်အတွက် အတိတ်နိမိတ်ကောင်းတဲ့ အချိန်ကိုရောက်တော့မယ်လို့ ငါယုံကြည်နေ တယ် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် သီလရှင်ကျောင်း၏ အရှေ့ ဘက်တွင် ဆူညံစွာပြောဆိုနေသောအသံများကိုကြားရလေ၏။

'' သီလရှင်ကျောင်းက ကျွေးထားတဲ့ကောင်ကများ တပည့် တော်ရဲ့သားကို ရိုက်နှက်သွားလိုက်တာ၊ ဒီမှာကြည့်ပါဦး ဆရာလေး၊ တပည့်တော့်ရဲ့သားကိုရုပ်ပျက်ဆင်းပျက်ဖြစ်အောင်ထိုးကြိတ်သွားတာ လေ၊ ဒီကောင်ကို တပည့်တော် လုံးဝမကျေနပ်ဘူး ''

ဟူသောအသံကြောင့် သီလရှင်မကြီးဒေါ်မာလာသည် ခန်းဆီး ကို လှပ်၍ကြည့်ရှုလေရာ ကျောင်းပြင်ပတွင် တွေ့ရသောမိန်းမကြီးကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

'' မြို့ပိုင်ကတော်ဒေါ်ငွေခင်ပါလား၊ မြို့ပိုင်သားနဲ့မင်းတို့ဘယ်လို ပြဿနာဖြစ်ခဲ့လို့လဲ ''

ဟုမေးမြန်းလေ၏၊ လပြည့်က သက်ပြင်းချ၍ ဖြစ်ကြောင်းအုန်စင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြလေ၏။ သီလရှင်မကြီးက ခေါင်းညိတ်၍

" ဒီပုံအတိုင်းဆိုရင် မင်းတို့မှန်တယ်၊ မင်းတို့မှာ အပြစ်မရှိဘူး၊ ဒါပေမဲ့ မြို့ပိုင်ကတော်ဒေါ်ငွေခင်ဟာ ငါတို့ကျောင်းတော်အတွက် လိုအင်မဲ့ ကျောင်းဆောင်အသစ်တစ်လုံးကို လှူဒါန်းမဲ့သူပဲ "

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဒေါ်ငွေခင်၏အသံပြဲကြီး ထွက်ပေါ်လာ၏။

" ဒီကောင်ဟာ ကျေးဇူးတရားကို သိတတ်တဲ့ကောင်မဟုတ်ဘူး၊ တပည့်တော်တို့က ကျောင်းဆောင်အသစ်ကြီးလှူဒါန်းမဲ့အလှူရှင်တွေပါ၊ အလှူရှင်ကို ပြန်ပြီးရန်ရှာကဲ့သူဟာ ထမင်းကျွေးတဲ့လက်ကို ပြန် ကိုက်တဲ့ခွေးပါပဲ "

ဟုရင့်သီးသောစကားကို ပြောလေ၏။ လပြည့်က ခန်းဆီးကို လှပ်၍ မိန်းမကြီးကို ချောင်းကြည့်ပြီး မခံချိမခံသာ ဖြစ်သွားလေ၏။

ထိုအခါ သီလရှင်ဆရာမကြီးဒေါ်မာလာက သက်ပြင်းချ၍ တစ်ချက်တစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

" ဒေါ်ငွေခင်ဟာ ငါတို့ကျောင်းတော်အတွက် အကြီးမားဆုံး အလှူရှင်ပါ၊ ဒါပေမဲ့ မတရားမှုတစ်ခုကို အလှူတစ်ခုနဲ့မလဲနိုင်ဘူး၊ ဒါကြောင့် ဒေါ်ငွေခင်ကို ငါထွက်ပြောမယ် "

ဟုပြောလေ၏။

လပြည့်သည် သီလရှင်ကျောင်းတော်ကြီးအတွက် ကျောင်း





ဆောင်အသစ်တစ်လုံး အမှန်တကယ်လိုအပ်နေမှန်းသိ၏။ ထို့ကြောင့် ဆရာမကြီးကို ကြည့်၍လေသံတိုးတိုးဖြင့်

" ခဏနေပါဦး ဆရာမကြီးရယ်၊ တရားမှု မတရားမှုဆိုတာ ကြည့်ရှုတဲ့သူရဲ့ ရှုထောင့်နဲ့လဲ သက်ဆိုင်ပါတယ်၊ ဒါကြောင့် တပည့်တော်မှာ အကြံဉာဏ်တစ်ခုရှိပါတယ်၊ မြို့ပိုင်ကတော်ကို မပြောပါနဲ့ဦး "

ဟုတောင်းပန်လိုက်လေ၏။ လပြည့်၏စကားကြောင့် ဒေါ်မာလာက မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။ ဒေါ်မာလာက

" မင်းမှာဘာယ်လိုအကြံဉာဏ်ရှိလို့လဲ "

ဟုမေးမြန်းလေ၏။ လပြည့်က ဆရာမကြီးကိုကြည့်၍

" တပည့်တော်ကျောင်းတော်ကထွက်သွားဖို့သင့်နေတာကြာပါပြီ၊ နေ့ရှေ့ညရှေ့လုပ်နေတာနဲ့ အချိန်တွေကြာနေပြီ၊ ဒါကြောင့် တပည့်တော်ကျောင်းတော်ကြီးက စွန့်ခွာပြီးသွားတော့မယ်၊ တပည့်တော် ကျောင်းတော်ကြီးက ထွက်ခွာသွားလိုက်ရင်မြို့ပိုင်ကတော်လဲ ကျေနပ်သွားမှာပါ "

ဟုတိုးတိုးပြောလိုက်၏။ လပြည့်၏စကားကြောင့် သီလရှင်ဆရာမကြီးသည် တွေဝေသွားလေ၏။ လပြည့်က သီလရှင်ဆရာမကြီးကို ကြည့်၍

" အတိတ်နိမိတ်တွေကလဲ အချိန်အခါရောက်နေပြီဆိုတာ ပြသနေပါပြီ ဆရာမကြီးရဲ့၊ ညတုန်းက အိပ်မက်ထဲတွဲလပြည့်ဝန်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီဖြစ်ရပ်နဲ့ဆက်စပ်နေတယ်ထင်ပါတယ်၊ လပြည့်ဝန်းကြီးဟာ ထူးခြားစွာ ပြည့်ဝန်းနေတယ်ဆိုတာ ကောင်းမွန်တဲ့အတိတ်နိမိတ်တစ်ခုပါ ''

ဟုပြောလိုက်ရာ လပြည့်၏စကားကြောင့် သီလရှင်ဆရာမကြီး သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' မင်းပြောတာ ဖြစ်နိုင်တယ်၊ ထူးခြားတဲ့ အတိတ်နိမိတ်ဟာ ဒီဖြစ်ရပ်နဲ့ဆက်စပ်နေနိုင်တယ်၊ ဒါဆိုရင် သုညကျောင်းတော်က မင်း ထွက်ခွာသွားတော့မှာပေါ့ ''

ဟုမေးမြန်းလိုက်လေ၏။

လပြည်က ခေါင်းညိတ်၍

'' တပည့်တော် ထွက်ခွာဖို့သင့်တာကြာပါပြီ၊ တပည့်တော် မနက်ဖြန်မနက်ပဲ ထွက်ခွာတော့မယ်၊ မိုးမြေသစ္စာနတ်သမီးရုပ်ပွေးကို တပည့်တော် ကြိုးစားပြီးရှာဖွေပေးပါမယ် ''

ဟုကတိပြုလိုက်လေ၏။ ထိုအခါ သီလရှင်မကြီးက လိုက်ကာကို ဖွင့်၍

'' ဒါဆိုရင် မြို့ပိုင်ကတော်နဲ့သွားတွေ့ပြီး ပြဿနာကိုဖြေရှင်း လိုက်ဦးမယ်၊ မင်းနောက်ဘက်တံခါးဖွင့်ပြီးထွက်ခွာသွားပေတော့၊ မနက် ဖြန်အတွက် တစ်ခါတည်း နှုတ်ဆက်လိုက်မယ်၊ ကျောင်းကနေ လူမသိ သူမသိ ထွက်ခွာသွားပေတော့၊ မင်းအောင်မြင်လိမ့်မယ်ဆိုတာ ငါယုံ ကြည်တယ် ''





ဟုပြောလိုက်လေ၏။ လပြည့်သည် သီလရှင်ဆရာမကြီးထံမှ လာကို နှုတ်ဆက်၍ ပြန်ခဲ့လေတော့၏။

* * * * *

၆၀ ဖန်စီး၊ ဘုရားပွဲပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

လပြည့်သည် ထိုနေ့ညတွင်ပင် အုပ်လှကိုခေါ်၍ မနက်ဖြန် စောစောထ၍ ခရီးထွက်မည့်အကြောင်းပြောဆိုလေ၏။ ထိုအခါ အုပ်လှက လပြည့်ကို သက်ပြင်းချ၍ ကြည့်လိုက်ရင်း

" တစ်ချိန်ချိန်မှာ မင်းထွက်ခွာသွားမယ်ဆိုတာ ငါကြိုသိနေတယ်၊ ဒါပေမဲ့ အခုလို မြန်မြန်ဆန်ဆန်ကြီး ထွက်ခွာသွားမယ်လို့တော့ ငါဘယ်တော့မှ မထင်ခဲ့ဘူး၊ မင်းရဲ့ဆရာ မသိရိကို နှုတ်မဆက်တော့ဘူးလား "

ဟုမေးမြန်းလေ၏။ လပြည့်က ခေါင်းခါယမ်း၍





" မသိရိကို ဆရာမကြီးဒေါ်မာလာ ပြောပြလိမ့်မယ်၊ ငါသူ့ကို နှုတ်မဆက်ချင်ဘူး။ သူ့ကိုနှုတ်ဆက်ရင် စိတ်ဖောက်ပြန်မှာ စိုးရိမ်ရတယ် "

ဟုပြောလေတော့၏။

လပြည့်သည် နောက်တစ်နေ့နံနက်စောစောထ၍ ခရီးထွက်ရန် ပြင်ဆင်လေ၏။ သူသည်ကျောင်း၏အနောက်ဘက်သို့ ရောက်လျှင် အုတ်တံတိုင်းကိုကျော်တက်၍ ကျောင်းမှ လူမသိသူမသိ ထွက်ခဲ့လေ၏။

ကျောင်းနှင့်ခပ်လှမ်းလှမ်းသို့ရောက်သောအခါ ဟစ်နှစ်တိုတို နေထိုင်ခဲ့သော သုညကျောင်းတော်ကြီးကို လှမ်းဆွတ်ဟန်ဖြင့်ကြည့်ရှုနေမိ၏။

သုညကျောင်းတော်ကြီးတွင်နေထိုင်စဉ် လောကီပညာရပ်များ၏ သဲလွန်စကိုရမိ၏။ သူ၏ဆရာ မသိရိထံမှ စက်ခိုက်ရေးပညာကို သင်ယူနိုင်ခဲ့၏။

သုညကျောင်းတော်ကြီးတွင် နေထိုင်ခဲ့သော ဟစ်နှစ်တာအချိန်အတွင်း သူ၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲခဲ့၏။

လပြည့်သည်လမ်းပေါ်သို့ရောက်သောအခါ ဘတ်စ်ကားကြီးတစ်စီးကိုတားဆီး၍ ခရီးဆက်ရန်ပြင်လေ၏၊ ထိုအခါ ကားစပယ်ယာသည် အနီးသို့ရောက်လာပြီး သုညကျောင်းတော်ကြီးနှင့် ပတ်သက်သောသူကို ပိုက်ဆံမယူကြောင်းပြောဆိုလေ၏။ ဤသို့ဖြင့်လပြည့်သည် ကားကို



www.burmeseclassic.com

www.burmeseclassic.com



အခမဲ့ စီးခွင့်ရလေ၏။

ဘတ်စ်ကားကြီးသည် စည်ကားသောမြို့တစ်မြို့သို့ရောက်သော အခါ ခရီးလမ်းဆုံးသွားလေ၏။

လပြည့်သည် ကားပေါ်မှဆင်း၍ ထမင်းထုပ်တစ်ထုပ်ကို ဝယ်ယူကာ မြို့ပြင်ရှိအရိပ်ကောင်းသော ညောင်ပင်ကြီးအောက်တွင်ထိုင်၍ စားသောက်လေ၏။

စားသောက်ပြီးနောက် ညောင်ပင်ကြီးအနောက်ရှိ အရိပ်ကောင်းသောနေရာတွင် သွားရောက်၍အိပ်စက်လေ၏။ လပြည့် အိပ်စက်ရာမှနိုးလာသောအခါ ညအမှောင်ထု စိုးမိုးသောအချိန်သို့ ရောက်နေပြီး ညောင်ပင်ကြီးအောက်သို့ လူသုံးယောက် ရောက်ရှိ လာကြောင်းတွေ့ရလေ၏။ ထိုလူသုံးယောက်အနက် လွန်စွာ အသံကြီး သော လူက

" ဆရာကြီးကို ဒီနေ့မှ မကာယ်ရင်မလွယ်တော့ဘူး။ မနက်ဖြန် ဆိုရင် သဘောဆိပ်ကနေ သရက်မြို့က ထောင်ကိုပြောင်းလိမ့်မယ် "

ဟုပြောလေရာ ဆေးလိပ်မီးတရဲရဲဖွာရှိုက်နေသူက လေသံတိုးတိုးဖြင့်

" ဂါတ်တဲကို ဝင်စီးပြီး ဆရာကြီးကိုကယ်ထုတ်ရင်ရမလား "

ဟုပြောဆိုလေရာ ကျန်သူတစ်ဦးက

" ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲကွ၊ ပုလိပ်တွေက လူအင်အား





အများကြီး၊ ငါတို့သုံးယောက်မှာ ခြောက်လုံးပြူးလေးတစ်လက်ရှိတာ၊ ဘယ်လိုလုပ် ကယ်လို့ရမှာလဲ "

ဟုပြောဆိုလေ၏။ ထိုအခါ လွန်စွာအသံကြီးသောလူက

" ဟုတ်တယ်၊ ငါတို့မှာ ကယ်တင်ဖို့ လမ်းမရှိဘူး။ ဆရာကြီးလို မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို မကယ်တင်နိုင်တာ သိပ်နှမြောဖို့ ကောင်းတယ်၊ ဆရာကြီးဟာ သရက်မြို့ရောက်ရင် ကျိန်းသေ ထောင် နန်းစံရလိမ့်မယ် "

ဟုပြောဆိုလေ၏၊ ဆေးလိပ်ဖွာရှိုက်နေသူက တက်ခေါက်၍

" တောက် အဆိုးဆုံးက ဌာနအုပ်လှဖေပဲ၊ ဒီကောင်ကြီးဟာ မျိုးချစ်စိတ်လုံးဝမရှိဘူး၊ သူဟာ ဆရာကြီးကိုဖမ်းမိတာသိပ်ဝမ်းသာနေ တယ်၊ ဆရာကြီးကိုဖမ်းပြီး သူ့ရဲ့ရာထူးတက်ဖို့ကြိုးစားလိမ့်မယ် "

ဟု ပြောဆိုလေ၏။ ကျန်သူတစ်ဦးက ဒေါသဖြစ်ဟန်ဖြင့်

" အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပေါ့၊ ကိုယ့် အမျိုးသားအချင်းချင်း သစ္စာဖောက်ဖျက်ပြီး နယ်ချဲ့အစိုးရပေးတဲ့ရာထူး ကို လက်ခံတယ်ဆိုတာ အံ့ပါရဲ့ကွာ "

ဟုပြောဆိုပြန်၏။ ထိုအခါ အသံကြီးသောလူက လက်သီးဆုပ်၍

" ဌာနအုပ်လှဖေဟာ လာဘ်စားတဲ့နေရာမှာလဲ စံတင်လောက် တယ်၊ မိန်းမချော မိန်းမလှလေးတွေဆိုရင် ငွေကိုသာမက လူကိုပါယူ တယ်လို့ကြားဖူးတယ်၊ ဒါကြောင့်လဲ လာဘ်စားထားတဲ့ပိုက်ဆံတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကမ်းနားမှာ အိမ်ကြီးကိုဟီးနေအောင် ဆောက်ထားတာပေါ့ ''

ဟုပြောဆိုလိုက်လေ၏။ ထိုနောက်တွင်မှ ထိုလူသုံး
သည်ညောင်ပင်အောက်မှ အရပ်မျက်နှာအသီးသီးသို့ ထွက်သွား
လေတော့၏။

လပြည့်သည် ထိုသူများ၏စကားကိုနားထောင်၍ ၎င်းတို့
တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေသော မျိုးချစ်ပုဂ္ဂိုလ်များ
ကြောင်း ရိပ်စားမိလေ၏။ သူသည် မျိုးချစ်တော်လှန်ရေးခေါင်းဆော
ဆိုသူကိုကယ်တင်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

မျိုးချစ်ပုဂ္ဂိုလ်များကမူ ၎င်းတို့၏ဆရာကြီးဆိုသူအား ကယ်
ရန် လက်လျှော့ထားပုံရ၏။ လပြည့်သည် မိုက်ထဲတွင် ဆာလော
သဖြင့် ညောင်ပင်အောက်မှ ထွက်လိုက်၏။ ထိုအခိုက်မှာပင် သူ၏အ
သို့ လက်နှိပ်ဓာတ်မီးအလင်းရောင်များ ရောက်ရှိလာပြီး

'' ဟေ့ကောင်၊ ညောင်ပင်အောက်မှာဘယ်သူလဲ၊ လက်မြှော
လိုက်စမ်း ''

ဟူသောအသံကို ကြားရလေ၏။

သူ၏အနီးသို့ ပုလိပ်များရောက်ရှိလာပြီး ပုလိပ်များက လပြ
ကို လက်ထိတ်ခတ်၍ ဖမ်းဆီးလိုက်လေ၏။ လပြည့်က ပုလိပ်များ
မကျေမနပ်ကြည့်၍

'' ဟေ့လူတွေ ကျုပ်မှာဘာအပြစ်ရှိလို့ ဖမ်းဆီးတာလဲ ''





ဟုမေးမြန်းလေ၏။ ထိုအခါ ပုလိပ်တစ်ဦးက

'' အပြစ်ရှိတာ မရှိတာကို ဂါတ်တဲရောက်မှ ပြောပေတော့၊ ကိုယ့်လူကို မသင်္ကာမှုမဲ့ဖမ်းဆီးရတာပဲ ''

ဟုဆိုကာ လပြည့်အား ဂါတ်တဲကို ဖမ်းဆီးသွားလေ၏။ ဤသို့ဖြင့် လပြည့်သည် အပြစ်တစ်စုံတစ်ရာမရှိဘဲ ပုလိပ်များ၏ဖမ်းဆီးမှုကြောင့် ဂါတ်ထဲသို့ ပါသွားရလေတော့၏။

ပုလိပ်များသည် ဂါတ်တဲသို့ရောက်သောအခါ လပြည့်ကို စစ်ဆေးမေးမြန်းခြင်းမရှိဘဲ အချုပ်ထဲသို့ သွင်းထားလိုက်လေ၏။ လပြည့် ဂါတ်တဲသို့ရောက်ပြီး ခဏအကြာတွင် အချုပ်ခန်းထဲသို့ အမှုသမားနှစ်ယောက်ကို ခေါ်ဆောင်လာလေ၏။

အမှုသမားနှစ်ဦးသည် ပုလိပ်များ တွန်းထိုးခေါ်ဆောင်လာသည့်ကြားမှ စကားများရန်ဖြစ်နေကြ လေ၏။ အမှုသမားတစ်ဦးက

'' ဟေ့ကောင် မင်းကိုငါက အရက်တိုက်တယ်၊ အမြည်းတွေလဲ အများကြီးကျွေးတယ်၊ ဒါကိုတောင် မင်းက ငါ့ယောက္ခမကြီးရဲ့အပြစ်တွေကို ဆီလိုအပေါက်ရှာပြီး ပြောရသလားကွ ''

ဟုပြောလေရာ ကျန်သောအမှုသမားက လက်သီးဆုပ်၍

'' ဟေ့ကောင် ယောက္ခမမှန်ရင် ဘယ်သူ့ယောက္ခမမှ မကောင်းဘူးကွ၊ သမက်ရဲ့အပြစ်တွေကို ချစ်တီးခေါင်းမှာ သန်းရှာသလိုရှာပြီး ပုံကြီးချဲ့နေကြတာပဲ၊ သမက်ဘယ်လောက်တော်တော် ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အပြစ်တွေ မြင်နေဦးမှာပဲ ငါဟာ ယောက္ခမ မုန်းတီးရေးအသင်း ကြီးရဲ့ ဥက္ကဋ္ဌကွ၊ မင်းဘာအောက်မေ့လို့လဲ ''

ဟုပြောလေရာ အမူးသမားတစ်ယောက်က မကျေမနပ်ကြီး သက်သီးဆုပ်၍

'' ဟေ့ကောင် မင်းဘာသာ ယောက္ခမ မုန်းတီးရေးဥက္ကဋ္ဌလုပ် နေ၊ ငါကတော့ ယောက္ခမကို ချစ်တယ်၊ ကမ္ဘာပေါ်မှာ ငါ့ယောက္ခမလော ဘယ်သူ့ယောက္ခမနဲ့မှ မတူဘူး၊ ဘုရားနဲ့တရားနဲ့နေတယ်၊ နေ့စဉ် မနက် စောစောထပြီး ဘုရားရှိခိုးတယ်၊ သတ္တဝါတွေကို မေတ္တာပို့တယ်၊ ညဘက် ဆိုရင်လဲ ပရိတ်ရွတ်တယ်၊ ပရိတ်ပွဲမှန်ရင် ငါ့ယောက္ခမကြီးက ရှေ့ဆုံး တက်တက်ကြွကြွ ပါဝင်တယ်၊ ဘာအောက်မေ့လို့လဲ ''

ဟုပြောဆိုလေ၏။ ထိုအခါ ကျန်သောအမူးသမားတစ်ယောက် က တဟားဟားရယ်မော၍

'' ဟားဟားဟား မင်းဟာ သနားစရာကောင်းတဲ့ သတ္တဝါပါ လား၊ ယောက္ခမ ပါးမဝသေးတဲ့ကောင်၊ ဒါဆိုရင် မင်းယောက္ခမကြီးဟာ ငါ့ယောက္ခမထက်ပိုပြီး ကြောက်ဖို့ကောင်းမှာသေချာတယ်၊ ဒါတွေဟာ မင်းအကောင်ကြီးအောင် ဟန်ဆောင်ပြီးလုပ်ပြနေတာကွ၊ သူတော် ကောင်းဟန်ဆောင်ပြီးမင်းကို ပညာအမျိုးမျိုးပေးတော့မှာ သေချာတယ် မင်းဟာ မကြာမီအချိန်အတွင်းမှာ ယောက္ခမရဲ့နဖားကြိုးထိုးတာခံရပြီး ထားရာနေ စေရာသွားတဲ့နွားကြီးတစ်ကောင်ဖြစ်မှာ မြင်ယောင်သေး





ဘယ်ကွာ ''

ဟုပြောဆိုလေရာ ကျန်အမူးသမားသည် မခံချိမခံသာဟန်ဖြင့် မျက်နှာကြီးနီရဲလာပြီး

'' ဟေ့ကောင် မင်းဆိပ်လွန်နေပြီ၊ ငါ့ကို မစော်ကားနဲ့၊ ဘာ အောက်မေ့လို့လဲ၊ သာဒင်တဲ့ကွ ''

ဟုကြွေးကြော်ပြီး ယောက္ခမမုန်းတီးရေးဝါဒသမားကို တိုက်ခိုက် ရန် ပြင်ဆင်လေ၏။

ထိုအခါ အချုပ်ခန်းထဲတွင်ရောက်ရှိနေသော မျိုးချစ်ခေါင်းဆောင် ဆရာကြီးက ၎င်းတို့ကိုကြည့်၍

'' မောင်ရင်တို့ ရန်မဖြစ်ကြပါနဲ့ကွာ၊ ကိုယ့်အမျိုးသားအချင်း ချင်း ဒီအချိန်မှာ စည်းရုံးရမဲ့အချိန်ကွ ''

ဟုပြောဆိုလေ၏။ အရက်သမားတစ်ဦးက

'' ဒီမှာဆရာကြီး ကျုပ်ကဲတော့ ဘယ်အမျိုးသားနဲ့မှ မစည်းရုံး ချင်ဘူး၊ ဘယ်သူ့ကိုမှ မချစ်ဘူး၊ ယောက္ခမကိုလဲ မချစ်ဘူး၊ ကမ္ဘာပေါ်မှာ ကျုပ်အချစ်ဆုံးက အရက်ပဲ ''

ဟုပြောဆိုလေ၏။ ထိုအခါ ၎င်းတို့အခန်းဝသို့ ပုလိပ်တစ်ဦး ရောက်ရှိလာပြီး

'' ဟေ့ကောင်တွေ ဆူညံနေတာပဲ၊ မင်းတို့ပါးစပ်တွေ ပိတ်ထား စမ်း၊ နံပါတ်တုတ်စာ မိချင်လို့လား ''



www.burmeseclassic.com

www.burmeseclassic.com



ဟု[illegible]သောအခါမှပင် အရက်သမားနှစ်ယောက်သည် [illegible]သို့သွားကာ အိပ်စက်ကြလေ၏။

လပြည့်သည် အရက်သမားနှစ်ယောက် အိပ်ပျော်သွားသော [illegible] မျိုးချစ်ခေါင်းဆောင်ဆရာကြီးကို ကြည်ညိုလေးစားဟန်ဖြင့် ကြည့်၍

" ဆရာကြီးက ကိုယ့်အမျိုးသားအချင်းချင်းစည်းရုံးရမဲ့အချိန် လို့ ပြောတယ်၊ ကျုပ်တို့အမျိုးသားတွေစည်းလုံးညီညွတ်မှုမရှိရင် ဘယ် လိုဖြစ်နိုင်သလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ မျိုးချစ်ခေါင်းဆောင်ဆရာကြီးက သက်ပြင်းချ၍

" စည်းလုံးညီညွတ်မှုက အကောင်းဆုံးအားတစ်ခုပဲကွ၊ ကိုယ့် အမျိုးသားအချင်းချင်း စည်းလုံးမှုမရှိရင်သူ့ကျွန်ဘဝက ဘယ်တော့မှ လွတ်မြောက်မှာမဟုတ်ဘူး၊ နယ်ချဲ့အစိုးရက ငါတို့အမျိုးသားတွေကို အမျိုးမျိုးဖိနှိပ်ညှင်းပန်းနေတာ၊ မင်းတို့အမြင်ပဲလေ၊ ပြည်သူတွေဟာ နယ်ချဲ့လက်အောက်မှာ ဇော်မွတ်ဆင်းရဲနေကြတယ်၊ တိုင်းပြည်အကျိုး အတွက်ကိုယ်ကျိုးစွန့်တဲ့သူတွေကိုလဲ နယ်ချဲ့အစိုးရက မတရားဥပဒေ တွေ အမျိုးမျိုးထုတ်ပြီး ဖမ်းဆီးနေတယ်၊ ဘာပဲဖြစ်ဖြစ် ဖိနှိပ်ချုပ်ချယ်တဲ့ နယ်ချဲ့အစိုးရလက်အောက်က လွတ်မြောက်ဖို့အတွက် ငါတို့ကြိုးစားရုန်း ကန်ရမှာပဲ၊ အနစ်နာခံရမှာပဲ "

ဓတော္နာတဝေ



ဟုပြောလေ၏။ လပြည့်သည် မျိုးချစ်ခေါင်းဆောင်ကြီး၏စကား [illegible] စိတ်ဝင်စားစွာနားထောင်၍

" နယ်ချဲ့အစိုးရမှာ လက်နက်အင်အားတောင့်တင်းတယ်၊ မျိုး ချစ်ပုဂ္ဂိုလ်တွေကိုလဲ ရက်ရက်စက်စက် နှိမ်နင်းတယ်၊ နယ်ချဲ့အစိုးရကို တွန်းလှန်ဖို့ဆိုတာ လက်နက်မဲ့ပြည်သူတွေနဲ့ ဖြစ်နိုင်ပါ့မလား "

ဟုပြောလေ၏။ လပြည့်၏စကားကြောင့် မျိုးချစ်ခေါင်းဆောင် ကြီးက လက်သီးဆုပ်၍

" နယ်ချဲ့ကို တွန်းလှန်ဖို့ဆိုတာ လက်နက်ရှိမှမဟုတ်ဘူး၊ နယ် ချဲ့အစိုးရဟာဘယ်လောက်ပဲ လက်နက်အင်အားသာလွန်ပါစေ၊ ငါတို့ ပြည်သူတွေရဲ့ ရင်ထဲမှာ တိုင်းပြည်လွတ်မြောက်ရေးအပေါ် လေးလေး နက်နက်ရှိဖို့လိုတယ်၊ အဓိကကတော့ ပြည်သူတွေအားလုံး အသိစိတ် ထဲမှာ နယ်ချဲ့အစိုးရကို ဖြုတ်ချရမယ်ဆိုတဲ့စိတ်အမြဲရှိနေဖို့လိုတယ်၊ စည်း လုံးညီညွတ်နေဖို့လိုတယ်၊ အနစ်နာခံဖို့လိုတယ်၊ ဒါကြောင့် နယ်ချဲ့ကို တွန်းလှန်ဖို့ ငါတို့ခေါင်းဆောင်တွေ အနစ်နာခံနေရတာပဲ၊ ပြည်သူတွေ ကလဲ တိုင်းပြည်လွတ်လပ်ရေးမရမီမှာ အနစ်နာခံဖို့လိုတယ်၊ အနာခံမှ အသာစံရမယ်ဆိုတဲ့ စကားရှိတယ်လေ "

ဟုပြောလေရာ မျိုးချစ်ပုဂ္ဂိုလ်ကြီး၏စကားကို အလွန်နှစ်သက် သွားလေ၏။ ထိုအခိုက်မှာပင် ပုလိပ်သားနှစ်ဦးက မျိုးချစ်ပုဂ္ဂိုလ်ကြီးနှင့် လပြည့်အား အချုပ်တွင်းမှခေါ်ထုတ်သွားလေ၏။

ဓတော္နာတဝေ

www.burmeseclassic.com

www.burmeseclassic.com



လပြည့်တို့သည် ဌာနချုပ်၏ရုံးခန်းသို့ရောက်သောအခါ ဌာနအုပ်သည် အရက်သောက်ထားဟန်ဖြင့် မျက်နှာတစ်ခုလုံးနီမြန်းနေပြီး အာသေးလျှာလေးဖြင့်

" ဒီမှာ ဦးမြတ်လှ၊ ခင်ဗျားကို သဘော်နဲ့သရက်ထောင်ကို ခေါ်သွားလိမ့်မယ်၊ ဒါကြောင့် လမ်းခရီးမှာ လိုအပ်တာတွေရှိရင်ပြောပါ"

ဟုပြောလေရာ ဦးမြတ်လှက လက်သီးဆုပ်၍

" မင်းဘာမှ ငါ့ကိုအပိုတွေ မေးမြန်းမနေနဲ့၊ ငါဘာမှမလိုဘူး။ တိုင်းပြည်အတွက် ငါ့အသက်ကိုတောင် စွန့်လွှတ်ဖို့ ပြင်ဆင်ထားပြီးသားပဲ၊ ထောင်ကျတာလောက်တော့ အပျော့ပေါ့၊ ငါရင်နာတာတစ်ခုကတော့ မင်းတို့လို နယ်ချဲ့အလိုတော်ရိတွေရှိနေသရွေ့ တိုင်းပြည်လွတ်မြောက်ရေးမှာ ခက်ခဲနေမှာပဲ "

ဟုပြောလေ၏။ ဌာနအုပ်က ဦးမြတ်လှ၏စကားကြောင့် တဟားဟားရယ်မောလိုက်ပြီး

" ဟားဟားဟား ခင်ဗျားတို့ဟာ မြင့်မိုရ်တောင်ကို ဆီးစေ့နဲ့ပစ်ချင်တဲ့သူတွေပဲ၊ ကျုပ်ကတော့ အလိုတော်ရိမကလို့ ဘာပဲဖြစ်ဖြစ် ကိုယ် ကောင်းစားဖို့ပဲ အရေးကြီးတယ်၊ လောကမှာ ငါကောင်းစားဖို့ကလွဲရင် ဘယ်ဟာ အရေးကြီးဆုံးဖြစ်မှာလဲ၊ လူဆိုတဲ့သတ္တဝါဟာ အတ္တအကြီးဆုံး ငါစွဲအကြီးဆုံးဆိုတာ တရားတော်တွေထဲမှာ မတွေ့ဖူးဘူးလား။ ဟဲဟဲ ခင်ဗျားတို့လို အမှန်ကိုမမြင်နိုင်တဲ့သူတွေကြောင့် ခက်တယ်





ရှာ "

ဟုပြစ်တင်လိုက်လေ၏။ ထို့နောက် ဌာနအုပ်က လပြည့်ဘက်သို့ကြည့်၍

" ဒီမှာဟေ့ကောင်၊ မင်းကို မသင်္ကာမှုနဲ့ဖမ်းထားတယ်၊ မသင်္ကာ မှုဆိုတာ ပုဒ်မကို ကြီးသထက်ကြီးအောင် ချဲ့ကားလို့ရတယ်၊ တစ်ပြိုင်တည်း ထောင်နန်းမစံချင်ရင်တော့ ငါ့ကို နည်းနည်းပါးပါး ကန်တော့ဖို့ ကြိုးစား၊ ဒါဆိုရင်တော့ ပြန်လွှတ်ပေးလို့ရတယ် "

ဟု အာလေးလျှာလေးဖြင့် လာဘ်လာဘတောင်းလေ၏။ လပြည့်သည် မိမိအား အပြစ်မရှိ အပြစ်ရှာ၍ လာဘ်လာဘတောင်းဆိုနေသော ဌာနအုပ်ကို လွန်စွာရွံရှာသွားလေ၏။ မျိုးချစ်ခေါင်းဆောင်ကြီးက လပြည့်ဘက်သို့လှည့်၍

" ကိုလိုနီခေတ်ပုလိပ်ဆိုတာ ဒီလိုတွေများတယ်ကွ၊ ဒါကြောင့် တိုင်းပြည်လွတ်လပ်ရေးရဖို့ ငါတို့ကြိုးစားနေတာ၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့နေထိုင်ရရင် ဒါမျိုးတွေ ရှိတော့မှမဟုတ်ဘူး "

ဟုပြောလေတော့၏။

လပြည့်သည် ဌာနအုပ်ကို လွန်စွာရွံရှာသွားသဖြင့် လက်သီးကိုဆုပ်ကာ

" ဒီမှာ ကျုပ်မှာဘာအပြစ်မှမရှိဘူး၊ ဒါကြောင့် ခင်ဗျားကို ဘာလာဘ်မှမပေးနိုင်ဘူး၊ လာဘ်ပေးစရာ ငွေလဲမရှိဘူး၊ လာဘ်မရလို့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖမ်းမယ်ဆိုရင်လဲဖမ်းပေတော့၊ ကျုပ်မမှုဘူး ''

ဟုပြောလိုက်လေတော့၏။ လပြည့်၏ရဲရဲတောက်စကားကြောင့် ဌာနအုပ်သည် ဒေါသပုန်ထသွားပြီး

'' ဪော် မင်းက ဒီလိုလား၊ လုဖေအကြောင်းမသိသေးတော့ ဒီလိုပြောတာပေါ့၊ ဟေ့ကောင်တွေ ဒီကောင်ကို အကြောင်းသိသွားအောင် နည်းနည်းပညာပေးလိုက်ကြစမ်း ''

ဟုအော်ဟစ်လိုက်လေ၏။ ထိုအခါ ပုလိပ်များသည် လပြည့်အား နံပါတ်တုတ်များဖြင့် ရိုက်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ဌာနအုပ်၏ရုံးခန်းအတွင်းသို့ ချောမောလှပသော မိန်းမပျိုလေးတစ်ဦးဝင်ရောက်လာပြီး ဌာနအုပ်လုဖေ အား

'' ဒယ်ဒီ ''

ဟုခေါ်လိုက်ရာ ဌာအုပ်လုဖေက

'' သမီး ဘာကိစ္စရှိလို့ လိုက်လာတာလဲ ''

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ ချောမောလှပသော မိန်းမပျိုက အခန်းကို မျက်လုံးဝေ့ကြည့်၍

'' ဟန်နီရဲ့သူငယ်ချင်းတွေက မင်္ဂလာလေးကို ဘုရားဖူးထွက်ဖို့ခေါ်နေကြတယ်၊ အဲဒါ ဒယ်ဒီကို လာခွင့်တောင်းတာ၊ ဒယ်ဒီခွင့်ပြုမယ်ဆိုရင် ဒီနေ့ညနေပဲ ဘုရားဖူးထွက်ကြမယ် ''

ဟုပြောဆိုလေ၏။ ဌာနအုပ် လုဖေသည် သူ့သမီး၏ခွင့်တောင်း





ချက်ကို မျက်မှောင်ကြုတ်၍ အကျိုးအကြောင်းမေးမြန်းကာ

'' ဒါဆိုရင်တော့ လိုက်သွားလေ၊ လမ်းခရီးမှာ သမီးလိမ်လိမ်မာမာနေနော် ''

ဟုပြောကာ ခွင့်ပြုလိုက်လေ၏။

ထိုအခါ မိန်းမပျိုက ဝမ်းသာအားရဖြင့်

'' ဟေး ဒါမှဟန်နီ့ဒယ်ဒီကွ ''

ဟုအော်ဟစ်ကာ အခန်းထဲမှ ထွက်ခွာရန် ဌာနအုပ်လုဖေကို နှုတ်ဆက်လိုက်လေ၏။ လပြည့်သည် ဌာနအုပ်လုဖေ၏ သမီးပျိုလေးကို ကြည့်၍ မျိုးချစ်ခေါင်းဆောင်ကြီးဦးမြတ်လှကို ကယ်တင်ရန် နည်းလမ်းကို မြင်တွေ့လိုက်ရ၏။

ထို့ကြောင့် မိန်းမပျို၏အလှကို မျက်လုံးကျွတ်မတတ် ဝိုင်းဝန်းကြည့်ရှုနေသော ပုလိပ်များ၏အကြားမှ လျှင်မြန်စွာတိုးထွက်လိုက်ပြီး မိန်းမပျိုလေးကို ချုပ်ကိုင်လိုက်၏။

လပြည့်သည် တစ်ပြိုင်တည်းမှာပင် စားပွဲခုံပေါ်ရှိ အရက်မှုလင်းကို ခွမ်းခနဲရိုက်ခွဲ၍ ပုလင်းကွဲစတစ်ခြမ်းကို မိန်းမပျို၏ လည်တိုင်၌ ထောက်ကာ

'' အားလုံးမလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေ ''

ဟုအမိန့်ပေးလိုက်လေ၏။

ထိုအခါ ပုလိပ်များသည် အငိုက်မိပြီး လပြည့်ကို ကြောင်အမ်း



www.burmeseclassic.com

www.burmeseclassic.com



အမ်းကြည့်နေကြလေ၏။ လပြည့်က မိန်းမပျို၏လည်တိုင်ကို ပုလင်းကွဲစဖြင့် ထိုးထိလိုက်ပြီး

" တစ်ယောက်မှ အနားမကပ်နဲ့နော်၊ လှုပ်တာနဲ့ ကျုပ်လက်ထဲက ပုလင်းကွဲစ ကောင်မလေး လည်ပင်းထဲ စိုက်ဝင်သွားမယ် "

ဟုအော်ဟစ်လိုက်လေရာ ဌာနအုပ်လှဖေသည် အထိတ်ထိတ်အလန့်လန့်ဖြင့်

" ဟေ့ကောင်၊ ငါ့သမီးကို မလုပ်ပါနဲ့၊ မင်းဘာလိုချင်လို့လဲ "

ဟုမေးမြန်းလေ၏။ လပြည့်က မိန်းမပျိုကိုချုပ်ကိုင်ထားလျက်ကပင်

" ယခုဒီက ဆရာကြီး ဦးမြတ်လှကို ကျုပ်နဲ့အတူခေါ်သွားမယ်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ဗြိတိသျှအစိုးရရဲ့ထောင်ထဲမှာ မထားခဲ့နိုင်ဘူး၊ ဆရာကြီးမှာ တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်ရမဲ့ တာဝန်တွေ အများကြီးရှိသေးတယ် "

ဟုပြောလေရာ ဌာနအုပ်လှဖေနှင့် ပုလိပ်များသာကမ မျိုးချစ်ခေါင်းဆောင်ကြီး ဦးမြတ်လှပင် ထိတ်လန့်အံ့ဩသွားလေ၏။

ဆရာကြီးဦးမြတ်လှက လပြည့်ကိုကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်

" မောင်ရင်က ကျုပ်အတွက် စွန့်စားမလို့လား၊ အန္တရာယ်များပါတယ် မောင်ရင် "

ဟုပြောလေ၏။ လပြည့်က ခေါင်းခါယမ်း၍





" အန္တရာယ်များတာကို ကျုပ်မကြောက်ပါဘူး၊ ကျုပ်တို့တိုင်းပြည် လွတ်လပ်ရေးအတွက် ဆရာကြီးမှာ လုပ်စရာတွေအများကြီးရှိတယ်၊ ဆရာကြီး ထောင်ကျလို့ မဖြစ်နိုင်သေးဘူး "

ဟုပြောလေရာ ဆရာကြီးသည် လပြည့်၏စကားကို လက်ခံလိုက်ဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

" ဒါဆိုရင်လဲ စွန့်စားလိုက်ကြတာပေါ့ "

ဟုပြောလေတော့၏။ လပြည့်သည် ထိုအခါ မိန်းမပျိုကိုချုပ်ကိုင်၍

" ခင်ဗျားတို့တစ်ယောက်မှ ကျုပ်နောက်ကို မလိုက်ခဲ့နဲ့၊ လိုက်ခဲ့ရင်တော့ ဌာနအုပ်ကြီးသမီးရဲ့အသက်ကို အာမမခံနိုင်ဘူး "

ဟုပြောလေတော့၏။ ထို့နောက်တွင်မူ လပြည့်နှင့် ဆရာကြီးဦးမြတ်လှသည် ပုလိပ်ဌာနအတွင်းမှ ထွက်ခဲ့လေ၏။

လပြည့်သည် ၎င်းတို့ထွက်ပြေးရန်ဂါတ်ထဲ ဝန်းကျင်ကိုကြည့်ရှုလေရာ ဂါတ်တဲအရှေ့တွင် ရပ်ထားသော ရထားလုံးတစ်စီးကို တွေ့ရလေ၏။ ထိုရထားလုံးသည် ဌာနအုပ်လှဖေ၏သမီး စီးနင်းလာသော ရထားလုံးဖြစ်၏။

လပြည့်တို့သည် မိန်းမပျိုလေးကို ဓားစားခံလုပ်၍ ရထားလုံးပေါ်သို့ တက်လိုက်ရာ ပုလိပ်များသည် ၎င်းတို့ကို မထိဝံ့ဘဲရှိနေလေ၏။ ဌာနအုပ်လှဖေကဂါတ်တဲအပေါက်ဝအထိ လိုက်လံပြီး



www.burmeseclassic.com

www.burmeseclassic.com

" ကျွန်သမီးလေးကို အန္တရာယ်မပြုပါနဲ့ တောင်းပန်ပါတယ်"

ဟု ပြောဆိုလေ၏။

လပြည့်က ရထားလုံးမောင်းသောကုလားကိုမောင်းနှင်ခိုင်းလိုက်

၏။

" ဒါကတော့ ခင်ဗျားတို့အပေါ်မှာပဲတည်တယ် "

ဟုပြောလေ၏။

ထိုအခါ ရထားလုံးသည် အရှိန်ပြင်းစွာဖြင့်မောင်းနှင်သွားပြီး

၏။ ရထားလုံးအရှိန်နှင့်မောင်းနှင်သောအခါ လပြည့်က မိန်းမပျိုလေး

လွှတ်ပေးလိုက်ပြီး

" အခုလို ခါးစခံလုပ်ရတာ ခွင့်လွှတ်ပါကွာ၊ ကျုပ်တို့

လူဆိုး ဓားပြတွေမဟုတ်ပါဘူး၊ ဟောဒီက ဆရာကြီးဦးမြတ်လှဟာ

မျိုးချစ်ပုဂ္ဂိုလ်ကြီးပါ၊ သူ့ကို ဖြတ်သျှနယ်ချဲ့ရဲ့ ထောင်ထဲမှာ

အချိန်ကုန်မခံနိုင်သေးဘူး၊ တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်စရာ

တွေ အများကြီးရှိသေးလို့ အခုလိုလုပ်ရတာပါ "

ဟုပြောဆိုလေရာ ဌာနအုပ်လုဖေ၏သမီးသည် လပြည့်၏မျက်

နှာကိုကြည့်၍ ပြုံးလိုက်သဖြင့် လပြည့်နှင့်ဆရာကြီးဦးမြတ်လှသည် အံ့

ဩသွားလေ၏။ ဌာနအုပ်သမီးက လပြည့်ကို နှစ်လိုဖွယ်ပြုံး၍

" အစ်ကို့ကို ဟန်နီ စိတ်မဆိုးပါဘူး၊ ပုလိပ်တွေကို အခုလိုလုပ်

တာ ဟန်နီအတွက် ထူးဆန်းတဲ့အတွေ့အကြုံတစ်ခုတောင်ရပါတယ်





အစ်ကိုက သတ္တိသိပ်ရှိတယ်နော်၊ ကျွန်မကို ဖမ်းချုပ်ပြီး ပုလင်းကိုခွမ်းခနဲ

ခွဲလိုက်တော့ ပုလိပ်တွေ အတော်ထိတ်လန့်သွားတယ် "

ဟုထူးဆန်းသောစကားကို ဆိုလေ၏။ လပြည့်က ဟန်နီဆို

သော မိန်းမချောလေးကို အံ့သြစွာကြည့်ရှု၍

" အစ်ကိုလဲ အတွေ့အကြုံမရှိပါဘူး၊ ဟောဒီက ဆရာကြီးဦး

မြတ်လှအတွက် အရဲစွန့်ပြီးလုပ်လိုက်ရတာပါ "

ဟုပြောလေ၏။ ထိုအခါ မိန်းမလှလေးဟန်နီက

" ဒါဆိုရင် အခု အစ်ကိုတို့ ဘယ်ကိုပြေးမှာလဲ "

ဟုမေးမြန်းလေ၏။ လပြည့်က မိန်းမလှလေး၏စကားကြောင့်

ပြောဆိုရခက်သွားလေ၏။ ၎င်းတို့သည် ဂါတ်တဲနှင့်ဝေးရာနေရာသို့

ရောက်လျှင် ထွက်ပြေးရန် ရည်ရွယ်ချက်ရှိ၏။ ထိုအခါ မိန်းမပျိုလေးက

" အစ်ကိုတို့မှာ ရည်ရွယ်ချက်မရှိရင် မကြာမီ ပုလိပ်တွေလက်

ထဲမှာ ပြန်အဖမ်းခံရလိမ့်မယ်၊ ပုလိပ်ဌာနမှာ ရထားလုံးတစ်စီးရှိတယ်၊

အဲဒီရထားလုံးနဲ့ သူတို့လိုက်လာနိုင်တယ် "

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် ရထားလုံးပြတင်း

ပေါက်မှ ခေါင်းပြူကြည့်၍ စိုးရိမ်ဟန်ဖြင့်

" သူတို့လိုက်လာရင် ဘယ်လိုလုပ်ကြမလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ မိန်းမချောလေးဟန်နီက ပြတင်း

ပေါက်ကိုဖွင့်၍ နောက်သို့ လှည့်ကြည့်ကာ အကြီးထုတ်ဟန်ဖြင့်မြင်းလက်



www.burmeseclassic.com

www.burmeseclassic.com

နေပြီးမှ လက်ဖျစ်တီး၍

“ ဟုတ်ပြီ ကျွန်မ အကြံရပြီ၊ ရှေ့မှာ ကျွန်မ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ရှိတယ်၊ အဲဒီအိမ်မှာ ရှင်တို့ဝင်ပုန်းနေရမယ်၊ ကျွန်မကတော့ ရထားလုံးနဲ့မြို့ပြင်ကိုဆက်မောင်းသွားမယ်၊ ဒါဆိုရင် နောက်ကလိုက်လာတဲ့ ကျွန်မအဖေက ရှင်တို့ရထားလုံးထဲမှာရှိနေမယ်ထင်မှာပဲ”

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည်သဘောကျဟန်ဖြင့်ခေါင်းညိတ်၍

“ မိန်းကလေးရဲ့အကြံဉာဏ်သိပ်ကောင်းတယ်၊ ဒီလိုလုပ်ပြီး ပုလိပ်တွေကိုလှည့်ပေးရမယ် ”

ဟုပြောလေ၏။ ခဏကြာလျှင် မိန်းမပျိုက ပြတင်းပေါက်မှ ခြံတစ်ခြံကိုလက်ညှိုးညွှန်ပြ၍

“ အစ်ကိုတို့ အဲဒီခြံထဲမှာ ဝင်ပုန်းနေကြပါ၊ ဒီခြံက အကျယ်ကြီးပါ၊ ကျွန်မ သူငယ်ချင်းရဲ့ခြံပါ၊ အစ်ကိုတို့ ရထားလုံးကုလားကိုတော့ ယုတ္တိ ရှိအောင် ခြိမ်းခြောက်ပြီး မြို့ပြင်ကိုမောင်းခိုင်းပါ ”

ဟုမှာကြားလေ၏။ လပြည့်သည်မိန်းမပျိုလေး၏ ၎င်းတို့ကို ကူညီမှုကိုကျေးဇူးတင်ဟန်ဖြင့်ကြည့်၍

“ ညီမရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး၊ အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ”

ဟုပြောဆို၍ လပြည့်သည် ရထားလုံးကုလားကိုရပ်ခိုင်းပြီး





ရထားလုံးမောင်းနှင်သောနေရာသို့တွယ်တက်၍ ကုလား၏လည်ပင်းအား ပုလင်းကွဲဖြင့်ထောက်ကာ

“ ဟေ့ကောင် ငါခိုင်းတာ မလုပ်ရင် ငရဲပြည်ရောက်သွားမယ်၊ ဘာအောက်မေ့လဲ၊ ရထားလုံးကို မြို့ပြင်မောင်းသွားစမ်း၊ နားလည်ရဲ့လား ”

ဟုအမိန့်ပေးလိုက်ရာ သတ္တိနည်းဟန်ရှိသော ကုလားသည် မြို့ပြင်သို့ မောင်းနှင်ရန် အကြိမ်ကြိမ်ကတိပေးလေ၏။

လပြည့်သည် ထိုအခါမှပင် ဆရာကြီးဦးမြတ်လှနှင့်အတူ သီးပင်စားပင်များ စိမ်းစိမ်းစိုနေသော ခြံကြီးထဲသို့ ဝင်ရောက်ခဲ့လေ၏။

ရထားလုံးကုလားသည် ရထားလုံးကို မြို့ပြင်သို့ တစ်ရှိန်ထိုး မောင်းသွားလေ၏။

လပြည့်သည် ရထားလုံးကို မျက်စိတစ်ဆုံးကြည့်နေရာမှ ဆရာကြီးဦးမြတ်လှက

“ ဘာကြည့်နေတာလဲ မောင်ရင်၊ ခြံကြီးထဲမှာ ဝင်ပုန်းနေမှဖြစ်မယ် ”

ဟုပြောလေ၏။ လပြည့်က ရထားလုံးကို မမြင်ရသောအခါ ခေါင်းခါယမ်း၍

“ ခြံထဲမှာ ဝင်ပုန်းလို့မဖြစ်ဘူးဆရာကြီး၊ ဒီလိုဝင်ပုန်းရင်ကျုပ်တို့ ပုလိပ်လက်ထဲမှာ ကွဲခနဲ မိသွားမယ်၊ ဟန်နီဆိုတဲ့ကောင်မလေးဟာ


www.burmeseclassic.com

www.burmeseclassic.com



မာယာများပုံရတယ်၊ သူ့စကားကို ကျုပ်မယုံဘူး ''

ဟုပြောလေရာ ဆရာကြီးသည် မျက်လုံးပြူးသွားပြီး

'' ဟုတ်ပါ့မလား မောင်ရင်ရယ်၊ ကောင်မလေးက စေတနာ
လမ်းညွှန်သွားတာပါ ''

ဟုပြောလေ၏။ လပြည့်က ခေါင်းခါယမ်း၍ ပတ်ဝန်းကျင်ကို
မျက်စိ ကစားလိုက်ပြီး

'' ကောင်မလေး ရိုးသားမှုရှိမရှိ မကြာမီ ဆရာကြီးသိရမှာ
လောလောဆယ် ဆရာကြီး ကျုပ်နောက်ကိုလိုက်ခဲ့ပါ ''

ဟုဆိုကာ ၎င်းတို့ရောက်ရှိနေသော ခြံကြီးနှင့်မလှမ်းမကမ်းတွင်
ရှိသော ဂိုဒေါင်ဆန်ဆန် အိမ်ကြီးတစ်လုံးဆီသို့ ဦးတည်၍သွားလေ၏။

ထိုအိမ်ကြီး၏ ခြံတံခါးများသည်ဟောင်းနွမ်းဆွေးမြည့်ပြီး ချိန်းယ
ပိတ်ပေါင်းများ ဖုံးလွှမ်းနေလေ၏။

ထိုအိမ်၏ခြံတံခါးဝတွင်ရှိသော ဟောင်းနွမ်းပြီး ဆေးပျက်နေ
သော ဆိုင်းဘုတ်ငယ်လေးကိုကြည့်၍ဆရာကြီးသည် အထိတ်တလန့်
ဖြစ်ကာ

'' ဟိုက် ဟိုဆိုင်းဘုတ်မှာရေးထားတာ အခေါင်းရောင်းသည်
ဆိုပါလား၊ ဒီအိမ်ကို ဝင်လို့မဖြစ်ဘူးနဲ့တူတယ် ''

ဟုပြောလေ၏။ လပြည့်က ခေါင်းခါယမ်း၍

'' စောစောက ခြံကြီးထက်စာရင် အခေါင်းရောင်းတဲ့အိမ်ထဲ





ဟောင်းကြီးကမှ လုံခြုံမှုရှိပါလိမ့်မယ် ''

ဟုဆိုရင်း လပြည့်သည် အိမ်အိုဟောင်းကြီး၏တံခါးကို ကျွိခနဲ
မြည်အောင်တွန်းဖွင့်လိုက်ရာ အိမ်ထဲတွင် သစ်ဂိုသစ်စနှင့် အခေါင်း
အဟောင်းများ လုပ်လက်စ ခေါင်းတစ်လုံးကိုတွေ့ရလေ၏။

အိမ်ထဲတွင်လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ဆရာကြီး
ဦးမြတ်လှသည် အိမ်အိုဟောင်းကြီးကို ရွံရှာဟန်ဖြင့်ကြည့်၍

'' အခေါင်းရောင်းတဲ့အိမ်ကြီးကိုမှ ဝင်လာရတယ်ကွာ၊ မင်းက
တော့ စံပဲ ''

ဟုပြစ်တင်လေ၏။ လပြည့်က ဆရာကြီးဦးမြတ်လှကို ပြုံးကြည့်
၍ မည်သည့်စကားကိုမျှ မဆိုတော့ချေ။

လပြည့်တို့ အိမ်ကြီးထဲသို့ရောက်ပြီး ခဏကြာလျှင် ပုလိပ်များ
၏ခရာမှုတ်သံကို ကြား၍ ပြတင်းပေါက်မှကြည့်လိုက်ရာ လပြည့်တို့
ဝင်ရောက်မည့်ခြံကြီးရှေ့တွင် ရထားလုံးနှစ်စီး ရပ်ထားပြီး ရထားလုံးပေါ်
မှ ပုလိပ်များနှင့် မိန်းမလှလေးဟန်နီကိုတွေ့ရလေ၏။ မိန်းမလှလေးက
ခြံကြီးထဲသို့ လက်ညှိုးညွှန်ပြ၍

'' ဟောဒီခြံကြီးထဲမှာ လူဆိုးနှစ်ယောက်ရှိတယ်၊ အမြန်ဆုံး
ဖမ်းကြပေတော့ ''

ဟု အော်ဟစ်သောအသံကိုကြားရလေ၏။ ထိုအခါမှပင် ဆရာ
ကြီးဦးမြတ်လှသည် မိန်းမလှလေးဟန်နီ၏ မာယာများပုံကို သဘော



www.burmeseclassic.com

www.burmeseclassic.com

ပေါက်သွားလေ၏။

ပုလိပ်များသည် ခြံကြီးထဲသို့ဝင်၍ ပိုက်စိတ်တိုက်ရှာဖွေပြီး လပြည့်နှင့်ဦးမြတ်လှကို မတွေ့သောအခါ ခြံကြီး၏အနောက်ဘက် အပေါက်မှ မြစ်ဆိပ်ဘက်သို့ ပြေးလွှားသွားလေတော့၏။

ထိုအခါမှပင် လပြည့်က

" ဒီလောက်ဆိုရင် သူတို့ ဆရာကြီးကိုမျက်ခြေပြတ်သွားပါပြီ ဆရာကြီးအေးအေးဆေးဆေး အနားယူပါဦး "

ဟုဆိုကာ အခန်းထောင့်ရေအိုးစင်မှရေကိုခပ်၍ သောက်လေ၏ ဆရာကြီကိုလည်း ရေသောက်ရန်ခွက်ကို ကမ်းပေးလေရာ ဆရာကြီးက ရေခွက်ကို ရွံရှာဟန်ဖြင့်ကြည့်ရှု၍

" ဟာ အခေါင်းလုပ်တဲ့အိမ်က ရေကို ကျုပ်မသောက်ချင်ပါဘူး၊ ရွံစရာကြီး "

ဟုငြင်းဆန်လေ၏။ လပြည့်က ဆရာကြီးကိုကြည့်၍ ပြုံးလိုက်ပြီး

" လူဆိုကာ သေမျိုးချည်းပါပဲ ဆရာကြီးရယ်၊ ဆရာကြီးလဲ တစ်နေ့ ဒီလမ်းလိုက်ရမှာပဲမဟုတ်လား၊ ဆရာကြီးက တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ကိုတောင်ပေးထားပြီးပြီပဲ "

ဟုပြောဆိုလေရာ ဆရာကြီးသည် မည်သည့်စကားမျှ မတုံ့ပြန်ဘဲနေလေ၏။ ထို့နောက်တွင်မူ ဆရာကြီးက သူ၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဂုဏ်ယူဟန်ဖြင့်ပြောပြလေ၏။





သူသည် မြေအောက်တော်လှန်ရေးအဖွဲ့သားများကို စုစည်း၍ ဗြိတိသျှအစိုးရကို တော်လှန်ရန် ကြံစည်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ သူ၏အစီအမံကောင်းမွန်မှုကြောင့် မျိုးချစ်ပုဂ္ဂိုလ်များ အဖွဲ့အတွင်းသို့ များစွာဝင်ရောက်ခဲ့ကြောင်း၊ ယခု တော်လှန်ရေးမစတင်မီ ဗြိတိသျှအစိုးရက သတင်းရသွား၍ ဆုငွေငါးရာထုတ်ထားကြောင်း ဂုဏ်ယူဟန်ဖြင့် ပြောပြလေ၏။

လပြည့်သည်ဆရာကြီး၏ ကိုယ်ရည်သွေးသောစကားများကို နားထောင်၍ မသိမသာ သက်ပြင်းချလိုက်၏။

ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ တဟားဟားရယ်မောသံကြား၍ ကြည့်လိုက်ရာ ပြောင်းရှည်သေနတ်တစ်လက်ကိုကိုင်၍ ၎င်းတို့အားချိန်ရွယ်ထားသော မုတ်ဆိတ်နီလူကြီးတစ်ယောက်ကိုတွေ့ရလေ၏။

လပြည့်က ထိုလူကြီးကိုကြည့်၍

" ခင်ဗျားဘယ်သူလဲ "

ဟုမေးမြန်းလေရာ မုတ်ဆိတ်နီလူကြီးက တဟားဟားရယ်မော၍

" ဒီမေးခွန်းကို ငါကမေးရမှာကွ၊ ငါ့ရဲ့ပိုင်နက်ထဲကိုလဲ ကျူးကျော်ဝင်ရောက်လာသေးတယ်၊ ငါ့ကိုလဲ မေးခွန်းတွေပြန်ထုတ်နေသေးတယ်၊ ဟဲဟဲ အမေးရှိတော့လဲ ဖြေရသေးတာပေါ့ကွာ၊ ငါ့ကိုမြို့ကလူတွေကတော့ အခေါင်းလုပ်တဲ့ မုတ်ဆိတ်နီကြီးလို့သိကြတယ်၊ တောကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မုတ်ဆိတ်နီ မုဆိုးကြီးတဲ့၊ ငါဟာ ကျားကိုလဲ ပစ်ဖူးတယ်၊ ဆင်ကိုလဲ ပစ်ဖူးတယ်၊ လောကမှာ ငါအကျွမ်းကျင်ဆုံး အလုပ်ကတော့ အမဲလိုက်ခြင်းနဲ့ခိုးလုပ်ခြင်းပဲ၊ ဟဲဟဲ ဒီနေ့တော့ ဆုငွေငါးရာထုတ်ထားတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးကိုဖမ်းပြီး ပုလိပ်လက်အပ်တဲ့ အလုပ်ကိုလဲ လုပ်ရတော့မှာပေါ့ ''

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် လွန်စွာထိတ်လန့်သွားလေ၏။ ဆရာကြီးဦးမြတ်လှ၏ မလိုအပ်ဘဲ ကိုယ်ရည်သွေးသောစကားများကြောင့် ၎င်းတို့စကားကို ချောင်း၍နားထောင်နေသော မုတ်ဆိတ်နီကြီး သိသွားချေပြီ။

လပြည့်က မုတ်ဆိတ်နီကြီးကြည့်၍

''ခင်ဗျား ဒီလိုလုပ်ဖို့မသင့်ပါဘူးဗျာ၊ တိုင်းပြည်ရဲ့နောင်ရေးအတွက် ဆရာကြီးတို့က အများကြီးလုပ်ရဦးမှာမို့ပါ၊ ဆုငွေငါးရာကို မမက်ပါနဲ့ ''

ဟုတောင်းပန်လေ၏။ ထိုအခါ မုတ်ဆိတ်နီကြီးက တဟဲဟဲရယ်မော၍

'' ဟဲဟဲဟဲ… ပါ့ကို နိုင်ငံရေးတရား လာမဟောနဲ့၊ တိုင်းပြည်ကိုလဲ မချစ်ဘူး၊ လူ့မျိုးကိုလဲ မချစ်ဘူး၊ ငါချစ်တာ အခေါင်းတွေနဲ့ တိရစ္ဆာန်တွေကိုပဲ၊ ဟဲဟဲ အခုလို ကျားရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ သိုးကလေးတွေကိုတော့ ချမ်းသာမပေးနိုင်ဘူး၊ မင်းတို့နှစ်ယောက်





လုံးကို ပုလိပ်လက်အပ်ပြီး ဆုငွေထုတ်ရမှာပဲ ''

ဟုပြောလေရာ လပြည့်သည် လောဘရမ္မက်ကြီးသော မုတ်ဆိတ်နီကြီးကို ဖျောင်းဖျ၍မရနိုင်မှန်း ရိပ်စားမိသွားလေ၏။

မုတ်ဆိတ်နီကြီးကို ဖျောင်းဖျ၍မရလျှင် တိုက်ခိုက်ရပေတော့မည်။

မုတ်ဆိတ်နီကြီးသည် လွန်စွာတောင့်တင်းကြံ့ခိုင်သောမုဆိုးကြီးတစ်ဦးလည်းဖြစ်၏။ သူ၏လက်ထဲတွင်လည်း သေနတ်တစ်လက်ရှိနေ၏။

မည်သို့ပင်ဖြစ်စေ ဆရာကြီး ဦးမြတ်လှကို ပုလိပ်လက်သို့ ပြန်မရောက်စေရန် မုတ်ဆိတ်နီကြီးကို တိုက်ခိုက်ရပေတော့မည်။

လပြည့်သည် အနီးရှိ အခေါင်းတစ်လုံးပေါ်ရှိ ရေနွေးကရားတစ်လုံးကို မြင်၍ အကြံရသွားပြီး ရေနွေးကရားကို ဆတ်ခနဲကောက်ကိုင်ကာ မုတ်ဆိတ်နီကြီး၏မျက်နှာကို အားကုန်ပိတ်ပေါက်လိုက်လေ၏။

မုတ်ဆိတ်နီကြီးသည် လပြည့်တိုက်ခိုက်မည်ဟု မျှော်လင့်မထားသဖြင့် မြေကရားကို ရှောင်တိမ်းလိုက်ရာ ၎င်း၏အခြေပျက်သွား၏။ လပြည့်သည် ထိုအခါမှပင် မုတ်ဆိတ်နီကြီးရှိရာသို့ လျှင်မြန်စွာတိုးကပ်လိုက်ပြီး သေနတ်ကိုင်လက်ကို ချုပ်ကိုင်လေ၏။

မုတ်ဆိတ်နီကြီးကလည်း သူ၏သေနတ်ကို ပြန်လည်လုယူလေ၏။ မုတ်ဆိတ်နီကြီးနှင့်လပြည့်သည် ခွန်အားချင်းပြိုင်၍ သေနတ်ကိုလု ယူလေ၏။ သို့သော် မုတ်ဆိတ်နီကြီးသည် လပြည့်ထက် အင်အား



www.burmeseclassic.com

www.burmeseclassic.com



သာ လွှမ်းသဖြင့် လပြည့်သည် သေနတ်ကို မလှယက်နိုင် ဘဲရှိ[illegible] မုတ်ဆိတ်နီကြီးက တဟားဟားရယ်မော၍

'' ဟားဟားဟား ကောင်လေး မင်းဘယ်ဆိုးလို့လဲ၊ ဒါပေမဲ့ ငါ့ကို မယှဉ်နိုင်ပါဘူးကွာ ''

ဟုကြုံးဝါးလေ၏။ လပြည့်သည် မုတ်ဆိတ်နီကြီးနှင့် ခွန်အားချင်း ယှဉ်ပြိုင်၍ မဖြစ်နိုင်မှန်းသိသဖြင့် ၎င်း၏ပေါင်ကြားသို့ ခြေဖြင့်လှမ်းကန်လေ၏။

မုတ်ဆိတ်နီကြီးသည် ခြေကန်ချက်မိသွား၍ ယိမ်းယိုင်သွားလေ၏။ လပြည့်သည် ထိုအခါမှပင် မုတ်ဆိတ်နီကြီး၏ရင်ဝသို့ ဒူးဖြင့်တိုက် လိုက်ပြန်၏။ မုတ်ဆိတ်နီကြီးသည် ချက်ကောင်းကိုထိမှန်ပြီး သေနတ် ကိုပင် မဆုပ်ကိုင်နိုင်တော့ချေ။

လပြည့်သည် သေနတ်ကို နဘေးသို့ပစ်ချ၍ မုတ်ဆိတ်နီကြီးကို အပြင်းအထန်ဝင်ရောက်တိုက်ခိုက်လေ၏။ မုတ်ဆိတ်နီကြီး၏ ပခုံးကို ခြေ ဖြင့်ကန်လိုက်သောအခါ မုတ်ဆိတ်နီကြီးသည် ယိမ်းယိုင်သွား လေ၏။

မုတ်ဆိတ်နီကြီးသည် အိမ်နံရံနှင့်တိုက်မိပြီး အနီးသို့ ကပ်ဝင်လာ သောလပြည့်ကို ဖမ်းချုပ်လေ၏။

လပြည့်သည် လူကြီး၏လက်မှ ရုန်းကန်ရုန်းကြီးစားသော်လည်း မုတ်ဆိတ်နီကြီးက သန်မာလှသဖြင့် ရုန်းမထွက်နိုင်ဘဲရှိလေ၏။





လပြည့်သည် မုတ်ဆိတ်နီကြီး၏မျက်နှာကို ဦးခေါင်းဖြင့်တိုက် လိုက်ရာ မုတ်ဆိတ်နီကြီးသည် အားခနဲအော်၍ လပြည့်ကို လွှတ်လိုက် ရလေ၏။ လပြည့်သည် မုတ်ဆိတ်နီကြီး၏ပေါင်ကြားသို့ ဒူးဖြင့်တိုက် လိုက်ရာ မုတ်ဆိတ်နီကြီးသည် အနောက်သို့ ယိမ်းယိုင်၍ လဲကျသွား လေ၏။

လပြည့်သည် ထိုအခါမှပင် ဆရာကြီးဦးမြတ်လှဘက်သို့လှည့်၍

'' ကျုပ်တို့ ဒီနေရာက အမြန်ဆုံးထွက်ကြမယ် ''

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် အိမ်ထဲမှထွက်ခွာရန် ပြင်လေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏အိမ်တွင်းသို့ လူနှစ်ဦးဝင်ရောက် လာလေရာ လပြည့်နှင့် ဦးမြတ်လှသည် သတိကြီးစွာထား၍ ထိုသူနှစ်ဦး ကို ကြည့်ရှုလိုက်လေ၏။

ထိုအခါ အိမ်အတွင်းသို့ ဝင်ရောက်လာသူနှစ်ဦးမှာ ဂါတ်တဲတွင် အဖမ်းခံရစဉ်က ငြင်းခုန်၍ ခိုက်ရန်ဖြစ်ပွားနေသော အရက်သမားနှစ် ယောက်ဖြစ်လေ၏။ အရက်သမားနှစ်ယောက်အနက် ပိန်ပိန်ရှည်ရှည်လူ က လပြည့်ကိုကြည့်ရှု၍

'' ဟဲဟဲ ကောင်လေးမဆိုးဘူး၊ သတ္တိကောင်းသားပဲ၊ ဒါပေမဲ့ မိုက်ရူးရဲလုပ်တာမကောင်းဘူး ''

ဟုပြောလေရာ လပြည့်က အရက်သမားနှစ်ယောက်ကို သတိ ကြီးစွာထား၍ ကြည့်ရှုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားတို့ အချုပ်ထဲကနေ လွတ်လာပြီလား "

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ အရပ်ပုသောအရက်သမားက

" ဟဲဟဲ အချုပ်ကလွတ်လာတာမဟုတ်ဘူးကွ၊ ဂိတ်ထဲမှာ ပုလိပ် တွေ ယောက်ယက်ခတ်နေတုန်း လစ်ပြေးလာတာကွ "

ဟုပြောလေ၏။ ထိုအခါ ပိန်ပိန်ရှည်ရှည်လူက ရယ်မော၍

" ဟဲဟဲ ငါတို့က အချုပ်ထဲကို တမင်တကာဝင်ချင်လို့ဝင်လာတာကွ၊ အချုပ်က ထွက်ချင်တဲ့အချိန်ရောက်တော့လဲ ရအောင်ထွက် လာတာပေါ့ကွာ "

ဟုပြောလေရာ လပြည့်က အရက်သမားနှစ်ယောက်ကို မသက်မသာ ဟန်ဖြင့်ကြည့်ရှုလိုက်လေ၏။ လပြည့်က ၎င်းတို့ကိုကြည့်၍

" ခင်ဗျားတို့ ဘာရည်ရွယ်ချက်နဲ့ ကျုပ်နောက်ကိုလိုက်လာ တာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ အရပ်ပုသောလူက

" ဟဲဟဲ ငါတို့လုပ်ရမဲ့အလုပ်ကို မင်းက ဖြတ်ပြီးလုပ်သွားလို့ မကျေနပ်လို့ လိုက်လာတာကွ "

ဟုပြောလေရာ လပြည့်က ၎င်းတို့ကို နားမလည်ဟန်ဖြင့်ကြည့်၍

" ကျုပ်က ဘာဖြတ်လုပ်လို့လဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ အရပ်ရှည်သောလူက





" ရှင်းရှင်းပဲပြောတော့မယ်ကွာ၊ ဆရာကြီးဦးမြတ်လှကို မနက် ဖြန် သရက်ထောင်ကို ပို့တော့မယ်လို့ သတင်းရတဲ့အတွက် ငါတို့နှစ် ယောက်က မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက် ထောင်ထဲမှာ မနေစေချင်လို့ ကယ်တင်မယ်ဆိုပြီး အချုပ်ထဲကိုဝင်လာခဲ့တာကွ၊ ဒီနေ့ည အချုပ်ခန်း ဖောက်ပြီး ဆရာကြီးကို ကယ်တင်မဲ့အစီအစဉ်ရှိတယ်၊ ဒါပေမဲ့ မမျှော် လင့်ဘဲ မင်းက ဆရာကြီးဦးမြတ်လှကို ကယ်တင်သွားလို့ ငါတို့နှစ် ယောက် အချုပ်ထဲမှာ အူကြောင်ကြောင်ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်၊ ဒါကြောင့်ဒီကိစ္စကို ငါတို့လုံးဝမကျေနပ်ဘူး "

ဟုပြောလေရာ လပြည့်က အရက်သမားနှစ်ယောက်၏စကား ကြောင့် လွန်စွာအံ့သြသွားပြီး

" ဟင် ခင်ဗျားတို့နဲ့ကျုပ်က ရည်ရွယ်ချက်ချင်းတူတယ်ပေါ့၊ ဒါဆိုရင်လဲ ဆရာကြီးဦးမြတ်လှ အချုပ်ထဲက လွတ်မြောက်ခဲ့ပြီပဲ၊ ခင်ဗျား တို့ ရည်ရွယ်ချက်လဲ အောင်မြင်ပြီပဲ၊ ဘာဖြစ်လို့ ကျုပ်ကို မကျေနပ်ရ သေးတာလဲ "

ဟုမေးမြန်းလေရာ အရပ်ပုသောအရပ်သမားက မျက်နှာရှုံ့မဲ့၍

" ဘာဖြစ်လို့ မကျေနပ်ရတာလဲဟုတ်လား၊ ငါတို့ကတော့ ဆရာကြီးဦးမြတ်လှကို ကယ်တင်ချင်လွန်းလို့ အရက်သမားယောင် ဆောင်ပြီး မြို့လယ်ခေါင်မှာ ရန်ဖြစ်ပြလိုက်ရတာ၊ ဘယ်လောက်ပင်ပန်း တယ်မှတ်သလဲ၊ ငါတို့ကို ပုလိပ်တွေ အာရုံစိုက်အောင် အတော်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပမ်းစားလုပ်ရတာယ်၊ ညဘက်ရောက်ရင် အချုပ်ခန်းကို ဖောက်ထွင်း
လဲ အကြိမ်ကြိမ်ကြိုးစည်ခဲ့ရတယ်၊ မင်းကြောင့် ငါတို့အိပ်မက်တွေ မှု
ပြယ်ခဲ့ရတယ် ''

ဟုအကြောင်းကြောင်းပြောဆိုလေရာ လပြည့်က မျက်မှော
ကြုတ်၍

'' နေပါဦး၊ ကျုပ် ကယ်တင်လိုက်တော့ ခင်ဗျားတို့ မပယ်
တော့ဘူးပေါ့၊ ဘာဖြစ်လို့ ဒီလောက်တောင် စွန့်စားချင်နေရတာလဲ ''

ဟုပြောလေရာ ပိန်ရှည်ရှည်လူက မျက်မှောင်ကြုတ်၍

'' ဟော့ကောင်လေး၊ ငါတို့နှစ်ယောက်က စွန့်စားချင်လို့ မြန်
ပြည်အနှံ့လှည့်လည်နေတာကွ၊ ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်
နိုင်ဘူး ''

ဟုပြောလေ၏။ ထိုအခါ ဆရာကြီးဦးမြတ်လှက တက်ြ
ရွှင်လန်းသောအမူအရာဖြင့်

'' မောင်ရင်တို့နှစ်ယောက်က စွန့်စားချင်သူတွေဟုတ်လား
ဆိုရင် ခရကန်အသင့်ကြာအသင့်ပါပဲ၊ ကျုပ်ရဲ့တော်လှန်ရေးအဖွဲ့ကြီး
စွန့်စားချင်တဲ့သူတွေ အများကြီးလိုနေတယ်၊ မောင်ရင်တို့နှစ်ယော
ကို ဝမ်းသာအားရ ဖိတ်ခေါ်ပါတယ် ''

ဟုပြောလိုက်ရာ အရက်သမားနှစ်ယောက်သည် မျက်စိမျက်
ပျက်သွားပြီး ကမန်းကတန်း လက်ကာ၍ ပိန်ရှည်ရှည်လူက





'' ဒါတော့ သည်းခံပါဆရာရယ်၊ တော်လှန်ရေးအဖွဲ့ထဲကိုဝင်ဖို့
ကျုပ်တို့နှစ်ယောက်ရဲ့ အကျင့်နဲ့ လုံးဝမဖြစ်နိုင်လို့ပါ ''

ဟုပြောလေ၏။ ကျန်သောအရက်သမားကလည်း

'' ဟုတ်ပါတယ် ဆရာကြီးရယ်၊ ဒါတော့သည်းခံပါ ''

ဟုတောင်းပန်လေ၏။ ထိုအခါ ဆရာကြီးဦးမြတ်လှက အရက်
သမားနှစ်ဦးကို မကျေမနပ်ဟန်ဖြင့်ကြည့်၍

'' မောင်ရင်တို့က တိုင်းပြည်အတွက်တော့ မစွန့်စားချင်ဘူးပေါ့၊
အမျိုးကိုမချစ်ဘူးလား ''

ဟုမေးမြန်းလေ၏။

ပိန်ရှည်ရှည်လူက ခေါင်းကိုကုတ်၍

'' အမျိုးကိုလဲချစ်ပါတယ်၊ တိုင်းပြည်အတွက်လဲ စွန့်စားချင်ပါ
တယ်၊ ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်က အလွန်စည်းကမ်းမဲ့တယ်၊ စိတ်
နောက်ကိုယ်ပါလဲ လုပ်တတ်တယ်၊ နေရာတစ်နေရာတည်းမှာလဲ ဖင်မြဲ
အောင် မနေတတ်ဘူး၊ ဒီနေ့ပုဂံမှာရှိနေရင် ညနေကျရင် ကျောက်ပန်း
တောင်း ရောက်ရင်ရောက်နေတတ်တယ်၊ မိတ္ထီလာဘက်မှာလဲ ရှိရင်ရှိ
ယ်၊ နောက်ပြီးတော့ ကျုပ်တို့နှစ်ယောက်ဟာ အချင်းချင်း မကြာခဏ
ကားများရန်ဖြစ်လို့ ဂါတ်တဲကို ခဏခဏရောက်တယ်၊ အချုပ်ခန်းကို
အိမ်ဦးနဲ့ကြမ်းပြင်လို့ သဘောထားတဲ့သူတွေ၊ သူတစ်ပါးကိုလဲ အရှက်ရ
အောင် မကြာခဏ နောက်ပြောင်တတ်တယ်၊ လွန်ခဲ့တဲ့တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်က အလွန်ရှိုးများပြီး ဟန်ကြီးပန်ကြီးနိုင်တဲ့ မြို့ပိုင်မောင်သော
ညွန့် ကားကို ဘီးလေးဘီးစလုံး လေလျှော့ထားလို့ ကျုပ်တို့နှစ်ယော
မိတ္ထီလာဂါတ်တဲမှာ အချုပ်ခံရပြီးပြီ ''

ဟုအစချီကာ ၎င်းတို့၏ ပေါက်ကရ ကျူးလွန်ခဲ့သော ပြစ်မှု
များစွာကို ပြောဆိုလေရာ ဆရာကြီးဦးမြတ်လှသည် မျက်လုံးပြူးသွား
ပြီး

'' ဟိုးဟိုး ဒါဆိုရင်တော့ မဖြစ်တော့ဘူး၊ မောင်ရင်
နှစ်ယောက်က ပြဿနာကောင်တွေပဲ၊ မောင်ရင်တို့ကို တော်လှ
ရေးအဖွဲ့ထဲမှာထည့်ရင် ကျုပ်ရဲ့အဖွဲ့ဝင်တွေအားလုံး ပျက်စီးသွား
နိုင်တယ် ''

ဟုပြောလေရာ အရက်သမားနှစ်ယောက်စလုံးက

'' မှန်တာပေါ့ဆရာကြီးရယ် ''

ဟုကမန်းကတန်း ထောက်ခံလေ၏။

ထို့နောက်တွင်မူ အရက်သမားနှစ်ယောက်က လပြည့်၏လ
ချက်ဖြင့် မေ့မျောနေသော မုတ်ဆိတ်နီကြီးကို အခန်းတစ်ခန်းထဲ
ထည့် ကာ ကြိုးများဖြင့်ချည်နှောင်ထားလေ၏။

အရပ်ပုသောအရက်သမားက မုတ်ဆိတ်နီကြီးကို အခန်းထဲ
ထည့်၍

'' ညတောင်ရောက်နေပြီ၊ ဒါတို့ညစာစားလို့ရအောင် ပြင်





ရဦးမယ် ''

ဟုပြောကာ အိမ်အနောက်ဘက်သို့ ဝင်ပြီး ကြောင်အိမ်ကိုဖွင့်
ကာ စားသောက်ဖွယ်ရာများကို ရှာဖွေလေ၏။

ထို့နောက် ကြောင်အိမ်ထဲရှိ ဘဲဥ၊ ငါးခြောက်နှင့်အာလူးများကို
ယူ၍ ဆမလာနိုင်နိုင်ဖြင့် ကုလားဟင်းချက်လေ၏။ ခဏအကြာတွင်
ကုလားဟင်းရနံ့မွှေးပျံ့လာပြီး လပြည့်တို့အားလုံး ညစာစားသောက်ကြ
လေ၏။

လပြည့်တို့ညစာစားပြီးနောက် အရက်သမားနှစ်ဦးအနက် တစ်
ဦးက အခန်းထဲတွင် ချုပ်နှောင်ထားသော မုတ်ဆိတ်နီကြီးကို ထမင်း
သွားပို့ပေးလေ၏။

ထို့နောက် လပြည့်နှင့် အရက်သမားနှစ်ဦးသည် ခေါင်းများပေါ်
၌ အိပ်စက်ကြလေ၏။ ဆရာကြီးဦးမြတ်လှကမူ ခေါင်းများပေါ်တွင်
မအိပ်စက်သင့်ဟု အကြောင်းပြကာ အခန်းထောင့်ရှိ လွတ်လပ်စွာ
သွားအိပ်လေ၏။ လပြည့်သည် ထိုညက အိပ်စက်မပျော်နိုင်ဘဲ
အတိတ်ဘဝဇာတ်ကြောင်းများကို ပြန်လည်တွေးတောနေမိလေ၏။

ရွာတွင် ကျန်ရစ်ခဲ့သော မိခင်နှင့်အစ်မ၏ ကျန်းမာရေး ကောင်းမှ
ကောင်းပါလေစ။

သူသည် မြို့သို့တက်၍ ကြီးပွားအောင်မြင်ရန် ကြိုးစားမည်ဟု
သော ရည်ရွယ်ချက်ဖြင့် ရွာမှထွက်ခဲ့သော်လည်း ယနေ့ထက်တိုင်ကြီး



www.burmeseclassic.com

ပွားမည့်လမ်းစကို မရရှိသေးချေ။

အုပ်လှနှင့် ခင်မင်ရင်းနှီးပြီး သီလရှင်ဆရာမကြီးဒေါ်မာလာ၏ ကျောင်း နေထိုင်ခဲ့ပုံကို ပြန်လည်မြင်ယောင်လာ၏။ ထို့နောက် မသီရိကို ဆည္ဆာတင်၍ ကိုယ်ခံပညာသင်ယူခဲ့ပုံကို သတိရပြန်၏။

နောက်ဆုံးတွင် မြို့ပိုင်သားနှင့်ရန်ပွဲဖြစ်ပွားခဲ့ရာမှ သီလရှင်ဆရာမကြီး၏ကျောင်းမှ ထွက်ခွာခဲ့၏။ သူသည် ကျောင်းမှမထွက်ခွာမီ သီလရှင်ကျောင်းမှ နိုးယူခံရသော မိုးမြေသစ္စာနတ်သမီးရုပ်လေးကို ပြန်လည်ရယူပေးမည်ဟု ကတိခံခဲ့၏။

ယခု မိုးမြေသစ္စာနတ်သမီးရုပ်ကို အရိပ်အယောင်မျှ မမြင်ရသေးချေ။

[illegible]

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း ကျောက်မြောင်းဈေး တာမွေ





၆

နောက်တစ်နေ့သို့ရောက်သောအခါ လပြည့်သည် အိပ်ရာမှ စောစောနိုးနေလေ၏။ လပြည့်သည် ညက တစ်ညလုံး ဦးမြတ်လှ လွတ်မြောက်မည့်နည်းလမ်းကို စဉ်းစားနေခဲ့၏။ လပြည့်က အရက်သမားအား

" ဆရာကြီးလွတ်မြောက်ရေးအတွက် ကျုပ်တို့မြို့ထဲမှထွက်ပြီး အခြေအနေစုံစမ်းဖို့လိုတယ် "

ဟုပြောလေရာ အရက်သမားတစ်ဦးက လက်မထောင်၍

" ဒီအတွက်မပူပါနဲ့ကွာ၊ ငါတို့နှစ်ယောက်တာဝန်ထား၊ ငါတို့က ဒီလိုအတွေ့အကြုံမျိုးတွေ အများကြီးရှိတယ်၊ မင်းခဏစောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေ၏။ ၎င်းတို့သည် ခဏကြာလျှင် အခန်းထဲမှ ပြန်လည်ထွက်လာ၏။ လပြည့်သည် ၎င်းတို့၏ဝတ်စားဆင်ယင်မှုနှင့် အမူအရာကို ကြည့်၍ လွန်စွာသဘောကျသွားလေ၏။

၎င်းတို့သည် အဝတ်အစားအစုတ်အပြတ်များဖြင့် သူတောင်းစားများကဲ့သို့ ဝတ်ဆင်ထားလေ၏။ လပြည့်က ၎င်းတို့၏အမူအရာကို ကြည့်၍ သဘောကျဟန်ဖြင့် ချီးကျူး၍

" ခင်ဗျားတို့နှစ်ယောက်ရဲ့ အမူအရာက သိပ်ကောင်းပြီး ပီပြင်တယ်၊ တကယ့်သူတောင်းစားတွေလား အောက်မေ့ရတယ်၊ ခင်ဗျားတို့ဟာ အရင်တုန်းက သူတောင်းစားများ လုပ်ခဲ့ဖူးလား "

ဟုမေးမြန်းလေရာ အရက်သမားနှစ်ယောက်၏မျက်နှာများ ရှုံ့မဲ့သွားပြီး

" မဟုတ်ကောင်၊ မင်း ငါတို့ကို ဒီလောက်တောင် အထင်မသေးသင့်ဘူး၊ ရုပ်ပြောင်းရုပ်လွှဲအတတ်ကွ၊ နည်းတဲ့ပညာလား "

ဟုပြန်လည်ပြောဆိုလေ၏။ လပြည့်က ၎င်းတို့ကိုကြည့်၍ တဟားဟားရယ်မောလိုက်ပြီး

" ဟားဟားဟား ကျုပ်ကနောက်တာပါ၊ ခင်ဗျားတို့ နှစ်ယောက် အတူတူသွားလာလို့မရဘူးနော် "

ဟုမှာကြားလေတော့၏။ အရက်သမားနှစ်ယောက်သည် အခန်းထဲမှ ထွက်ခွာသွားလေ၏။





လပြည့်သည် အခန်းထဲတွင် ကြိုးတုတ်ထားသော မုတ်ဆိတ်နီကြီးကို မနက်စာသွားကျွေးရလေ၏။ မုတ်ဆိတ်နီကြီးက လပြည့်ကို မကျေမနပ်ဟန်ဖြင့်ကြည့်ရှု၍

" မင်းတို့ ကောင်းကောင်းဒုက္ခရောက်ဖို့ပြင်ထား၊ ဒီမြို့က ဌာနအုပ်လှဖေက အလွန်ဆိုးတယ်၊ မင်းတို့ကို ပြန်မိသွားရင်တော့ အရှင်လတ်လတ် အရေခွံဆုတ်ပစ်မှာ မြင်ယောင်သေးတယ် "

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် မျက်စိမျက်နှာပျက်သွားလေ၏။ လပြည့်က ထိတ်လန့်ဟန်မပြဘဲ တဟားဟားရယ်မော၍

" ဟားဟားဟား သတ္တိမရှိဘဲ ဒီအလုပ်ကို လုပ်မယ် ထင်သလား၊ ကျုပ်တို့က ကိုယ်ကျိုးစီးပွားတစ်ခုအတွက် စွန့်စားတာမဟုတ်ဘူး၊ တိုင်း ပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်တာကွ၊ ကျုပ်တို့အစီအစဉ်မအောင်မြင်ဘဲ ဆုံးရှုံးသွားရင်တောင်မှ ဝမ်းမနည်းဘူး "

ဟုပြောလေ၏။ ညနေစောင်းသောအခါ အရက်သမားနှစ်ဦး ပြန်လည်ရောက်ရှိလာကြ၏။ ၎င်းတို့၏ခွက်ထဲတွင် အကြွေစေ့များ ပြည့်နှက်နေကြောင်း တွေ့ရလေ၏။

အရက်သမားနှစ်ဦးသည် ၎င်းတို့၏ခွက်ထဲမှ အကြွေစေ့များကို ထုတ်၍ အပြိုင်အဆိုင်ရေတွက်ကြလေရာ ပိန်ရှည်ရှည်လူက ပိုက်ဆံတစ်မူး အသာရ၍ အနိုင်ရသွားလေ၏။

ပိန်ရှည်ရှည်လူက အနိုင်ရသွားသောကြောင့် ပိုက်ဆံအကြွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ရှိသွားလေ၏။ ထို့နောက် အရပ်ပုသောအရက်သမားက သက်ပြင်းချ၍

" တစ်မြို့လုံး ပုလိပ်တွေခြေချင်းလိမ်နေတယ်၊ ဆရာကြီးဦးမြတ်လှ ထွက်ပြေးဖို့ လုံးဝမဖြစ်နိုင်ဘူး၊ မကြာမီ ပုလိပ်လက်ထဲ ပြန်မိသွားနိုင်တယ် "

ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် မျက်စိမျက်နှာပျက်ပြီး

" ဘာဖြစ်လို့လဲ "

ဟုကမန်းကတန်း မေးမြန်းလေ၏။ ပိန်ရှည်ရှည်အရက်သမားက သက်ပြင်းချ၍

" ဟုတ်တယ်ကွ၊ ဆရာကြီးဦးမြတ်လှက မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်တဲ့အတွက် သူ့ကို ပြန်အမိခံလို့ လုံးဝမဖြစ်နိုင်ဘူး ဖြစ်နေတယ်၊ ဗြိတိသျှအစိုးရက ဆရာကြီးဦးမြတ်လှကို ပြန်မမိရင် ပုလိပ်ဌာနတစ်ခုလုံးကို အရေးယူလိမ့်မယ် ၊ ဒါကြောင့် ဌာနအုပ်လှဖေဟာ တစ်မြို့လုံးကို ပိုက်စိတ်တိုက်ရှာနေပြီ၊ ကားဂိတ်နဲ့လှေဆိပ်တွေမှာလဲ အစောင့်အကြပ်တွေ အများကြီးပဲ၊ ဒီမြို့က ခရီးသွားမဲ့လူဟာ ပုလိပ်ဌာနမှာ သွားပြီး ခရီးသွားလက်မှတ်ယူရတယ်၊ ခရီးသွားလက်မှတ်ရှိမှ ကားတွေက ခရီးသည်ကို တင်လိမ့်မယ်၊ နောက်ပြီးတော့ လှေဆိပ်မှာလဲ ခရီးသွားလက်မှတ်ရှိမှ တစ်ဖက်ကမ်းကို ကူးခွင့်ရှိတယ်၊ ခရီးသွားလက်မှတ်မရှိရင် ကားဆရာနဲ့လှေဆရာတွေက ဘယ်သူ့ကိုမှ မတင်ရဲဘူး "





ဟုပြောလေရာ ဆရာကြီးဦးမြတ်လှသည် ပိုမို၍ ထိတ်လန့်သွားပြီး

" မြတ်စွာဘုရား "

ဟုရေရွတ်လိုက်လေ၏။

အရပ်ပုသောအရက်သမားက ခေါင်းကိုခါယမ်း၍

" ဒါတို့လဲ ဆရာကြီးဦးမြတ်လှအတွက် မကြီတတ်အောင်ဖြစ်နေပြီ "

ဟုပြောလေ၏။ လပြည့်က သက်ပြင်းချ၍

" နေပါဦး၊ ကျုပ်တို့ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့၊ လောကမှာ ဘယ်လိုအခက်အခဲမျိုးနဲ့ပဲကြုံကြုံ ကျော်နိုင်တဲ့နည်းလမ်းတစ်လမ်းတော့ ရှိမှာပဲ "

ဟုအားပေးစကားပြောလေရာ ဆရာကြီးဦးမြတ်လှက စိတ်လျှော့ဟန်ဖြင့်

" ပုလိပ်တွေ ဒီလောက်အစောင့်အကြပ်တွေထူထပ်နေတာ ငါတို့ဘယ်လိုလုပ် လွတ်မြောက်နိုင်မှာလဲ၊ အစကတည်းက ထွက်မပြေးခဲ့ရင် အကောင်းသားကွာ၊ အခုလိုထွက်ပြေးတော့ ပုလိပ်တွေကို ပမာမခန့်ပြုရာရောက်ပြီး ညှင်းပန်းနှိပ်စက်ခံရတော့မယ် "

ဟုကယ်တင်လာသူများ၏ မျက်နှာကိုပင်မထောက်ဘဲ အပြစ်ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်က ပြတင်းပေါက်မှ အဝေးဆီသို့ငေးကြည့်၍

" ဘာပဲဖြစ်ဖြစ် ကျုပ်တို့ခေါင်းအေးအေးနဲ့စဉ်းစားကြတာပေါ့ နောက်ဆုံးမှာ မတတ်သာတော့လဲ လာမဲ့ဘေးပြေးတွေကြတာပေါ့ "

ဟုတီးတိုးပြောကာ ခေါင်းတစ်လုံးပေါ်သို့သွား၍ ပက်လက်လှဲကာ နဖူးပေါ်လက်တင်၍ လွတ်မြောက်ရန် နည်းလမ်းများကို ရှာဖွေလေတော့၏။

ဝေပန်ရီစာ၊ ဘာကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





လပြည့်သည် ဆရာကြီးဦးမြတ်လုံ လွတ်မြောက်ရန် နည်းလမ်းများကို ရှာကြံစဉ်းစားပြီးနောက် ကရှုံ့နှုတ်ခမ်းကြွလျှင် ခေါင်းထဲသို့ အကြံတစ်ခုဝင်ရောက်လာသဖြင့် အိပ်နေရာမှထ၍

" ကျုပ် အကြံတစ်ခုတော့ရပြီ၊ ဒါပေမဲ့ ဒီကိစ္စ အောင်မြင်မယ် မအောင်မြင်ဘူး မပြောနိုင်သေးဘူး "

ဟုပြောကာ အရက်သမားနှစ်ယောက်၏ ဦးထုပ်နှင့်အသုံးအဆောင်များကို ငှားရမ်း၍ မြို့ထဲသို့ထွက်ရန် ပြင်ဆင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားများက လပြည့်၏ဝတ်စားဆင်ယင်ပုံကိုကြည့်၍ ပိန် ရှည်ရှည်အရက်သမားက

" အခုတော့ ငါတို့ပြောရမဲ့အလှည့်ကွ၊ မင်းပုံစံက သူတောင်းစားနဲ့လဲမတူဘူး၊ လက်လုပ်လက်စား ဆင်းရဲသားနဲ့လဲမတူဘူး "

ဟုပြောလေရာ အရပ်ပုသောအရက်သမားက အားတက်သရောနှင့်

" ဘာနဲ့တူလဲကွ၊ ပြောစမ်းပါဦး၊ ငါစိတ်ဝင်စားလာပြီ "

ဟုပြောလေ၏။ ထိုအခါအရပ်ရှည်သော အရက်သမားက

" အင်း ဘာနဲ့တူသလဲဆိုတော့ ဇိမ်ခန်းတွေမှာ အပေါက်စောင့်တဲ့ကောင်နဲ့တူတယ် "

ဟုပြောလေရာ လပြည့်သည် မျက်နှာရှုံ့မဲ့သွားပြီး

" သွားပါပြီဗျာ "

ဟုရေရွတ်လေ၏။

ထို့နောက်တွင်မူ လပြည့်သည် ရုပ်ဖျက်၍ မြို့ထဲသို့ ထွက်ခဲ့လေ၏။

မြို့လယ်ခေါင်ဈေးအနီးတွင် ပုလိပ်များကိုတွေ့ရပြီး မြို့၏လမ်းဆုံများတွင် ပုလိပ်များကို ဟိုတစ်စု သည်တစ်ခု တွေ့ရလေ၏။ လပြည့်သည် မြို့လယ်ခေါင်မှတစ်ဆင့် ပုလိပ်ဌာနအနီးသို့သွားခဲ့ပြန်၏။

ပုလိပ်ဌာနရှေ့ရှိ အမှုသည်များ နားခိုနေသော တဲငယ်လေးသို့





သွားရောက်၍ အမှုသည်များ၏စကားများကို ခဏကြာအောင် နားထောင်လေ၏။

ခဏကြာလျှင် အမှုသည်များ တဲငယ်လေးသို့ တဖွဲဖွဲရောက်ရှိလာပြီး ပုလိပ်များ လာဘ်စားပုံကို စကားတင်းဆိုကြ၏။ လပြည့်သည် အမှုသည်များ၏စကားကို အတန်ကြာအောင်နားထောင်ပြီးနောက် မြက် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ ဂါတ်တဲအနီးမှ ထွက်ခဲ့လေ၏။

ထို့နောက် မြို့လယ်ခေါင်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်၏အနောက်သို့သွား၍ အမှိုက်များထားသောနေရာမှ စက္ကူပုံးလွတ်တစ်လုံးကို ကောက်ယူခဲ့လေ၏။

သူသည် စက္ကူပုံးလွတ်ရရှိသောအခါ ရောင်စုံစက္ကူနှင့်ဖဲပွင့်များကို ငါယူကာ လှပသော ပုံးတစ်ပုံးဖြစ်အောင် ပါဆယ်ထုပ်လေ၏။ ပုံးထဲတွင် အလေးချိန်စီးစေရန် အမှိုက်ပုံးထဲမှ အမှိုက်များကို ထည့်လေ၏။

ထို့နောက် ပါဆယ်ပုံးကို ပိုက်၍ ပုလိပ်ဌာနသို့ပြန်သွားလေ၏။

သူသည် ဂါတ်တဲ၏အနောက်ပေါက်သို့ရောက်သောအခါ လူအရိပ်အခြည်ကိုကြည့်ကာ အိပ်ငိုက်နေသော ပုလိပ်သားလေး၏အနီးသို့ ချဉ်းကပ်ကာ ၎င်း၏ပခုံးကို ပုတ်လိုက်လေ၏။

ထိုအခါ ပုလိပ်သားလေးသည် လပြည့်ကို အံ့သြဟန်ဖြင့်ကြည့်ရှုလေရာ လပြည့်က မြက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာဖိုးညီ အစ်ကိုက လွှန်ခဲ့တဲ့အပတ်က မုဒိန်းမှုဖြစ်တဲ့ ကိုကျ ကြည်ရဲ့ညီပါ၊ ကိုလှကြည်ရဲ့အမှုကို နည်းနည်းပါးပါးသက်သာအောင် လုပ်ပေးဖို့ ဌာနအုပ်ဦးလှဖေကို ပြောပေးပါ။ ဟောဒီလက်ဆောင်ကိုထဲ ပေးလိုက်ပါ၊ အစ်ကို့မှာ ကုန်ဝယ်စရာလေးတွေရှိလို့ ဂိတ်တဲကိုမဝင်တော့ ဘူး "

ဟုပြောလေရာ ပုလိပ်သားလေးက အိပ်ချင်မူးတူးဖြင့်

" ဂိတ်တဲကို ခင်ဗျားဝင်ချင်လဲ ဝင်လို့မရဘူး၊ အရေးကြီးတဲ့ အချုပ်သားတွေ ထွက်ပြေးလို့ ကျုပ်တို့အားလုံးခေါင်းကိုက်နေတယ် ခင်ဗျား ဒီမှာပဲခဏစောင့် "

ဟုပြောကာ ဂိတ်တဲအတွင်းသို့ ဝင်သွားလေ၏။ လပြည့်သည် ပုလိပ်သားလေးမရှိတော့သောအခါ လူသူအရိပ်အခြည်ကိုကြည့်ရှုကာ ဂိတ်တဲအနောက်ရှိ အဝတ်များလှန်းထားသော ကြိုးတန်းများဆီသို့ အပြေးသွားလေ၏။

ထို့နောက် ပုလိပ်ဝတ်စုံများကို ပိုက်ကာ ဂိတ်တဲတံခါးပေါက်မှ ထွက်လာစဉ် မြို့ထဲမှပြန်လာသော ပုလိပ်နှစ်ဦးနှင့်ပက်ပင်းတိုးလေရာ ပုလိပ်များက ဝတ်စုံများကိုကြည့်၍

" ဟေ့ကောင် ပုလိပ်ယူနီဖောင်းတွေကို ဘာလုပ်မလို့လဲ "

ဟုမေးမြန်းလေရာ လပြည့်က ဟန်မပျက်ဖြင့်

" ဌာနအုပ်ကတော်က ယူနီဖောင်းတွေမှာ အစွန်းတွေဖြစ်နေလို့





ဖွတ်ခိုင်းလို့ပါ၊ ကျုပ်က မြို့လယ်ခေါင်က လပြည့်ပင်မင်းဆိုင်ကပါ "

ဟုခပ်တည်တည်ပြော၍ ထွက်ခဲ့လေ၏။ ပုလိပ်များသည် ဌာန အုပ်ကတော်ကို ကြောက်ရသဖြင့် စောဒကမတက်ရဲတော့သော်လည်း ပုလိပ်တစ်ဦးက မျက်မှောင်ကြုတ်၍

" ငါတို့မြို့မှာ လပြည့်ပင်မင်းဆိုင်ဆိုတာ ရှိလို့လား "

ဟုရေရွတ်လေ၏၊ ထိုအခါ ကျန်သောပုလိပ်တစ်ဦးက နှာခေါင်း ရှုံ့၍

" ဟေ့ကောင် မင်းဟာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဘာဖြစ် လို့ဦးနှောက်ခြောက်ခံချင်ရတာလဲ၊ အေးအေးဆေးဆေးနေစမ်းပါကွာ"

ဟုပြောလေ၏။ လပြည့်သည် ပုလိပ်ယူနီဖောင်းများကို လုံခြုံစွာ ထုပ်ပိုး၍ အိမ်သို့ပြန်ခဲ့လေ၏။

မျိုးချစ်ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးသည် လပြည့်ကိုမြင်သောအခါ

" အဆင်ပြေရဲ့လား၊ ကျုပ် ရင်တွေထိတ်လိုက်တာမောင်ရင် ရယ် "

ဟုပြောလေ၏။ လပြည့်က ခေါင်းညိတ်၍ ယူနီဖောင်းများကို ထုတ်ပြကာ

" ဟောဒါတွေရခဲ့ပြီဆိုတော့ အဆင်ပြေတာ သေချာပြီ ပေါ့ဗျာ "

ဟုပြောလိုက်လေတော့၏။ ထို့နောက်တွင်မူ လပြည့်က အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးရန် အစီစဉ်များကို ပြောပြလေတော့၏။

လပြည့်၏အကြံအစည်များကို အရက်သမားနှစ်ယောက်က စိတ်အားတက်ကြွစွာဖြင့် ထောက်ခံလေ၏။

ထိုအခိုက်မှာပင် ခြံတံခါးဝမှ ခေါ်သံကြားရ၍ လပြည့်သည် ချောင်းမြောင်းကြည့်လေရာ မြို့ခံလူသုံးယောက်ကိုတွေ့ရလေ၏။

အရက်သမားနှစ်ယောက်သည် မျက်မှောင်ကြုတ်၍

“ ဘာကိစ္စလဲမသိဘူး၊ ခေါင်းဝယ်ချင်လို့ဆိုရင်တော့ ပြဿနာပဲ၊ ငါတို့ထွက်ကြည့်လိုက်မယ် ”

ဟုဆိုကာ အပြင်သို့ထွက်၍ မြို့ခံလူများနှင့် စကားပြောဆိုပြီး ပြန်လာခဲ့လေ၏။ ခဏကြာလျှင် အရက်သမားများပြန်ရောက်လာပြီး မျက်နှာရှုံ့မဲ့၍

“ ခေါင်းဝယ်ချင်လို့တဲ့ကွာ၊ ငါတို့က ခေါင်းရောင်းမဲ့လူ ဘုရားဖူးထွက်သွားတယ်၊ ငါတို့က အိမ်စောင့်နေပါတယ်လို့ဖြေလိုက်တယ် ”

ဟုပြောလေရာ လပြည့်က သက်ပြင်းချ၍

“ ခင်ဗျားတို့အဖြေသိပ်မှားသွားပြီ၊ ကျုပ်တို့ဒီနေရာက အမြန်ဆုံးပြေးမှဖြစ်တော့မယ် ”

ဟုပြောလေ၏။

ထိုအခါ အရက်သမားနှစ်ဦးက မျက်မှောင်ကြုတ်ကြည့်၍

“ ဘာဖြစ်လို့လဲ ”





ဟုသံပြိုင်မေးလေ၏။ လပြည့်က အခန်းထဲသို့ မျက်လုံးဝေ့ကြည့်၍

“ မုတ်ဆိတ်နီကြီးဟာ ဘုရားမရှိ တရားမရှိတဲ့ အရိုင်းအစိုင်းမဆိုးကြီးဗျ၊ သူဟာ ဘုရားတရားလုပ်တယ်ဆိုရင် ဘယ်သူက ယုံမှာလဲ၊ သူတို့က မြို့ခံလူတွေလေ၊ ဒီကိစ္စကို ကောင်းကောင်းရိပ်စားမိနိုင်တယ် ”

ဟုပြောလေရာ အရက်သမားနှစ်ဦးသည် မျက်လုံးပြူးသွားပြီး

“ ဗုဒ္ဓေါ ”

ဟုရေရွတ်လေ၏။

လပြည့်က

“ ကဲ ဗုဒ္ဓေါလုပ်မနေနဲ့၊ ပုလိပ်ဝတ်စုံတွေ အမြန်ဆုံးဝတ်ပြီး ကျုပ်တို့ ဒီမြို့က ခွာကြမယ်၊ အချိန်မရှိတော့ဘူး ”

ဟုဆိုကာ ၎င်းတို့အား ပုလိပ်ဝတ်စုံများကို ဝတ်ဆင်စေ၏။

ဆရာကြီးဦးမြတ်လှကိုလည်း ပုလိပ်တစ်ဦးကဲ့သို့ ဝတ်ဆင်စေကာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလေ၏။ ထို့နောက် ခေါင်းလုပ်သော မုတ်ဆိတ်နီကြီး၏အိမ်မှ ထွက်ခဲ့ကြလေ၏။

၎င်းတို့သည် အိမ်အပြင်သို့ရောက်သောအခါ လှေဆိပ်ရှိရာသို့ ဦးတည်၍ လျှောက်ခဲ့လေ၏။

ထိုအခိုက်မှာပင် ၎င်းတို့အရှေ့မှ ဦးတည်၍လျှောက်လာသော ပုလိပ်များကို မြင်သဖြင့် အိမ်တစ်အိမ်၏ခြံဝင်းထဲသို့ ဝင်ပုန်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံဝင်းအနီးတွင် မိန်းမပျိုများသည် ရေတွင်းမှရေကိုငင်၍ ရေချိုးနေလေရာ လပြည့်တို့ကိုမြင်သဖြင့် အထိတ်တလန့်ဖြစ်ကြလေ၏။ ထို အချိန်မှာပင် ပုလိပ်များသည် ခြံဝင်းရှေ့မှ ကျော်ဖြတ်သွားပြီဖြစ်၏။

လပြည့်တို့သည် လှေဆိပ်သို့ ခြေသုတ်တင်ခဲ့လေ၏။

လှေဆိပ်သို့ရောက်သောအခါ လှေဆိပ်တွင် သမ္ပာန်နှစ်စီးကိုတွေ့ ရလေ၏။

သမ္ပာန်ဆရာများသည် ကမ်းစပ်၌ ကျားကစားနေကြ၏။ ၎င်းတို့ သည် လပြည့်တို့ကိုမြင်သောအခါ ကြောင်အမ်းအမ်းကြည့်နေကြ၏။ သမ္ပာန်ဆရာများသည် လပြည့်တို့အား ဥဩမြို့မှ ပုလိပ်များမဟုတ်မှန်း ရိပ်စားမိလေ၏။ လပြည့်က သမ္ပာန်ဆရာများကို မာထန်ထန်ဖြင့်ကြည့်၍

" ဒီမှာ ကျုပ်တို့ ဟိုဘက်ကမ်းကူးချင်တယ် "

ဟုပြောလေရာ သမ္ပာန်ဆရာတစ်ဦးက လပြည့်ကို မရဲတရဲကြည့် ၍

" ဌာနအုပ်ကြီးအမိန့်အရ တစ်ဖက်ကမ်းကို ကူးမဲ့လူတိုင်းဟာ ခရီးသွားလက်မှတ်ရှိရပါတယ် "

ဟုပြောလေ၏။ ထိုအခါ လပြည့်က တက်ခေါက်၍

" ဟေ့လူ ဒါက ရိုးရိုးအရပ်သားတွေကိုပြောတာ၊ ကျုပ်တို့ပုလိပ် တွေက တာဝန်နဲ့လာကြတာ၊ ဘယ်လိုလုပ် ခရီးသွားလက်မှတ်လိုမှာလဲ၊





ဆဲ... အချိန်မရှိဘူး၊ အမြန်ဆုံးလှော်ပေတော့ "

ဟုပြောလေရာ သမ္ပာန်ဆရာတစ်ဦးသည် ပျင်းရိပျင်းတွဲ အမူအရာ ဖြင့် ကျားဝိုင်းမှထလိုက်ပြီး ဝါးခနဲ သန်းဝေလိုက် လေ၏။ ထို့နောက် ရေစပ်ရှိ သမ္ပာန်ရှိရာသို့ လေးတိလေးကန်ဖြင့် သွားလာနေ လေ၏။

ထိုအခိုက်မှာပင် ဆရာကြီးဦးမြတ်လှသည် အထိတ်တလန့်ဖြင့် နောက်သို့လှည့်ကြည့်ကာ

" ဟိုမှာ ပုလိပ်တွေလိုက်လာကြပြီ "

ဟုပြောလေ၏။ လပြည့်တို့သည် အနောက်သို့လှည့်ကြည့်သော အခါ လှေဆိပ်သို့ ချေးကြီးသုတ်ပြာအမူအရာဖြင့် လျှောက်နေသော ပုလိပ်များကိုတွေ့ရလေ၏။

ထိုအခါ အရက်သမားနှစ်ယောက်နှင့်ဆရာကြီးသည် သမ္ပာန်ပေါ် သို့ အပြေးအလွှားတက်၍ တစ်ဖက်ကမ်းသို့ ပြေးရန် ကြံလေ၏။

လပြည့်ကမူ ၎င်းတို့၏သမ္ပာန်ပေါ်သို့မတက်ဘဲ အနီးရှိ သမ္ပာန် တစ်စီးပေါ်သို့တက်လေရာ ဆရာကြီးက အထိတ်တလန့်ဖြင့်

" မောင်ရင် ဘာလုပ်တာလဲ၊ သမ္ပာန်ပေါ်အမြန်တက်လေ၊ ပြော နေကလိုက်တာ "

ဟုညည်းညူလေ၏။ လပြည့်က ၎င်းတို့သမ္ပာန်ကိုကြည့်၍

" ဆရာကြီးတို့ပဲ ရှေ့ကသွားပါတော့၊ ကျုပ်နောက်က သမ္ပာန်



www.burmeseclassic.com

www.burmeseclassic.com

နဲ့အေးအေးဆေးဆေးလိုက်ခဲ့ပါမယ် ''

ဟုပြောကာ သမ္ဗာန်ဆရာကို လှော်ခတ်ခိုင်းလိုက်လေရာ ၎င်းတို့သည် အရှေ့ကြောင်ကြောင်မျက်နှာပေးဖြင့် မြစ်ထဲသို့ လိုက်ပါသွားလေ၏။

ပုလိပ်များသည် လှေဆိပ်သို့ အပြေးအလွှားလာနေကြပြီဖြစ်၏။

ထိုအခါ လပြည့်က သမ္ဗာန်ဆရာတစ်ဦးကိုထပ်မံခေါ်၍ လှော်ခိုင်းလေ၏။ သမ္ဗာန်ဆရာက လပြည့်အား နားမလည်ဟန်ဖြင့်ကြည့်၍ ခေတက တာက်မနေတော့ဘဲ ရေထဲသို့ဆင်းကာ လှော်ခတ်ပေးလေ၏။

လပြည့်က သမ္ဗာန်ကမ်းစပ်နှင့်ခပ်လှမ်းလှမ်းသို့ရောက်သောအခါ ပုလိပ်များသည် လှေဆိပ်သို့ အပြေးအလွှားရောက်ရှိလာပြီး ရေလယ်သို့ လက်ညှိုးဖြင့်ထိုးကာ ဆူညံစွာအော်ဟစ်နေလေ၏။

၎င်းတို့သည် လပြည့်တို့အား ပုလိပ်အယောင်ဆောင်တရားခံပြေးများ ဖြစ်ကြောင်း ရိပ်စားမိသော်လည်း လပြည့်တို့နောက်သို့လိုက်ရန် လှေဆိပ်တွင် သမ္ဗာန်များမရှိတော့သဖြင့် မခံချိမခံသာရစ်ကျန်ခဲ့လေ၏။

လပြည့်သည် ရေလယ်ခေါင်၌ သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောကာ ပုလိပ်များကို လက်ပြနှုတ်ဆက် လေတော့၏။

❀ ❀ ❀ ❀ ❀

ဇေတာနှာတာဝေ



လပြည့်တို့ သမ္ဗာန်နှစ်စင်း တစ်ဖက်ကမ်းသို့ရောက်သောအခါ လှေဆိပ်၌ အကြော်စုံများ လှည့်လည်ရောင်းချနေသော ဈေးသည်တစ်ဦးသည် အနီးသို့ရောက်လာပြီး ဦးမြတ်လှကို ဝမ်းသာအားရကြည့်ရှုကာ လေသံတိုးတိုးဖြင့်

'' ဟင် ဆရာကြီး လွတ်လာပြီ၊ ဝမ်းသာလိုက်တာဗျာ၊ ကျုပ်တို့ခဲဘော်တွေ ဒီဘက်ကမ်းကနေ ဆရာကြီးကို စိုးရိမ်လို့ အမြဲထောက်လှမ်းနေရတယ် ''

ဟုပြောဆိုကာ လှေဆိပ်မှ တစ်နေရာသို့ ထွက်ခွာသွားလေ၏။

ဇေတာနှာတာဝေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးမြတ်လှသည် အကြော်စုံရောင်းသူကိုမြင်သောအခါ စိတ်အားတက်ကြွစွာဖြင့် လပြည့်တို့ဘက်သို့လှည့်၍

“ ခင်ဗျားတို့ဘာမှ မပူနဲ့တော့၊ ကျုပ်တို့ရဲဘော်တွေလက်ထဲကို ပြန်ရောက်နေပြီ ”

ဟုကြုံးဝါးလိုက်လေတော့၏။

ခဏအကြာတွင် ရထားလုံးတစ်စီးရောက်လာပြီး ဆရာကြီးဦးမြတ်လှကို ခေါ်လေ၏။ ဆရာကြီးက ရထားလုံးပေါ်သို့ ဦးစွာတက်၍ နေရာယူလေရာ

“ ဆရာကြီး သွားချင်ရာသွားနိုင်ပါပြီ၊ အန္တရာယ်လဲမရှိတော့ပါဘူး၊ တိုင်းပြည်အတွက် အလုပ်တွေလုပ်လိုက်ပါဦး၊ ကျုပ်တို့ မလိုက်တော့ဘူး ”

ဟုပြောလေ၏။ ဆရာကြီးက လပြည့်၏စကားကြောင့် မျက်မှောင်ကြုတ်၍

“ နေပါဦး မောင်ရင်ရယ်၊ မောင်ရင်တို့ဟာ ကျုပ်ရဲ့ကျေးဇူးရှင်တွေပါ၊ ကျေးဇူးရှင်တွေကို ကျေးဇူးပြုချင်လို့ပါ ”

ဟုပြောလေ၏။ လပြည့်က ခေါင်းခါယမ်း၍

“ ကျုပ်တို့ကို ကျေးဇူးတင်ရင် ပြည်သူတွေ အေးချမ်းသာယာစွာ နေနိုင်ဖို့ကြိုးစားပါ၊ ဒါဆိုရင် ကျေးဇူးတင်ရာရောက်ပါတယ်၊ ကျုပ်တို့တော့ မလိုက်ခဲ့တော့ဘူး ”





ဟုငြင်းဆိုလေရာ အရက်သမားနှစ်ယောက်ကလည်း ဆရာကြီးနှင့်မလိုက်လိုကြောင်းပြောဆိုလေ၏။

ထိုအခါ ဆရာကြီးဦးမြတ်လှသည် လပြည့်တို့ကိုခေါ်ဆောင်ရန် မကြိုးစားတော့ဘဲ ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောကာ မြင်းရထားဖြင့် ထွက်ခွာသွားလေ၏။

အရက်သမားနှစ်ဦးက ရထားလုံးကို မျက်စိတစ်ဆုံးကြည့်၍

“ ငါတို့လဲ သွားကြမယ်၊ ဒီမြို့မှာ အန္တရာယ်ရှိတယ်၊ မကြာမီ ပုလိပ်တွေရောက်လာတော့မယ် ”

ဟုပြောလေ၏။

လပြည့်နှင့်အရက်သမားနှစ်ဦးသည် ဘတ်စ်ကားကြီးတစ်စီးနှင့်အတူ ထိုမြို့မှ ဝေးရာသို့ပြေးခဲ့လေတော့၏။

ဘတ်စ်ကားကြီးသည် တစ်ညလုံး ခရီးဆက်ခဲ့ပြီးနောက် မြို့များ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ခဲ့လေ၏။

နောက်တစ်နေ့ နေ့လယ်သို့ရောက်သောအခါ လပြည့်တို့သည် ဘတ်စ်ကားပေါ်မှဆင်း၍ နေ့လယ်စာ စားသောက်ရန် မြို့လယ်ခေါင်ရှိ တရုတ်ဆိုင်ကြီးတစ်ဆိုင်သို့ဝင်ရောက်ခဲ့လေ၏။

ထိုဆိုင်ကြီးတွင် အစားအသောက်များသာမက အရက်များပါ ရရှိသော်လည်း အရက်သမားနှစ်ယောက်သည် အရက်များ မှာယူခြင်း မရှိပေ။ ထိုကြောင့် လပြည့်က ၎င်းတို့အရက်မသောက်ခြင်းကို မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



လေရာ ပိန်ရှည်ရှည်အရက်သမားက ရယ်မော၍

" ဟားဟားဟား... မင်းက ငါတို့ကို တစ်ကြိမ်အရက်သောက်တာ မြင်ဖူးရုံနဲ့ အရက်သမားတွေလို့ ထင်နေပြီလား၊ ငါတို့နှစ်ယောက်က ဆရာကြီးဦးမြတ်လှကို ကယ်တင်ဖို့လိုအပ်တာနဲ့ အရက်သောက်ခဲ့တာပါ။ အရက်သမားအစစ်တွေမဟုတ်ပါဘူး "

ဟုပြောလေ၏။ ထိုအခါ လပြည့်က ရယ်မော၍

" ဟားဟားဟား... ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်က အရက်သမားတွေလို့ပဲ မှတ်ယူထားတယ်၊ ကျုပ်ရဲ့အမှတ်သညာထဲမှာ ခင်ဗျားတို့နှစ်ယောက်ဟာ အရက်သမားတွေအနေနဲ့ပဲ ရှိတယ် "

ဟုပြောလေ၏။ ထို့နောက်တွင်မူ အရက်သမားနှစ်ယောက်က လပြည့်၏ဘဝနောက်ကြောင်းကို မေးမြန်းလေ၏။

လပြည့်က စိတ်မနှံ့သော မိခင်နှင့်အစ်မကို ရွာတွင်ထားခဲ့ပြီး ခရီးဆက်ခဲ့ကြောင်းပြောပြလေ၏။ သီလရှင်ဆရာမကြီး ဒေါ်မာလာ၏ သုညကျောင်းတော်မှ ပျောက်ဆုံးသွားသော မိုးမြေသစ္စာ နတ်သမီးရုပ်လေးကို ရှာဖွေရန် ကိစ္စကိုလည်း ပြောဆိုလေ၏။ လပြည့်၏စကားကို အစအဆုံးနားထောင်၍ အရပ်ရှည်သောအရက်သမားက

" မင်းဘဝက စိတ်ဝင်စားစရာ စွန့်စားခန်းတွေနဲ့ ပြည့်နှက်နေတာပဲ၊ ဒါဆိုရင် ယက္ခဆိုတဲ့လူယုတ်မာတစ်ယောက် ယူဆောင်သွား





တဲ့ မိုးမြေသစ္စာနတ်သမီးရုပ်ကို မင်းဆက်ပြီးရှာရမှာပေါ့ "

ဟုမေးမြန်းလေ၏။ လပြည့်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ မိုးအဆုံးမြေအနှံ့ တွေ့အောင်ရှာဖွေပေးမယ်လို့ သီလရှင်ဆရာမကြီးကို ကျုပ်ကတိပေးခဲ့ပြီးပြီ "

ဟုပြောလေ၏။ ထိုအခါ အရက်သမားနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ပြီး အရပ်ပုသော အရက်သမားက

" မင်းဟာ စွန့်စားရမှာ ဝါသနာထုံတယ်၊ သူတစ်ပါးကို ဖိနှိပ်ချုပ်ချယ်တဲ့သူတွေကိုလဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နှိမ်နင်းချင်တဲ့ ဆန္ဒရှိတယ် မဟုတ်လား "

ဟုမေးမြန်းလေ၏။ လပြည့်က ခေါင်းညိတ်၍

" သိပ်ရှိတာပေါ့၊ လောကကြီးထဲကို ဝင်လာတဲ့နေ့ကစပြီး မတရားမှုတွေကို တတ်စွမ်းသမျှ ဖြေရှင်းပေးခဲ့တယ် "

ဟုပြောလေရာ အရပ်မြင့်သော အရက်သမားက လက်သီးဆုပ်၍

" ဟုတ်ပြီ၊ ဒါဆိုရင် မင်းကို ငါတို့နှစ်ယောက်ရဲ့စွန့်စားခန်း တစ်ခုအကြောင်းပြောပြမယ်၊ ဒီအကြောင်းတွေကို မင်းနားထောင်ပြီးရင် စွန့်စားချင်စိတ်တွေ ဖြစ်လာလိမ့်မယ် "

ဟုပြောလေ၏။ ထို့နောက်တွင်မူ အရပ်မြင့်သောအရက်သမား



www.burmeseclassic.com

www.burmeseclassic.com



က အဝေးဆီသို့ငေးကြည့်၍

" ငါတို့နှစ်ယောက် ရှမ်းပြည်နယ်ဘက်က ရွာကြီးတစ်ရွာရဲ့ ရွာသူကြီးသားနဲ့ လက်ဖက်ခင်းပိုင်ရှင်ရဲ့သားတွေပဲ၊ ငါ့အဖေသူကြီးနဲ့ ဒီကောင့်အဖေ လက်ဖက်ခင်းပိုင်ရှင်လူကြီးဟာ ငယ်ငယ်ကတည်းက သိပ် ချစ်တဲ့သူငယ်ချင်းတွေပဲ၊ ငါတို့နှစ်ယောက်ကလဲ အဖေတွေချစ်သလို ချစ် ကြတယ်၊ တစ်နေ့တော့ ငါတို့ရွာကို အလည်အပတ်ရောက်လာတဲ့ ဆပ်ကပ်သမားတစ်ယောက်ကို အားကျပြီး သူ့နောက်ကိုလိုက်ခဲ့တယ်၊ ငါ့အဖေသူကြီးနဲ့ဒီကောင့်အဖေလက်ဖက်ခင်းပိုင်ရှင်ဟာ ငါတို့နှစ်ယောက်ကို တောင်ပေါ်မှာပဲ နေစေချင်တယ်၊ မြေပြန့်ဒေသကို မသွားစေချင်ဘူး၊ ဒါပေမဲ့ ငါတို့နှစ်ယောက်ဟာ ဆပ်ကပ်ပညာကို ဝါသနာအလွန်ထုံပြီး မိဘတွေက ဘယ်လိုမှတားဆီးလို့မရဘူး၊ ဒီလိုနဲ့ဆပ်ကပ်သမားနဲ့ မြေပြန့်ဒေသကို လိုက်ခဲ့တယ်၊ မြေပြန့်ဒေသကိုရောက်တော့ ဆပ်ကပ်အဖွဲ့ကြီးမှာ အနိမ့်ဆုံးဘဝနဲ့ အောက်ခြေသိမ်းလုပ်ခဲ့ကြတယ်၊ ဒါပေမဲ့ ငါတို့နှစ်ယောက်ရဲ့ဆပ်ကပ်ပညာကို ကြိုးစားပမ်းစားသင်ယူမှုကြောင့် တဖြည်းဖြည်း ဆပ်ကပ်ထဲမှာ နေရာရခဲ့တယ်၊ နောက်တော့ ဆပ်ကပ်အဖွဲ့မှာမျောက်နှစ်ကောင်ဆိုပြီး နာမည်သတင်းကြီးခဲ့တယ် "

ဟုပြောရင်း သူ၏စကားကို ရပ်လိုက်လေ၏။ ထို့နောက် ရေနွေးကြမ်းတစ်ခွက်ကို ငုံ၍သောက်နေလေ၏။ ထိုအခါ အရပ်ပုသောအရက်သမားက ဝင်ရောက်၍ပြောဆိုပြန်၏။





ငါတို့နှစ်ယောက်ဟာ မျောက်နှစ်ကောင်ဆိုပြီးကျွမ်းဘားတွေကစားတယ်၊ ကောင်းကင်ဘားတွေလွှဲတယ်၊ နောက်တော့ ဆပ်ကပ်ပိုင်ရှင်က ငါတို့နှစ်ယောက်ကို ဆပ်ကပ်မှာ အရေးအပေးဆုံးလူတွေဖြစ်ခဲ့တယ်၊ ဒီလိုနဲ့ဆပ်ကပ်အဖွဲ့နဲ့လိုက်ပြီး မြန်မာပြည်အနှံ့မှာ ခုနစ်နှစ်လောက်လှည့်ပြီး သွားလာနေခဲ့တယ်၊ တစ်နေ့တော့ ငါတို့ရွာက လူတစ်ဦး ဟာ ဆပ်ကပ်အဖွဲ့ကို ရေကြီးသုက်ပြာနဲ့ရောက်လာပြီး ရွာက အခြေအနေတွေကို ပြောပြတယ်၊ ရွာက အကြောင်းတွေကို ပြောပြတော့ ငါတို့နှစ်ယောက် ထိတ်လန့်သွားတယ် "

ဟုပြောရင်း သူ၏စကားကိုရပ်၍ ရေနွေးကြမ်းတစ်ခွက်ကို သောက်ပြန်၏။ အရပ်ရှည်သောအရက်သမားက စကားကိုဆက်ပြန်၏။

" ငါတို့ရွာဟာ မမျှော်လင့်ဘဲ သတ္တုရိုင်းတွေထွက်တယ်ဆိုတဲ့ သတင်းရောက်သွားတယ်၊ အဲဒီနောက်တော့ ငါတို့အရပ်ကို မျက်နှာဖြူပညာရှင်တွေရောက်လာပြီး အမှန်တကယ်သတ္တုရိုင်းတွေ ထွက်မထွက် လေ့လာကြတယ်၊ သတ္တုရိုင်းတွေ အမှန်တကယ်ထွက်မှန်းလဲ အထောက်အထားတွေရတော့ မစ္စတာဘားနက်ဆိုတဲ့ သူဌေးဟာ ငါတို့အရပ်မှာ သတ္တုတူးဖော်ဖို့ အကြီးအကျယ်ကြံစည်တော့တယ်၊ သတ္တုရိုင်းတွေထွက်တဲ့နေရာဟာ ငါတို့ရွာနဲ့ အနီးဆုံးနေရာမှာရှိတော့ ငါတို့ရွာသားတွေကို ဒီဒေသကနေ မောင်းထုတ်ခဲ့တယ်၊ သူဟာ ငါတို့နယ်တကြောမှာရှိတဲ့ လူဆိုးဓားပြတွေကို ပိုက်ဆံတွေအများကြီး



www.burmeseclassic.com

www.burmeseclassic.com

ပေးပြီး ခါးပိုက်ဆောင်တပည့်တပန်းတွေ ဖွဲ့စည်းခဲ့တယ်၊ သူတို့ဟာ ငါတို့ရွာသားတွေကို ရက်ရက်စက်စက် ဖိနှိပ်ညှဉ်းပန်းခဲ့တယ်၊ ရွာသူကြီးဖြစ်တဲ့ ငှါးအဖေနဲ့ဒီကောင့်အဖေဟာ ရပ်ရေးရွာရေးမှာ ရှေ့ဆုံးကပါဝင်ခဲ့တဲ့ သူတွေပဲ၊ သူတို့ဟာ မတရားလုပ်တာ မခံချင် စိတ်နဲ့ ရွာသူရွာသားတွေ ဘက်က မားမားမတ်မတ် ရပ်တည်ခဲ့တယ်၊ နောက်ဆုံးတော့ ငှါးအဖေနဲ့ ဒီကောင့်အဖေဟာ မရှေးမနှောင်းဆိုသလို လူမသိသူမသိ လုပ်ကြံခံခဲ့ရတယ်၊ ဒါတွေဟာ မစ္စတာဘားနက်လက်ချက် ဆိုတာ ငါတို့တစ်ရွာလုံးသိပေမဲ့ ဒီကိစ္စတွေကို အရေးယူလို့မရခဲ့ဘူး၊ ဒါတွေဟာ ငါတို့ ဆပ်ကပ်အဖွဲ့ကိုရောက်ပြီး ခုနစ်နှစ်လောက်အတွင်းမှာ ပြောင်းလဲသွားဘဲ့ရွာရဲ့အခြေအနေပဲ၊ ရွာသူရွာသားတွေဟာ မစ္စတာဘားနက်ရဲ့ ဒုက္ခပေးမှုကြောင့်ဆင်းရဲတွင်းနက်နေကြပြီ၊ ဟိုးအရင်တုန်းက အလှူအတန်းကိစ္စတွေမှာ အင်မတန်ရက်ရောပြီး အေးချမ်းသာယာတဲ့ ရွာကလေးဟာ မျက်နှာဖြူကောင်ကြီးမစ္စတာဘားနက်ကြောင့် ဒုက္ခပင်လယ်ဝေခဲ့ပြီ၊ ငါတို့မိသားစုတွေလဲ လယ်ပိုင်ရှင်ဘဝကနေ ဆင်းရဲနွမ်းပါးတဲ့ဘဝကိုရောက်ခဲ့ပြီ၊ ရွာသူရွာသားတွေဟာ သတ္တုမိုင်းမှာ လုပ်ခလစာ ညံ့နည်းနဲ့ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရတာလဲရှိတယ်၊ ဒီအကြောင်းတွေကြားတော့ ငါတို့နှစ်ယောက်ဟာ ရင်ထဲမှာ မချိဘူး၊ ရွာကိုပြန်ပြီး လာဘရမ္မက်ကြီးတဲ့ လူယုတ်မာကြီး မစ္စတာဘားနက်ကို ပညာပေးဖို့ ဆုံးဖြတ်ထားကြတယ်၊ ဒါပေမဲ့ ဒီကောင်ကြီးဟာ လက်နက်အင်အား





လူအင်အားတောင့်တင်းပြီး လူဆိုးဓားပြတွေကို ခါးပိုက်ဆောင်ထားတယ်ဆိုတော့ ထင်သလောက်တော့ မလွယ်ဘူး၊ ဒါကြောင့် မင်းမှာစွန့်စားချင်တဲ့ ဝါသနာရှိရင်ငါတို့နဲ့လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ် ''

ဟုပြောလေ၏။ လပြည့်က မစဉ်းစားတော့ဘဲ ခေါင်းညိတ်၍

'' ခင်ဗျားတို့နဲ့လိုက်ခဲ့ဖို့ ကျုပ်သိပ်စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ မစ္စတာဘားနက်ဆိုတဲ့ လောဘအိုးကြီးဟာ လက်နက်လူသူအင်အားတောင့်တင်းတယ်ဆိုတော့ ပိရိယာယ်မသုံးဘဲ မအောင်မြင်နိုင်ဘူး၊ အင်အားကြီးတဲ့သူကို အင်အားနည်းတဲ့သူက ခေါင်းချင်းဆိုင်တိုက်လို့မရဘူး ''

ဟုပြောလေရာ ပိန်ရှည်ရှည်လူက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဒီကိစ္စမျိုးနဲ့ပတ်သက်ရင်မင်းက ပရိယာယ်ကောင်းတယ်၊ ငါတို့က မင်းလောက် ဉာဏ်နီဉာဏ်နက်မများဘူး ''

ဟုပြောလေ၏။ အရုပ်ပုသောလူကလည်း ပိန်ရှည်ရှည်လူ၏ စကားကို ဝင်ရောက်ထောက်ခံလေ၏။ လပြည့်က ရယ်မော၍

'' ခင်ဗျားတို့ပြောရှင်လဲခံရတော့မှာပဲ၊ ကျုပ် အရင်တုန်းက ရွာမှာနေတုန်းက အင်မတန်ရိုးသားအေးဆေးတဲ့သူပါ၊ နောက်တော့ ကျုပ်ရဲ့ဆရာတွေက ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်အောင် လေ့ကျင့်ပေးခဲ့တယ်၊ ကိုယ့်ဘဝရဲ့နေ့စဉ်တိုးတက်မှုကို မှတ်တမ်းသဘောမျိုးထားပြီး စောင့်ကြည့်စေခဲ့တယ်၊ ဒါကြောင့် ကျုပ်ရဲ့အရည်အချင်းဟာ တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်၊ ဒါ့အပြင် လူ့ဘဝမှာနေထိုင်တဲ့အခါမှာ ဥာဏ်ရည်ဥာဏ်သွေး ဟာ အဓိကအဲဒီတာ နားလည်လာရတယ် ''

ဟုပြောရင်း ရေနွေးကြမ်းတစ်ခွက်ကို သောက်လေ၏။ ထိုအခါ အရပ်ရှည်သောအရက်သမားက လက်သီးဆုပ်၍

'' ငါတို့သွားမဲ့ခရီးလမ်းမှာ မင်းပါတယ်ဆိုတော့ အားရှိသွားပြီ ကွာ၊ ငါတို့သုံးယောက်အင်အားနဲ့ဆို ဗီကောင်ကြီးကို ယှဉ်နိုင်မှာပေါ့ ငါတို့ကိစ္စအောင်မြင်မယ်ဆိုရင် တစ်နေ့နေ့မှာ မင်းရဲ့ကိစ္စကိုလဲ ငါတို့ပြန် ကူညီမှာပါ ''

ဟုပြောလေ၏။ လပြည့်က ခေါင်းညိတ်၍

'' ဒါကတော့ ကိုင်းကျွမ်းမှ ကျွန်းကိုင်းမှီပေါ့ဗျာ ''

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ ၎င်းတို့သည် နောင်ချို၊ ကျောက်မဲ၊ သီပေါ စသော မြို့များကိုကျော်ဖြတ်၍ ရှမ်းပြည်နယ်ဘက်သို့ ခရီးဆက်ခဲ့လေ တော့၏။

[illegible]

ချိအမှတ် ၇ ၊ မှုက်နှာစာတန်း ကျောက်မြောင်းစေ့ တာမှ





အရက်သမားနှစ်ယောက်၏ရွာများသို့ ရောက်ရန် တောလမ်း ခရီးကိုနှင်ရပြန်၏။

၎င်းတို့သွားရောက်ခဲ့သော ခရီးလမ်းတွင် လော်ရီကားများ သွား လာနိုင်ရန် ပြုပြင်ထားသဖြင့် မြင်းလှည်းများဖြင့်ပင် သွားလာနိုင်၏။ အရပ်ရှည်သော အရက်သမားက သက်ပြင်းချ၍

'' ငါတို့အရပ်က အရင်ထက်တောင်စည်ကားသွားပြီ၊ လော်ရီ ကားလမ်းတွေဘာတွေ ဖြစ်လို့နေပါလား ''

ဟုရေရွတ်လေ၏။ ထိုအခိုက်မှာပင် လက်နက်ကိုင်မြင်းစီးသမား များသည် မြင်းကို ဒုန်းစိုင်းစီး၍ ကျော်တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားများသည် ဖုံတထောင်းထောင်းထအောင်စီးနှင်သွားရာမှ တစ်နေရာသို့ရောက်သောအခါ မြင်းပေါ်မှ အထုပ်တစ်ထုပ်ပြုတ်ကျ၍ မြင်းကိုရပ်တန့်၍အထုပ်ကိုပြန်တင်ကာ သင်္ဘောဆိပ်ဘက်သို့ ထွက်သွားလေ၏။ လပြည့်တို့သည် လက်နက်ကိုင်လူများ၏ အထုပ်ကျသောနေရာသို့ရောက်သောအခါ အရက်သမားတစ်ဦးက မြေပေါ်တွင် ကျနေသော အရာများကို လက်ဖြင့်ယူကြည့်၍ မျက်မှောင်ကြုတ်ကာ

" ဘိန်းတွေပါလား၊ လောဘအိုးကြီး မစ္စတာဘားနက်က သင်္ဘောဆိပ်မှာ ဘိန်းတွေကိုပါ ဖြန့်ချိနေပုံရတယ် "

ဟုရေရွတ်လေ၏။ ၎င်းတို့သည် နေ့လယ်ခင်းအချိန်သို့ရောက်သောအခါ မစ္စတာဘားနက်၏သင်္ဘောဆိပ်ကို ရောက်လေ၏။

အရက်သမားနှစ်ဦးသည် သင်္ဘောဆိပ်တွင်း၏နေရာကိုကြည့်၍ သက်ပြင်းချကာ အရုပ်ပုသောအရက်သမားက

" ဟိုး အရင်တုန်းက ဒီနေရာဟာ ငါတို့ရွာရှိခဲ့တဲ့နေရာကွ "

ဟုမှတ်ချက်ချလေ၏။ သင်္ဘောဆိပ်တွင် အလုပ်လုပ်နေသော လုပ်သားများ စားသောက်ရန် ထမင်းဆိုင်ငယ်လေးများ၊ အရက်ဆိုင်များ၊ ကုန်စုံဆိုင်များကို တွေ့ရလေ၏။ လပြည့်တို့သည် လက်ဖက်ရည်ဆိုင်ငယ်လေးတစ်ဆိုင်တွင် ဝင်ထိုင်ကြလေ၏။ လက်ဖက်ရည်များသောက်ပြီးနောက် လပြည့်က လေသံတိုးတိုးဖြင့်





" ကျုပ်တို့သုံးယောက် လူစုခွဲပြီး မစ္စတာဘားနက်ကို ပညာပေးမှရမယ်၊ ခင်ဗျားတို့နှစ်ယောက်လဲ ရွာကိုပြန်ဖို့မကြိုးစားနဲ့ဦး၊ ရွာကိုပြန်ခဲ့ရင် ရွာမှာ မစ္စတာဘားနက်ရဲ့သူလျှိုတွေရှိနေရင်ခက်မယ်၊ ဒီနေ့ကစပြီး ကျုပ်တို့သုံးယောက် လမ်းခွဲကြမယ် "

ဟုပြောလေရာ အရက်သမားနှစ်ယောက်က ခေါင်းညိတ်၍

" မင်းရဲ့အကြံအစည်ကတော့ ကောင်းပါတယ်ကွာ၊ ဒါပေမဲ့ ငါတို့နှစ်ယောက် လူစုခွဲဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးကွ၊ ငါတို့နှစ်ယောက်ဟာ အမြဲတန်း တတွဲတွဲနေလာခဲ့တယ်၊ ခွဲပြီးမနေတတ်တော့ဘူး "

ဟုပြောလေ၏။ ထိုအခါ လပြည့်က သက်ပြင်းချ၍

" ဒါဆိုရင်လဲ ခင်ဗျားတို့ နှစ်ယောက်အတူတွဲနေကြပေါ့ဗျာ၊ ကျုပ်တို့ အခါအခွင့်သင့်တဲ့အချိန်မှာ မစ္စတာဘားနက်ရဲ့အိမ်ကို ခိုးဝင်ကြမယ်၊ ပြီးတော့ မစ္စတာဘားနက်ကို ပညာပေးကြမယ်၊ ဖြစ်နိုင်ရင်မြို့ပေါ်ကို ဖမ်းခေါ်သွားပြီး ပုလိပ်လက်အပ်မယ် "

ဟုပြောလေရာ အရက်သမားနှစ်ယောက်က စိတ်အားတက်ကြွစွာဖြင့် ထောက်ခံလေ၏။ ပြီးနောက် ပိန်ရှည်ရှည် အရက်သမားက

" မစ္စတာဘားနက်လို မျက်နှာဖြူတစ်ယောက်ကို ပုလိပ်လက်အပ်လို့ရပါ့မလား "

ဟုရေရွတ်လေ၏။ လပြည့်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" သူဟာ လူဆိုးဓားပြတွေကို မွေးပြီး ရာဇဝတ်မှုတွေ အများကြီးလုပ်ထားတဲ့သူပဲ၊ အမှန်တရားအတိုင်းဖြစ်ရမှာပေါ့၊ ကျုပ်တို့သုံးယောက် ၁၀ ရက်တစ်ကြိမ် ဟောဒီလက်ဖက်ရည်ဆိုင်ကလေးမှာ ပြန်ပြန်ဆုံကြမယ်၊ ဒီအချိန် ဒီနေရာကို မှတ်ထားကြပါ၊ ကျုပ်တို့လမ်းခွဲကြမယ် "

ဟုပြောကာ အရက်သမားနှစ်ယောက်နှင့်လမ်းခွဲလိုက်လေ၏။

၆၀ ဖန်စီ၊ ၇၀ကြဲပေ စာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်ပတ်အကြာတွင် သတ္တုမိုင်းတစ်နေရာရှိ လူစည်ကားသော ဈေးတစ်နေရာတွင်ကိုယ်ခန္ဓာ အထက်ပိုင်းကို ဗလာကျင်း၍ ရှမ်းဘောင်းဘီဝတ်ဆင်ထားသော လူငယ်တစ်ဦးသည် ပန်းပွားတပ်ထားသော ဓားနှစ်လက်ဖြင့် လှပစွာ သိုင်း ကစားနေလေ၏။

လူငယ်၏သိုင်းကစားဟန်သည် **ရှမ်းမိုးရာဓားသိုင်းပညာနှင့်** မတူ ထူးခြားလှပသဖြင့် **လူအများစိတ်ဝင်စားစွာ** ကြည့်ရှုနေပေ၏။ လူငယ်သည် အတန်ကြာအောင် ဓားသိုင်းကစားပြီးနောက် ပန်းပွားတပ်ထားသော လှံသိုင်းကို ကစ...



www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် လုံကို မှတ်နေအောင်လှည့်၍ ကျွမ်းကျင်စွာ ကစား နေလေရာ အတန်ကြာလျှင် လူငယ်၏လက်ထဲရှိ လုံကိုမမြင်ရတော့ဘဲ ငွေရောင်စက်ဝိုင်းတစ်ခုကိုသာ မြင်ရလေ၏။

ထိုအခါ ကြည့်ရှုနေသူများသည်လူငယ်၏ လုံသိုင်းကစားပုံကို နှစ်သက်လှ၍ ရှေ့တွင်ခင်းထားသော အနီရောင်ကတ္တီပါစပေါ်သို့ ပိုက်ဆံ အကြွေစေ့များ ပစ်ထည့်ပေးကြ၏။

လူငယ်သည် ဈေးတစ်နေရာတွင် ဓားသိုင်းကစား၍ အလှူခံနေ သောအချိန်တွင် လူရှင်းသောဈေးတစ်နေရာတွင် လူနှစ်ယောက်သည် ကြိုးတန်းတစ်ခုကို တိုင်ငုတ်နှစ်ခုတွင်ချည်နှောင်၍ ကြိုးတန်းလမ်း လျှောက်ပြခြင်း၊ ရှေ့ကျွမ်းနောက်ကျွမ်းထိုးပြခြင်းတို့ကို ကျွမ်းကျင်စွာ ပြုလုပ်၍ အလှူခံနေပြန်၏။

ထိုအခါ ဈေးဝယ်သူများလည်း ၎င်းတို့နှစ်ဦး၏ ကျွမ်းဘားပညာ ကို နှစ်သက်လှသဖြင့် ငွေအကြွေစေ့များ လှူဒါန်းကြလေ၏။ ဈေးထဲသို့ တွန်းလှည်းတစ်စီးဖြင့် ဟင်းသီးဟင်းရွက်များ လိုက်လံဝယ်ယူနေသော လူဝကြီးတစ်ယောက်က ထိုမြင်ကွင်းများကိုကြည့်၍

'' သတ္တုတွင်းမှာ လူစုံရောက်နေပါလား၊ သိုင်းသမားရော၊ ကျွမ်း ဘားသမားရော စုံနေပြီ၊ အင်းလေ သတ္တုမိုင်းမှာ ပိုက်ဆံလာရှာရင် မြို့ပေါ်မှာထက်ပိုပြီး ငွေရနိုင်တာပဲ ''

ဟုတစ်ကိုယ်တည်းရေရွတ်ကာ လှည်းကို တွန်းသွားလေ၏။





ဤသို့ဖြင့် လပြည့်သည် သတ္တုမိုင်း၌ ဓားသိုင်း၊ လုံသိုင်းပညာ များကို ပြသ၍ စားဝတ်နေရေးပြဿနာကို ဖြေရှင်းရလေ၏။ ထို့အတူ ပင် အရက်သမားနှစ်ယောက်မှာလည်း ကျွမ်းဘားပညာကို ပြသ၍ ဝင်ငွေရှာရလေ၏။

၎င်းတို့သည် သတ္တုမိုင်းသို့ရောက်ရှိပြီး ၁၀ ရက်ပြည့်သောနေ့ တွင် လက်ဖက်ရည်ဆိုင်ကလေး၌ ပြန်လည်ဆုံတွေ့ပြီး မစ္စတာဘားနက် ကို ဖမ်းဆီးမည့်အကြောင်းကို တိုင်ပင်ကြလေ၏။

မစ္စတာဘားနက်၏ စံအိမ်ကြီးသည် အစောင့်အကြပ်များလှ၏။ ထင်သလောက် မလွယ်ကူနိုင်ကြောင်း တွေ့ရလေ၏။ ၎င်းတို့သည် သတ္တုတွင်းသို့ရောက်ကာစတွင် သုံးဦး အတူမနေဘဲ ခွဲ၍နေသော်လည်း အရက်သမားနှစ်ယောက် ငှားရမ်းနေထိုင်သော ထမင်းဆိုင်ရှင်မိန်းမကြီး သည် ၎င်းတို့ကို ကြည့်မရဘဲ အိမ်ပေါ်မှ နှင်ချလိုက်လေ၏။

ထို့ကြောင့် အရက်သမားနှစ်ယောက်သည် လပြည့်နှင့်လာ ရောက်၍ ပူးပေါင်းနေထိုင်လေ၏။

လပြည့်ငှားရမ်းနေထိုင်သော အပျိုကြီးမှာ သဘောမနော ကောင်းမွန်ပြီး အရက်သမားနှစ်ယောက်နှင့် လေပေးဖြောင့်နေလေ၏။

၎င်းတို့သည် မစ္စတာဘားနက်ကို ဖမ်းဆီးရန်အတွက် ၎င်း၏ စံ အိမ်ကြီးအနီးသို့ တိုးကပ်ကာ မကြာခဏ စုံစမ်းထောက်လှမ်းကြ၏။

အရက်သမားနှစ်ယောက်သည် မစ္စတာဘားနက်၏စံအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွင် အလုပ်လုပ်သော အရက်သောက်တတ်သူများနှင့်ပေါင်းသင်းကာ စံအိမ်ကြီး၏အကြောင်းကို မေးမြန်းစုံစမ်း၏။

မစ္စတာဘားနက်၏ ခြံစောင့်လူငယ်တစ်ဦးသည် သိုင်းပညာသင်ရန် ဝါသနာထုံသဖြင့် လပြည့်ထံတွင် သိုင်းပညာကို လာရောက်သင်ယူလေ၏။

ထိုကာလများအတွင်း လပြည့်တို့သည် သတ္တုတွင်း၌ပြဿနာ မဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြ၏။

လပြည့်သည် သတ္တုတွင်းအနီးရှိ ဈေးကလေးတွင် သိုင်းစွမ်းရည်ပြ၍ ဝင်ငွေရှာလျက်ရှိရာ မကြာခဏ ပညာစမ်းသော သူများနှင့်ရင်ဆိုင်ရလေ၏။

တစ်ညသ၌ လပြည့်တို့သုံးယောက်သည် ညနက်သည်အထိ ထိုင်၍ စကားပြောဆိုကြ၏။ ထို့နောက် မီးအိမ်ကလေးကို ထွန်းညှိကာ အိပ်ရာအသီးသီးသို့ ဝင်ရောက်အိပ်စက်လေ၏။

လပြည့်သည် အိပ်မပျော်နိုင်သေးဘဲ မိခင်နှင့်အစ်မအကြောင်းကို စဉ်းစားနေလေ၏။ ထိုအခိုက်မှာပင် ၎င်း၏အိပ်ခန်းပြတင်းပေါက်သို့ လူရိပ်တစ်ခု ဝင်ရောက်လာသဖြင့် ထိတ်ခနဲဖြစ်သွားလေ၏။

ထိုလူရိပ်သည် ပြတင်းပေါက်ဘောင်ပေါ်မှ အခန်းထဲသို့ ဖြည်းညှင်းစွာ ဝင်ရောက်လာ၏။

လပြည့်သည် သူခိုးတစ်ယောက်ဟု အထင်ရှိသဖြင့်





" ဟေ့မပြေးနဲ့ "

ဟုအော်ဟစ်ကာ သူခိုးကို ဖမ်းဆီးရန်ကြိုးပမ်းလေ၏။ သို့သော် သူခိုးသည် နောက်သို့ဆုတ်၍ ရှန်းထွက်လိုက်၏။

လပြည့်သည် သူခိုး၏ လျင်မြန်မှုကြောင့် အံ့ဩသွားပြီး ပြတင်းပေါက်ကို ကိုယ်ခန္ဓာဖြင့် ပိတ်ရပ်ကာ သူခိုးကို ထပ်မံဖမ်းဆီးရန် ကြိုးပမ်းလေ၏။

သို့သော် သူခိုးသည် လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ဖမ်းမမိနိုင်ဘဲ ရှိလေ၏။ ထိုအခိုက်မှာပင် အရက်သမားနှစ်ယောက်လည်း အိပ်ရာမှ လန့်နိုးလာပြီး သူခိုးကို သုံးယောက်စလုံး ဝိုင်းဝန်းဖမ်းဆီးကြလေ၏။

သို့သော် သူခိုး၏ကိုယ်ခံပညာအဆင့်မှာ အံ့ဩဖွယ်မြင့်မားလှသဖြင့် လပြည့်တို့သုံးဦးစလုံး သူခိုးကို မဖမ်းနိုင်ကြချေ။

သူခိုးသည်၎င်းတို့ကို ထိခိုက်အောင် မတိုက်ခိုက်ဘဲ တတ်နိုင်သမျှ ရှောင်ကွင်းနေကြောင်းလည်း တွေ့ရ၏။ လပြည့်သည် ရန်သူ၏အစွမ်းကိုထိတ်လန့်လာပြီး

" ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့ အခန်းထဲသို့ ဝင်လာရသလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ သူခိုးသည် မည်သည့်စကားကိုမျှ မတုံ့ပြန်ဘဲ လပြည့်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ ၎င်းတို့သုံးဦးနောက်သို့ ဆုတ်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်၍ မြေပြင်သို့ခုန်ချကာ အမှောင်ထဲသို့ ဝင်ရောက်၍ ပျောက်ကွယ်သွားလေ၏။

လပြည့်တို့သုံးဦးသည် ပြတင်းပေါက်မှ အမှောင်ထဲသို့ကြည့်၍ ပိန်ရှည်ရှည်အရက်သမားက

" မလွယ်ဘူးကွ၊ သူ့ရဲကိုယ်ခံပညာအဆင့်အတန်းသိပ်မြင့်တယ် "

ဟုတီးတိုးရေရွတ်လေ၏။ လပြည့်ကလည်း ခေါင်းညိတ်၍

" ဟုတ်တယ်၊ သူ့ရဲ့သိုင်းပညာဟာ ကျုပ်ထက်တောင် မြင့်သေးတယ်၊ သူတကယ် တိုက်ခိုက်သွားရင် ကျုပ်တို့မလွယ်ဘူး၊ ဘာဖြစ်လို့ သူခိုးတစ်ယောက်ဖြစ်နေတာလဲ မသိဘူး "

ဟုပြောရလေ၏။ ထိုအခါ အရုပ်ပုသောအရက်သမားကဝင်၍

" ငါ သူ့မျက်နှာကိုသေသေချာချာကြည့်တော့ မျက်နှာမှာ အဝတ်စည်းပြီး မျက်နှာဖုံးစွပ်ထားတာ တွေ့ရတယ် "

ဟုပြောလေ၏။ လပြည့်သည် နောက်တစ်နေ့နံနက်တွင် အရက်သမားနှစ်ဦးကိုခေါ်၍ ၎င်းတို့၏စီမံကိန်းများကို တိုင်ပင်ကြလေ၏။

လပြည့်က

" ကျုပ်တို့ သတ္တုတွင်းရောက်နေတာ လနဲ့ချီနေပြီ၊ ဒီနေ့အထိ လူယုတ်မာကြီးမစ္စတာဘာ့နက်ကို မဖမ်းမိနိုင်သေးဘူး "

ဟုပြောလေရာ ပိန်ရှည်ရှည်လူက သက်ပြင်းချ၍





" ဒီကောင်ကြီးရဲ့အိမ်ကြီးက အတော်လုံခြုံတာကိုးကွ၊ သူ့ရဲ့ခြံဝင်းထဲမှာလဲ ညဘက်ဆိုရင် လက်နက်အပြည့်အစုံနဲ့ အစောင့်အကြပ် သုံးဆယ်လောက်ရှိတယ်၊ ငါတို့အနေနဲ့ သူ့အိမ်ထဲကို ဝင်ရတာလွယ်ရင်လွယ်မယ်၊ ဒီကောင်ကြီးကို ဖမ်းပြီး ခေါ်ထုတ်ဖို့ကမလွယ်ဘူး "

ဟုပြောလေ၏။ အရုပ်ပုသောအရက်သမားကလည်း ဝင်ရောက်၍

" ဒီကောင်ကြီးကို ဓားစာခံလုပ်ပြီးခေါ်ထုတ်ဖို့စဉ်းစားသေးတယ်၊ ဒါပေမဲ့ သူ့ကို ဓားစာခံလုပ်ပြီး တောနက်ကြီးကနေ မြို့ပေါ်ပြန်တက်ဖို့ မလွယ်ဘူး၊ ဒီကောင်က လက်နက်အင်အားတောင့်တယ်၊ တောလမ်းခရီးကနေ မရမက ပြန်တိုက်မှာပဲ "

ဟုစိတ်လျှော့ဟန်ဖြင့် ပြောလေ၏။

လပြည့်က လက်သီးဆုပ်၍

" ကျုပ်တို့ ဒီအတိုင်းထိုင်နေရလို့ အန္တရာယ်ကနေ ဘယ်တော့ ကျော်လွှန်နိုင်မှာလဲ၊ မစ္စတာဘာ့နက်ကို နှိမ်နင်းနိုင်ပှရိုးသားတဲ့ ရှမ်းပြည်နယ်သားတွေ လွတ်မြောက်ရေးရမှာပဲ၊ အခုတော့ ဒီလူကြီးရဲ့ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ရှမ်းတိုင်းရင်းသားတွေ ဆင်းရဲတွင်းနက်သထက်နက်နေပြီ၊ ရှမ်းမလေးတွေလဲ ဒီလူကြီး ခြေတော်တင်ယူလို့ ဘဝပျက်ဟာ မရေတွက်နိုင်တော့ဘူး၊ ကျုပ် ဒီသတင်းတွေကို စုံစမ်းလို့သိရတာ အများကြီးပဲ၊ ဒါကြောင့် ဒီလူကြီးကို မြို့ကိုခေါ်သွားပြီး အာဏာပိုင်တွေလက်ကို



www.burmeseclassic.com

www.burmeseclassic.com

အပ်ရမယ်၊ ဒီလူကြီးရဲ့ မတရားမှုတွေကို ဖွင့်ချရမယ် ''

ဟုပြောလေရာ ပိန်ရှည်ရှည်အရက်သမားက ခေါင်းညိတ်၍

'' ဒါတို့ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရင်ကောင်းမလဲ ''

ဟုမေးမြန်းလေ၏။ လပြည့်သည် လက်သီးဆုပ်၍

'' ခင်ဗျားတို့ စိတ်မလျှော့နဲ့၊ လောကမှာ လုပ်လို့မရတဲ့အရာဆိုတာ မရှိဘူး၊ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ နည်းလမ်းတစ်ခုတော့ ရှိမှာပဲ. အဲဒီနည်းလမ်းကို ကျုပ်တို့ရှာဖွေကြပမယ်၊ ကျုပ်တို့ ဒီနေ့ကစပြီး ဒီအတိုင်းနေလို့မရတော့ဘူး၊ ညဘက်တွေမှာထွက်ပြီး စနည်းနာကြမယ်၊ လိုအပ်ရင် စောရအနှလုပ်ကိုလဲလုပ်ရမယ် ''

ဟုပြောလေ၏။ ထိုအခါ အရက်သမားနှစ်ယောက်သည် လပြည့်၏စကားကို သဘောကျဟန်ဖြင့် ထောက်ခံကြလေ၏။

ထိုနေ့ညမှာစ၍ လပြည့်နှင့်အရက်သမား နှစ်ယောက်သည် လူစုခွဲ၍ သဏ္ဍာမိုင်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုကြလေ၏။

၎င်းတို့သည် မစ္စတာဘားနက်၏ တပည့်လူဆိုးလူမိုက်များ နေထိုင်သော တန်းလျားများ၊ ဂိုဒေါင်များကို လှည့်လည်ကြည့်ရှု၍ အခွင့်အလမ်းများကို ရှာဖွေကြလေ၏။

လပြည့်သည် နောက်ပိုင်းရက်များတွင် မစ္စတာဘားနက်၏ စံအိမ်တော်ကြီးကိုသာ ညစဉ် သွားရောက်ကြည့်ရှု၏။ စံအိမ်တော်နှင့် အနီးဆုံးရှိ လွန်စွာကြီးမားသော သစ်ပင်ကြီးပေါ်သို့တက်၍ စံအိမ်





အတွင်းသို့ ကြည့်ရှုလေရာ ၎င်း၏ခြံဝင်းအတွင်း စစ်တပ်သဖွယ် အစောင့်အကြပ်များ ပေါများကြောင်းတွေ့ရ၏။

မစ္စတာဘားနက်၏ ခြံကြီးတွင် အစောင့်အကြပ်မရှိသောနေရာသည် စံအိမ်တော်အနောက်ပိုင်းသာဖြစ်၏။ သို့သော် စံအိမ်တော်၏အနောက်ပိုင်း၌ ချောက်ကမ်းပါးကြီးရှိနေပြီး လူသာမန်တစ်ဦးအနေဖြင့် စံအိမ်အတွင်းသို့ဝင်ရန် မဖြစ်နိုင်ချေ။

ချောက်ကမ်းပါးကြီးရှိသော စံအိမ်တော်၏အနောက်ပိုင်းမှ မစ္စတာဘားနက်ကို ဖမ်းဆီးခေါ်ဆောင်သွားရန် ပိုမိုခက်ခဲလှ၏။

ဤသို့ဖြင့် လပြည့်တို့အပေါင်းအပါတို့သည် မစ္စတာဘားနက်ကို ဖမ်းဆီးရန် ညစဉ် ကြံစည်ပြီးနောက် နဝမမြောက်ညတွင် လပြည့်သည် သဏ္ဍာမိုင်းရှိ အသုံးမပြုတော့သော ဂိုဒေါင်ကြီးတစ်လုံးကို ရောက်သွားလေ၏။

လပြည့်သည် ဂိုဒေါင်ထဲရှိ ရစ်လုံးကြီးတစ်လုံးကိုကြည့်၍ လက်ဖျစ်တီးလိုက်ပြီး

'' အကြံရပြီ ''

ဟုတီးတိုးရေရွတ်လိုက်၏။ ထို့နောက် လွန်စွာလေးလံသော ရစ်လုံးကြီးကိုထမ်းပိုး၍ ၎င်းတို့၏အိမ်သို့ ပြန်ခဲ့လေတော့၏။

လပြည့်သည် နောက်တစ်နေ့နံနက်တွင် အရက်သမား နှစ်ယောက်အား လူတစ်ယောက် ကောင်းစွာဝင်နိုင်သော ကြိမ်ခြင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို ပြုလုပ်ခိုင်းလေ၏။ အရက်သမားနစ်ယောက်သည် လပြည့်ကို စောဒကမတက်ဘဲ ရှစ်ရက်ခန့်အကြာတွင် ကြိမ်ခြင်းကြီးကို ရအောင် ရှာလာ၏။ ပြီးနောက် ပိန်ရှည်ရှည်အရက်သမားက သက်ပြင်းချ၍

" မင်းလိုချင်တဲ့ကြိမ်ခြင်းရပြီ၊ ဘာလုပ်ချင်သလဲ၊ ငါတို့ကို ရှင်းပြပေတော့ "

ဟုမေးမြန်းလေ၏။ လပြည့်က ရယ်မော၍

" ဒီကိစ္စမှာ ခင်ဗျားတို့နှစ်ယောက်ရဲ့အကူအညီလဲ အများကြီးလိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့က ဆပ်ကပ်ထဲမှာ ကျွမ်းဘားကစားလာတဲ့ လူတွေမို့လို့လဲ၊ လူသာမန်တွေဆိုရင်တော့ ဒီကိစ္စ အောင်မြင်ဖို့မလွယ်ဘူး၊ မစ္စတာဘားနက်ရဲ့ခြံကြီးမှာ အစောင့်အကြပ်တွေ ထူထပ်လွန်းတော့ ကျုပ်တို့ ဝင်ဖို့မလွယ်ဘူး၊ သူ့ခြံကြီးမှာ အစောင့်အကြပ်မရှိတဲ့နေရာဆိုလို့ ခြံရဲ့အနောက်ဘက်ဆုံး အပိုင်းတစ်ခုထဲရှိတယ်၊ ခြံရဲ့အနောက်ဆုံးအပိုင်းမှာ ဘာဖြစ်လို့ အစောင့်အကြပ်တွေ မရှိသလဲဆိုတော့ သဘာဝ အတားအဆီးတွေရှိနေလို့ပဲ၊ အင်မတန်နက်တဲ့ ချောက်ကမ်းပါးကြီးရှိနေမှ ရန်သူဟာ ဘယ်လိုလုပ်နောက်က လာနိုင်မှာလဲ၊ ဒါပေမဲ့ ကျုပ်တို့ရဲ့အကြံအစည်နဲ့ဆိုရင် အောင်မြင်နိုင်ပါတယ်၊ ကျုပ်ဟာ မမျှော်လင့်ဘဲ မစ္စတာဘားနက်ရဲ့ဂိုဒေါင်ဟောင်းကြီးက သံမဏိကြိုးတွေကို သွားတွေ့တယ်၊ သံမဏိကြိုးတွေက သေးငယ်ပေမဲ့ အလွန်ခိုင်မာတယ်၊ ဒီကြိုးတွေကို မစ္စတာဘားနက်ရဲ့အိမ်တိုင်မှာချည်ပြီး





ချောက်ကမ်းပါးတစ်ဖက်က သစ်ပင်မှာချည်မယ်၊ ပြီးရင် ကြိမ်ခြင်းကို စက်သီးနဲ့ ဆက်ပြီး မစ္စတာဘားနက်ကို ချောက်ကမ်းပါးဖြတ်ပြီး ဟိုဘက်ကမ်းကို ခေါ်သွားမယ်၊ ဒါဆိုရင် ကျုပ်တို့ကို ဘယ်သူမှ နှောင့်ယှက်လို့မရဘူး "

ဟုပြောလေရာ ပိန်ရှည်ရှည် အရက်သမားက ဝမ်းသာအားရ ထခုန်၍

" ကောင်းလိုက်တဲ့အကြံအစည်ကွာ၊ ဒါဆိုရင် ဒီကောင်ကြီးကို လွယ်လွယ်လေး ဖမ်းလို့ရမှာပေါ့၊ စံအိမ်ထဲကို မရရအောင်ခိုးဝင်ပြီးတော့ ဒီကောင်ကြီးကိုဖမ်းပြီး ကြိမ်ခြင်းထဲကိုထည့်ပေးလိုက်ရုံပဲ၊ ဒီကောင်ကြီး တစ်ဖက်ကမ်းရောက်တာနဲ့ ငါတို့အားလုံး ဟိုဘက်ကမ်းကိုပြန်ကူးပြီး ပြေးရုံပဲ "

ဟုပြောလေ၏။ အရပ်ပုသောအရက်သမားကလည်း စိတ်အားတက်ကြွဟန်ဖြင့်

" ဒါဆိုရင်ငါတို့အကြံအစည်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေတော့၊ သတ္တုမိုင်းမှာ နေထိုင်ရတာ ပျင်းစရာကောင်းလှပြီ "

ဟုပြောလေ၏။ လပြည့်က သက်ပြင်းချ၍

" မစ္စတာဘားနက်ရဲ့ အိမ်နဲ့ ချောက်ကမ်းပါးတစ်ဖက်ကို သံမဏိကြိုးဆင်ဖို့ကတော့ လူသာမန်တွေ မဖြစ်နိုင်ဘူး၊ ကျွမ်းဘားပညာကျွမ်းကျင်တဲ့ ခင်ဗျားတို့နှစ်ယောက်ပဲ တတ်နိုင်ကြလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေတော့၏။ ထိုအခါ ပိန်ရှည်ရှည်အရက်သမားက စိတ်အားတက်ကြွစွာဖြင့်

" ဒါဆိုရင်တော့ သံမဏိကြိုးဆင်ဖို့ ကိစ္စကိုအမြန်ဆုံးလုပ်ကြမယ် "

ဟု ပြောရလေတော့၏။

ထို့နောက်တွင်မူ လပြည့်တို့အားလုံး သံမဏိကြိုးဆင်ရန် နေ့ရက်ကို စနေနေ့ညတွင် ပြုလုပ်ရန် ရွှေပြောင်းလိုက်လေ၏။

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း ကျောက်မြောင်းဈေး တာမွေ





လပြည့်တို့သည် စနေနေ့ညသို့ရောက်သောအခါ ညသန်းခေါင်ယံအချိန်၌ မစ္စတာဘားနက်၏ အိမ်ကြီးအနီးသို့ ချဉ်းကပ်ကြလေ၏။

ချောက်ကမ်းပါးကြီး၏ အနီးသို့ ရောက်သောအခါ လေပြင်းတိုက်ခိုက်မှု လွန်စွာပြင်းထန်ကြောင်း သိရလေ၏။

အရက်သမားနှစ်ယောက်သည် ချောက်ကမ်းပါးတစ်ဖက်သို့ ကျောက်တုံးကျောက်ဆောင်များ ခုန်ပျံကျော်လွှား၍ ခက်ခက်ခဲခဲ သွားကြရလေ၏။ တစ်ကြိမ်တွင် အရပ်ပုသော အရက်သမားသည် ကျောက်တုံးပေါ်မှ ခြေချော်၍ ချောက်ကြီးထဲသို့ ကျလုမတတ်ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငှင်းတို့သည် ကျွမ်းကျင်သော ကျွမ်းဘားပညာရှင်များ ဖြစ်၍ကျောက်တုံးပေါ်သို့ ပြန်လည်တက်ရောက်နိုင်၏။

လပြည့်သည် ငှင်းတို့နှစ်ဦးကို အကူအညီမပေးနိုင်ဘဲ ချောက်ကမ်းပါးအထက်မှ ကြည့်ရှုနေရ၏။

အရက်သမားနှစ်ယောက်သည် မနက်ပိုးလင်းကာနီးအထိ ခက်ခက်ခဲခဲ ကြိုးပမ်းပြီးနောက် တစ်ဖက်ကမ်းရှိ သစ်ပင်ကြီး၌ သံမဏိကြိုးနှင့် စက်သီးဆင်သောကိစ္စ အောင်မြင်လာလေ၏။

ငှင်းတို့နှစ်ဦး တစ်ဖက်ကမ်းသို့ ရောက်သောအခါ လပြည့်က ပန်းကိုဖက်၍ ဝမ်းသာအားရဖြင့်

'' ဒီနေ့ကတော့ ခင်ဗျားတို့နှစ်ယောက်ရဲ့ နေ့ပါပဲ ''

ဟု ချီးကျူးလိုက်လေ၏။

လပြည့်တို့သည် နောက်တစ်နေ့တွင် ဆက်လက်၍ကြိုးပမ်းကြပြန်သည်။ ထိုနေ့ညတွင် လပြည့်၏အစွမ်းကို ပြသမည့်နေ့ဖြစ်၏။

လပြည့်သည်သံမဏိကြိုးတစ်စကိုကိုင်၍မှောင်ရိပ်ခိုကာ မစ္စတာဘားနက်၏ အိမ်အနီးသို့ ချဉ်းကပ်လေ၏။

လပြည့်သည် အိမ်ကြီး၏အနောက်သို့ ရောက်သောအခါ မစ္စတာဘားနက်၏ တပည့်သုံးယောက် လျှောက်လာသည်ကို မြင်သဖြင့် အိမ်ကြီးအနောက်တွင်ကပ်၍ ပုန်းခိုလိုက်လေ၏။

မစ္စတာဘားနက်၏ တပည့်သုံးယောက်အနက် တစ်ယောက်





သည် လပြည့်၏အနီးတွင် မှောင်ရိပ်ခိုကာ အပေါ့အပါးသွားနေသဖြင့် လပြည့်သည် ရင်တထိတ်ထိတ်ခုန်နေလေ၏။

ငှင်းတို့ကိုတိုက်ခိုက်ရန် မဖြစ်နိုင်သဖြင့် စိတ်လှုပ်ရှားရခြင်းဖြစ်လေ၏။

ထိုသူများထွက်ခွာသွားသောအခါမှပင် လပြည့်သည် အိမ်အနောက်ဘက် ပိုက်လုံးကို တွယ်ကပ်တက်၍ အပေါ်သို့တက်လေ၏။

ထို့နောက်အိမ်ကြီး၏အနောက်ဘက်ရှိ တိုင်တစ်လုံးတွင် သံမဏိကြိုးကို သေချာစွာ ဆင်လေ၏။

ထိုနေရာသည် လူသူအရောက်အပေါက်မရှိသော နေရာဖြစ်၍ သံမဏိကြိုးကို မည်သူမျှ တွေ့မြင်မည်မထင်ချေ။ သံမဏိကြိုးကို မစ္စတာဘားနက်၏ တပည့်တစ်ဦး မြင်တွေ့သွားလျှင် ငှင်းတို့အကြံအစည် ရေစုန်မျောရပေတော့မည်။

❧ ❧ ❧ ❧ ❧

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်တို့သည် အချိန်မဆွဲနိုင်တော့ဘဲ နောက်တစ်နေ့တွင် မစ္စတာဘားနက်ကို ဝင်ရောက်ဖမ်းဆီးရန် ကြံစည်လေတော့၏။

၎င်းတို့သုံးယောက်၌ လက်နက်အနေဖြင့် တုတ်ရှည်နှင့် ဓားလက်နက်များသာရှိ၍ သေနတ်ကိုင်လူဆိုးများကို သတိကြီးစွာ ထားရပေမည်။

လပြည့်တို့သည် ည (၁၁) နာရီခန့်အချိန်[illegible] အိမ်ကြီး၏ အနောက်ဘက် ချောက်ကမ်းပါးမှတစ်ဆင့် မစ္စတာဘားနက်၏ ခြံဝင်းထဲသို့ ဝင်ရောက်ခဲ့လေ၏။

၎င်းတို့ သုံးယောက်စလုံး ခြံဝင်းထဲသို့ ရောက်သောအခါ လက်နှိပ်ဓာတ်မီး ကိုယ်စီကိုင်ထားသော လူဆိုးလူမိုက်သုံးဦးနှင့် ပက်ပင်း





တိုးလေ၏။

လပြည့်သည် ရှေ့ဆုံးမှ ရောက်လာသော လူဆိုး၏အနီးသို့ ဝင်ပူး၍ အရှိက်ကို လက်သီးဖြင့် ထိုးလိုက်ရာ လူဆိုး ခွေလဲကျသွားလေ၏။

အရက်သမားနှစ်ယောက်ကလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လူဆိုးများကို လှဲသိပ်လိုက်၏။

လပြည့်တို့သည် အိမ်ကြီး၏အနောက်ရှိ လွန်စွာ ခိုင်ခန့်သော တံခါးကြီးအနီးသို့ ရောက်သောအခါ တံခါးကြီးကို အတွင်းမှချက်ချ ထားသဖြင့် အခက်တွေ့နေလေ၏။

ပိန်ရှည်ရှည် အရက်သမားက မျက်နှာကို ရှုံ့မဲ့၍

“ တံခါးကြီးက အထူကြီးကွ၊ အမြှောက်နဲ့ ပစ်မှရမယ် ”

ဟု ပြောလေ၏။ လပြည့်သည် တံခါးကို မျက်မှောင်ကြုတ်ကြည့်၍ အကြံရသွားဟန်ဖြင့် တံခါးကို တဗုန်းဗုန်း ထုလေ၏။

ခဏကြာလျှင် အိမ်အတွင်းမှ လူတစ်ယောက်၏ ဆဲဆိုသံကို ကြားရပြီး

“ ဘာဖြစ်လို့ တံခါးကို ဒီလောက် ထုနေရတာလဲ၊ အပြင်ကနေ ဝင်လာလဲ ရတာပဲ၊ ဒီမှာ ဖဲရိုက်လို့ ကောင်းနေတုန်းမှာ ”

ဟု ပြောဆို၍ တံခါးကြီးကို ဝုန်းခနဲ ဖွင့်လိုက်လေ၏။

တံခါးဖွင့်ပေးသူသည် လူဝကြီးတစ်ဦးဖြစ်ပြီး မီးအလင်းရောင်ဖြင့် လပြည့်တို့ကို မြင်သောအခါ မျက်လုံးပြူးနေစဉ် လပြည့်က သူ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြားကို ခြေဖြင့်မြှောက်ကန်လိုက်ရာ လူဝကြီးသည် မှောက်မျောသွားလေ၏။

လူဝကြီးကို ပိန်ရှည်ရှည်လူက စားပွဲခုံအောက်ကို တရွတ်တိုက်ဆွဲသွင်းလေရာ မနိုင်သဖြင့် အရပ်ပုသောလူက ကူညီရလေ၏။

လပြည့်တို့သည် အိမ်ကြီး၏အနောက်ဘက်သို့ ရောက်ရှိသွားလေရာ မီးဖိုချောင်အတွင်းသို့ လူနှစ်ဦးဝင်ရောက်လာပြီး အစားအသောက်များကို ရှာဖွေလေ၏။

၎င်းတို့သည် ကြောင်အိမ်ထဲမှ ဘဲကင်ကြီးတစ်ကောင်ကို ထုတ်၍ ဖဲ့စားရန်ပြင်ဆင်နေစဉ် ပိန်ရှည်ရှည်လူက လူနှစ်ဦးအား ခေါင်းချင်းဆိုင်၍ တိုက်ပေး လိုက်လေ၏။ အရပ်ပုသောလူက ဘဲကင်ကြီးကို ကြည့်၍

" ဗိုက်ဆာနေတာနဲ့အတော်ပဲ၊ ပွတာပဲ "

ဟု ရေရွတ်ကာ ဘဲကင်ကို ကိုက်ဝါးလေ၏။ ပိန်ရှည်ရှည်လူကြီးကလည်း ဝင်ရောက်စားသောက်လေ၏။ ထိုအခိုက်မှာပင် မီးဖိုချောင်အတွင်းသို့ လူနှစ်ယောက်ဝင်ရောက်လာပြန်ပြီး အခန်းထောင့်ရှိ ကြောင်အိမ်တစ်လုံးကိုဖွင့်ကာပန်းသီးများကို ထုတ်၍ စားရန်ပြင်လေ၏။

ထိုအခါ အရပ်ပုသောလူက ၎င်းတို့အနီးသို့ တိုးကပ်၍ ခေါင်းချင်းဆိုင်တိုက်ပေးလိုက်ပြန်ရာ ပန်းသီးများလွတ်ကျသွားလေ၏။

ပိန်ရှည်ရှည်လူကြီးက ပန်းသီးများကိုကမန်းကတန်းကောက်၍





" ဘဲကင်စားပြီး အာခြောက်နေလို့ ပန်းသီးလေးစားလိုက်ရရင် ကောင်းမယ်လို့ စဉ်းစားနေတုန်းပန်းသီးတွေနဲ့ လာတွေ့တယ် "

ဟု ရေရွတ်လေ၏။ လပြည့်က အစားအသောက်မက်လှသော ၎င်းတို့ကိုကြည့်၍

" ခင်ဗျားတို့ အစားပုပ်မနေနဲ့၊ အချိန်မရှိတော့ဘူး၊ အိမ်ကြီးရဲ့အပေါ်ထပ်ကို တက်ရအောင် "

ဟုပြောလေ၏။ ထိုအခါမှပင် အရက်သမားနှစ်ယောက်သည် အိမ်ကြီး၏ အတွင်းသို့ ဝင်ရောက်လာလေ၏။ လပြည့်တို့သည် ကျွန်းလှေခါးကြီးအတိုင်း အပေါ်ထပ်သို့ တက်ခဲ့လေ၏။

အပေါ်ထပ်တွင် အိမ်ခန်းပေါင်းများစွာရှိ၏။ ဧည့်ခန်းထဲတွင် ဖဲရိုက် နေသူများရှိ၏။

ထိုသူများအနက် တစ်ဦးက ဖဲချပ်များကိုကုလားဖန်ထိုးရင်း

" ဗိုက်ဆာလို့ အောက်ထပ် ဆင်းသွားတဲ့ကောင်တွေ တစ်ယောက်မှ ပြန်မလာဘူး၊ ဘယ်လိုဖြစ်တာလဲမသိဘူး၊ တစ်ယောက်လောက်သွားကြည့်ပါဦး "

ဟုပြောလေရာ ဖဲဝိုင်းတွင် ရှုံးနေသူတစ်ဦးက မျက်နှာကိုရှုံ့မဲ့၍

" အို ဒီကောင်တွေဟာ ထမင်းချက်လူဝကြီးနဲ့တွေ့ရင် လေကန်နေကျပဲဥစ္စာ၊ လာကန်နေမှာပေါ့ "

ဟုပြောဆိုလေ၏။ လပြည့်တို့သည် အိမ်ကြီး၏တံခါးများကို



www.burmeseclassic.com

www.burmeseclassic.com



ကပ်၍ အခန်းများကို လိုက်လံကြည့်ရှုလေရာ အခန်းတစ်ခန်းထဲမှ တီးတိုး ရယ်မောသံကို ကြားရသဖြင့် ကြည့်ရှုလိုက်ရာ မျက်နှာဖြူလူမျိုး မစ္စတာဘားနက်နှင့် မိန်းမတစ်ဦးကိုတွေ့ရလေ၏။

ပိန်ရှည်ရှည်အရက်သမားသည် အခန်းထဲသို့ချောင်းကြည့်၍ မျက်နှာရှုံ့မဲ့လိုက်ပြီး

" သွားပါပြီကွာ၊ သွားပါပြီ၊ ငါ့အသည်းတွေကွဲပါပြီ "

ဟုရေရွတ်လေ၏။ အရပ်ပုသောအရက်သမားကလည်း အတွင်းသို့ချောင်း၍

" ဟုတ်ပါရဲ့ကွာ၊ သွားပါပြီ သွားပါပြီ၊ မစိမ်းလက်ရေ ရက်စက်လိုက်တာကွာ "

ဟုညည်းညူလေ၏။

လပြည့်က ၎င်းတို့အဖြစ်ကို နားမလည်ဟန်ဖြင့် မေးမြန်းလေရာ ပိန်ရှည်ရှည်အရက်သမားက

" မစိန်းလက်ဆိုတာ သတ္တုမိုင်းမှာ ခေါက်ဆွဲဆိုင်ဖွင့်ထားတဲ့ မိန်းမကွ၊ မစိန်းလက်ကို ငါတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း မျက်စိကျနေလို့ အပြိုင်အဆိုင်ပိုးပန်းနေတာကွ၊ အခုတော့ ဒီကောင်မက မစ္စတာဘားနက်ရဲ့တိတ်တိတ်ပုန်း မယားဖြစ်နေတာကိုး "

ဟုရေရွတ်လိုက်လေတော့၏။

ထို့နောက် မစ္စတာဘားနက်သည် မစိန်းလက်ကို အိပ်ခန်းဝသို့ ပြန်လည်ပို့ဆောင်ပေးလေ၏။

မစိန်းလက်ကို မစ္စတာဘားနက်၏ဟပည်များက လိုက်လံပို့ဆောင်မည်ထင်ရ၏။ မစိန်းလက် အခန်းထဲမှထွက်ခွာသွားသောအခါ မစ္စတာဘားနက်သည် အိပ်ရာပေါ်တွင်လှဲရင်း အိပ်ပျော်ရန် ကြိုးစားလေ၏။

လပြည့်တို့သည် ခုတင်အနီးသို့တိုးကပ်၍ အရပ်ပုသောလူက အင်္ဂလိပ်ဘာသာဖြင့်

" ဟေ့လူယုတ်မာ ထစမ်း "

ဟုအမိန့်ပေးလိုက်၏။ မစ္စတာဘားနက်သည် မြန်မာစကားကို ကောင်းစွာပြောတတ်ပုံရ၏။ လပြည့်တို့ကို တအံ့တသြကြည့်ရှု၍

" မင်းတို့ဘယ်သူတွေလဲ၊ ငါ့အိမ်ထဲကိုဘယ်လိုဝင်လာတာလဲ "

ဟုမေးမြန်းလေ၏။

လပြည့်က သူ၏အိတ်ထဲမှ ဓားမြှောင်ကိုထုတ်၍ မစ္စတာဘားနက်၏လည်တိုင်ကို ထောက်ထားလိုက်ပြီး

" လူယုတ်မာကြီး ပါးစပ်ပိတ်ထားစမ်း၊ ခင်ဗျားရဲ့ယုတ်မာရက်စက်မှုတွေ အဆုံးသတ်ဖို့အချိန်ရောက်နေပြီ "

ဟုပြောလေရာ မစ္စတာဘားနက်သည် ထိတ်လန့်သွားပြီး လပြည့်တို့ကို ဓားပြများဟုထင်မှတ်ကာ သူ၏မီးခံသေတ္တာထဲတွင် ငွေများစွာရှိကြောင်း ပြောဆို၍ ပိုက်ဆံများကိုယူ၍ သွားလိုရာသွားနိုင်







www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောလေ၏။

လပြည့်က မစ္စတာဘာဘားနက်ကိုကြည့်၍ စိတ်မရှည်ဟန်ဖြင့် ၎င်း၏ လည်ကုတ်ကို လက်ဝါးစောင်းဖြင့်ခုတ်လိုက်ရာ မစ္စတာဘာဘားနက် မေ့မြော သွားလေ၏။

လပြည့်တို့သည် မစ္စတာဘာဘားနက်ကို ထမ်းပိုး၍ အိပ်ခန်းထဲမှ ထွက်လာကြ၏။ ထိုအခိုက်မှာပင် ၎င်းတို့အနောက်မှ

" ဟင် ရှင်တို့ ရှင်တို့ ဘယ်သူတွေလဲ၊ မစ္စတာဘာဘားနက် ဘာဖြစ်လို့လဲ "

ဟူသောအသံကိုကြားရသဖြင့် မစိန်းလက်ကို တွေ့ရလေ၏။ မစိန်းလက်သည် မစ္စတာဘာဘားနက်၏အနီးသို့ အဘယ်ကြောင့်ပြန်လာသည်မသိ။

လပြည့်တို့သည် သူမ၏အမေးကို မဖြေဘဲ မစ္စတာဘာဘားနက်ကို အိမ်ကြီး၏အနောက်ရှိ ဝရန်တာသို့ အပြေးအလွှားသယ်ယူသွားလေ၏။

ထိုအခါ မစိန်းလက်က ကျယ်လောင်သောအသံဖြင့်

" လာကြပါဦး ရန်သူတွေဝင်လာပြီး မစ္စတာဘာဘားနက်ကို ဖမ်းနေပြီ "

ဟုအော်ဟစ်လေ၏။

ထိုအခါ ညှော်ခန်းထဲတွင် ဖဲရိုက်နေနေသူ လူဆိုးလူမိုက်များသည် အိမ်အနောက်သို့ အပြေးအလွှားရောက်လာကြ၏။





လပြည့်တို့သည် အိမ်ကြီး၏အနောက် ဝရန်တာသို့ရောက်ရှိသွားပြီး ကြိမ်ခြင်းကြီးကို စက်သီး၌အလျှင်အမြန်ချိတ်လေ၏။

သို့သော် ကြိမ်ခြင်းသည် မည်သို့ဖြစ်သည်မသိ၊ စက်သီး၌ ချိတ်ဆွဲရန် ခက်ခဲနေလေ၏။

ထိုအချိန်တွင် လူဆိုးလူမိုက်များသည် ဝရန်တာအပေါက်ဝသို့ ရောက်ရှိနေပြီဖြစ်၏။ လပြည့်သည် လူဆိုးများကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး အသင့်ဆောင်ယူလာသော တုတ်ရှည်ဖြင့် လူဆိုးနှစ်ဦးကို လွှဲရိုက်လိုက်ရာ ၎င်းတို့သည် မြေပေါ်သို့ လဲကျသွားလေ၏။

လူဆိုးတစ်ဦးသည် လပြည့်ကို ဓားရှည်ဖြင့်ဝင်ခုတ်လေ၏။ လပြည့်သည် လူဆိုးများ၏တိုက်ခိုက်မှုကို ရှေ့ဆုံးမှ ကြံ့ကြံ့ခံ၍ တွန်းလှန်နေရလေ၏။

ထိုအခိုက်မှာပင် လူဆိုးတစ်ဦးသည် ခြောက်လုံးပြူးကိုထုတ်၍ လပြည့်ကို ဗိုင်းခနဲမြည်အောင် ပစ်လေရာ ကံကောင်းထောက်မစွာဖြင့် လွဲချော်သွားပြီး လပြည့်က လူဆိုး၏သေနတ်ကို တုတ်ဖြင့်ရိုက်ဖယ်လိုက်လေ၏။

ထိုစဉ် ကြိမ်ခြင်းကို စက်သီး၌ချိတ်ဆွဲ၍ ရသွားသဖြင့် အရက်သမားနှစ်ယောက်သည် မစ္စတာဘာဘားနက်၏ ကိုယ်ခန္ဓာကြီးအား ကြိမ်ခြင်းထဲသို့ထည့်၍ ကြိမ်ခြင်းကို အားဖြင့်တွန်းလိုက်ရာ ကြိမ်ခြင်းသည် အရှိန်ဖြင့်ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ခြင်းသည် သံမဏိကြိုးအတိုင်း အရှိန်ဖြင့် သွားလာနေရာမှ ချောက်ကမ်းပါးကြီးကို ကျော်ဖြတ်ပြီး အလယ်တည့်တည့်နေရာ အရောက်တွင် အရှိန်သေ၍ ရပ်တန့်သွားလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ အရက်သမားနှစ်ယောက်သည် ဘုရား တလိုက်ပြီး

" ဇုန္ဓေကြိမ်ခြင်းကြီး ချောက်အလယ်မှာ ရပ်နေပြီ ဘယ်လိုလုပ် ရမလဲ "

ဟုရေရွတ်လေ၏။ လပြည့်သည် ရန်သူများနှင့်တိုက်ခိုက်နေသည့် ကြားမှ နောက်သို့လှည့်ကြည့်၍ အကြံရခက်သွားပြီး

" ခင်ဗျားတို့နှစ်ယောက် သံမဏိကြိုးအတိုင်းကွဲလွဲခိုပြီး သွား ကြ၊ ကြိမ်ခြင်းကို ရအောင်တွန်း၊ ကျုပ် ဒီကောင်တွေကို ထိန်းထားမယ်"

ဟု အော်ဟစ်လိုက်လေ၏။ ရန်သူများသည် အင်အားများပြား သော်လည်း ဝရန်တာလို့ထွက်သော တံခါးပေါက်မှာ ကျဉ်းမြောင်းလှ သဖြင့် လပြည့်တစ်ဦးတည်း တားဆီးထားနိုင်၏။

သို့သော် အများနှင့်တစ်ယောက်ဖြစ်၍ သူ၏ကိုယ်ခန္ဓာ လက် ပန်းကျလာ၏။

သူ၏လက်ထဲတွင် ကိုင်ဆောင်ထားသော တုတ်ရှည်ကို မနား မနေ လှုပ်ရှားနေရ၏။ ရန်သူများသည် အနီးကပ်တိုက်ပွဲဖြစ်၍ သေနတ် ကို အသုံးမချနိုင်ဘဲ ဓားလှံလက်နက်များဖြင့် ဝင်ရောက်တိုက်ခိုက်နေ၏။





လပြည့်သည် ရန်သူများကို တိုက်ခိုက်ရင်း အနောက်သို့လှည့် ကြည့်လိုက်သောအခါ အရက်သမားနှစ်ဦးသည် သံမဏိကြိုးတန်းကို ခြေလက်များဖြင့် ချိတ်၍ တရွေ့ရွေ့သွားလာနေကြောင်း တွေ့ရ၏။

ခဏကြာလျှင် အနောက်သို့ လှည့်ကြည့်လိုက်ရာ အရက်သမား နှစ်ဦးသည် ချောက်ကမ်းပါးအလယ်သို့ရောက်ရှိနေပြီး ကြိမ်ခြင်းကို ချောက်ကမ်းပါးတစ်ဖက်သို့ ရောက်အောင် တွန်းရန်ကြိုးစားနေ ကြောင်းတွေ့ရ၏။

ထိုအချိန်တွင် အရက်သမားနှစ်ယောက်မှာလည်း ဒုက္ခ အကြီး အကျယ်ရောက်နေလေ၏။

လပြည့်၏ လက်ဝါးစောင်းစာမိထားသော မစ္စတာဘားနက် သည် ကြိမ်ခြင်းထဲတွင် မေ့မြောနေရာမှ ပြန်လည်သတိရလာပြီး သူ၏ခန္ဓာကိုယ်သည် ချောက်ကမ်းပါးအလယ်ရှိ ကြိမ်ခြင်းထဲတွင် ရောက်ရှိနေမှန်း သိရသဖြင့် အလွန်ထိတ်လန့်သွားလေ၏။

ထို့ကြောင့် သူ၏ကြိမ်ခြင်းအား ချောက်ကမ်းပါးတစ်ဖက်သို့ ရောက်အောင် တွန်းနေသော ပိန်ရှည်ရှည်လူအား ရန်မူတိုက်ခိုက်လေ တော့၏။ ထိုအချိန်တွင်ပိန်ရှည်ရှည်လူမှာ သံမဏိကြိုးအားခြေလက်တို့ ဖြင့် ဖက်တွယ်ထားရသဖြင့်မစ္စတာ ဘားနက်အား စိတ်ရှိလက်ရှိ မတိုက် နိုင်နိုင်ငဲ ရှိလေ၏။

ပိန်ရှည်ရှည်လူသည် မစ္စတာဘားနက်၏ တိုက်ခိုက်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အခက်တွေ့နေပြီး မစ္စတာဘားနက်အား ခြေဖြင့်ကန်လိုက်ရာ ဘားနက်က ပိန်ရှည်ရှည်လူ၏ ခြေထောက်ကို ဖမ်းဆွဲ၍ ချောက်ထဲသို့ တွန်းချလေ၏။

နောက်ဆုံးတွင် ပိန်ရှည်ရှည်လူသည် ကျွမ်းဘားသမား တစ်ဦးပိပိ ကြိုးတန်းကို ခိုဆွဲ၍ တစ်ပတ်ကျွန်းပစ်လိုက်ပြီး မစ္စတာဘားနက်၏ မေးရိုးကို ခြေဖြင့်ကန်လိုက်ရာ ၎င်းမေ့မြောသွားပြန်၏။

ထိုအခါမှပင် မစ္စတာဘားနက်၏ ကြိုမ်ခြင်းကြီးကို ခြေဖြင့်တအား ဆောင့်ကန်လိုက်ရာ ကြိမ်ခြင်းကြီးသည် ချောက်ကမ်းပါးမှ ရွှေ့လျားပြီး တစ်ဖက်ကမ်းသို့ ရောက်ရှိသွားလေတော့၏။

ထိုအခါမှပင် အရက်သမားနှစ်ယောက်သည် တစ်ဖက်ကမ်းသို့ တရွေ့ရွေ့တိုး၍ သွားလာနေလေ၏။

လပြည့်သည် အရက်သမားနှစ်ဦး တစ်ဖက်ကမ်းသို့ မရောက်မီ အိမ်ကြီး၏ ဝရံန်ကာတွင် ရန်သူများကို ခုခံတိုက်ခိုက်နေလေ၏။

လပြည့်သည် အများနှင့် တစ်ယောက်ဖြစ်သဖြင့် တဖြည်းဖြည်း လက်ပန်းကျလာလေ၏။

သူ၏လက်မောင်းနှင့်ပေါင်တစ်ဖက်တွင် ဓားဒဏ်ရာကိုယ်စီ ရရှိထားပြီဖြစ်၏။

လပြည့်သည် သတိထား၍ တိုက်ခိုက်နေသည့်ကြားမှ သူ၏လက်မောင်းကို ရန်သူ၏ လှံတန်စူးဝင်သွားပြန်၏။

စေတနာစာပေ



လပြည့်သည် တစ်ဖက်ကမ်းသို့ လှည့်ကြည့်သောအခါ အရက်သမားနှစ်ယောက် ရောက်ရှိသွားကြောင်း တွေ့ရလေ၏။

လပြည့်သည် တစ်ဖက်ကမ်းသို့လိုက်၍ ကူးသန်းရန် မလွယ်ကူတော့ချေ။

ရန်သူများကို သဲကြီးမဲကြီး တိုက်ခိုက်နေရသဖြင့် ကြိုးတန်းကို မည်သို့ တက်ရမည်မသိ။

လပြည့်သည် ရှိသမျှ အားအင်များကို စုစည်း၍ ဓားကို ဝှေ့ယမ်း၍တိုက်ခိုက်ကာ ရန်သူများ နောက်သို့ ဆုတ်ခွာသွားသောအခါ ဝရန်တာလက်ရန်းပေါ်သို့ ခုန်တက်ရန် ပြင်ဆင်လေ၏။

သို့သော် ရန်သူများအား သဲကြီးမဲကြီး တိုက်ခိုက်လာပြန်သဖြင့် တစ်ဖက်ကမ်းသို့ ကူးသန်းရန် ခက်ခဲနေပြန်၏။

ထိုအခိုက်မှာပင် ရန်သူများ၏ အနောက်မှ တစ်စုံတစ်ဦးရောက်ရှိလာပြီး ၎င်းတို့ကို ဝင်ရောက်တိုက်ခိုက်လေ၏။

ရန်သူများသည် သူတို့အနောက်မှ တစ်စုံတစ်ဦး ပေါ်ထွက်လာပြီး တိုက်ခိုက်နေသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး အတုံးအရုန်းလဲကျကုန်လေ၏။

လပြည့်သည် မိမိအား ကူညီသူအားကြည့်လိုက်ရာ မျက်နှာကို အနက်ရောင် ပဝါစည်းထားကြောင်းတွေ့လိုက်ရ၏။ ထိုသူသည် လွန်ခဲ့သော ညတစ်ညက မိမိတို့ အိမ်အတွင်းသို့ ခိုးဝင်သော လူပင် ဖြစ်၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုသူသည် အဘယ်ကြောင့် မိမိကို ကူညီတိုက်ခိုက်နေသည် မသိချေ။

ထိုသူသည် ရန်သူများကို ကျွမ်းကျင်စွာ တိုက်ခိုက်ရင်း

" ကောင်လေး၊ ဘာကြောင် ကြည့်နေတာလဲ၊ ပြေးတော့လေ၊ အချိန်မရှိတော့ဘူး "

ဟုပြောလေ၏။

လပြည့်သည် မိမိအား ကယ်တင်ရန်လာသူကို စိတ်မချ၍ ချီတုံချတုံဖြစ်နေစဉ်ထိုသူက

" ကောင်လေး၊ ငါ့အတွက် မစိုးရိမ်နဲ့၊ အမြန်ပြေးတော့ "

ဟု ပြောလေ၏။ လပြည့်သည် မိမိ၌ ဒဏ်ရာများရရှိနေပြီး ပိုမိုဆိုးဝါးတော့မည်ကို သိ၍ခါးပတ်ကိုချွတ်ပြီး သံမဏိကြိုးတန်း၌ တင်ကာ ချောက်ကမ်းပါးသို့ အရှိန်ဖြင့် ကူးသန်းသွားလေ၏။

လပြည့်၏ ခန္ဓာကိုယ်သည် သံမဏိကြိုးတစ်လျှောက် အရှိန်ဖြင့် ဆင်းသွားပြီးချောက်ကမ်းပါးကို အောင်မြင်စွာကျော်ဖြတ်၍တစ်ဖက်ကမ်းသို့ ရောက်သွားလေ၏။

လပြည့်သည် တစ်ဖက်ကမ်းသို့ ရောက်သောအခါ မိမိအား ကယ်တင်သူကို စိတ်မချသဖြင့် လှမ်းကြည့်လိုက်ရာ မျက်နှာဖုံးစွပ်လူသည် ဝရန်တာမှ ခြောင်းထဲသို့ တစ်ပတ်ကျွမ်းပစ်၍ ခုန်ချလိုက်ကြောင်း တွေ့ရ၏။





လူဆိုးများသည်မျက်နှာဖုံးစွပ်လူကို ဖမ်းမိရန် ကြိုးပမ်းနေစဉ် မျက်နှာဖုံးစွပ်လူသည် မြင်းတစ်စီးပေါ်သို့ ခုန်တက်၍ မြင်းကို အရှိန်ပြင်းစွာ မောင်းနှင်ပြီး ခြံစည်းရိုးကြီးကို ကျော်လွှား၍ လွတ်မြောက်သွားကြောင်း တွေ့ရလေ၏။

လပြည့်သည် တစ်ဖက်ကမ်းသို့ ရောက်သောအခါ ကိုယ်ခန္ဓာတစ်ခုလုံး အားအင်ချိနဲ့နေသဖြင့် မြေပြင်တွင် ပက်လက်လှန်နေလေ၏။

ခဏကြာလျှင် ပိန်ရှည်ရှည် အရက်သမားက

" အချိန်မရှိတော့ဘူး လပြည့်၊ မင်းအမေပြောရင် ခရီးဆက်ရအောင်၊ ငါတို့ တောလမ်းခရီးအတိုင်း အမြန်ပြေးမှ ဖြစ်မယ် "

ဟု ပြောလေတော့၏။

[illegible]

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း ကျောက်မြောင်းဈေး တာမွေ



www.burmeseclassic.com

www.burmeseclassic.com



လပြည့်တို့သည် မစ္စတာဘားနက်ကို တစ်ယောက်တစ်လှည့် ထမ်း၍ခရီးကြမ်းကို နှင်ရလေ၏။

မစ္စတာ ဘားနက်၏ တပည့် လူဆိုးလူသွမ်းများသည် ချောက်ကမ်းပါးတစ်ဖက်သို့ ကူးသန်းရန် မလွယ်ကူသော်လည်း ၎င်းတို့သည် တောကြီးကိုပတ်၍ မြင်းများဖြင့် လိုက်လာနိုင်၏။

လပြည့်တို့သည် တောလမ်းအတိုင်း ခရီးပြင်းနှင်ပြီးနောက် မနက် အရုဏ်တက်အချိန်သို့ ရောက်သောအခါ ကားလမ်းမသို့ ရောက်လေ၏။

ပိန်ရှည်ရှည်အရက်သမားက ကြိုးတုတ်ထားသော မစ္စတာဘားနက်ကိုကြည့်၍





" ပြတ္တာကြီးကိုထမ်းရတာ လေးလိုက်တာကွာ၊ ဒီလမ်းအတိုင်း ရှေ့ခရီးဆက်ရင် မကြာခင် မြို့ကို ရောက်မယ်ကွ၊ မြို့ကိုရောက်ရင် ဒီကောင်ကြီးရဲ့ ပြစ်မှုတွေကို ပြောပြပြီး ပုလိပ်လက်အပ်ရမယ် "

ဟု ပြောလေရာ လပြည့်က သက်ပြင်းချ၍

" ပုလိပ်တွေဟာ မျက်နှာဖြူတစ်ယောက်ကို အရေးယူဝံ့ပါ့မလား "

ဟု ရေရွတ်လေ၏။ ထိုအခါ အရပ်ပုသောအရက်သမားက

" အရေးမယူလို့ ဘယ်ရမလဲကွ၊ ဒီလူယုတ်မာကြီး လုပ်ခဲ့တဲ့ အပြစ်တွေအတွက် ငါတို့ရွာက လူတွေအားလုံးက သက်သေလိုက်ကြလိမ့်မယ် "

ဟု ပြောလေ၏။ ၎င်းတို့သည် လမ်းမပေါ်တွင် ကားကြုံကို စောင့်နေစဉ် တောလမ်းခရီးမှ အသံဗလံများကို ကြား၍ လပြည့်က တောင်ကုန်းတစ်ခုပေါ်သို့တက်၍ ကြည့်လိုက်ရာ ဖုန်လုံးကြီးများ တလိပ်လိပ်တက်လာပြီးမြင်းကိုယ်စီ စီးလာသော လူဆိုးလူမိုက်များကိုတွေ့ရလေ၏။

လပြည့်က ဘုရားတ၍ ကျောက်တုံးပေါ်မှ ခုန်ချကာ

" မစ္စတာ ဘားနက်ရဲ့လူတွေ လိုက်လာကြပြီ "

ဟု အော်ဟစ်လိုက်ရာ အရက်သမားနှစ်ယောက်သည် မျက်လုံးပြူးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့သည် လူဆိုးလူမိုက်များ ဤမျှ အချိန်တိုတိုအတွင်း လိုက်လာနိုင်မည် မထင်ချေ။

ပိန်ရှည်ရှည် အရက်သမားက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လပြည့်ကိုကြည့်ကာ

'' ဒါတို့ဘယ်လိုလုပ်မလဲ ''

ဟု ရေရွတ်လေ၏။

လပြည့်ကသက်ပြင်းချ၍ ခေါင်းခါယမ်းကာ

'' ကျုပ်တို့ရဲ့ ရည်မှန်းချက်ကြီး ပျက်ပြီပေါ့ဗျာ၊ ဒီကောင်ကြီးကို ထားခဲ့ပြီး ပြေးရတော့မှာပေါ့ ''

ဟု ပြောဆိုလေ၏။ အရုပ်ပုသော အရက်သမားကတက်ခေါက်၍

'' တောက်၊ ဒါမျိုးတော့ အဖြစ်မခံနိုင်ဘူး၊ ဒီကောင်ကြီးကို သတ်ပြီးတော့ ထားခဲ့မယ် ''

ဟု ပြောလေရာ လပြည့်က ခေါင်းခါယမ်း၍

'' ဒီလို မလုပ်ပါနဲ့၊ ကျုပ်တို့က တရားမဲ့လုပ်တဲ့သူတွေ မဟုတ်ဘူး၊ ခင်ဗျား ဒီလိုလုပ်ရင် ပြစ်မှု ကျူးလွန်သူဖြစ်သွားမှာပေါ့ ''

ဟု တားဆီးလေ၏။ လပြည့်သည် သူ၏စကားဆုံးသည်နှင့် မျက်မှောင်ကြုတ်၍

'' ဟင် နားထောင်စမ်း၊ ခင်ဗျားတို့ ပါးစပ်တွေပိတ်ပြီး နားထောင်ကြည့်စမ်း၊ ကားသံကြားတယ်မဟုတ်လား ''





ဟုပြောဆိုလေ၏။ ထိုအခါ အရက်သမားနှစ်ယောက်သည် ပါးစပ်ပိတ်၍ နားစွင့်ကြလေ၏။ ရင်းတို့သည် ငြိမ်သက်စွာ နားထောင်နေပြီး စိတ်လှုပ်ရှားဟန်ဖြင့်

'' ဟုတ်တယ်၊ ဟုတ်တယ်၊ ကားသံကြားတယ်၊ တောင်အောက်မှာ ကားလာနေပြီ၊ ဒါတို့ လွတ်မြောက်သွားနိုင်တယ်၊ လပြည့် ကျောက်တုံးပေါ်တက်ပြီး လူဆိုးတွေကို သွားကြည့်စမ်း ''

ဟု ပြောလေ၏။ လပြည့်သည် ကုန်းမြင့်ပေါ်သို့တက်၍ ရန်သူများကို ကြည့်ရှုလေရာ ရန်သူမြင်းများ၏ ဖုန်လုံးကြီးသည် တလိမ့်လိမ့် တက်လာပြီး လပြည့်တို့နှင့် အလွန် နီးကပ်နေလေ၏။

သူသည် ကုန်းမြင့်ပေါ်မှာပင် တောင်အောက်သို့ ကြည့်လိုက်ရာ တောင်ပေါ်သို့ မီးခိုးထောင်းထောင်းထပြီး တအိအိတက်လာသော လော်ရီကားတစ်စီးကို တွေ့ရ၏။

ရန်သူများနှင့် လော်ရီကားသည် လပြည့်တို့အနီးသို့ မည်သူ အရင် ရောက်မည်ကို ခန့်မှန်းရခက်လှ၏။

လပြည့်သည် လော်ရီကားကြီးကို အားမလိုအားမရကြည့်၍

'' အမြန်ဆုံးလာစမ်းပါကွာ ''

ဟုအော်ဟစ်လိုက်လေ၏။

သူသည် လော်ရီကားကြီးကိုကြည့်နေရာမှ လော်ရီကားကြီးသည် တောင်ကုန်းပေါ်သို့ ရုန်းကန်တက်နေရသဖြင့် ပိုမိုနှေးကွေးသွား



www.burmeseclassic.com

www.burmeseclassic.com



လေရာ အထိတ်တလန့်ဖြင့် ရန်သူများရှိရာသို့ ကြည့်လိုက်၏။

ထိုအခါ ရန်သူ၏မြင်းများသည် လော်ရီကားကြီးထက်ပိုမို၍ နီးကပ်နေသဖြင့် ၎င်းတို့ မလွတ်မြောက်နိုင်ဟု ယူဆကာ စိတ်လျော့လိုက်လေ၏။

တောင်ကုန်းပေါ်သို့တက်၍ ကြည့်ရှုနေသော အရက်သမား နှစ်ယောက်မှာလည်း မလွတ်မြောက်နိုင်တော့ဟု ယူဆကာ စိတ်လျော့လိုက်လေ၏။

လပြည့်သည် စိတ်ပျက်လက်ပျက်ဖြင့် ရန်သူများ၏မြင်းများကို ကြည့်လိုက်၏။

ထိုအခါ ရန်သူမြင်းများသည် လပြည့်တို့အနီးသို့ ရောက်ကာနီးကာမှ လမ်းမရှိတော့ဘဲ ချောက်ကြီးကိုလှည့်ပတ်၍ တက်နေကြောင်း တွေ့ရလေ၏။

လပြည့်က ဝမ်းသာအားရဖြင့်

" ဟိုက် ကျုပ်တို့လွတ်နိုင်တယ်၊ ဒီကောင်တွေလမ်းမရှိလို့ ချောက်ကြီးကို ကွေ့ပတ်တက်နေရပြီ "

ဟုအော်ဟစ်လိုက်လေ၏။

ထိုအခါ အရက်သမားနှစ်ဦးက ကြည့်ရှု၍ ဝမ်းသာအားရအော်ဟစ်နေရာမှ

" ဟင် လော်ရီကားကြီးကလည်း မီးခိုးတွေ တထောင်းထောင်း





ထပြီး ရပ်သွားပြီ၊ ငါတို့မလွတ်နိုင်တော့ပါဘူး "

ဟုအော်ဟစ်ပြန်၏။

လပြည့်တို့ကြည့်ရှုနေစဉ် လော်ရီကားကြီး စက်ပြန်နိုးလာပြီး တောင်ပေါ်သို့ တရွေ့ရွေ့တက်နေကြောင်းတွေ့ရလေ၏။

ရန်သူမြင်းများမှာလည်း တောင်ကြီးကိုကွေ့ပတ်၍ တက်နေလေ၏။ ရန်သူများသည် တဖြည်းဖြည်း ပြန်လည်နီးကပ်လာ၏။ ထိုအခါ လော်ရီကားကြီးသည် လပြည့်တို့နှင့် ကိုက်တစ်ရာခန့်သာ ကွာတော့၏။

ရန်သူမြင်းများသည် တောလမ်းခရီးကို လွန်မြောက်၍ ကားလမ်းသို့ပင် နီးကပ်လာလေ၏။

လော်ရီကားကြီးသည် ရှေ့မှဦးဆောင်၍ မောင်းလာပြီး ရန်သူမြင်းများသည် အနောက်မှလိုက်လာကြ၏။

အရက်သမားနှစ်ဦးသည် ကားလမ်းမပေါ်တွင်ပိတ်ရပ်၍ ကားကြီးကိုရပ်နိုင်းလေ၏။

ရန်သူမြင်းများမှာလည်း ကိုက်တစ်ရာခန့်သာ ကွာတော့၏။

လပြည့်တို့သည် လော်ရီကားဒရိုင်ဘာကို ရှင်းပြရန်ပင် အချိန်မရှိတော့ချေ။ ထို့ကြောင့် ၎င်းတို့အား ရှင်းမပြတော့ဘဲ မစ္စတာဘားနက်ကို ကားပေါ်သို့ ဦးစွာတင်ရန် ပိန်ရှည်ရှည်အရက်သမားက ပခုံးတွင်ထမ်း၍ ကားဆီသို့ပြေးလေ၏။

ထိုအခိုက်မှာပင် လော်ရီကား၏ရှေ့ခန်းမှ ကောင်းဘွိုင်ဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦး ခုန်ချလာပြီး မပြောမဆိုဖြင့် မစ္စတာဘားနက်ကို ယူပြေး၍ ကားပေါ်သို့ တင်လေ၏။ ပြီးနောက် ကောင်းဘွိုင်ဆန်ဆန်လူက ၎င်းတို့အား

" ခင်ဗျားတို့ ကားပေါ်မြန်မြန်တွယ်တက်လိုက်ကြ "

ဟုအော်ဟစ်ပြောဆိုလေရာ လပြည့်တို့သည် ကားပေါ်သို့ အချိန်မီ ခိုဆွဲတက်ကြ၏။ လပြည့်တို့ကားပေါ်သို့ရောက်သောအခါ ဒရိုင်ဘာ လူဝကြီးသည် ကားကို အရှိန်မြှင့်၍ မောင်းလေ၏။

သို့သော် ကားကြီးသည် ကုန်းပေါ်သို့ရောက်ရှိနေပြီဖြစ်၍ အရှိန်ပြင်းစွာ မမောင်းနိုင်ဘဲ တရွေ့ရွေ့သာသွားလေ၏။

ထိုအခါ ရန်သူမြင်းများသည် ကားကိုမီလာပြီး ခိုဆွဲတက်ရန် ကြိုးစားလေ၏။

ဒရိုင်ဘာလူဝကြီးသည် သူ၏နဘေးသို့ရောက်လာသော ရန်သူမြင်းများအား ကားမောင်းရင်း လက်သီးဖြင့် လှမ်းထိုးလိုက်ရာ မြင်းသမားသည် မြေပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျသွားလေ၏။

ကောင်းဘွိုင်ဆန်ဆန်လူကလည်း ကားပေါ်မှနေ၍ မြင်းသမားတစ်ယောက်အား ဆောင့်ကန်လိုက်ရာ ထိုသူသည် အားခနဲအော်၍ ချုံတောထဲသို့ ပြုတ်ကျသွားလေ၏။

လပြည့်နှင့်အရက်သမားများသည် ကားဒရိုင်ဘာနှင့် ကောင်းဘွိုင် ဆန်ဆန်လူကို အံ့သြဟန်ဖြင့် ကြည့်လိုက်လေ၏။





ထိုအခိုက်မှာပင် လော်ရီကားကြီးသည် တောင်ဆင်းလမ်းသို့ ရောက်သဖြင့် အရှိန်ပြင်းစွာဖြင့်မောင်းနှင်လေရာ မြင်းစီးသမားများ မလိုက်နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေ၏။

ထိုအခါမှပင် ကောင်းဘွိုင်ဆန်ဆန်လူက လပြည့်ကို နှုတ်လိုဖွယ် ပြုံးပြ၍

" ခင်ဗျားတို့အန္တရာယ်က လွတ်မြောက်သွားပါပြီ၊ ဟောဒီက မစ္စတာဘားနက်ကိုပဲ ကျုပ်ကိုယ်တိုင်တာဝန်ယူပြီး စွဲချက်တင်ပါမယ်၊ ကျုပ်နာမည် ဆားပုလင်းမင်းအောင်ပါ၊ အင်းစိန်စီအိုင်ဒီက စုံထောက် တစ်ယောက်ပါ "

ဟုမိတ်ဆက်လိုက်လေရာ လပြည့်သည် အလွန်ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် စိတ်ထဲတွင် အားတင်းထားသမျှကို လျှော့ချလိုက်ရာ ကိုယ်ခန္ဓာရှိ ဒဏ်ရာများကြောင့် မေ့မြောသွားလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်သတိရလာသောအခါ သူ၏အနီးတွင် အရက်သမား နှစ်ယောက်ကိုတွေ့ရလေ၏။

အရက်သမားနှစ်ယောက်က ဝမ်းသာအားရဖြင့်

“ လပြည့် သတိရလာပြီ၊ မင်းဘာမှ မစိုးရိမ်နဲ့တော့၊ ငါတို့အကြီးအစည်တွေ အောင်ပြီကွ ”

ဟုပြောဆိုလေ၏။ ပိန်ရှည်ရှည်အရက်သမားက

“ တကယ်တော့ တိုက်တိုက်ဆိုင်ဆိုင် အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်နဲ့ သူ့အဖော်စုံထောက်တွေဟာ မစ္စတာဘားနက်ရဲ့အပြစ်တွေကို ဖော်ထုတ်ဖို့ နမ္မတူကိုရောက်နေတာကွ၊ ဆားပုလင်းမင်းအောင်တို့ဟာ မစ္စတာဘားနက်ရဲ့အပြစ်တွေကို





ဖော်ထုတ်ဖို့ စီစဉ်နေတုန်းမှာ အမည်မသိလူတစ်ယောက်ဟာ သူတို့တည်းခိုနေတဲ့ ဘိုတဲကိုရောက်လာပြီး စာတစ်စောင်ကို ထားခဲ့တယ်၊ ဆားပုလင်းမင်းအောင်က ဒီလူနောက်ကိုလိုက်တော့ မမီတော့ဘူး၊ သူ့ရဲ့စာထဲမှာ ရေးထားတာက အဲ့ဒါဖို့သိပ်ကောင်းတယ်၊ ငါတို့သုံးယောက်ရဲ့အကြံအစည်တွေအားလုံးကို ဆားပုလင်းမင်းအောင်ကိုရေးပြပြီး ငါတို့ကို အမြန်ဆုံးကယ်တင်ဖို့ပြောတယ်၊ ဒါကြောင့် ဆားပုလင်းမင်းအောင်နဲ့ စုံထောက်နှစ်ယောက်ဟာ နမ္မတူကနေ အမြန်ဆုံးရောက်လာရတာပဲ ”

ဟုပြောလေ၏။

ထိုအခါ အရယ်ပုသော အရက်သမားကလည်း ဝင်ရောက်၍

“ ငါတို့ရဲ့လှုပ်ရှားမှုတွေကို အားလုံးသိနေပြီး သတင်းပေးတဲ့ လျှို့ဝှက်လူဟာ ဘယ်သူလဲ ”

ဟုပြောဆိုလေ၏။

လပြည့်က သက်ပြင်းချ၍

“ သူ့ကို ကျုပ်မသိဘူး၊ ဒါပေမဲ့ ဘယ်သူလဲဆိုတာ ရိပ်စားမိတယ်၊ သူဟာ တစ်ညက ကျုပ်တို့အိမ်ထဲကို ခိုးဝင်ဖို့ကြိုးစားတဲ့မျက်နှာဖုံးစွပ်လူပဲ၊ မစ္စတာဘားနက်ရဲ့အိမ်ထဲမှာလဲ ကျုပ်အသက်ကို မျက်နှာဖုံးစွပ်လူက ကယ်တင်ခဲ့တယ်၊ သူ့ရဲ့ကိုယ်ခံပညာဟာ အလွန်ကောင်းပြီး ကြောက်စရာကောင်းတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ပိန်ရှည်ရှည်လူက သက်ပြင်းချ၍

" သူဘယ်သူလဲဆိုတာ မသိရကာတော့ ရင်ထဲမှာတစ်မျိုးကြီး ပဲ၊ ဒါတို့ကို လာကယ်တဲ့ ခုံထောက်မတွေကလဲ အရည်အချင်းမနည်းဘူး နော်၊ ဒရိုင်ဘာလုပ်ကြီးနာမည်က ဦးပေါ်ဦးတဲ့၊ လူကြီးဘေးကလူက အိုင်ပီတောင်လုလို့ခေါ်တယ်၊ သူတို့နှစ်ယောက်စလုံး ဆားပုလင်းမင်း အောက်ရဲ့ မိတ်ဆွေတွေလို့ သိရတယ်၊ ဆားပုလင်းမင်းအောင်ကတော့ နာမည်ကြီးမို့ ကြားဖူးနေတာကြာပါပြီ၊ တကယ်တွေ့ရတော့လဲ ကောင်း ဘွိုင်ဖြင်းသားလားတောက်မေ့ရတယ် "

ဟုရှင်းပြလေ၏။ လပြည့်က ပတ်ခန်းကျင်ကို ငုံ့စောင်းကြည့်၍

" ဒေနပါဦး၊ ကျုပ်ဘယ်ကိုရောက်နေတာလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ပိန်ရှည်ရှည်ဖုရက်သမားက

" ဆားပုလင်းမင်းအောင်ရဲ့မိတ်ဆွေ ဆရာဝန်ကြီးတစ်ယောက် ရဲ့အိမ်မှာကွ၊ မင်းဒဏ်ရာတွေအားလုံး ဆေးထည့်ပြီးပြီ၊ ဘာမှပူစရာ မရှိ တော့ဘူးကွ၊ ဆေးအေးဆေးအေး အနားယူလိုက်ပါဦး "

ဟုပြောကာ အနီးမှထွက်သွားလေ၏။ လပြည့်သည် မစ္စတာ ဘားနက်ကဲ့သို့ ဆိုးသွမ်းသူတစ်ဦးအား ပုလိပ်လက်သို့ အပ်နှံနိုင်ခြင်း ကြောင့် ရင်တဲတွင်ပေါ့ပါးသွားလေ၏။

မစ္စတာဘားနက်၏ ကိစ္စပြီးလျှင် သူ၏တာဝန်များကို ဆက် လက်ထမ်းဆောင်ရဦးမည်။





သီလရှင်ဆရာမကြီးဒေါ်မာလာ၏ကျောင်းမှ ယက္ခဆိုသူ ခိုးယူ ထွက်ပြေးသွားသော မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ပြန်လည်ရယူ ပေးရမည်။ လပြည့်သည် မိုးမြေသစ္စာနတ်သမီးရုပ်အကြောင်းကို စဉ်းစား ရင်း သူ့အား ကိုယ်ခံပညာသင်ကြားပေးသော မသီရိကို သတိရလေ၏။

ထိုမှတစ်ဖန် စိတ်မနှံ့ရှာသော မိခင်နှင့်အစ်မကို သတိရပြန်၏။

မိခင်နှင့်အစ်မသည် တောတွင်းသို့ ထင်းခွေသွားရာမှ နှစ် ယောက် စလုံး တစ်ပြိုင်တည်း စိတ်ဝေဒနာသည်များဖြစ်သွားခဲ့၏။

ရင်းတို့၏ စိတ်ဝေဒနာသည်ဖြစ်သွားသည့် အဖြေကို ယနေ့ ထက်တိုင် အဖြေရှာမရ သေးချေ။

မိခင်နှင့်အစ်မသည် တောတွင်းမှ လျှို့ဝှက်၍ မြှုပ်နှံထားသော ရွှေဒင်္ဂါးများကို ရယူနိုင်ခြင်းမှာလည်း အံ့ဖွယ်ကိစ္စ တစ်ရပ်ဖြစ်၏။

လပြည့်သည် ရောက်တတ်ရာရာများကို တွေးတောရင်း အိပ် ပျော်သွားလေ၏။

ဆိုင်အမှတ် ၇ ၊ မျက်နှာစာတန်း ကျောက်မြောင်းဈေး တာမွေ



www.burmeseclassic.com

www.burmeseclassic.com

လပြည့်အိပ်ရာမှနိုးသောအခါ အနီးသို့ ဆားပုလင်းမင်းအောင်နှင့်စုံထောက်နှစ်ဦးရောက်လာပြီး မစ္စတာဘားနက်ကို ရန်ကုန်သို့ခေါ်ယူ၍ စစ်ဆေးမည်ဖြစ်ကြောင်းပြောကာ လပြည့်အား နှုတ်ဆက်လေ၏။

လပြည့်သည် (၁၀) ရက်ခန့် ဆရာဝန်ကြီး၏နေအိမ်တွင် နေထိုင်ပြီး ဒဏ်ရာများသက်သာလာသဖြင့် ဆရာဝန်ကြီးကိုနှုတ်ဆက်၍ ထွက်ခဲ့လေ၏။

အရက်သမားနှစ်ယောက်သည် လပြည့်နှင့်အတူ ထမင်းစား၍ ပိန်ရှည်ရှည်လူက

" ငါတို့နှစ်ယောက်ရဲ့တာဝန်တွေကို မင်းကူညီပြီးပြီ၊ မင်းရဲ့





တာဝန်တွေကိုလဲငါတို့ပြန်ကူညီရမှာပေါ့၊ ဒီနေ့ကစပြီး ငါတို့သုံးယောက် လမ်းခွဲမယ်၊ ပြီးတော့ မင်းရှာဖွေနေတဲ့ မိုးမြေသစ္စာနတ်သမီးရုပ်ကို ဝိုင်းရှာပေးမယ် "

ဟုပြောကာ လပြည့်နှင့်လမ်းခွဲထွက်သွားလေ၏။ လပြည့်သည် အရက်သမားနှစ်ယောက်၏ နောက်ကျောကို မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့လေ၏။

လပြည့်သည် မြန်မာပြည်အနှံ့ လှည့်လည်၍ ခရီးဆက်ခဲ့လေ၏။

သူသည် ရောက်လေရာနေရာတွင် ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီပေးခဲ့၏။ အများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့၏။

လပြည့်သည် လူယုတ်မာယက္ခဆိုသူကို လိုက်လံရှာဖွေခဲ့၏။

သို့သော် နှစ်နှစ်ကျော်သည်အထိ ယက္ခဆိုသူ၏အရိပ်အယောင်ကို မတွေ့ရချေ။

လူယုတ်မာယက္ခသည် သူ၏ဆရာ မသီရိကို လိမ်ညာလှည့်ဖြား၍ သစ္စာဆိုကာ မိုးမြေသစ္စာနတ်သမီးရုပ်ကို ခိုးယူသွားခဲ့၏။

မသီရိသည်လူယုတ်မာယက္ခ၏ လှည့်ဖြားမှုကြောင့် စိတ်မနှံ့သောအဝသို့ရောက်ခဲ့လေ၏။

လူယုတ်မာယက္ခသည် မိုးမြေသစ္စာနတ်သမီးရုပ်ကို တိုင်တည်၍ မြွေဆိုးမြွေဟောက်များ၏ အကိုက်ခံရပါစေဟု ကျိန်ဆိုခဲ့၏။ လူယုတ်မာကြီးသည်သစ္စာရှုးရောက်၍ ဒုက္ခတွေ့နေပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လပြည့်သည် ဘတ်စ်ကားတစ်စီးဖြင့် ခရီးဆက်နေခိုက်တွင် သူ၏ဘတ်စ်ကားဘီးပေါက်သွားသဖြင့် ကားပေါ်မှဆင်း၍ အရိပ်ရသော သစ်ပင်ကြီးများအောက်တွင် သွားထိုင်လေ၏။

လပြည့်သည် အရိပ်ရသော အပင်ကြီးမှ အဝေးသို့ငေးကြည့်လိုက်ရာ ထုံးဖြူဖြူစေတီလေးတစ်ဆူကို တွေ့ရသဖြင့် ထိုစေတီလေးရှိရာသို့ လျှောက်ခဲ့၏။

စေတီလေးသည် တောင်ကုန်းမြင့်မြင့်လေးပေါ်၌ရှိ၏။ လပြည့်သည် စေတီလေးပေါ်သို့တက်၍ ဖူးမျှော်လေ၏။ လပြည့်သည် ဘုရားဝတ်ပြုပြီးနောက် စေတီလေး၏အနောက်ဘက်လှေကားမှ အောက်သို့ဆင်းခိုက်တွင် မျက်လုံးစုံမှိတ်၍ တရားမှတ်နေသော ရသေ့ကြီးတစ်ပါးကိုတွေ့ရလေ၏။

လပြည့်သည် ရသေ့ကြီး၏ ကြည်ညိုဖွယ်အဆင်းသဏ္ဌာန်ကိုကြည့်၍ စေတနာသဒ္ဓါစိတ်ဖြစ်ပေါ်ကာ အိတ်ထဲရှိ ငွေကြေးများကိုလှူဒါန်း၏။ ရသေ့ကြီးကိုလည်း ကန်တော့လိုက်၏။ ရသေ့ကြီးသည် လပြည့်ကို မျက်လုံးဖွင့်ကြည့်၍

" ခရီးသွားတစ်ယောက်ထင်တယ်၊ ဒါပေမဲ့ ရိုးရိုးခရီးသွားမဟုတ်ဘူး၊ တစ်စုံတစ်ရာကို ရှာဖွေနေတဲ့ခရီးသွားပဲ၊ ရှာနေတဲ့လူကတော့ တစ်နေ့နေ့တော့ လမ်းဆုံးကိုရောက်မှာပါ "

ဟုတီးတိုးပြောလေ၏။ လပြည့်က ရသေ့ကြီး၏စကားကို နားထောင်၍

" ရသေ့ကြီး ဘယ်အရပ်က ကြွလာတာလဲ၊ ဒါမှမဟုတ် ဒီအရပ်ကပဲလား "

ဟုမေးမြန်းလေ၏။ ရသေ့ကြီးက ခေါင်းခါ၍

" တကယ်တော့ ကျုပ်က ဒီအရပ်ကမဟုတ်ဘူး၊ ကျုပ်ရဲ့ဇာတိက မြိတ်ကျွန်းစုအနီးက ကျွန်းကလေးတစ်ကျွန်းပါ၊ ကျုပ်ဟာ ကျွန်းကလေးပေါ်မှာပဲ တောရကျောင်းဆောက်ပြီး တရားကျင့်ကြံခဲ့တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်းပေါ်ကို ထူးဆန်းတဲ့ရသေ့တစ်ပါး ရောက်လာတယ်၊ သူ ကျွန်းကိုရောက်တော့ ကျုပ်က ဒေသခံတစ်ဦးအနေနဲ့ လိုက်လိုက်လှဲလှဲကြိုဆိုခဲ့တယ်၊ ဒါပေမဲ့ ဒီရသေ့ဟာ ရသေ့မှဟုတ်ရဲ့လားမသိဘူး၊ စကားအပြောအဆို အမူအရာ ရိုင်းစိုင်းကြမ်းကြုတ်တယ်၊ ဒီတော့မှ သူဟာ ရသေ့ဝတ်တာ မကြာသေးဘူးဆိုတာ သိရတယ်၊ သူ့ရဲ့လူနာမည်က ယက္ခလို့လဲဆိုတယ် "

ဟုပြောလေရာ လပြည့်သည် မျက်မှောင်ကြုတ်၍

" ယက္ခဟုတ်လား၊ သူ့ရဲ့အမည်က တပည့်တော်လိုက်ရှာနေတဲ့ လူတစ်ယောက်နဲ့တူနေတယ် "

ဟုပြောဆိုလေ၏။ ထိုအခါ ရသေ့ကြီးကအဝေးဆီသို့ ငေးကြည့်၍

" တကယ်တော့ ဒီလူဟာ သူတော်စင်ရသေ့တစ်ပါးမဟုတ်ပါ







www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အယောင်ဆောင်တစ်ယောက်ပါ။ သူဟာ တစ်စုံတစ်ရာသော ရန်အန္တရာယ်ကို ကြောက်လန့်လို့ လူမရှိ သူမရှိတဲ့ ကျွန်းကိုလာပြီး ရသေ့အယောင်ဆောင်ပြီးနေခဲ့တာပဲ ''

ဟုပြောလေရာ လပြည့်က မျက်မှောင်ကြုတ်၍

'' သူဟာ ရသေ့အယောင်ဆောင်ဆိုတာ ဘယ့်လိုလုပ်သိသလဲ ''

ဟုမေးမြန်းလေ၏။

ထိုအခါ ရသေ့ကြီးက သက်ပြင်းချ၍

'' သူဟာ ရသေ့တစ်ယောက်ရဲ့အကျင့်အကြံတွေ တစ်ခုမှမရှိဘူး၊ ကျွန်းပေါ်မှာ ငါးမျှားတယ်၊ တောလိုက်တယ်၊ အရက်သေစာသောက်စားတယ်၊ တကယ်တော့ ရသေ့အရေခြုံထားတာ ထင်ရှားပါတယ်၊ နောက်ပြီးတော့ သူဟာ သိပ်ရက်စက်တယ်၊ ကျွန်းပေါ်မှာ သတ္တဝါတွေကို မွေးမြူထားပြီး သူလိုအပ်တဲ့အခါ ရက်ရက်စက်စက် သတ်ဖြတ်စားသောက်တတ်တယ်၊ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေကို ကျုပ်ကတားဆီးတဲ့အခါ ကျုပ်ကိုရန်ရှာပြီး ကျွန်းပေါ်ကမောင်းထုတ်ခဲ့တယ်၊ ကျွန်းပေါ်မှာ ကျုပ်ရှိနေရင် သူ့အတွက် အနှောင့်အယှက်ဖြစ်နေမယ်လေ၊ ဒါကြောင့် ဒီကျွန်းကမခွာရင် ကျုပ်ကို သတ်ပစ်မယ်လို့ခြိမ်းခြောက်ခဲ့တယ်၊ သတ္တဝါတိုင်းဟာ ကံစီမံရာပဲဖြစ်တယ်၊ ဒါကြောင့် ကျုပ်အနေနဲ့ သေရမှာမကြောက်ပါဘူး၊ ဒါပေမဲ့ ကျုပ်အတွက်ကြောင့် ရသေ့အယောင်





ဆောင်လူ အပြစ်ဖြစ်မှာစိုးလို့ ကျွန်းက ကျုပ်ထွက်ခွာခဲ့တယ်၊ ထူးဆန်းတာတစ်ခုကတော့ ကျွန်းက ကျုပ်ထွက်လာတဲ့နေ့မှာပဲ ကျွန်းပေါ်မှာ လျှောင်လှုပ်တဲ့အတွက် ကျုပ်နေထိုင်တဲ့ ကျောက်ဆောင်ပေါ်က ကျောင်းသခ်မ်းလေးဟာ ပင်လယ်ထဲကို ပြိုကျသွားခဲ့တယ် ''

ဟုပြောလေရာလပြည့်သည် စိတ်လှုပ်ရှားစွာဖြင့်

'' ဟင် ဒါဆိုရင် ရသေ့အယောင်ဆောင်လူ သက်ရှိထင်ရှားရှိပါ့မလား ''

ဟုမေးမြန်းလေ၏။ ထိုအခါ ရသေ့ကြီးက သက်ပြင်းချ၍

'' ဒီလူ သက်ရှိထင်ရှားရှိမှာပါ၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ကျောင်းသခ်မ်းဟာ ကျွန်းရဲ့အတွင်းပိုင်းမှာ ရှိနေတယ်လေ၊ တကယ်တော့ ဒီလူဟာ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ပြီး ကျွန်းပေါ်မှာ တိမ်းရှောင်နေတဲ့ လူတစ်ယောက်ဖြစ်ဖို့များပါတယ် ''

ဟုပြောလေရာ လပြည့်သည် မိမိရှာဖွေနေသော ယက္ခဆိုသူ လူယုတ်မာကြီးဖြစ်မှန်း ရိပ်စားမိသွားလေ၏။

ရသေ့ကြီးသည် လပြည့်၏မျက်လုံးများကို စူးစိုက်ကြည့်၍

'' ရန်ငြိုးရန်စတစ်ခုကြောင့် ယက္ခကို ရှာဖွေမယ်ဆိုရင်တော့ ရန် မီးကို ငြိမ်းသတ်လိုက်ပါလို့ ကျုပ်တောင်းပန်ချင်တယ်၊ ဘာကြောင့်လဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟနဲ့ ပြုလုပ်တဲ့အပြုအမူအားလုံးဟာ ဘဝများစွာအထိ ဝဋ်ကြွေးတစ်ခုအနေနဲ့ ရှိနေမှာပါ၊ ဒကာ သူ့ကို ဒီဘဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ အနိုင်ယူခဲ့ရင် နောင်ဘဝကျရင် ဒုကာကို သူပြန်အနိုင်ယူလိမ့်မယ်''

ဟုပြောလေရာ လပြည့်က မိမိ၏ရန်ငြိုးရန်စတစ်ရပ်ကြောင့် ယက္ခကို လိုက်လံရှာဖွေနေခြင်းမဟုတ်ကြောင်း ရှင်းလင်းပြလေ၏။ သူ၏ဘဝနောက်ကြောင်းများကို ရသေ့ကြီးအား အစမှအဆုံးတိုင် စီကာပတ်ကုံး ပြောပြလေ၏။ လပြည့်က သူ၏စကားဆုံးသောအခါ သက်ပြင်းချ၍

'' တပည့်တော်ရဲ့ဘဝမှာ ဒီနေ့ထက်တိုင် မရှင်းမလင်းတဲ့ကိစ္စတွေ အများကြီးရှိနေခဲ့တယ်၊ တပည့်တော်ရဲ့အစ်မနဲ့အမေဟာ တောထဲကို ထင်းခွေသွားရင်း စိတ်ဝေဒနာရှင်ဖြစ်သွားတဲ့ဖြစ်ရပ်ပါပဲ၊ အမေနဲ့ အစ်မဟာ ဘာဖြစ်လို့ တစ်ပြိုင်တည်း စိတ်နောက်သွားရတာလဲ၊ နောက်ပြီးတော့ အမေနဲ့ အစ်မဟာ တောထဲမှာ ပိုင်ရှင်မဲ့မြှုပ်နှံထားတဲ့ ရတနာသိုက်ကို ဘယ်လိုတွေ့ခဲ့တာလဲ ''

ဟုရေရွတ်လေ၏။ လပြည့်၏စကားကို နားထောင်၍ ရသေ့ကြီးက သက်ပြင်းချ၍

'' တကယ်တော့ ဒီကိစ္စမျိုးဟာ ဖြစ်တတ်ပါတယ်၊ တောထဲမှာ ရုက္ခစိုးကအစ တောင်စောင့်နတ်၊ တောစောင့်နတ်၊ မြစ်စောင့်နတ် စတဲ့ နတ်တွေရှိပါတယ်၊ ဒကာရဲ့အမေနဲ့အစ်မဟာ တောထဲကပုဂ္ဂိုလ်တစ်ဦးဦးရဲ့ ဖမ်းစားခြင်းခံရတာဖြစ်နိုင်ပါတယ်၊ ဒကာရဲ့အမေနဲ့အစ်မဟာ တောထဲမှာ အမှားတစ်ခုလုပ်ခဲ့တာလဲဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ကျုပ်အထင်ပြော





ရရင် သူတို့နှစ်ယောက်ဟာ အချိန်တန်ရင်တော့ ဆေးမကုရဘဲနဲ့ ပြန်ပြီး ကောင်းမွန်သွားမှာပါ။ တောထဲက ရတနာသိုက်ကိုတွေ့ရပုံကတော့ တိုက်ဆိုက်မှုဖြစ်ပါလိမ့်မယ်၊ သူတို့နှစ်ယောက်ဟာ စိတ်ရောဂါရှိလို့ တောထဲကို အကြိမ်ကြိမ်အဖန်ဖန် လှည့်လည်သွားလာနေရင်း တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာသိုက်တစ်ခုကို မမျှော်လင့်ဘဲ တွေ့ခဲ့တာဖြစ်နိုင်ပါတယ် ''

ဟုပြောလေ၏။ လပြည့်သည် ရသေ့ကြီး၏စကားကြောင့် စိတ်ဝင်စားစွာဖြင့်

'' ဟင် ဒါဆိုရင် တပည့်တော်ရဲ့အမေနဲ့အစ်မဟာ လူကောင်းပကတိ ပြန်ဖြစ်မှာပေါ့နော် ''

ဟုမေးမြန်းလိုက်၏။ ရသေ့ကြီးက ခေါင်းညိတ်၍

'' ကျုပ်ရဲ့အတွေ့အကြုံအရ သူတို့ပြန်ပြီး ကောင်းမွန်နိုင်ပါတယ်၊ စိတ်အေးအေးထားပါ၊ ယက္ခဆိုတဲ့လူကတော့ ယုတ်မာ ကောက်ကျစ်မှုတွေ အများကြီးလုပ်ခဲ့တယ်ဆိုတော့ သူ့ကြမ္မာကို သူဝန်တိုးသွားမှာပါ''

ဟုပြောကာ မျက်လုံးမှိတ်၍ တရားကျင့်ကြံရန်ပြင်ဆင်လေ၏။ လပြည့်သည် ရသေ့ကြီးကို ရိုသေစွာဝတ်ပြု၍ ထိုနေရာမှ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

လပြည့်သည် ရသေ့အယောင်ဆောင်ယက္ခနှင့်တွေ့ကြုံနိုင်ရန် မြိတ်ဘက်သို့ထွက်ခဲ့လေ၏။

သူသည် မြိတ်ကျွန်းစုဘက်သို့ ငါးဖမ်းလှေတစ်စီးဖြင့် လိုက်ခဲ့လေ၏။

မြိတ်ကျွန်းစုထဲတွင် ရသေ့ကြီးပြောသောကျွန်းမှာ ရှာဖွေရလွယ်ကူ၏။ ထိုကျွန်းကို အရှေ့ရှူးရှူးမှကြည့်ရှုသောအခါ ကျွန်း၏အမြင့်ဆုံးကျောက်ဆောင်ကြီးသည် လပြည့်ဝန်းကြီးနှင့်သဏ္ဌာန်တူလေ၏။

လပြည့်သည် ကျွန်းပေါ်သို့ ရောက်သောအခါ ကျွန်းတစ်ခုလုံး လူသူမရှိဟန်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ကျွန်း၏ပတ်ပတ်လည်





ရှိ သဲခသောင်ပစ်ပေါ်တွင် အုန်းပင်စိမ်းစိမ်းများရှိ၏။

ထိုအုန်းပင်များ၏ မနီးမဝေးတွင် ခြေရာများကိုတွေ့ရသဖြင့် ခြေရာများနောက်သို့ လိုက်ပါသွားမိ၏။ ခြေရာများသည် တောအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်သွား၏။

လပြည့်သည် ခြေရာများနောက်သို့ နောက်ယောင်ခံလိုက်ပြီး အတန်ကြာသောအခါ ခြေရာများ ပျောက်ဆုံးသွား၏။ မည်သည့်အရပ်သို့ ဆက်လိုက်ရမှန်း ဖြစ်သွားလေ၏။

ခြေရာများသည် ကျောက်ဆောင်ကြီးတစ်ခုရှေ့တွင် အဆုံးသတ်သွား၏။ လပြည့်သည် ကျောက်ဆောင်ကြီးရှေ့တွင် မျက်မှောင်ကြုတ်၍ ရပ်နေစဉ် သူ၏အနောက်မှ အသံကြားရသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ သူ့အား ဓားလေးဖြင့်ချိန်ရွယ်ထားသော လွန်စွာသန်မာထွားကြိုင်းသော ရသေ့တစ်ပါးကိုတွေ့ရ၏။

ထိုရသေ့သည် လူယုတ်မာကြီးယက္ခပင်ဖြစ်ပေလိမ့်မည်။ သူသည် ရသေ့ရေခြုံထားသော်လည်း ရသေ့တစ်ဦး၏ ကြည်ညိုဖွယ်အဆင်းသဏ္ဌာန်ကို မတွေ့ရဘဲ ရက်စက်ကြမ်းကြုတ်သူတစ်ဦး၏ ဟန်ပန်ကိုသာ မြင်ရ၏။

ရသေ့အယောင်ဆောင် လူယုတ်မာကြီးယက္ခက လပြည့်၏[illegible]ကို ဓားလေးဖြင့်ချိန်၍



www.burmeseclassic.com

www.burmeseclassic.com



" မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကျွန်းပေါ်ကိုရောက်လာရတာ လဲ "

ဟုမေးမြန်းလိုက်၏။ လပြည့်က ယက္ခကိုကြည့်၍

" ကျုပ်ဟာ သိလရှင်ဆရာမကြီးဒေါ်မာလာရဲ့တပည့်တစ်ဦးပါ စိတ္တဇဝေဒနာခံစားနေရတဲ့ ဒေါ်သီရိကလဲ ကျုပ်ရဲ့ဆရာတစ်ယောက်ပါ ဒေါ်သီရိကပဲ ကျုပ်ကို ကိုယ်ခံပညာ သင်ပေးခဲ့တယ်၊ ကျုပ်ဒီကျွန်းကို ရောက်လာတာဟာ မိုးမြေသစ္စာနတ်သမီးရုပ်ကလေးကို ပြန်လိုချင်လို့ ပါ "

ဟုပြောလေရာ ယက္ခသည် လပြည့်ကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ရင်း

" တောက် မင်းတို့က ဒီနေရာအထိတောင် ငါ့ကိုလိုက်ပြီး ရှာဖွေခဲ့တာကိုး၊ ငါ့ဘဝရဲ့ လျှို့ဝှက်ချက်ကို ရသေ့ကြီးဆီက သိခဲ့ရတယ် ထင်တယ် "

ဟုမေးမြန်းလေ၏။ လပြည့်က ခေါင်းညိတ်၍

" ဟုတ်ပါတယ် ဦးယက္ခ၊ တကယ်တော့ မိုးမြေသစ္စာ နတ်သမီး ရုပ်ကလေးဟာ ကျိန်စာသင့်နေသလားအောက်မေ့ရတယ်၊ နတ်သမီးရုပ် လေးကို တိုင်တည်ပြီး ကျိန်ဆိုတဲ့လူတိုင်း ဒုက္ခပင်လယ်ဝေခဲ့ရတာပဲ၊ ဦးယက္ခက နတ်သမီးရုပ်ကလေးရှေ့မှာတိုင်တည်ပြီး သစ္စာဖောက်ဖျက်ပါ က မြွေဆိုးမြွေဟောက်တွေရဲ့ အကိုက်အခဲခံရပါစေလို့ ကျိန်တွယ်ခဲ့တယ်





ဒါကြောင့် ဦးယက္ခဟာ တစ်နေ့နေ့မှာ ကျိန်စာသင့်တော့မယ်လို့ ကျုပ် ယုံကြည်တယ်၊ မိုးမြေသစ္စာနတ်သမီးရုပ်လေးကို ကျုပ်လက်ထဲအပ်ပြီး ဒီကျွန်းပေါ်မှာပဲ တရားအားထုတ်နေဖို့ ကျုပ်မေတ္တာရပ်ခံချင်တယ် "

ဟုပြောလေရာ ရသေ့အယောင်ဆောင်ယက္ခက လက်သီးဆုပ်၍

" မင်းပါးစပ်ပိတ်လိုက်စမ်း၊ မိုးမြေသစ္စာနတ်သမီးရုပ်ကို ငါဟာ အစိပ္ပာယ်မဲ့ ခိုးယူခဲ့တာမဟုတ်ဘူးကွ၊ မိုးမြေသစ္စာအတွက် ငါတို့မျိုးရိုး စဉ်ဆက် ကြိုးပမ်းခဲ့ရတယ်၊ ငါ့အဖေကလဲ မိုးမြေသစ္စာနတ်သမီးကို ရဖို့ အတွက် သိလရှင်ဆရာမကြီးဒေါ်မာလာဆီက ကြိုးပမ်းခဲ့တယ်၊ ငါ့အဖေ ဟာ မိုးမြေသစ္စာကို ရရှိပြီးမှ ကျိန်စာသင့်ပြီး သွေးပွက်ပွက်အန်သေဆုံး ခဲ့ရတယ် "

ဟုပြောလေရာ လပြည့်သည် သိလရှင်ဆရာမကြီးဒေါ်မာလာ ပြောပြသော သူမထံမှ လိမ်ညာလှည့်ဖျား၍ မိုးမြေသစ္စာနတ်သမီးရုပ် ကို အရယူသွားသော ရွှေရောင်ဆိုသူအကြောင်းကို ပြန်လည်သတိရ လာ၏။

ယခု လူယုတ်မာကြီးယက္ခသည် ရွှေရောင်ဆိုသူ၏ သားဖြစ်နေ ကြောင်း ထူးဆန်းစွာသိခဲ့ရ၏။ လပြည့်က သက်ပြင်းချ၍

" ခင်ဗျားရဲ့ဖခင်ဟာမိုးမြေသစ္စာနတ်သမီးရုပ်ရဲ့ ကျိန်စာစူးပြီး သွေးပွက်ပွက်အန်သေခဲ့ရတယ်၊ ခင်ဗျားလဲ နတ်သမီးရဲ့ကျိန်စာစူးမှာ မကြောက်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်လေရာ ရသေ့အယောင်ဆောင် ယက္ခက တဟားဟားရယ်မောလိုက်ပြီး

" ဟားဟားဟား သစ္စာစူးရင်လဲ စူးပါစေတော့၊ ငါခံဝံ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ငါတို့မျိုးရိုးစဉ်ဆက်ကြိုးပမ်းခဲ့တဲ့ လျှို့ဝှက်ရတနာသိုက်အတွက် မိုးမြေသစ္စာနတ်သမီးရုပ်ရဲ့ အကူအညီလိုတယ် "

လပြည့်သည် ယက္ခ၏စကားကြောင့်မျက်မှောင်ကြုတ်လိုက်ပြီး

" ဘာ... လျှို့ဝှက်ရတနာသိုက်ဟုတ်လား၊ ဘယ်လိုအဓိပ္ပာယ်လဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ယက္ခက

" လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ပုဂံမင်းလက်ထက်မှာ ငါ့အဘေး ဟာ ပညာရှိအမတ်ကြီးတစ်ပါးပဲ၊ တစ်နေ့တော့ မင်းပြစ်မင်းဒဏ်သင့်လို့ ရာထူးအဆောင်အယောင်တွေ ပြန်သိမ်းလာရပြီး အိမ်နိမ့်စံဘဝနဲ့ ဆင်ပေါင်ဝဲဘက်က တောင်ညိုဆိုတဲ့ရွာကလေးမှာ နေထိုင်နေတုန်းက ဓားပြတွေဟာ ပညာရှိအမတ်ကြီးကို ဓားပြတိုက်မယ်ဆိုတဲ့ သတင်းရခဲ့ တယ်၊ ဒါကြောင့် အမတ်ကြီးဟာ တောထဲကိုဝင်ပြီး သူပိုင်တဲ့စည်းစိမ် ဥစ္စာတွေကို မြှုပ်နှံသိမ်းဆည်းခဲ့တယ် "

ဟုပြောလေရာ လပြည့်သည် ရသေ့အယောင်ဆောင်ယက္ခ၏ စကားကြောင့် လွန်စွာအံ့ဩသွားလေ၏။ ယက္ခပြောသော ဆင်ပေါင်ဝဲ ဘက်ရှိတောင်ညိုဆိုသောရွာသည် မိမိတို့ရွာပင်ဖြစ်၏။ ယက္ခ၏စကား





များသည် အဘယ်ကြောင့် ဤမျှ တိုက်ဆိုင်နေသည်မသိ။

လပြည့်သည် ယက္ခ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ သူ၏ စကားများကို နားထောင်ပြန်၏။

ယက္ခက ဒူးလေးကို မြေပြင်သို့ချလိုက်ပြီး

" တကယ်တော့ ငါတို့အဘေး အမတ်ကြီးဟာ ရတနာတွေ ကို တောထဲမှာမြှုပ်ပြီး အပြန်လမ်းမှာ အဆိပ်ပြင်းတဲ့မြွေတစ်ကောင်ရဲ့ ကိုက်ခဲမှုကို ခံလိုက်ရတယ်၊ ဒါကြောင့် ရွာကိုပြန်ရောက်တာနဲ့ အသက် ထွက်သွားခဲ့တယ်၊ အမတ်ကြီးမြှုပ်နှံထားတဲ့ ရတနာသိုက်ရဲ့မြေပုံကို ကျန် ရစ်သူမိသားစုဟာ မရခဲ့ဘူး၊ ဒါကြောင့် အမတ်ကြီးမိသားစုဟာ သူ့တို့ မိသားစုရဲ့ရတနာသိုက်တွေ တောထဲမှာ ကျန်ရစ်ခဲ့တယ်လို့ နောင်လာ နောက်သားများတိုင် ပြောစမှတ်တွင်ခဲ့တယ်၊ ငါတို့မျိုးရိုးစဉ်ဆက် စွန့်စား ချင်တဲ့သူတွေဟာ တောထဲကို စမ်းတဝါးဝါးနဲ့သွားပြီး အမတ်ကြီးမြှုပ်နှံ ခဲ့တဲ့ ရတနာတွေကို ရှာဖွေကြတယ်၊ ဒီလိုနဲ့ ငါ့အဖေဦးရွှေရောင်ရဲ့လက် ထက်ရောက်တော့ မိသားစုစားဝတ်နေရေး ခက်ခဲတာနဲ့ တောထဲက ရတနာတွေကို ပိုပြီးလိုချင်ခဲ့တယ်၊ တစ်နေ့မှာ ငါ့အဖေဟာ အလွန်ထူး ဆန်းတဲ့ မိုးမြေသစ္စာနတ်သမီးရုပ်ရဲ့အကြောင်းကို မမျှော်လင့်ဘဲ သိ လိုက်ရတယ် "

ဟုပြောလေ၏။ ထို့နောက် ယက္ခက ဆက်လက်၍

" မိုးမြေသစ္စာနတ်သမီးရုပ်က အလွန်ထူးဆန်းတဲ့တန်ခိုးစွမ်းအင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတာယ်လို့ သိရတယ်၊ သူ့ကိုတိုင်တည်ပြီး မေးမြန်းရင် အိပ်မက်ထဲက နေ အမတ်ကြီးထားခဲ့တဲ့ ရတနာတွေကို သိရမယ်လို့ ယုံကြည်ခဲ့တယ်၊ ဒါကြောင့် မိုးမြေသစ္စာနက်သမီးရုပ်ကို မရရအောင်ကြိုးပမ်းပြီး ရယူခဲ့တယ်၊ ဒါပေမဲ့ ငါ့အဖေဟာ မိုးမြေသစ္စာရဲ့ ကျိန်စာကြောင့်လား၊ တိုက်ဆိုင်မှုလားမသိဘူး၊ နတ်သမီးရုပ်ကိုရယူပြီး သွေးပွက်ပွက်အန်တဲ့ဝေဒနာနဲ့ သေဆုံးခဲ့တယ်၊ အဖေ သေဆုံးတဲ့အချိန်မှာ ငါဟာအသက်ငယ်သေးတယ်၊ ဒါပေမဲ့ ငါငယ်စဉ်ကတည်းက မိုးမြေသစ္စာကို မရရအောင်ယူမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် မသိရိနဲ့တွေ့ပြီး ပရိယာယ်မာယာနဲ့ မိုးမြေသစ္စာကို အရယူခဲ့တယ် ''

ဟုပြောလေရာ လပြည့်က ယက္ခ၏မျက်နှာကိုကြည့်၍

'' ခင်ဗျားဟာ ယောက်ျားတန်မဲ့ မသိရိကိုလှည့်စားပြီး မိုးမြေသစ္စာနတ်သမီးရုပ်ကို ရယူခဲ့တယ်၊ ခင်ဗျားရဲ့ပယောဂကြောင့် မသိရိဟာ စိတ်ထိခိုက်ပြီး စိတ်ဝေဒနာရှင်ဖြစ်ခဲ့ရတယ်၊ မသိရိဟာ လောကမှာ ဘယ်သူ့ကိုမှမယုံကြည်တော့ဘဲ လူတိုင်းကို ရန်ရှာနေခဲ့တယ်၊ ဒါဟာ ခင်ဗျားကြောင့်ပဲ၊ ဒါတွေအားလုံးဟာ ခင်ဗျားမှာ တာဝန်ရှိတယ်၊ ခင်ဗျားရဲ့လောဘရမ္မက်ကြောင့် မသိရိသေဆုံးရတာပဲ၊ ဒါကြောင့် မိုးမြေသစ္စာနတ်သမီးရုပ် ကိုပြန်ပေးဖို့ မေတ္တာရပ်ခံချင်တယ်၊ ပြန်မပေးရင် ခင်ဗျားကျိန်စာသင့်လိမ့်မယ် ''

ဟုပြောလေရာ ယက္ခက ခေါင်းခါယမ်း၍



'' နတ်သမီးရုပ်ဟာ တကယ်တော့ အစွမ်းမရှိဘူး၊ ငါဟာ မိုးမြေသစ္စာကို ရတဲ့အချိန်ကစပြီး ရတနာသိုက်နေရာကို ညွှန်ပြပေးဖို့ သူ့ကိုတိုင်တည်ခဲ့တယ်၊ ဒါပေမဲ့ နတ်သမီးရုပ်ဟာ ဒီနေ့ထက်တိုင် ငါ့ကို ရတနာသိုက်ရှိတဲ့နေရာကို အိပ်မက်မပေးသေးဘူး၊ ဒါကြောင့် နတ်သမီးရုပ်မှာဘာအစွမ်းမှမရှိပါဘူး၊ ဒါပေမဲ့ ငါ့အကြောင်းတွေကို ခေါ်မှာစိုးတဲ့အတွက် မင်းကိုတော့ ဒီအတိုင်းပြန်မလွှတ်နိုင်ဘူး ''

ဟုပြောလေ၏။ လပြည့်က ခေါင်းညိတ်၍

'' ကျုပ်ကလဲ နတ်သမီးရုပ်မရဘဲ မပြန်ဘူးလို့ ဆုံးဖြတ်ထားတယ် ''

ဟုပြောလေရာ ယက္ခက လက်သီးဆုပ်၍

'' အဲဒီဆိုရင် တိုက်ကြဖို့ပဲရှိတာပေါ့၊ မင်းသိထားဖို့က ငါဟာ ကျွန်းပေါ်ရောက်တဲ့အချိန်ကစပြီး ကိုယ်ခံပညာကို နေ့စဉ်မပြတ်လေ့ကျင့်ခဲ့တယ်၊ မင်းလို မလောက်လေးမလောက်စားကောင်လေးဟာ ငါ့ကို မယှဉ်နိုင်ပါဘူး ''

ဟုပြောလိုက်လေရာ လပြည့်က အသင့်ပြင်၍

'' ခင်ဗျား စောင့်ကြည့်ပေါ့၊ ဒီနေ့ပွဲမှာ တစ်ယောက်ယောက်တော့ ရှုံးနိမ့်မှာသေချာတယ် ''

ဟုပြောလေ၏။ ထိုအခါ ယက္ခသည် စိတ်မရှည်နိုင်တော့ဘဲ လပြည့်ကို ဝင်ရောက်တိုက်ခိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယက္ခ၏တိုက်ခိုက်မှုများသည် အလွန်ပြင်းထန်သဖြင့် လပြည့်သည် သတိကြီးစွာထား၍ ရှောင်တိမ်းရလေ၏။ သူ၏ကိုယ်ခံပညာအဆင့်သည် ထင်ထားသည်ထက် များစွာမြင့်မားနေလေ၏။

၎င်းတို့နှစ်ဦးသည် ဘတပြန် ကျားတပြန် တိုက်ခိုက်ကြလေ၏။ ဘစ်ရိုတွင် လပြည့်သည် ယက္ခ၏တိုက်ခိုက်မှုကို ကာကွယ်ရင်း ခြေချော်၍ လဲကျလေ၏။

ယက္ခသည် အနိုင်ပဲဟုသုံးသပ်ကာ လပြည့်၏ကိုယ်ခန္ဓာကို အုပ်မိုး၍ နားထင်ကို လက်ဝါးစောင်းဖြင့်ခုတ်လိုက်၏။

လပြည့်၏ လျှင်မြန်စွာရှောင်တိမ်းမှုကြောင့် ရန်သူလက်မှ လွတ်မြောက်သွားပြန်၏။

ယက္ခ၏ လက်ဝါးစောင်းသည်သာ အလွန်ပြင်းထန်သဖြင့် ထိလျှင်အသက်ထွက်သွားမှာသေချာ၏။

၎င်းတို့၏တိုက်ပွဲသည် အချိန်ကြာသထက်ကြာလာပြီး လပြည့်သည် မကြာခဏ မြေပေါ်သို့ချော်လဲကာ အရေးနိမ့်မည့်ကဲ့သို့ ဖြစ်နေလေ၏။

ယက္ခသည် ကျွန်းစုတစ်ခုလုံး သူ၏နယ်မြေဖြစ်သဖြင့် ထိုနေရာကို ကောင်းစွာ ကျွမ်းကျင်ပုံရ၏။ မြေပေါ်သို့ လဲကျခြင်းမရှိချေ။ လပြည့်သည် အချိန်ကြာလာသည်နှင့်အမျှ တိုက်စစ်မှခံစစ်သို့ ကူးပြောင်းနေရ၏။





ထိုအခိုက်မှာပင် လပြည့်၏အနောက်မှအသံကြားရပြီး

" လပြည့် ဘာမှမပူနဲ့၊ ငါတို့ရောက်လာပြီ "

ဟူသောအသံကိုကြားရ၍ လှည့်ကြည့်လိုက်ရာ သူ၏မိတ်ဆွေ အရက်သမားနှစ်ယောက်ကို တွေ့လိုက်ရလေ၏။ အရက်သမားနှစ်ယောက်သည် တုတ်ရှည်ကိုယ်စီဖြင့် ယက္ခကို ဝင်ရောက်တိုက်ခိုက်လေ၏။

လပြည့်သည် အရက်သမားနှစ်ယောက်၏ ကိုယ်ခံပညာအဆင့်ကို သိနားလည်သူဖြစ်သဖြင့် ၎င်းတို့အတွက် အလွန်စိုးရိမ်သွားပြီး

" ဟေ့ ခင်ဗျားတို့နှစ်ယောက် နောက်ကိုဆုတ်လိုက်၊ ဒီကောင်ကြီးကို မယှဉ်နိုင်ဘူး "

ဟုအော်ဟစ်လိုက်လေ၏။ သို့သော် အရက်သမားနှစ်ယောက်သည် သူတို့၏အန္တရာယ်ကိုမမှုဘဲ လပြည့်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရာ ခဏအကြာတွင် ၎င်းတို့၏လက်ထဲမှ တုတ်တစ်ချောင်းကို ယက္ခက လုယူလိုက်ပြီး ပြင်းထန်စွာတိုက်ခိုက်လေရာ အရက်သမားနှစ်ဦးသည် ဒဏ်ရာကိုယ်စီရပြီး လဲကျသွားလေ၏။

လပြည့်သည် တုတ်ရှည်တစ်ချောင်းကိုကိုင်၍ ယက္ခကို ဝင်ရောက်တိုက်ခိုက်ရ၏။ လပြည့်သည် သူ၏မိတ်ဆွေနှစ်ဦးကို ကာဆီး၍ ရန်သူကို တိုက်ခိုက်လေ၏။

ထိုသို့တိုက်ခိုက်ရင်း လပြည့်သည် အခြေအနေတဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးလာပြီး နောက်သို့မကြာခဏ ဆုတ်ပေးနေရလေ၏။ သူ၏ ကိုယ်ခန္ဓာတွင် ယက္ခ၏တုတ်ရိုက်ချက်များကို မကြာခဏ ခံနေရလေ၏။

လပြည့်သည် နောက်သို့ဆုတ်ခွာ၍ တိမ်ရောင်ရင်း ကြီးစွာသော အခက်အခဲနှင့် ရင်ဆိုင်နေရလေ၏။

တစ်ချိတွင် လပြည့်သည် ယက္ခ၏တုတ်ရိုက်ချက်ကို ရှောင်တိမ်းရင်း ခြေချော်၍လဲကျကာ သူ၏တုတ်လည်း လွင့်စင်သွားလေ၏။

ယက္ခသည် သည်တစ်ချိတွင် အပိုင်ပဲဟု သုံးသပ်ကာ လေထဲတွင် ခုန်လွှား၍ လပြည့်၏ခေါင်းကို တုတ်ရှည်ဖြင့် အားကုန်လွှဲရိုက်လိုက်၏။ လပြည့်သည် ရှောင်တိမ်းရန် လွန်စွာခက်ခဲလှသဖြင့် သေဆုံးတော့မည်ဟု ထင်လိုက်၏။

ထိုအခိုက်မှာပင် ယက္ခ၏တုတ်ချက်ကို တစ်စုံတစ်ယောက်က ဝင်ရောက်ကာကွယ်လိုက်၏။ လပြည့်သည် သူ၏အသက်သခင်ကိုကြည့်ရှု လိုက်ရာ တုတ်ရှည်ကိုင်ထားသော မျက်နှာဖုံးစွပ်လူဖြစ်နေလေ၏။

ထိုသူသည် မစ္စတာဘားနက်၏အိမ်ကြီးတွင် သူ၏အသက်ကို တစ်ကြိမ်ကယ်ခဲ့ဖူး၏။ ယက္ခသည် မျက်နှာဖုံးစွပ်ကို မကျေမချမ်းကြည့်၍

" မင်းဘယ်သူလဲ "

ဟုမေးမြန်းလိုက်၏။ မျက်နှာဖုံးစွပ်လူက ယက္ခကို စူးစိုက်ကြည့်နေပြီး ကွဲအက်သောအသံဖြင့်





" မိုးမြေသစ္စာနတ်သမီးရုပ်ကို ပြန်ပေးစမ်း "

ဟုတောင်းဆိုလိုက်၏။ လပြည့်သည် မျက်နှာဖုံးစွပ်လူ၏အသံကို ကြားဖူးသလိုရှိသဖြင့် မျက်မှောင်ကြုတ်၍ စဉ်းစား၏။

ထိုအသံကို ရင်းနှီးကျွမ်းဝင်စွာ ကြားခဲ့ဖူး၏။ မျက်နှာဖုံးစွပ်လူသည် ရှမ်းဘောင်းဘီနှင့် ကာကီအင်္ကျီလက်ရှည်ပွယောင်းယောင်းကြီးကို ဝတ်ဆင်ထား၏။ ယက္ခသည်သူ၏ရန်သူများ ဝိုင်းရံနေကြောင်းသိရသဖြင့် တဟားဟားရယ်မောလိုက်ပြီး

" ဒီနေ့မှာ တစ်ခုခုတော့ထူးခြားမှာ သေချာတယ်၊ ငါဟာ လွန်ခဲ့တဲ့ နှစ်တွေကစပြီး ထိတ်လန့်စရာအိပ်မက်ဆိုးတွေ အမြဲမြင်မက်တယ်၊ အိပ်မက်ဆိုးတွေမက်ပြီးတိုင်း လပြည့်ဝန်းပုံသဏ္ဌာန်ရှိတဲ့ ကျွန်းကြီးတစ်ကျွန်းကိုလဲ အမြဲမြင်မက်တယ်၊ လပြည့်ဝန်းပုံစံကျွန်းကြီးဟာ ငါ့ဘဝအတွက် ငြိမ်းအေးရာနေရာလို့ ငါယူဆခဲ့တယ်၊ ဒါကြောင့် မြိတ်ကျွန်းစုထဲက ကျွန်းကိုလိုက်ရှာတော့ လပြည့်ဝန်းပုံစံဖြစ်နေတဲ့ ဟောဒီကျွန်းကြီးကိုတွေ့ခဲ့တယ်၊ ကျွန်းရဲ့အမြင့်ဆုံးမှာရှိတဲ့ ကျောက်ဆောင်တွေဟာ လပြည့်ဝန်းပုံစံဖြစ်နေတယ်၊ လပြည့်ဝန်းပုံစံကျွန်းကြီးမှာ ခိုအောင်းပြီး နေထိုင်ခဲ့ရင် ငါ့ဘဝ ငြိမ်းချမ်းသာယာမယ်လို့ ယူဆခဲ့တယ်၊ အခုတော့ မင်းတို့ ပယောဂကြောင့် ငါ့ဘဝရဲ့ငြိမ်းချမ်းသာယာမှုတွေ ပျက်သုဉ်းရတော့မယ် "

ဟုပြောလေရာ မျက်နှာဖုံးစွပ်လူက ကွဲအက်သောအသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" လူယုတ်မာ မိုးမြေသစ္စာနတ်သမီးရုပ် ဘယ်မှာလဲ "

ဟုမေးမြန်းလေ၏။ ယက္ခက သက်ပြင်းချ၍

" မိုးမြေသစ္စာနတ်သမီးရုပ်ဟာ ငါ့ရဲ့တဲကလေးထဲမှာရှိပါတယ်၊ ငါ့ကို နိုင်အောင်တိုက်နိုင်ရင် မိုးမြေသစ္စာကို မင်းတို့ရမှာပဲ "

ဟုပြောလေရာ မျက်နှာဖုံးစွပ်လူသည် လူယုတ်မာယက္ခကို စူးစိုက်ကြည့်နေရာမှ သူ၏မျက်နှာဖုံးကို ဖြည်းညှင်းစွာချွတ်လိုက်၏။

ထိုအခါ မျက်နှာဖုံးစွပ်လူ၏မျက်နှာကို မြင်မိပြီး လပြည့်သည် အလွန်အံ့ဩဟန်ဖြင့် မျက်လုံးပြူးသွားလေ၏။

မျက်နှာဖုံးစွပ်လူသည် သူ လုံးဝမျှော်လင့်မထားသော သီလရှင်ကျောင်းကြီး၌ကျန်ရစ်ခဲ့သော သူ၏ဆရာ မသီရိပင်ဖြစ်နေလေ၏။

မသီရိ၏စိတ်ရောဂါမှာ များစွာကောင်းမွန်နေပုံရ၏။ လပြည့်က သူ၏ဆရာကိုကြည့်၍

" မသီရိ ကျုပ်နောက်ကိုလိုက်လာတယ်ဟုတ်လား "

ဟု ဝမ်းသာအားရမေးမြန်းလေ၏။

မသီရိက ခေါင်းညိတ်၍

" ဟုတ်တယ်၊ လူယုတ်မာကြီးကို ငါကိုယ်တိုင်လက်စားချေချင်လို့ နင့်နောက်ကလိုက်လာတာပဲ "

ယက္ခသည် မသီရိကိုကြည့်၍ ထိတ်လန့်ဟန်ဖြင့် နောက်သို့ အနည်းငယ်ဆုတ်ခွာပြီး





" ဩော် မင်းက ဒီနေရာထိအောင် သဲကြီးမဲကြီး လိုက်လာတယ်ပေါ့၊ ဒီနေ့ဟာ ငါသေရင်သေ၊ မသေရင်လဲ မင်းတို့အားလုံး သေရမယ် "

ဟုကြိုးဝါးကာ မသီရိကို ဝင်ရောက်တိုက်ခိုက်လေ၏။ လပြည့်သည် ၎င်းတို့တိုက်ပွဲကို မဝင်ဘဲ ရပ်ကြည့်နေမိ၏။

ယက္ခသည် သူ၏ဆရာမ မသီရိကို မည်သို့မျှ ယှဉ်နိုင်မည်မထင်ချေ။

ခဏကြာလျှင် လပြည့်ထင်ထားသည့်အတိုင်း လူယုတ်မာကြီးသည် မသီရိ၏တုတ်ချက်များကို တစ်ချက်ပြီးတစ်ချက် အရိုက်ခံနေရ၏။

ယက္ခသည် မသီရိ၏တုတ်ချက်များကို အသေအလဲခုခံနေရာမှ တဖြည်းဖြည်း သူ၏အသက်အန္တရာယ်နှင့် နီးကပ်လာသဖြင့် နောက်သို့ မသိမသာဆုတ်ခွာရင်း တောထဲသို့ ဝင်ပြေးလေ၏။

မသီရိသည် လူယုတ်မာကြီးကို ကလဲ့စားချေရန်အလွန်စိတ်အားထက်သန်နေသဖြင့် သူ၏အနောက်မှ အပြေးအလွှားလိုက်သွားလေ၏။

လပြည့်သည် ၎င်းတို့အနောက်မှ အပြေးလိုက်ခဲ့ရင်း

" မသီရိ သတိထားနော် "

ဟုအော်ဟစ်လိုက်၏။

လူယုတ်မာကြီးသည် ရှေ့မှပြေးလွှားရင်း နောက်သို့ပြန်လှည့်ကြည့်လေ၏။ ထိုအခါ သူ၏အနောက်မှ သဲကြီးမဲကြီးလိုက်နေသော

www.burmeseclassic.com



မသီရိကို မြင်မိပြီး ထိတ်လန့်ကာ ပိုမိုပြေးလွှားလေ၏။

မသီရိကလည်း သူ၏ဘဝတစ်ခုလုံး ပျက်စီးအောင် ဖျက်ဆီးခဲ့သူကို နာကြည်းခေါသစိတ်ဖြင့် ထက်ကြပ်မကွာ လိုက်နေလေ၏။

လူယုတ်မာကြီးသည် သူ၏အသက်ဘေးအတွက် အစွမ်းကုန်ပြေးလွှားနေရာမှ တောင်၏တစ်နေရာသို့ရောက်သောအခါ အားခနဲအော်၍ တွင်းကြီးတစ်တွင်းထဲသို့ ပြုတ်ကျသွားလေ၏။

မသီရိနှင့်လပြည့်သည် လူယုတ်မာကြီး ပြုတ်ကျသောတွင်းကြီး၏အဝသို့ အပြေးအလွှားသွားကြည့်လေ၏။

ထိုအခါ တွင်းထဲရှိမြင်ကွင်းကြောင့် လပြည့်သည် ယောင်ယမ်း၍ မျက်လုံးပိတ်လိုက်လေ၏။

လူယုတ်မာကြီးသည် မြွေရာပေါင်းများစွာရှိသော တွင်းတစ်ခုအတွင်းသို့ ပြုတ်ကျသွားခြင်းဖြစ်ပြီး အဆိပ်ပြင်းသောမြွေများ၏ ဝိုင်းဝန်းကိုက်ခဲမှုကြောင့် လူယုတ်မာကြီး သေဆုံးသွားလေပြီ။

မသီရိသည် တွင်းဝမှနေ၍ လူယုတ်မာကြီးကိုကြည့်ပြီး လေသံတိုးတိုးဖြင့်

" မိုးမြေသစ္စာနတ်သမီးရုပ်ရဲ့ကျိန်စာသင့်သွားပြီ "

ဟုရေရွတ်လေ၏။

ထိုအခါမှပင် လပြည့်သည် လူယုတ်မာကြီးကျိန်ဆိုခဲ့သော မြွေဆိုးမြွေဟောက်များ အကိုက်ခံရပါစေဟူသော ကျိန်စာကို သတိရ





လေ၏။

မိုးမြေသစ္စာနတ်သမီးရုပ်၏ ထူးခြားသောအစွမ်းကို အံ့ဩဖွယ်မြင်တွေ့ရလေ၏။

ၡင်းတို့သည် ကျွန်းပေါ်ရှိသော လူယုတ်မာကြီး၏တဲမှ မိုးမြေသစ္စာ နတ်သမီးရုပ်ကို ပြန်လည်ရရှိလေ၏။ မသီရိသည် မိုးမြေသစ္စာနတ်သမီးရုပ်ကို ရင်ဝယ်ပိုက်ရင်း သူမ၏နှုတ်မှ

" ဖိုးရှိပယောဂကြောင့် မိုးမြေသစ္စာနတ်သမီးရုပ်လေး ပျောက်ဆုံးခဲ့တဲ့အတွက် ဝမ်းနည်းပူဆွေးခဲ့ရတယ်၊ အခုတော့ ပူဆွေးမှုတွေ အားလုံး ကွယ်ပျောက်သွားပါပြီ "

ဟုတိုးတိုးရေရွတ်လေ၏။

လပြည့်တို့သည် ကျွန်းတွင် တစ်ပတ်ခန့်နေထိုင်ပြီး ငါးဖမ်းလှေတစ်စီးကို အကူအညီတောင်း၍ လပြည့်ဝန်းပုံသဏ္ဍာန် ကျွန်းကြီးမှ ထွက်ခွာလာခဲ့၏။

လပြည့်သည် ကျွန်းကြီးကို မျက်စိတစ်ဆုံးကြည့်၍နေစဉ် အနီးသို့ အရက်သမားနှစ်ယောက်ရောက်လာပြီး

" မင်းကို ဝမ်းသာစရာသတင်းတစ်ခုပြောရဦးမယ်၊ မင်းတို့ရွာကိုရောက်တော့ မင်းရဲ့မိခင်နဲ့အစ်မကိုတွေ့ရတယ်၊ အံ့ဩဖို့ကောင်းတာက သူတို့နှစ်ယောက်က လပြည့်ညတစ်ညကစပြီး စိတ်မနှံ့တဲ့ရောဂါ ပျောက်ဆုံးသွားခဲ့တယ်၊ အခု သူတို့လူကောင်းပကတိပြန်ဖြစ်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ လပြည့်လည် အလွန်ဝမ်းသာသွားပြီး

"ဟာ ဝမ်းသာလိုက်တာဗျာ၊ အမေနဲ့အစ်မ လူကောင်းပကတိဖြစ်သွားရင် ကျုပ်ဘဝမှာ ဘာမှမလိုတော့ဘူး၊ အရာရာတာ ပြီးပြည့်စုံသွားပြီ"

ဟုရေရွတ်လိုက်လေတော့သတည်း။

အားလုံးအတွက်
မင်းမြတ်သူရ

BURMESE CLASSIC .com

www.burmeseclassic.com